# နေနွယ်ဇင်မြင့်

သူဝယ်ချင်းနံပါတ် ၁၁



INYI

နေနွယ်ဇင်မြင့်

သူငယ်ချင်း နံပါတ် (၁၁)

စာမူခွင့်ပြုချက်အမှတ် - ၄၉၈/၂၀၀၀ (၅)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၃၂/၂၀၀၁ (၆)

၂၀၀၁ခုနှစ်၊ ပထမအကြိမ်၊ (၅၀၀)အုပ်၊ ၃၀၀/-

ပုံနှိပ်သူ . . . ဦးကျော်လှိုင် (၅၅၇၃) စေတနာ (OFFSET) အမှတ် (၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

ထုတ်ဝေသူ ဦးမောင်ဟန် (၀၈၇၆)၊ ကမ္ဘာလုံးစာပေ အမှတ် (၂၅၉)၊ နဝဒေးလမ်း၊ ဒေါပုံ၊ ရန်ကုန်။




စီစဉ်သူ

မောင်ကျော်လှိုင်

# နေနွယ်ဇင်မြင့်



## သူငယ်ချင်းနံပါတ်တစ်ဆယ့်တစ်

စေတနာစာပေ

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

---

**[illegible]**
**[illegible]**

---

ပြည်ပအားကိုးပုဆိန်ရိုးအဆိုးမြင်ဝါဒီများအား
ဆန့်ကျင်ကြ
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား
ဆန့်ကျင်ကြ
နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား
ဆန့်ကျင်ကြ
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်
ချေမှုန်းကြ



## မြူမင်း

မင်းကို အမြဲတမ်းသတိရနေမိတာဟာ ဘာကြောင့်မှန်း မသိဘူး။ ဒါပေမယ့် ငါ မင်းကို အမြဲတမ်း သတိရတယ်။

မင်း အကြောင်းတွေဟာ ဘာကြောင့် ရယ်စရာကောင်းနေမှန်း မသိဘူး။ ဒါပေမယ့် ငါ ရယ်မောမိတယ်။

မင်းကို သတိရတိုင်း မျက်ရည်ဝဲရတာ ဘာကြောင့်မှန်း မသိဘူး။ ဒါပေမယ့်···ငါ ငိုမိတယ်။

ငါဟာ ဘာကြောင့် သတိရ၊ ရယ်မော၊ ငိုကြွေးမိမှန်း မသိပေမယ့် ငါသိတာ တစ်ခုတော့ ရှိတယ်။ အခု ငါဟာ အရမ်း အထီးကျန်ဆန်စွာ ခံစားနေရတယ်။ ငါ့ ပတ်ဝန်းကျင်မှာ ရှိသမျှ သက်ရှိတွေအားလုံး သေဆုံးကုန်ကြသလိုပဲ။ သက်မဲ့တွေအားလုံး လောင်ကျွမ်းကြွေကျသွားကြသလိုပဲ ငါ ခံစားရတယ်။

ငါ့ရဲ့ နေ့ရက်တွေဟာ ခြောက်သွေ့နေတယ်။

ငါ့ရဲ့ မျက်ရည်တွေဟာ ပြာမှုန်နေတယ်။ငါဟာ နေ့နေ့ ညည တိုင်းမှာ လမ်းပျောက်နေတယ်။ လောက

ဆိုတာဟာ ငါ့အတွက် စိတ်ညစ်ညူးနောက်ကျိဖွယ် ရာ ဌာနတစ်ခုသာဖြစ်တယ်။ အဲဒီ အချိန်မှာ မင်းကို အရမ်း သတိရတာမ်းတာမိတာဟာ ဘာကြောင့်မှန်း ငါ မသိဘူး။ ဒါပေမယ့်…မင်းကိုတမ်းတနေမိတာတော့ အမှန်ပါပဲ…။





## အခန်း ( ၁ )

"အဲဒီကောင်ကို ငါ နည်းနည်းမှ ကြည့်လို့မရဘူး၊ မပေါင်းနဲ့ကွာ"

"ဟာ…နင်ကလဲ၊ သူ သဘောကောင်းပါတယ်"

အုပ်စုထဲသို့ နောက်ဆုံးမှရောက်လာသူက 'မြူမင်း'။

"ငါ့နာမည် မြူမင်း၊ မင်းတို့ တစ်ဖွဲ့လုံးနဲ့ ခင်ချင်လို့၊ မင်းတို့နာမည်တွေ ပြောပြ"

ဟု ဆိုကာ အုပ်စုထဲသို့ နောက်ဆုံးမှ ရောက်လာခဲ့သည်။ အဲသည်တုန်းက အချင်းချင်း နာမည်တွေ ပြောပြလိုက်၏။

ဝဏ္ဏ၊ စည်သူ၊ အောင်ကျော်ဦး၊ တေဇာထိုက်၊ မင်းနေခ…ယောကျ်ား ငါးယောက်။

သဇင်ခက်၊ ခွန်းသံချို၊ နီလာတင့်ထွတ်၊ မေကြည်သာလင်း၊ ရူပါဝင်း…မိန်းမ ငါးယောက်။

ဆယ်ယောက်အုပ်စုထဲသို့ ဝင်ရောက်လာသော ဆယ့်တစ်ယောက်မြောက် အဖွဲ့ဝင်က 'မြူမင်း'။ သူ့ကို အားလုံးက လက်ခံလိုက်ကြသည်။ အားလုံးက ခင်ခင်မင်မင် ကြိုဆိုလိုက်ကြသည်။ နောက်ပိုင်းမှာ မင်းနေခ က နေရင်းထိုင်ရင်း မြူမင်းကို ကြည့်မရဖြစ်လာသည်။ အုပ်စုတွေ ချိန်းကြပြီဆို သူက နောက်ဆုံးကျမှ ကားကို အခန့်သား မောင်း၍ ရောက်လာသည်။ ဆယ်ယောက်အုပ်စုထဲမှာ နည်းနည်းပါးပါး ချမ်းပါးသူ နှစ်ယောက်ပါသည်။ စည်သူနှင့် အောင်ကျော်ဦး။

သူတို့က ဆင်းရဲ မွဲတေနေတာတော့ မဟုတ်ကြပါ။ မိဘ ဝန်ထမ်းမို့ နေနိုင်စားနိုင်တော့ ရှိကြပါသည်။ သို့ပေမယ့် သူဌေးသားတွေလောက် မုန့်ဖိုးမရ၊ ပိုက်ဆံ မသုံးနိုင်၊ ကိုယ်ပိုင်ကား မရှိ၊ ကုန်းကြောင်းတစ်လှည့်၊ ဘတ်စ်ကားတစ်လှည့်သမားများဖြစ်သည်။ ဝဏ္ဏနှင့်တေဇာထိုက်တို့က စည်သူနှင့် အောင်ကျော်ဦးထက် ပို၍ ချမ်းသာကြသည်။ မိဘမှာ ကိုယ်ပိုင်ကားရှိသည်။ သူဌေးသားတွေပဲ ဆိုပါစို့။ သို့ပေမယ့် ကားသည် မိသားစုတစ်စုလုံးသုံးဖြစ်၏။ ဝဏ္ဏ



တစ်ဦးတည်း၊ တေဇာထိုက် တစ်ဦးတည်း သီးသန့် သုံးလို့မရချေ။ တစ်စီးတည်းသော ကားကို အဖေတစ်လဲ့ အမေတစ်လဲ၊ ညီအစ်ကို မောင်နှမတွေ တစ်လဲစီ၊ ယာဉ်မောင်းထား၍ ဟိုပို့ရ၊ သည်ကြိုရ၊ အချိန်ချင်းညှိပြီး ပေါင်းသွားလို့သွားရ ဆိုတာမျိုးမို့ စိတ်ရှည်စွာ စောင့်မနေနိုင်တိုင်း သူတို့က ကုန်းကြောင်းတစ်လှည့်၊ ဘတ်စ်ကားတစ်လှည့်၊ 'ကက' တစ်လှည့်သမားတွေ။

ယောကျ်ား အဖွဲ့ထဲမှာ မင်းနေခ အချမ်းသာဆုံးဖြစ်သည်။ မိဘက ခေတ်နှင့် အညီ အောင်မြင်သော စီးပွားရေးရှိသည်။ သူသာလျှင်သူဌေးသားစစ်စစ်ကြီး ဖြစ်ရုံမက ကိုယ်တိုင် သူဌေးလေးဟု ပြောနိုင်၏။ ကိုယ်ပိုင် စီးပွားရေးရှိသည်။ ဖေဖေက ခွဲထုတ်ပေးထားတာမို့ ထို စီးပွားရေးလုပ်ငန်းရှိရာသို့ သွားချင်လည်း ရသည်။ မသွားချင်လည်းရသည်။ ဖေဖေ့စီမံအုပ်ချုပ်မှု အောက်မှာ စနစ်တကျလည်ပတ်ပြီးဖြစ်သော လုပ်ငန်းမှာ မန်နေဂျာလည်း ရှိပြီး ဖြစ်ပါသျက် ထိုမန်နေဂျာထံမှာ အလုပ်သင်လိုလို၊ မန်နေဂျာကြီးအပေါ်မှ မန်နေဂျာချုပ်လိုလို၊ မသိတာမေးလိုက်၊ ညွှန်ကြားပေးလိုက်နှင့် လုပ်နေသူဖြစ်သည်။ သူတစ်ယောက်တည်း သီးသန့် စီးခွင့်ရှိ၍ ကြိုက်သလို၊ ထင်သလို သုံးစွဲခွင့်လည်း ရှိသော 'ပရာဒို' ကား တစ်စီးနှင့် နေ့တိုင်းလာသူဖြစ်သည်။

မိန်းမ အုပ်စုတွင် သဇင်ခက် တစ်ယောက်က နှမ်း

ပါးရုံမက တော်တော်လေး ချို့တဲ့သေးသည်။ နယ်မှလာရသော ကျောင်းသူဖြစ်၏။ နယ်မှာ မိဘက လက်လုပ်လက်စား ခေါင်းသူတွေ။ ဒီကြားထဲကမှ သဇင်ခက်တစ်ယောက် ထွန်းပေါက်ပြီး ဘွဲ့ကလေးတစ်ခုရကာ ဖြစ်မြောက်လာသည် မို့ မျက်စိပွင့်နားပွင့်ဖြစ်အောင် ရန်ကုန်ဆင်းပြီး အလုပ်လုပ်စေဖို့၊ ရန်ကုန်မှာ အလုပ်တစ်ခု ကောင်းကောင်း (ဝင်ငွေကောင်းကောင်း) ရလျှင်၊ နယ်မှ မိဘကို ပြန်ထောက်ရန်ဖြစ်နိုင်လျှင်…နောက်ဆုံး ရည်ရွယ်ချက်က မိဘနှင့် မောင်လေးတစ်ယောက်၊ ညီမလေးတစ်ယောက်ပါ ရန်ကုန်ပြောင်းနိုင်သည် အထိ ရန်ကုန်ကျောင်းမှာနေဖို့၊ ရန်ကုန်မှာ အလုပ်ရှာဖို့၊ ရန်ကုန်မှာ အခြေချဖို့ထိ ရည်ရွယ်ရင်းဖြစ်၏။

စောစောစီးစီး ဘွဲ့ရသော သမီး ထွန်းထွန်းပေါက်ပေါက်ကို မရှိ ရှိတာလေးများ ရောင်းချပေါင်နှံပြီး ငွေလေးတစ်ပုံပေးကာ…

"ရန်ကုန်မှာ အလုပ်သွားရှာချေပါ၊ အလုပ်ကောင်းကောင်းရဖို့အတွက် တက်စရာရှိသော သင်တန်းများ တက်ပါ၊ ရန်ကုန်မှာ ဆွေမျိုး အမာခံမရှိသောကြောင့် ဈေးနည်းသော အဆောင် တစ်ခုခုမှာ အများနှင့် ပေါင်းနေ၍ အတာတ်နိုင်ဆုံး ခြိုးခြံခြွေတာ စားသုံးပါ၊ အလုပ်ရလျှင် မိဘထံ လေးငါးလ အထိ ငွေပြန်ပို့ပါ……





"နောက်ပိုင်း ကိုယ့်ဘာသာ ငွေစုပါ၊ အိမ်ခန်းလေးတစ်ခန်း ငှားနိုင်အောင် ကြိုးစားပါ၊ အကုန်လုံး တစ်ပြိုင်တည်း လိုက်လာဖို့ အဆင်မပြေလျှင် မောင်လေးကို အရင်ခေါ်ပါ၊ ပြီးတော့ ညီမလေးခေါ်ပါ၊ နောက်ဆုံးတွင် မိဘနှစ်ပါးပါ လိုက်လာပါရစေ…

"ဒီ ရည်မှန်းချက် ပြည့်စုံအောင် ချစ်လှစွာသော သမီးကြီးက ကြိုးစား ဖြည့်ဆည်းပေးပါ"

ဟူ၍ မှာကြားစေလွှတ်လိုက်ခြင်းကြောင့် ရန်ကုန်သို့ ရောက်လာခြင်းဖြစ်သည်။ သူကပိုက်ဆံ မသုံးနိုင်ဆုံးအဖွဲ့ဝင် ဖြစ်၏။ ကွန်ပျူတာတက်သည်။ အင်္ဂလိပ်စကားပြောသင်တန်း တက်သည်။ အတွင်းရေးမှူး သင်တန်းတက်ကြသည်။ အုပ်စုထဲမှာ သင်တန်း တစ်ခုတည်း တက်သူလည်း ရှိ၊ နှစ်ခု တက်သူလည်း ရှိ၊ ငွေနှင့် အချိန်ကို သုံးနိုင်သူက သုံးခုလုံး တက်သူလည်း ရှိ၏။ အင်္ဂလိပ်စကားပြောသင်တန်းမှာ ခွန်းသံချိုနှင့် စခင်ပြီး ကွန်ပျူတာသင်တန်းသို့ ပါလာလျက် အခြား မိန်းမ သူငယ်ချင်းတွေနှင့်ပါ ခင်မင် ရင်းနှီးသွားရသောကြောင့် ယောကျ်ားအုပ်စုနှင့်ပါ တစ်ဖွဲ့တည်း ဖြစ်သွားရခြင်းဖြစ်သည်။

ဤအဖွဲ့မှာ အထက်တန်းကျောင်းသူကျောင်းသား ဘဝမှ စလို့ အမာခံအဖြစ် ခင်မင်ရင်းနှီးခဲ့သူများက မင်းနေ

ခဲ၊ ဝဏ္ဏ၊ တေဇာထိုက်၊ ခွန်းသံချိုနှင့် မေကြည်သာလင်းတို့ ဖြစ်ကြပါသည်။ ကျန် အုပ်စုဝင်များက တစ်ယောက်နှင့် ခင်၍ အဖွဲ့ထဲ ဝင်လာ၊ နောက်တစ်ယောက်နှင့် ခင်လို့ အဖွဲ့ထဲပါလာ…၊ နောက်ဆုံးမှာ ဤကွန်ပျူတာသင်တန်းမှာတော့ ဆယ်ယောက်အုပ်စုကြီးဖြစ်ကာ မောင်ရင်းနှမတွေလို ငိုးတွေးစည်းရုံးလျက် အပျော်ကြီးပျော်နေကြသူတွေလည်း ဖြစ်တော့သည်။

အဲသည် အုပ်စုထဲသို့ နောက်ဆုံးမှ ဝင်ရောက်လာသူ ဆယ့်တစ်ယောက်မြောက် အုပ်စုဝင် 'မြူမင်း'ကို မင်းနေခ က ကြည့်မရခြင်းဖြစ်လေ၏။ မြူမင်းသည် ဤအုပ်စုထဲသို့ 'သဇင်ခက်'နှင့် ခင်ပြီး ဝင်လာသူမို့ ဝင်လာကတည်းက သဇင်ခက်နှင့် ဘယ်လို ပတ်သက်နေသလဲ ဆိုတာ ယောကျ်ားအုပ်စုက မျက်စိဒေါက်ထောက်ကြည့်ကြရသည့် အဖြစ်သို့ ရောက်တော့သည်။

"သူက ငါ့နာမည် မြူမင်း၊ မင်းတို့ တစ်ဖွဲ့လုံးနဲ့ ခင်ချင်တယ်ဆိုပြီး ဝင်လာခဲ့ပေမယ့် သဇင်နဲ့ အရင်ခင်ခဲ့ပြီးနေပြီ၊ သဇင်က အဖွဲ့ထဲကို ဝင်ချင်ရင် ယောကျ်ားအုပ်စုနဲ့ လာပေါင်း ပြောလို့"

"အေးလေ…ဘာကြောင့်ပဲဖြစ်ဖြစ်၊ ဘယ်သူနဲ့ပဲ စခင်ခင် မနာလိုစရာမရှိပေါင်ဟာ"

"ခွန်း…နင် သဇင့်ဘက်က ကာကွယ်နေတာ





လား"

"ဘာလို့ ကာကွယ်ရမှာလဲ"

"ငါတို့အဖွဲ့ထဲကို သဇင်ရောက်လာတာလဲ နင်ခေါ်လာတာ"

"အဲဒီအတွက် အမှားအယွင်း ဘာရှိလဲ၊ သဇင်ဟာ ဆင်းရဲတယ်၊ ရိုးဖြောင့်တယ်၊ သူငယ်ချင်းတွေ အားလုံးကြားထဲမှာ ဘယ်သူ ဘာပြောလို့မှ စိတ်မဆိုးတတ်ဘူး…"

"ဓမ္မာဝစ္စဆို သူချည်း အနစ်နာခံပြီး ဆောင်ရွက်တယ်၊ သူ ငွေမထုတ်နိုင်တာကို အမြဲ မျက်နှာပူ အားနာနေတယ်"

"တော်ပါတော့၊ သဇင့်ကို ငါက ဘာမှမပြောဘူး"

"ဒါဆို…မြူမင်းလား"

"အေး…ဒီကောင်က အချိုးမပြေဘူး"

"ငါတော့ မမြင်ပေါင်၊ ယောကျ်ား တစ်ယောက်ဖြစ်ပြီး မိန်းမချော ချောနေလို့ကောင် ငါဖြင့် တစ်နေ့တစ်နေ့ ထိုင်ထိုင်ကြည့်နေပစ်လိုက်ချင်တယ်"

"အစ ဏ်ပလုတ်မ"

"အဲ့အရွဲ့ကောင်"

မင်းနေခနှင့် ခွန်းသံချိုတို့က သူငယ်တန်းမှ စ၍ ခင်ခဲ့တာ ယနေ့ထိပါပဲ။ မိဘချင်းတွေကလည်း ခင်၏။ အဆင့်အတန်းလည်း တူ၏။ သူတို့ချင်းလည်းပြောမနာ ဆိုမနာ ဆိုသည့်အထဲကမို့ မိဘတွေက သူတို့နှစ်ယောက်ကို တောင် နှီးစပ်စေချင်ပါသေးသည်။

"လုံးဝ မနှောစပ်လိုက်ကြပါနဲ့နော်၊ လုံးဝ၊ လုံးဝ ပဲ…၊ ဒီကောင်ကို သူငယ်ချင်းအနေနဲ့ အတုမရှိ ခင်ပေမယ့် လက်ထပ်ဖို့ ဝေးလို့ ရည်းစားတော်ရ မယ်ဆိုရင်တောင် ရယ်ချင်တာနဲ့ အူတက် သေမှာ ပဲ၊ ဖီး မလာဘူး"

"ဟဲ့…အမေကို ဒီလို ပြောရသလား"

ခွန်း အမေက သူ့သမီးကို မနာအောင် ရိုက်ပုတ်၍ ရယ်မောမှ ခွန်းလည်း ရယ်နိုင်မောနိုင်ရှာခဲ့၏။

"မကြိုက်လိုက်တာများနှယ်…"

ဟု ဆက်ပြောနေသေးသည်။ စင်စစ် မကြိုက်မယ့် သာ မကြိုက်တာ၊ မင်းနေခသည် ယောကျ်ားထဲမှာ ယောကျ်ား ပီသစွာ တော်တော် ချောသည့် ယောကျ်ားချောတစ်ယောက် ဖြစ်ပါသည်။

"သူ့ ရုပ်ချောချောကြီးကို မကြိုက်တာ"တဲ့။

အဖွဲ့ထဲမှ မိန်းမသားအားလုံးက မင်းနေခ ရုပ်ချော တာကိုပဲ 'ချောချောကြီး'ဟု နာခေါင်းရှုံ့ကြလေသည်။



"ခွန်းနဲ့များဖြင့် စိတ်မကူးလိုက်ကြပါနဲ့၊ မေမေ တို့က မင်္ဂလာဆောင်ပေးရင် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး လက်ခုပ်လက်ဝါးတီး ရယ်ဖြစ်တာနဲ့ပဲ မင်္ဂလာစင်မြင့်ပေါ်မှာ သတို့သား နဲ့သတို့သမီးကို အရူးတွေသတ်မှတ်ခံရလိမ့်မယ်"

ပြောပြီး တဝါးဝါးရယ်နေခဲ့သေးသော မင်းနေခပါ။

"ဒီ ရုပ်ကြီး ကြည့်ရင် ရယ်ချင်တာပဲ ရှိတယ်၊ မကြိုက်ဘူး မေမေရ၊ ဖွတ်လုပ်မယ် စိတ်မကူး နဲ့နော်၊ မိဘချင်းတွေ အခင်မင် ပျက်ပြီး တစ် ယောက်မျက်နှာတစ်ယောက်မကြည့်ရဲအောင် ဖြစ် ကုန်လိမ့်မယ်…

"ကျွန်တော် လုံးဝ မယူချင်ဘူး၊ အဲဒါ သံမဏိ ဆုံးဖြတ်ချက်၊ ကျွန်တော့်မှာလဲ ရည်းစားရှိပြီးသား"

"ဟောတော့် ဘယ်ကများပါလိမ့်၊ မေမေ့ကို အရင် မတိုင်ပင်ဘူး"

"တိုင်ပင်ရအောင် အစိန်ကြီးမှမဟုတ်တာ"

"ဘုရားရေ…ရည်းစားထားတာ အစိန်ကြီး တွေ၊ ထမင်းချိုး ဟင်းချိုးတွေ ရှိလား"

"ရည်းစားအစစ်မဟုတ်ဘူး မေမေရဲ့"

"အတုလား"

"ဟုတ်"

"မြတ်စွာဘုရား…၊ အရာရာ တုပပြီး အစစ်နောက်မှာ အတုတွေ ထွက်ပေါ်လာလို့ချည်ရဲ့လို့ အံ့ဩရတဲ့ ကြားထဲ ရည်းစားအတုဆိုတာလည်း ပေါ်ပေါက်လာပြန်ပတဲ့…ကြားလိုက်ရမှဖြင့်…

"သားတို့ခေတ်…အဆန်းချည်း၊ ရည်းစား အတု ဆိုတာ နားမလည်လို့ ရှင်းစမ်းပါဦးဟယ်၊ အမေကြီးရေ…ဗဟုသုတလို့ချင်ရင် လာနားထောင်"

"ရည်းစားအတုဆိုတာ သူ့ကို ကျွန်တော်က ချစ်တယ်တို့၊ ချစ်ပါရစေတို့၊ ချစ်နေပြီတို့ တစ်ခါမှ မပြောဘူး၊ သူကလဲ ကျွန်တော့်ကို အဲဒါမျိုး မပြောဘူး၊ ဒါပေမယ့် သူငယ်ချင်းထက် ပိုတယ် မေမေရဲ့…

"ခင်တာပဲ၊ အဲဒီကနေမှ တစ်ယောက်နဲ့ တစ်ယောက် စိတ်ချင်း သဘောချင်း တိုက်ဆိုင်သွားရင် ရည်းစားဖြစ်လိုက်လို့ရတယ်၊ မတိုက်ဆိုင်ဘူးထင်ရင် ရင်းနှီးမှု နည်းနည်း ပြန်လျှော့ပြီး…

"သူငယ်ချင်း ဘဝကို ပြန်ဆင်းလိုက်လို့ ရတယ်၊ ဆုတ်သာတက်သာရှိတယ်၊ ရည်းစားတစ်ခုလပ်ဆိုတဲ့ နာမည်ပျက်လဲ မရဘူး၊ မကောင်းဘူးလား"

"မကောင်းပါဘူး"



မေမေက မျက်လုံးပြူး၍ ဖေဖေက ရယ်နေ၏။

"ရှင်တို့ ယောကျ်ားချင်းတော့ နားလည်ပေးလို့ ရလား"

"ဒါပေါ့…ဒါပေါ့" တဲ့လေ။

ဖေဖေရော မေမေပါ မင်းနေခကို လွတ်လပ်စွာ ပွင့်လင်းစွာ ပြောဆိုတိုင်ပင်ခွင့်ပေးထားသည်။ ပွင့်လင်းစွာ ပြောပြလို့တော့ ဘယ်တော့မျှ စိတ်မဆိုး၊ မိဘက အရင်မသိရပဲ သူစိမ်းတွေ နားလျှံမှ မိဘနားထဲ ဝင်လာလျှင် စိတ်ဆိုးမည်ဟု ပြောထားသည်။ မေမေ ကိုယ်တိုင်က…

"မင်းနေခ ဆိုတဲ့ သား ဆိုးတာရော၊ ကောင်းတာရော မေမေ အရင်ဆုံးသိချင်တယ်၊ သိချင်ဆို မင်းအမေထက်တောင် စောပြီး သိချင်သေးတယ်၊ သားကို မေမေက ဗိုက်ကြီးထဲ ထည့်လွယ်ခဲ့ရတော့…

"ဘာပဲ ဖြစ်ဖြစ် မေမေ့ကိုပဲ အရင်ဆုံး ပြော"

ဟု ပြောထားခဲ့ပါသည်။ သားမိ သားဖ သုံးယောက်က ဤမျှ ပွင့်လင်းပါ၏။ အဲသည် ပွင့်ပွင့်လင်းလင်းကြီးထဲမှာ မင်းနေခနှင့် ခွန်းသံချိုတို့ကို ဘယ်လိုမှ စီစဉ်လို့ မရသည်မို့ အခင်ဆုံး သူ ယ်ချင်းတွေအဖြစ်မှာပဲ ကျောက်ချတည်မြဲနေခဲ့ရခြင်းဖြစ်တော့သည်။

အစုတ်ပလုတ်မ ပြောလည်း မနာ' အပုံအရွဲ့ကောင်

ပြောလည်း မနှာ၊ ခင်မင်မှုက ပိုကြပါလေသည်။ တကယ်ဆို ဆယ်ယောက်အုပ်စုထဲမှာ ယောကျ်ားငါးယောက်၊ မိန်းမငါးယောက်မို့ ငါးစုံတွဲလိုဖြစ်နေသည်။ တခြားသူငယ်ချင်းအပေါင်းအသင်းတွေကလည်း ငါးစုံတွဲလို့ ထင်သူ ရှိသလို၊ 'ငါးစုံတွဲလား' ဟု စူးစမ်း လှေလာသူလည်း ရှိသည်။ ဆယ်ယောက်အုပ်စုထဲမှာ မိန်းမသားတွေကို စိတ်ဝင်စားသော ယောကျ်ားလေးတွေက ယောကျ်ားသား ငါးယောက်ကို 'ဘယ်သူ့ ကောင်တွေလဲ' ဟု စူးစမ်းလှေလာရသလို မဟုတ်မှန်းသိတော့လည်း ကပ်ပေါင်းကြရသည်။ ဒီဆယ်ယောက်ကတော့ တကယ့် မောင်နှမတွေ၊ သွေးသားရင်းခြာတွေလို ခင်မင်ရင်းနှီးကြခြင်းဖြစ်၏။

အုပ်စုတွင်းမှာ အချင်းချင်း ပြန်ကြိုက်သည်ဆိုတာ မရှိ၊ တစ်ယောက်နှင့်တစ်ယောက် ရည်းစားဖြစ်ရမည်ဆိုလျှင် ရယ်ချင်တာနှင့်ပင် အူတက်သေကြရမည့်သူတွေလို ဖြစ်နေသည်။ တကယ့်ကို ဖြူစင်ကြပါသည်။ ထိုအုပ်စုထဲမှာ ဆယ့်တစ်ယောက်မြောက် ဝင်ရောက်လာသူ မြူမင်းကိုတော့ မင်းနေခက ဘာကြောင့်မှန်းကို မသိ။ သဇင့်မျက်နှာထောက်ထားရတာရယ်၊ မိမိမှလွဲ၍ ကိုးယောက်လုံးက လက်ခံတာရယ်ကြောင့် အဖွဲ့ထဲ သွင်းလိုက်ရပေမယ့် ကြည့်လို့ကို မရ၊ မျက်မုန်းကို ကျိုးနေရတော့သည်။

---





## အခန်း ( ၂ )

"တွေ့လား..အဲဒါကြောင့် ငါကြည့်မရတာ"

ဆယ့်တစ်ယောက် အဖွဲ့..ပဲခူးလမ်းမပေါ်ရှိ 'ဆင်ကြီး ထမင်းဆိုင်' သို့ ထမင်းသွားစားကြမည်ဟု ဆုံးဖြတ်ကြသည်။ ဒီအုပ်စုမှာ တတ်နိုင်ကြသူတွေက ပိုများသည်မို့ ဤသို့ တစ်စုတစ်ဝေးသွားလာ ငွေဖြုန်းခြင်းအလုပ်များကို လုပ်သည်။ ဤသို့ အပြင်ထွက်တိုင်း အများဆုံးကုန်ကျခံသူက မင်းနေခပဲဖြစ်သည်။

"ဒီနေ့ ငါ့အလုပ်က အမြတ် ရှယ်ယာခွဲလို့"

"ငါ့မွေးနေ့ ဖြစ်လို့"

"ဖေဖေက သူ့ အလုပ်ထဲမှာ ပရောဂျက်

(Project)တစ်ခု အောင်မြင်လို့ တစ်ရုံးလုံး ကျွေးရင်း ငါ့ကိုလဲ မုန့်ဖိုးပေးလိုက်လို့"

ဆိုတာမျိုးတွေ ခဏခဏ။ စည်သူ၊ အောင်ကျော်ဦးနှင့် သဇင်တို့ကို လုံးဝ ပိုက်ဆံ မစိုက်စေရ။ ဒီလို မစိုက်ရသည့်အတွက်လည်း အနေမခက်၊ မျက်နှာမငယ်ရအောင် မင်းနေခကပဲ ကြိဖန်လှည့်ပတ်ပြောဆိုသည်။ ဝတ္တုနှင့် တေဇာထိုက်ရယ်၊ နီလာတင်ထွတ်၊ မေကြည်သာလင်းနှင့် ရွှေပါဝင်းတို့ကို ရှံဖန်ရံခါဆိုသလို ကုန်ကြပစေ…ဆိုတာကို မင်းနေခပဲ ဖြစ်အောင်စီစဉ်…ဆိုတာမျိုးတွေ ဖြစ်အောင်လုပ်ခဲ့သည်။ မင်းနေခပြီးလျှင် ဒုတိယ ငွေကုန်အခံဆုံး အဖွဲ့ဝင်က ခွန်းသံချိုဖြစ်လေ၏။

"နင်ကလဲ ဘာဖြစ်ရပြန်တာလဲ"

"ကြည့်လေ၊ အဖွဲ့ထဲမှာ ကား နှစ်စီးပါတယ်၊ ငါ့ကားက ပရာဒိုဆိုတော့ လူဘယ်လောက် ဆံ့လဲ၊ တက်ကြပေါ့၊ သူ့ကားကဖြင့် ဆလွန်း"

"ဆလွန်းဆိုပေမယ့် မှာခ်တူးကြီးပဲဟ၊ လူဆံ့ပါတယ်၊ ဘာဖြစ်လို့လဲ"

"မိန်းမတွေ အကုန်လုံး သူ့ကားပေါ်သိမ်းကျုံးတင်တာ ဘာသဘောလဲ"

"ဟာ…မိန်းမတွေက ဘယ် လူခွဲစီးချင်မလဲ၊ ဆယ့်တစ်ယောက်လုံး ပြောချင်တဲ့ စကားရှိတယ်၊



မိန်းမချည်း ငါးယောက် ပြောချင်တဲ့ စကားရှိတယ်ဟာ၊ ငါတို့ ချင်းချင်းပြောမှာပေါ့"

"မိန်းမချည်းပြောချင်တဲ့ ကိစ္စမှာ မြူမင်းကျတော့ မိန်းမမို့လို့လား"

"ဒါတော့ သူ မကြားနိုင်ရင် နားပိတ်ထား၊ သူ့ ကားစီးပြီး သူ ကားမောင်းမှတော့ သူ့ကို ကြားခွင့် ပေးရတော့မှာပဲ"

"ငါ ပြောချင်တာက ငါ့ကားက လူ ပိုဆံ့တယ်၊ ငါ မောင်းမယ်ဆိုရင် ယောကျ်ား လေးယောက်ပဲ ကျန်တယ်၊ အဲဒါ တင်ပါလား၊ သူ့ကားပေါ်ကို လေးယောက်…

"သူနဲ့မှ ငါးယောက်ပေါ့၊ ငါ့ကားပေါ်ကို နင်တို့ မိန်းမ ငါးယောက်တက်ပါလား၊ ငါနဲ့မှ ခြောက်ယောက်၊ တစ်နေရာရာ သွားတော့မယ်ဆိုရင် သူက သဇင့် လက်မောင်းကိုဆွဲပြီး သူ့ကား ရှေ့ခန်း တင်ပြီ၊ အဲဒါနဲ့ နင်တို့ကလဲ တဖြုတ်ဖြုတ်ခုန်ပြီး သူ့ကားပေါ် တက်ပြီ၊ ဒါ…ဘာအလုပ်လဲ"

"နင်က မနာလိုနေတာလား"

"အောင်မာ…ငါ သတ်လိုက်ရ"

"ဒါဖြင့် ဘာဖြစ်တာလဲ"

"ကြည့်မရတာ၊ ယောကျ်ားဖြစ်ပြီး မိန်းမတွေ

နဲ့ချည်းပေါင်းချင်နေတာ၊ သူက ဘာလဲ၊ အခြောက်လား၊ ဂျိုပုန်းလား၊ ပြားခြောက်ဆယ်လား"

"ဟာကွာ…တိုးတိုး၊ ကြားသွားဦးမယ်"

"ကြား…ကြား"

"နင်ကလဲ"

"ဟော့ကောင် နေခ၊ ရှေ့ကနေ ခွပ်ပြီး မောင်းချ မသွားနဲ့နော်၊ ငါ့ကားမှာ မိန်းမတွေပါတယ်၊ စပီ သိပ်တင်လို့ မရဘူး၊ စောင့်မောင်း၊ ခွန်းက လာလေ…"

ခွန်းက နေခနှင့် စကားအချေအတင်ပြောနေရတာကို မြူမင်းက မသိ။

"အော်ခေါ်နေပြီ၊ သွားလိုက်၊ နင့်ငုံးကလေးဆီကို…"

"ဘာရယ်…"

"ဘဲမဟုတ်၊ ကြက်မဟုတ်ဆိုတော့ ငုံးပဲ ရှိတာပေါ့၊ ယောကျ်ားဖြစ်ပြီး အကောင်က ခပ်သေးသေး"

"ဟဲ့…နင့်လို လူတကာကို ခြောက်ပေမြင့်နိုင်းချင်လို့ ရမလား၊ အကောင်မသေးပါဘူး၊ ပိန်နေလို့ပါ၊ ပုမှမပုတာ၊ ဝတ္တာနဲ့ အရပ်တူတူပဲ၊ ငါးပေ ခုနစ်လက်မ၊ ငါ့ထက်ဆို လေးလက်မတောင်



ပိုမြင့်တယ်၊ ငါက ငါးပေနဲ့ သုံးလက်မ"

"နင်က လူစဉ်မှ မမီတာ၊ ပြီးတော့ နင်က မိန်းမ၊ ဟိုက ယောကျ်ား"

"ယောကျ်ားမို့ ဝတ္တာနဲ့ အရပ်တူတာပေါ့၊ နင့်လို သေရင်တောင် ခေါင်းမဆံ့လို့ ထူးထူးရှယ်မှာ ရမယ့် အရပ်တော့ ဘယ်ဟုတ်မလဲ၊ ကဲပါ… နင့်ကားနဲ့ ငါ လိုက်ခဲ့ပါ့မယ်"

"အောင်မယ်…၊ ငါ့ကိုများ ကောင်မလေးတွေကားပေါ် တင်စီးချင်တဲ့ ကောင်မှတ်နေလား"

"အေးပါ မမှတ်ပါဘူး၊ လိုက်ချင်လွန်းလို့ကို လိုက်ခဲ့မှာပါဟယ်၊ ဟော့…မြူမင်း၊ ငါ ဒီကားနဲ့ လိုက်မယ်"

"အေး…ပြီးရော…"

ခွန်းက လှမ်းအော်ပြောတော့ မြူမင်း ခေါင်းညိတ်သည်။

"တွေ့လား…၊အေးဆေးပါဟာ"

"အေးဆေးမှာပေါ့၊ သူ့ကားမှာ သဇင် ပါနေပြီပဲ"

"ဟာ…နင်က သဇင့်ကို ကြိုက်နေတာလား"

"ဝေးသေး၊ အုပ်စုထဲက သရဲမတွေကို တစ်ယောက်မှ မကြိုက်ဘူး၊ ငါက အုပ်စုတွင်း လိုက်

စားချင်တဲ့ ဖရောင်းချက်ဆို မုန်းတယ်”

“မေ့အားပါ…ထားပါဟယ်၊ နင့်မလဲ တစ်နေ့တစ်နေ့ မြူမင်းကို မျက်မုန်းကျိုးနေရတာနဲ့ပဲ အချိန်မလောက်ရှာဘူး”

“အစုတ်ပလုတ်မနော်၊ နာမနေနဲ့”

“နာပါဘူး”

ခွန်းက ခွိခနဲ ရယ်လိုက်တော့သည်။

“ငါ သူ့ကို ကြည့်မရတဲ့အထဲမှာ ချောက်တီးချောက်တောက်ဖြစ်နေတာလဲ ပါတယ်ကွ”

ကားပေါ်မှာ ခွန်းက ယောကျ်ားအုပ်စုကို တိုင်တန်းလာသည်။ မြူမင်းဟာ ဘာဖေးကုသိုလ်ကြောင့် သူ့ ရုပ်က မိန်းမချော ချောနေရတာအပြစ်လား၊ ဒါကို ကြည့်မရသည့် နေခမှာသာ အပြစ်ရှိကြောင်း ပြောလာသည်။

“နေခပြောတာလဲ မဆိုးဘူးဟ၊ နင့် မြူမင်းက တစ်ခါတစ်ခါ နွဲ့ချင်တယ်၊ တစ်ခါတစ်ခါကျတော့လဲ သူ့လောက် ကြမ်းတာမရှိဘူး၊ စိတ်ဓာတ်က တစ်မျိုး”

“တစ်ဦးတည်းသော သူဌေးသားဟဲ့၊ အလို





လိုက်ခံ၊ ဦးစားပေးခံ၊ ရန်ကုန်ကို ထွက်မလာခင်ထိ သူ့အမေက ထမင်းခွံ့ကျွန်းတဲ့”

“သွားပြီ၊ အဲဒါက စပြီး သုံးမရတာ”

“အမေက ဒီလောက် သည်းနေရင် သားယောကျ်ားလေး ကေန်စင်စစ်ဖြစ်ပါလျက်နဲ့ မိန်းမလို မိန်းမရ နွဲ့သွားတတ်တယ်၊ အဲဒါဆို ဘယ်လောက် နှမြောဖို့ ကောင်းလဲ…

“ဒါကို အမေတွေက မသိဘူး၊ ကိုယ့်သားလေး အချစ်ပိုပြီး အဖြစ်သည်းကြတယ်၊ ခွန်း နင်ယောကျ်ားရလို့ သားလေးမွေးရင် စွတ်အလိုလိုက်မနေနဲ့”

“စိတ်ချ၊ စကားပြောတတ်တာနဲ့ နင့်ကို အရင်ဆုံး စ,ဆဲခိုင်းမယ်၊ ကြမ်းတမ်းဖို့ တာဝန်ယူတယ်”

ဝါးခနဲ ရယ်ဖြစ်လိုက်ကြသည်။

“ဒီကောင် မေးရိုးလေး နည်းနည်းရှိလို့သာ တော်တော့တယ်၊ နင့်မို့ဆို သူ့ မျက်နှာက မေသန်းနန့်တောင် တူသွားနိုင်တယ်”

“ခုလဲ ဘာထူးလဲ၊ စိုးမြတ်သူဇာလိုလို၊ နန္ဒာလှိုင်လိုလိုပါပဲ”

“ဟာ…နင်တို့ကပါ မြူမင်းကို အဲ့ဒီလို ပိုင်း

ပြောနေကြတာလား''

''သဘောကို ပြောတာပါဟာ''

''သဘောလဲ မပြောပါနဲ့ဟာ၊ နင့်ကို ခင်သန်းနုနဲ့ တူတယ် ပြောရင် နင် ကြိုက်မလား၊ ခင်သန်းနု ပျံနေအောင် လှပေမယ့် နင် မိန်းမနဲ့တော့ ဘယ်တူချင်ပါ့မလဲ၊ မဟုတ်ဘူးလား''

ဝဏ္ဏက မိန်းမအမူအရာ ထလုပ်ပြသည်မို့ ရယ်ကြရပြ၏။

''အဲဒီကောင်မှာ ယောကျ်ားနဲ့တူတာဆိုလို့ မျက်လုံးအကြည့်ပဲ စူးစူးရဲရဲရှိတယ်၊ မျက်လွှာချပြီး သိမ်းသွားတာမျိုး၊ မျက်စိကို ထောင့်ကပ်ပြီး ဓွေကြည့်တာမျိုး မရှိဘူး၊ စောင်းကြည့်စရာရှိရင် ခေါင်းကြီးပါ လှည့်တယ်''

''လုပ်ပုံ၊ ကိုင်ပုံ၊ နေပုံ၊ ထိုင်ပုံတွေ အားလုံး ယောကျ်ားပါပဲ၊ လက်ချောင်းလေးတွေ သွယ်ပြီး ရှည်နေကျတော့ ယောကျ်ားနဲ့မတူပြန်ဘူး၊ ခြေထောက်ကလဲ သေးသေးလေး၊ သူ့လက်ဖျံလေးလဲ သေးသေးလေး''

''ဟဲ့…နေဦး နင် တော်တော်အသေးစိတ်ကြည့်ရှုလေ့လာထားတာ ဘာအဓိပ္ပာယ်လဲ၊ နင်က မြူမင်းကို မိန်းမလျှာ မဖြစ်ဖြစ်အောင် ဆွဲချနေတာ



လား၊ ယောကျ်ားချင်း အဲဒီလို ပြောရင်ဘယ်သူခံနိုင်မှာလဲဟာ၊ ရန်ပွဲတွေ ထဖိုက်နေရဦးမယ်ဟာ၊ စိတ်ညစ်တယ်၊ နင်ကလဲ တစ်မျိုး''

''ငါက မျက်စိနောက်လွန်းလို့ကို အသေးစိတ်လေ့လာထားတာ၊ ဒီကောင် အခြောက်တော့ မဟုတ်ဘူး''

''ဒါဖြင့် ဘာလဲ''

''တချို့ယောကျ်ားတွေ ရှိတယ်၊ နွဲ့တဲ့နွဲ့တဲ့လုပ်ပြီး စကားကို မိန်းမလိုမိန်းမရပြော ချွဲတီချွဲဖတ်နဲ့ ပြော၊ မိန်းမတွေနဲ့ ခြေပုတ်လက်ပုတ်…

''ပရောပရီလုပ်ရင်းက ကိုယ်လိုဂျခွဲသွားကြတာမျိုး၊ မိန်းမ ဝါသနာအိုးတွေ ရှိတယ်ကွ၊ အဲဒီကောင်တွေ ပုံစံလဲ နည်းနည်းနွဲ့တယ်၊ ငါက မြူမင်းကို အဲဒီအစားထဲက ထင်တယ်…

''နင်တို့ မိန်းမအုပ်စုတွေ သတိထား၊ သဇင်နဲ့ခင်ပြီး တို့အုပ်စုထဲ ရောက်လာရတာကို အကြောင်းပြပြီး သဇင်နဲ့ ပိုလုံးနေတာလဲ ကြည့်လို့ကို မရဘူး…

''ငါ့မျက်စိထဲမှာတော့ ခရော့စ် (cross) ပဲ၊ တစ်နေ့နေ့ သဇင်သာ တစ်ခုခုဆို ဗေဒင်မေးစရာ မလိုဘူး၊ ဒီကောင် ဟရားခံလို့ ငါကြိုပြောတယ်''

"အေး…နင်တို့ချင်းက တစ်ဦးမေတ္တာ တစ်ဦး မှာပဲ၊ မြူမင်းကလဲ ဒီအုပ်စုထဲမှာ နေခ တစ်ယောက်တော့ လန့်တယ်တဲ့"

"အောင်မာ…သူက"

"အေး…တစ်လောကလုံး သူ တင်ကျွေးထား ရတဲ့ မျက်နှာပုပ်ကြီးကို ဆယ့်ခြောက်ခေါက် လောက်ချိုးထားတတ်လွန်းလို့တဲ့"

"ပြောစရာလား၊ ငါ ဘယ်တုန်းက နင်တို့ အပေါ် မောက်မာဘူးလို့လဲ၊ ဟော့ကောင်တွေ မင်း တို့က ထောက်ခံကြဦးလေကွာ"

"အေးပါ…မမောက်မာပါဘူး၊ ဒါပေမဲ့ မင်း က မြူမင်းအပေါ်မှာတော့ အစာကို မကြေပါဘူး၊ သိသာတယ်"

"ငါက သူ့ကို ရိုးသားတယ်လို့မှ မသတ်မှတ် ဘဲ"

"ဘာတွေဆန်းပြားနေလို့လဲ"

"ငါတို့အုပ်စုဟာ အစက ယောကျ်ားငါး ယောက်၊ မိန်းမ ငါးယောက်၊ အဲဒါ မောင်နှမ အရင်းတွေလိုပဲ၊ ငါတို့ အရမ်းဖြူစင်တယ်၊ အရမ်း သန့်တယ်…

"ဒီကောင့်ကြည့်ရတာ အဖွဲ့ထဲ ဝင်လာတယ် သာဆိုတယ် သူက နင်တို့နဲ့ချည်း နေတာများနေ တယ်၊ ငါတို့နဲ့ကျ အချိုးက တစ်မျိုး၊ ဖင်ခေါင်း ကလဲ ကျယ်တယ်ဟာ…

"အချိုးကို မပြောပါဘူးဟာ၊ ဒီကောင် ဒါသမား လို့ပဲ ငါထင်တယ်"

နေခက ကားမောင်းနေရာမှ ညာလက်ညှိုးဖြင့် နှာခေါင်းကို ပွတ်ပြလိုက်သည်။

"မဟုတ်ပါဘူးဟာ၊ ငါတို့အပေါ်မှာ ရိုးပါ တယ်၊ ရည်းစားစကား မပြောပါဘူး၊ စည်သူ နင် ဘယ်လိုထင်လဲ၊ မြူမင်းက အဲဒီလိုကောင်လား"

"မပြောတတ်ဘူးဟာ၊ နေခ ပြောတော့လဲ မှန် သားပဲ၊ ငါတော့ သိပ်မျက်စိ မနောက်ဘူး"

"နင်တို့ရော…"

"ငါလဲ မနောက်လှပါဘူး"

အောင်ကျော်ဦးက ဝင်ပြောသည်။

"တစ်မျိုးတော့ တစ်မျိုးပေါ့၊ ဒါပေမဲ့ နေခ ပြောသလောက်တော့ မဆိုးပါဘူးကွ၊ တချို့က အမေ မွေးကတည်းကပါလာတဲ့ပုံစံကို ပြင်မရ တာမျိုး ရှိတယ်…

"ဟိုကောင် သက်လင်းကြည့်ပါလား၊ အလ ကားနေရင်း မျက်နှာက စ်ဖြဲဖြဲမို့ ကျောင်းတုန်းက

ဆိုရင် အတန်းထဲဝင်သမျှ ဆရာရဲ့အဆူခံရတယ်…

"သူညီမ ကြည်သာတစ်ယောက်လုံး တို့အဖွဲ့ထဲ ရှိရက်နဲ့ သူက ငါတို့နဲ့လာ မပေါင်းဘဲ မိန်းမချည်းပါတဲ့ အုပ်စုမှာ တစ်ဦးတည်းသော ယောကျ်ားအဖြစ် သွားပေါင်းနေတာ…

"ဒီကောင် ဗူးကျတာတော့လဲ မဟုတ်ဘူးကွ၊ မိန်းမလျာလဲ မဟုတ်ဘူး၊ မျက်နှာကတော့…၊ သေလို့အလောင်းဖြစ်ရင်တောင် မျက်နှာပိုးသပ်နိုင်မယ့်ကောင် မဟုတ်ဘူး…

"အဲဒါကျတော့ ဘယ်လိုပြောမလဲ"

တေဇာပြောတာ မှန်နေသည်မို့ လက်ခံကြရပါ၏။

"နေခက စိတ်လျှော့ပါကွာ၊ အလကားနေရင်း ကြည့်မရ ဖြစ်မနေပါနဲ့၊ ငါကတော့ မြူမင်းကို ကြိုဆိုတယ်၊ ငါတို့ ယောကျ်ားငါးယောက်မှာ…

"အားလုံးက ငါးပေရှစ်လက်မတွေ ကိုးလက်မတွေ ဆယ်လက်မတွေချည်း၊ နေခဆိုရင် ခြောက်ပေအတိ၊ ငါတစ်ယောက်တည်း ငါးပေနဲ့ခုနစ်လက်မ…

"မြူမင်းတစ်ကောင်ရောက်လာလို့ ငါနဲ့အရပ်တူတဲ့ကောင်နှစ်ယောက် ဖြစ်သွားတာ၊ နောက်မို့ဆို ငါတစ်ယောက်တည်း ဂျပု"





ဝဏ္ဏက ဝင်ပြောပြန်၏။ ပြီးတော့ ရယ်နေသည်။ အောင်ကျော်ဦးက ဝဏ္ဏခေါင်းကို လှမ်းပုတ်ကာ 'ဂျပု' 'ဂျပု' ဟု ခေါ်ကာ ရယ်ပြန်သည်မို့ တေဇာက လိပ်မြေးလေးဟု ဝင်ပြောသည်။ ခွန်းက တခိခိရယ်၏။ အားလုံးရယ်မောနေကြသလောက် မျက်နှာထား တည်တည်တင်းတင်းနှင့် မရယ်နိုင် မမောနိုင်သူက မင်းနေခ ဖြစ်တော့သည်။ ဘာကြောင့်မှန်းကို မသိ။ ရင်ထဲမှာ အစာမကြေ။ ဒီကောင့်ကို ကြည့်လို့မရ။ မခင်ဘူးလားဆိုတော့လည်း မဟုတ်။ ခင်တော့ခင်သား။ မှန်းတီးခြင်းမှ မရှိဘဲ။ မျက်စိထဲ အချိုးမကျဖြစ်နေလို့ ကြည့်မရနိုင်တာပဲ ဖြစ်မည်။

ပြီးတော့ ကိုယ့်အုပ်စုထဲမှ မိန်းကလေးတွေကို ယီးတီးယားတားဆိုလျှင် ဒီကောင့်ကို ခွင့်မလွှတ်ဘူးဟု ကြိတ်၍ဆုံးဖြတ်ကာ မျက်နှာကြောကြီး တင်းနေရလေတော့၏။

"မြူမင်းက သခင့်ကို ကူညီတာတော့ အမှန်ပဲကွ"

"ဟော…ပေါ်ပြီ၊ ခွန်း ပြောစရရှိရင် ချန်မထားနဲ့"

"သခင်က မသုံးနိုင် မစွဲနိုင်ဘူး မဟုတ်လား၊ မြူမင်းက ဝယ်ခြမ်းပေးတယ်"

"ဒီကောင်က သူဌေးလား"

"သူဌေးပေါ့ဟ၊ သံလွင်လမ်းထဲမှာ မြေကြီးက

တစ်မတ်ကျော်တဲ့ကွ၊ သုံးမူးတဲ့၊ သုံးမူးဆိုတော့ တစ်မတ်နဲ့တစ်မူးပေါ့နော်”

“ဟာ…မသိဘူးကွာ”

နေခက နားလည်းထောင်ချင်၏။ စိတ်လည်းတိုနေသည်။

“လိုရင်းကိုပြော”

“ခြံက အကျယ်ကြီး၊ တိုက်ကြီးကလဲ နှစ်ထပ်ခွဲ၊ ဘာခေါ်လဲ စပလစ်လယ်ဗယ် ( Split Level ပြင်မညီ) ဆောက်ထားကော့ အထပ်တွေဟိုက ထွက်လာလိုက်၊ ဒီက ထွက်လာလိုက်ပေါ့…

“အရမ်းခေတ်ဆန်တယ်၊ အရမ်းလဲ ကောင်းတယ်၊ အထဲမှာလဲ ပြင်ဆင်ထားတာ အကောင်းစားချည်းပဲ၊ အသုံးအဆောင်ဆို ညွန့်ပေ့ချည်းပဲ”

“နင်က ဘယ်လိုလုပ်သိတာလဲ”

“တစ်ခါ လိုက်လည်တယ်လေကွာ”

“နင်တစ်ယောက်တည်းလား”

“ဘယ်က ဟုတ်ရမှာလဲ၊ တို့ငါးယောက်လုံး”

“ငါတို့တော့ ဘာလို့မပါရတာလဲ၊ မိန်းမတွေချည်း ရွေးခေါ်သွားတာ ရိုးသားသလား”

“မဟုတ်ဘူးလေ၊ ဟိုတစ်ခါ ငါတို့ သန်လျင်သွားကြတာလေ၊ ဘွန်စိုင်းဂါဒင်း( Bonzi Garden



သက်ကြီးပုပင်များ ပန်းခြံ) ကို သွားကြတုန်းကလဲ တို့မိန်းမအုပ်စုက မြမြင်း ကားစီးတယ်”

“အဲဒီက အပြန်လား”

“အေး…အပြန်မှာ တစ်ယောက်စီပြန်ပို့ရမှာ အားနာတယ်ကွာ၊ အဲဒီနေ့က ဒီကောင့်ကြည့်ရတာ လိုက်ချင်လို့သာ လိုက်တာ၊ သိပ်လဲ နေကောင်းပုံမရဘူး၊ မျက်နှာတွေလဲ ရဲနေတယ်…

“အဲဒါနဲ့ ငါကပဲ ပြောတာပါ၊ မြမြင်း နင့်အိမ်ပဲ မောင်းတော့၊ ငါတို့ ကားကို နင့်အိမ်က မှာမယ်ဆိုပြီး ငါးယောက်လုံး ပါသွားရောာ”

“ယောကျ်ားတစ်ယောက်အိမ်ကို”

“ဘာဖြစ်လဲ၊ သူငယ်ချင်းလဲဖြစ်တယ်၊ ပြီးတော့ တစ်ယောက်တည်းသွားတာမှ မဟုတ်တာ၊ ငါးယောက်၊ ငါ့ကားက အရင်ရောက်တာတောင် ငါက လူတစ်ဝက်ခွဲခေါ်တင်ပြီး မပြန်ပါဘူး…

“ကြည်သာ့ကားပါ ရောက်လာမှ ရှုပါနဲ့နီလာက ကြည်သာ့ကားနဲ့လိုက်၊ ငါက သဇင့်ကို ခေါ်ပြီးတော့ နှစ်စီးတူတူ ပြန်တာ”

“သူ့မိဘက ဘာမို့ ဒီလောက်ချမ်းသာနေတာလဲ”

“ကြည့်လို့သာ မရတာယ်၊ နင် စိတ်တော့ ဝင်

စားတယ်"

"ဝင်စားတာပေါ့၊ ဒီကောင် ငါတို့အုပ်စုထဲ ရောက်လာပြီးကတည်းက အုပ်စုထဲက ကောင်မလေးတစ်ယောက်ယောက် ဒုက္ခရောက်တော့မယ် ချည်း ငါထင်နေတယ်"

"ဘာလို့ထင်တာလဲ"

"ထင်တာဟာ ထင်ချင်လို့"

"ရှင်းပါတယ်"

"လူကြီးတွေ တွေ့ခဲ့လား"

"သူ့ကြီးဒေါ်တဲ့၊ အသက်ငါးဆယ်ကျော် အဘွားကြီးတစ်ယောက်နဲ့ သူနဲ့ နှစ်ယောက်တည်း နေတာ၊ သူ့မိဘတွေက မိုးကုတ်ကတဲ့"

"ဒါဆို ကျောက်နဲ့ချမ်းသာတာပေါ့"

"ဟုတ်မှာပေါ့၊ မသိဘူး၊ မြှုမင်းရေ…နင် ဘာနဲ့ချမ်းသာသလဲလို့ ရှင်ပဲ သွားမေး"

ခွန်းက စိတ်တိုလာသောကြောင့် မျက်စောင်းပိတ်ထိုး၏။

"မြှုမင်းက ကွန်ပျူတာနဲ့ စပီကင် လာတက်တာ"

"ဘယ်က အောင်တာလဲ"

"မန္တလေး၊ ဒါပေမဲ့ အဝေးသင်တဲ့"





"ဟင်…၊သူဌေးသားက ဘာဖြစ်လို့ အဝေးသင်တက်ရတာလဲ၊ နေ့ကျောင်းကြီးတက်ပြီး အားရပါးရ ပျော်မှာပေါ့"

"မြှုမင်း ကြီးဒေါ်က ပြောတော့ မြှုမင်းက ချူချာတယ်တဲ့၊ ဒါကြောင့် မိဘက အရမ်းအလိုလိုက်ထားတာတဲ့၊ ကျောင်းမတက်နိုင်ဘူးတဲ့၊ ခဏခဏ ကျောင်းပျက်လို့တဲ့"

"ဘာရောဂါလဲ"

"သိဘူး"

"ဘာမှလဲ မသေချာဘူး"

"ရှင်က ဘာကိစ္စ သေချာချင်ရတာတုံး"

ခွန်းက နေခတို့နှင့် စကားပြောလျှင် နင်၊ ငါ ပြောလေ့ရှိပေမယ့် စိတ်တိုဒေါသထွက်သည့်အခါတွေမှာတော့ ရှင်တွေ ကျုပ်တွေ ဖြစ်လာတတ်သည်။ နေခက ပခုံးတွန့်ပြသည်မို့ မျက်စောင်းထိုးရပြန်သည်။

"နောက်နှစ်လောက်ဆို သူ့မိဘတွေလဲ ရန်ကုန်ပြောင်းမယ်တဲ့၊ မြှုမင်းက ရန်ကုန်မှာ နေချင်တယ်ဆိုလို့ လိုက်ပြောင်းကြမှာ၊ လောလောဆယ်တော့ ဟိုမှာအလုပ်ကိစ္စတွေ တန်းလန်းနဲ့မို့ မပြောင်းနိုင်သေးဘူးတဲ့…

"မြေကြီးတိုက်ကြီးထဲမှာ တူဝရီးနှစ်ယောက်၊

အလုပ်သမားက အိမ်ပေါ်မှာတင် သုံးယောက်၊ ခြံထဲမှာ တစ်ယောက်၊ အိမ်ရှင်က နှစ်ယောက်၊ အလုပ်သမားက လေးယောက်…

"ပြီးတော့…သူကြီးဒေါ် စီးတဲ့ကားကို မောင်းတဲ့ ဒရိုင်ဘာရှိသေးတယ်၊ အဲဒါကကျတော့ ဦးလေးဝမ်းကွဲတဲ့၊ နေပုံထိုင်ပုံကလဲ…

"စတိုင်ထုတ်လွန်းလို့၊ ခမ်းနားလွန်းလို့ နင်သာမြင်ရင်တော့ ကဲ့ရဲ့ဦးမှာပဲ"

"မမြင်ဘဲနဲ့ ကဲ့ရဲ့လိုက်ပါပြီ"

"ငါတို့ကို သူကြီးဒေါ်ကြီးက အတင်းဆွဲပြီး မပြန်ပါနဲ့တားသေးတယ်၊ ညစာကျွေးချင်လို့တဲ့"

"ငတ်ခဲ့သေးလား"

"နင်သာ ငတ်၊ ငါတို့က မစားခဲ့ဘူး၊ ဒါပေမဲ့ ကော်ဖီနဲ့ ရေခဲမုန့်နဲ့ ကြက်ကြော်နဲ့တော့ စားခဲ့သေးတယ်"

"ကြည့်လေ…ကျွေးပုံကိုက မိန်းမကြိုက်"

"ဟဲ့…သူကြီးဒေါ်ကြီးက မိန်းမပဲ၊ မိန်းမကြိုက်ကျွေးတာ ဘာဖြစ်လဲ"

"မဟုတ်ဘူး၊ မိန်းမတွေ စားတတ်ပုံမျိုး လိုက်ကျွေးတာ ကြိုတင်စီစဉ်မှု ရှိလို့ပေါ့၊ ဒီကောင့်အကြံညဏ်တွေနေမှာ၊ နင်တို့ သိပ်မပေါင်းနဲ့ဟာ"



"ခက်တော့တာပဲ နေခရယ်၊ မြူမင်းက ရိုးပါတယ်၊ပေ့ကောင်တွေ နင်တို့ရောဘယ်လိုထင်လဲ"

"ရိုးပုံရပါတယ် နေခရ၊ တို့အုပ်စုထဲက ဘယ်သူ့ကိုမှ ကြိုက်ပုံမရပါဘူး၊ သူ့မျက်လုံးတွေ ရဲပေမယ့် ရိုးပါတယ်၊ မရိုးလဲ ဘာဖြစ်လဲကွ…

"တစ်ယောက်ယောက်နဲ့ ကြိုက်ရင် လက်သီးနှစ်လုံး သုံးလုံးလောက် ကျွေးပြီး၊ အတင်းယူခိုင်းလိုက် ပြီးတာပဲ၊ မင်းက မယူမှာ စိုးနေတာမှလား"

"မယူမှာလဲ စိုးတယ်၊ ယူမှာလဲ စိုးတယ်"

"ဘာစကားလဲ"

"ငါတို့အုပ်စုက အလွန်ဖြူစင်တယ်၊ မောင်နှမတွေ၊ ဘယ်သူ့ ဘယ်သူမှ မကြိုက်ကြဘူး၊ သူက တစ်ယောက်ယောက်နဲ့ ကြိုက်ပစ်လိုက်ရင် တို့အုပ်စုသန့်သန့်လေးဟာ ဘယ်သန့်တော့မလဲ"

"ဒီလိုဆိုတော့လဲ ဖူးစာပေါ့ကွာ"

"အေးလေ…နင် မပူပါနဲ့ နေခရဲ့၊ ဖူးစာပါရင် ရမှာပဲ၊ ဖူးစာမပါရင် ဘယ်လောက်နီးစပ်ပေမယ့်လဲ မကြိုက်ကြပါဘူး၊ နင်ကလဲဆိုတာ အေးဆေးကို မနေဘူး"

"ခွန်း…နင် သစ်ငင်ကို မျက်ခြည်မပြတ်စေနဲ့"

"ဘာဖြစ်လို့လဲ"

"နင်တို့ မိန်းမအုပ်စု ငါးယောက်ထဲမှာ သဇင်က အိညက်အိညက်"

"သူ ဆင်းရဲလို့ စိတ်အားငယ်ပြီး သိပ်မပြောရဲ မဆိုရဲ ဖြစ်နေတာပါ"

"ဘာပဲဖြစ်ဖြစ် မပွင့်လင်းဘူး၊ ဟိုကောင်က သဇင့်များဆို ဖေးမလိုက်ရတာ သူ့ရည်းစားကျနေတာပဲ၊ တစ်ခုခုဆို ငါ့ကို အရင်ဆုံးပြော၊ ထိန်ချန်မထားကြနဲ့"

"ငါတို့ မေးပြီးပါပြီ၊ မြူမင်းလို့ နင်က သဇင့်ကို ပိုခင်တာလားလို့"

"ဘာပြောလဲ"

"ခင်တာတော့ အားလုံးအတူတူပါပဲတဲ့၊ သဇင်က ဆင်းလဲဆင်းရဲ၊ မောင်တစ်ယောက်၊ ညီမတစ်ယောက် တာဝန်လဲ ရှိသေးဆိုတော့ သနားတာ ပိုတယ်တဲ့၊ ခွန်းတို့ ကျုံ့တဲ့လေးယောက်က သူဌေးသမီးတွေတဲ့…"

"ပြည့်စုံတယ်တဲ့၊ သဇင်တစ်ယောက်သာ ငါးယောက်ထဲမှာ တစ်ယောက်တည်း ကွက်ပြီး မဝတ်နိုင်၊ မစားနိုင်ဖြစ်နေလို့ သနားပြီး လက်ဆောင်တွေ အတင်းဝယ်ပေးနေရတာတဲ့"

"သဇင်က ယူလား"



"အလကားပေးရင် မယူလို့ တစ်ခါတလေ ရောင်းရတယ်၊ အင်္ကျီတစ်ထည် သုံးလေးထောင်နဲ့ ဝယ်လာပြီး သဇင့်ကို ကုမ္ပဏီကားနဲ့တွေ့လို့ လျှော့ဈေး ငါးရာဆိုပြီး ပြန်ရောင်းတဲ့အခါ ရောင်းတယ်"

"ရိုးကို မရိုးသားပါဘူးကွာ…တောက်"

"တောက်ခေါက်ချင်ရင် နောက်တစ်ချက်ထပ်ခေါက်လိုက်ဦး၊ သူ့မိဘတွေ ရန်ကုန်ဆင်းလာပြီး ဒီမှာ ကုမ္ပဏီထောင်ရင် သဇင့်မိသားစုကို ရန်ကုန်ခေါ်ခိုင်းလိုက်မယ်တဲ့…"

"အလုပ်ပေးမယ်တဲ့၊ နေစရာမရှိရင် အိမ်လဲပေးမယ်တဲ့၊ သူတို့ပိုင်တဲ့ တိုက်ခန်းတွေ ရန်ကုန်မှာ လေးငါးခု ရှိသေးတယ်တဲ့ဟာ"

"စကားထဲက ဓာတ်ပြနေပြီ၊ ဒီကောင် သဇင့်ကို အတည်မယူရင် ငါနဲ့တွေ့မယ်"

"သြော်…ကြိုက်တောင်မှ မကြိုက်ကြတဲ့ဟာ ဘာကိစ္စအတည်ယူရမှာတုံး"

"နင် သေချာလို့လား"

"သေချာတယ်၊ သဇင့်ကိုလဲ မေးပြီးပြီ၊ သဇင်ကပြောတယ်၊ သူ့အပေါ် ကောင်းလွန်းလို့ အစက မသင်္ကာ နည်းနည်းဖြစ်မိသေးတယ်တဲ့၊ ဒါပေမဲ့ ဒီလောက်ကြာလာပြီ မရိုးမသား မရှိဘူးတဲ့…"

"နင်သာ ဒီလောက်ဖြစ်နေပုံထောက်တော့ သဇင့်အပေါ် ရိုးရဲ့လား၊ ပြောတော့ဖြင့် သန့်သန့်လေး…သန့်သန့်လေးနဲ့"

"ဘာလို့ မရိုးရမှာလဲ၊ ငါက သန့်သန့်လေး"

"ပါးစပ်ကသာ သန့်သန့်လေး၊ မနာလိုလိုက်တာကျတော့ လူသိနတ်ကြား"

"တော်ပါ…နင်တို့မိန်းမတွေကိုက် ပစ်ပစ်များတယ်၊ တေဇာတို့ မေးကြည့်"

"ဟော့…တေဇာတို့၊ နေခ သဇင်နဲ့မြူမင်းအပေါ် ဘယ်လိုဖြစ်နေတာလို့ နင်တို့ထင်လဲ"

"သဇင့်အပေါ်မှာ နေခ ရိုးပါတယ်ကွ၊ သေချာပါတယ်၊ သဇင်တင် မဟုတ်ဘူး၊ နင့်အပေါ်လဲ ရိုးသားပါတယ်"

"အောင်မာ…ငါက မရိုးသားပါနဲ့ ပြောနေလို့လား၊ သတ်လိုက်ရ"

ခွန်းလက်သီးက မြောက်တက်လာသည်မို့ တေဇာ ခေါင်းယမ်း၍ ရှောင်၏။

"သဇင့်အပေါ် နေခ ရိုးပါတယ်"

ကျန့်အုပ်စုကလည်း ထောက်ခံချက်ပေး၏။

"မြူမင်းကိုပဲ သူ ကြည့်မရဖြစ်နေတာ"

"ဒါဆို မနာလိုတာပဲ၊ မြူမင်းရောက်မလာခင်



က တို့အုပ်စုထဲမှာ နေခ အချွေးဆုံး၊ မြူမင်းရောက်လာတော့ အပြိုင်ချွေးတဲ့ သူပေါ်ပြီလေ"

"ငါက ဒီလောက်အောက်တန်းကျလား ခွန်း"

နေခ တကယ်စိတ်ဆိုးတော့သည်။

"ဟယ်…ပြောမနာ ဆဲမနာဆို၊ ဆဲတောင် မဆဲရသေးဘူး၊ မနာလိုတာလို့ စွပ်စွဲရုံရှိသေးတယ်၊ နင်က နာပြီလား"

"မနာလိုဘူးအပြောခံရတော့ ဘယ်သူ စိတ်မဆိုးဘဲ နေမလဲ၊ နောက်ကို အမြဲမှတ်ထား၊ မနာလိုတယ်ဆိုတာ ငါတို့ ယောကျ်ားတွေအလုပ် မဟုတ်ဘူး၊ နင်တို့ မိန်းမတွေသာ မနာလိုကြ၊ ကောင်းမြောင်းကြ၊ မျက်စောင်းထိုးကြ၊ မခေါ်လိုက်၊ ခေါ်လိုက်၊ ပြဿနာမျိုးစုံထဲမှာ အလုပ်ရှုပ်နေတာ"

"အေးပါ…ထားပါ၊ မနာလိုခြင်းအစရှိသော စိတ်ပုပ်စိတ်ယုတ်များကို မိန်းမတွေ ပိုင်သတည်းပေါ့ ဟုတ်လား"

"ဟုတ်တယ်"

"အဖျင်းထူ၊ ထုံဖျင်းပြီး အသုံးမကျမှုများကျတော့ ယောကျ်ားတွေ ပိုင်သတည်းပေါ့"

"နင်ရမှာ အဲဒီလိုယောကျ်ားမျိုးနဲ့"

"သတ်လိုက်ရ"

"အင်အားချင်း မမျှဘူး၊ ငါတို့က ငါးယောက်၊ နင်က တစ်ယောက်တည်း၊ ပြိုင်သတ်ရင် နင်ဘယ်နိုင်မလဲ၊ မသတ်ရင်တောင် နေပါ၊ ပြိုင်အော်ကြေးဆိုရင်တောင် နင် အသံဝင်ပြီး သေမှာ"

ခွန်းက ယောကျ်ားလေးငါးယောက်လုံးစေ့အောင် လှည့်ပတ်မျက်စောင်းထိုးပစ်လိုက်သည်။

"အဲဒါကျတော့ မတတ်ဘူးဟာ တကယ်"

အောင်ကျော်ဦးက မျက်စောင်းပြန်ထိုးပေမယ့် မျက်စောင်းထိုးပုံ အချိုးမကျသည်မို့ ဝိုင်းရယ်ခြင်းကိုခံရ၏။ ရယ်ရင်းမောရင်းနှင့်ပင် ဆင်ကြီးထမင်းဆိုင်သို့ ရောက်လာသည်။

"တွေ့လား၊ ဟို မိန်းမလိုမိန်းမရကောင် ရောက်မလာသေးဘူး"

"ဟဲ့…သတ်မှတ်မိုင်နှုန်းကျော်ပြီး မောင်းလာတဲ့ နင့်မှာသာ အပြစ်ရှိမှာ၊ ဟိုက မိုင်သုံးဆယ်နှုန်းနဲ့ မှန်မှန်ချိတက်လာလို့ ဖြစ်မှာပေါ့"

"ခွန်း နင့်ကိုပါ မသက်ာချင်တော့ဘူး"

"သေလိုက်"

ခွန်းက မိန်းမသားတွေသာ ပိုင်နိုင်ကျွမ်းကျင်စွာ တတ်မြောက်သော မျက်စောင်းလက်နက်ဖြင့် အကြိမ်ကြိမ် ပစ်လေသတည်း။



## အခန်း ( ၃ )

သင်တန်းတွေ တက်ရင်းတက်ရင်းနှင့် ပြီးဆုံးကုန်ခဲ့၏။ အင်္ဂလိပ်စကားပြောသင်တန်းက သင်တန်းအပြီးမှာ ကားကြီးများနှင့် ချောင်းသာသို့ အပျော်ခရီးပို့ပေးသည်။ သင်တန်းသူ၊ သင်တန်းသားများ မြန်မာစကားတစ်ခွန်းမျှ မပြောရ။ ချောင်းသာအပန်းဖြေခရီးမှာ ပျော်ပွဲရွှင်ပွဲများအားလုံး လုပ်ပေးသည်။ ထိုပျော်ပွဲရွှင်ပွဲတွေမှာလည်း မြန်မာစကားလုံးဝ မပြောရ။ နောက်ဆုံးည မီးပုံပွဲမှာ အပျော်ကြီးပျော်ခဲ့ကြသည်။ ထိုမီးပုံပွဲမှာလည်း မြန်မာစကားလုံးဝ မပြောရ။

အင်္ဂလိပ်လို တရွှတ်ရွှတ်ပြော၍ ပျော်နိုင်သော အဆင့်သို့ ရောက်ခဲ့ကြလေ၏။

"ခင်ဗျားတို့ကို မြန်မာစကားလုံးဝမပြောရ သတ်မှတ်လိုက်တာဟာ ကျွန်တော်က အင်္ဂလိပ်စကားပြောသင်တဲ့ဆရာမို့ အင်္ဂလိပ်ကို အထင်ကြီးလို့ ကျွန်တော် ဘူးယိုမို့လို့ ပြောတာမဟုတ်ဘူး"

တစ်ချိန်လုံး အင်္ဂလိပ်စကားမှလွဲ၍ မြန်မာလိုတစ်ခွန်းမျှ မပြောခဲ့သော ဆရာက နောက်ဆုံးည မီးပုံပွဲမှာတော့ မြန်မာစကားကို တစ်ဝကြီး ပြောချခဲ့သည်။

"ဒီည ကျွန်တော် မြန်မာစကားပြောမယ်၊ ခင်ဗျားတို့တော့ မပြောရ၊ သင်တန်းပြီးဆုံးသွားပြီဆိုတော့ ခင်ဗျားတို့နဲ့ ကျွန်တော်နဲ့ အမြဲတမ်း တွေ့ဆုံခွင့်လဲ မရှိတော့ဘူး…

"နောင်အခါမှာ ဖြတ်သွားဖြတ်လာ လမ်းမှာတွေ့ချင် တွေ့မယ်၊ အဲဒီအခါမှာလဲ ကျွန်တော့်ကိုတွေ့ရင် နှုတ်ဆက်စကားနဲ့ ခင်ဗျားတို့ ပြောချင်တဲ့ စကားအကုန်လုံး အင်္ဂလိပ်လိုပဲ ပြောပါ…

"ကျွန်တော့်ကို မြန်မာစကား လုံးဝမတတ်တဲ့သူလို့ သဘောထားပါ"

ဟု အစချီကာ ဆရာက မြန်မာစကားတွေ တဝကြီး ပြောချသွားခဲ့သည်။ ဆရာသည် သင်တန်းသူသင်တန်းသားများကို 'ကျွန်တော်' 'ခင်ဗျား' ပဲ သုံးနှုန်းရှာ၏။ သင်တန်းသူ သင်တန်းသားတွေမှာ ဆယ်ကျော်သက်၊ အသက်နှစ်ဆယ် မပြည့်သေးသူများပါသလို ဘွဲ့ရပြီးသူများ နှစ်ဆယ်ကျော်တွေ၊ အလုပ်အတွက် အလုပ်အကိုင်မှာ လိုအပ်သောကြောင့် လုပ်ငန်းတစ်ဖက်နှင့် လာတက်ကြသော သုံးဆယ်ကျော်တွေ ပါဝင်၏။ သူငယ်နှပ်စား သဘောထားကာ ကလေးလို ဆက်ဆံရမည့် အနေအထားမှာ မရှိကြသူတွေဖြစ်သည်မို့ ဆရာက သူ့ကိုယ်သူ 'ကျွန်တော်' သုံးကာ သင်တန်းသူ သင်တန်းသားများအား 'ခင်ဗျား' ဟု ပြောသည်။စင်စစ် အသက်ငါးဆယ်ခန့်ရှိပြီဖြစ်သော ဆရာနှင့်စာလျှင် သင်တန်းသူ သင်တန်းသားအားလုံးက ငယ်ကြသည်သာ ဖြစ်ပါ၏။

"ကျွန်တော်တို့ မြန်မာလူမျိုးဟာ ညံ့တဲ့လူမျိုးမဟုတ်ဘူးဗျ၊ ခင်ဗျားတို့လဲ ကြားဖူးမှာပါ၊ သိချင်းရှိတယ်လေ၊ မျိုးရိုးက အထက်တန်းစားတွေ ဆိုတာ အဲဒါတကယ်…

"အနောက်နိုင်ငံတွေမှာ စက်မှုထွန်းကားတယ်၊ သိပ္ပံပညာတိုးတက်တယ်၊ ဒီတော့ နိုင်ငံတကာက လူတွေ သွားပြီး သင်ကြားကြတယ်၊ ဥပမာ…အင်္ဂလန်ဗျာ၊ အမေရိကားဗျာ…

"အဲဒီ နိုင်ငံက တက္ကသိုလ်တွေမှာ နိုင်ငံတကာ ကျောင်းသူ၊ ကျောင်းသားတွေ တပြိုင်သင်ကြပြီဆိုတိုင်း မြန်မာလူမျိုးဟာ ဘယ်တော့မှ နောက်

ကျ ကျန်မနေခဲ့ဘူး…

“အားလုံးဟာ ပထမဝင်ရတဲ့ သူရှိတယ်၊ ပထမ မဟုတ်တောင် ထိပ်ဆုံးနား၊ ရှေ့ပိုင်းနား ရောက်တဲ့ သူချည်းပဲ၊ မြန်မာဆိုတာ မျိုးနဲ့ရိုးနဲ့ချီပြီး တော်တာ၊ ဦးနှောက်ကောင်းတာဗျ”

ဆရာက အားကြိုးမာန်တက်ပြော၍ တပည့်တွေက လက်ခုပ်တဖြောင်းဖြောင်း တီးကြသည်။

“ဒါပေမဲ့ အင်္ဂလိပ်စကားပြောဖို့ အခက်အခဲဖြစ်နေကြတယ်၊ ဝါကျချရေးရမယ်ဆိုရင် ရေးတတ်ပါလျက် စာကိုဖတ်ရမယ်ဆိုရင် နားလည်ပါလျက် ပါးစပ်က ထုတ်မပြောတတ်ဘူး၊ အင်္ဂလိပ်ကားကြည့်ရင် နားမလည်ဘူး၊ အဲဒါ ဘာဖြစ်တာလဲ”

“ဘာဖြစ်တာလဲဆရာ”

အောင်ကျော်ဦးက ထမေးသည်။ မြန်မာဝါကျကြီးဖြစ်သွားသည်မို့ ဆရာက ဒဏ်ပေးသည့်အနေနှင့် မျောက်ကကနိုင်းသည်။ အင်္ဂလိပ်ဝါကျဖြင့် ပြန်ပြောနိုင်း၏။

“မန်းကီး…မန်းကီး”

မျောက်ကြီးဟု မအော်ရဲသည်မို့ မန်းကီးဝိုင်းအော်ကာ ရယ်ကြသည်။

“အဲဒါ အလေ့အကျင့်ပဲ၊ အင်္ဂလိပ်လူမျိုး အိမ်မှာ ထမင်းချက်တဲ့၊ ကလေးထိန်းတဲ့ အလုပ်သမား



တွေ အင်္ဂလိပ်စာတစ်လုံးမှ မတတ်ဘဲနဲ့ အင်္ဂလိပ်စကားကို မှတ်နေအောင် ပြောနိုင်တဲ့ သူတွေရှိတာပဲ၊ မှုံမှာဗျာ ကလေးတွေတောင် နိုင်ငံခြားသားတွေလာရင် အင်္ဂလိပ်လို ရှင်းပြနိုင်တယ်၊ သဒ္ဒါမှန်ချင်မှ မှန်မယ်၊ ထော့ကျိုးအင်္ဂလိပ်တော့ ဖြစ်မှာပေါ့၊ နားတော့လည်တာပဲ…

“စကားပြောတတ်ဖို့၊ သူများပြောတာ နားလည်ဖို့ဆိုတာ အလေ့အကျင့် အရမ်းလိုတယ်၊ ဒါကြောင့် ခင်ဗျားတို့ကို သင်တန်းမှာ မြန်မာလို တစ်ခွန်းမှ မပြောရ စည်းကမ်းချတာ…

“အလေ့အကျင့်ရစေချင်လို့၊ အပြင်မှာ ခင်ဗျားတို့ချင်းပြောရင်လဲ အင်္ဂလိပ်လိုပဲ ပြောကြစမ်းပါ”

“ပြောပါတယ်ဆရာ”

ကျောင်းသားတစ်ယောက်က ယောင်ရမ်းကာ မြန်မာလို ထအော်မိပြန်သည်မို့ ဆောင့်ကြောင့်ထိုင်၊ လက်နှစ်ဖက်ရှေ့မှာ ထောက်ပြီး ‘ကြောင်’ ထီးကြီးလို အော်ပါဟု ဒဏ်ပေးခံရသည်။

“ညောင်…ဝေါင်”

အသံလုံးကြီးကြီးဖြင့် အော်ချလိုက်ပုံက တကယ့်ကြောင်ထီးကြီးပုံစံ ဝင်သွားရသည်မို့ ရယ်ကြပြန်သည်။

“ကျွန်တော် အလကားမနေပါဘူး၊ အကဲခတ်

ပါတယ်၊ ကိုမင်းနေခတို့ ဆယ့်တစ်ယောက်အုပ်စုက သင်တန်းမှာသာ အင်္ဂလိပ်လိုပြောပြီး အပြင်မှာ မြန်မာလို ပြောနေကြတာ သုံ့သုံ့ကြားတယ်နော်…

"ကျွန်တော်က သင်တန်းချိန်နဲ့ မပတ်သက်လို့ ဒဏ်မပေးရတာ၊ ဒဏ်ပေးချင်လိုက်တာ အသည်းကို ယားနေတယ်"

နေခတို့ဘက်သို့လှည့်ကြည့်ကာရယ်ကြသည်။ ဆယ့်တစ်ယောက်အုပ်စုမှာ 'ကိုမင်းနေခ' ဟူ၍ နေခ နာမည်တပ် ပြောသည်မို့ နေခက မနေသာတော့ဘဲ ပြန်ပြောရလေ၏။

"ကျွန်တော်တို့ သူငယ်ချင်းဆယ့်တစ်ယောက်ဟာ သိပ်ကို ခင်ကြပါတယ် ဆရာ၊ အရမ်းလဲ ရင်းနှီးပါတယ်၊ ပြီးတော့ မြန်မာလူမျိုးတွေလဲ ဖြစ်နေကြပါတယ်…

"မြန်မာစကားနဲ့ ပြောရမှ ရင်ထဲမှာ လှိုက်လှဲပြီး နှစ်သိမ့်ခံစားရလို့ မြန်မာလို ပြောဖြစ်တာ ခွင့်လွှတ်ပါဆရာ"

မင်းနေခက မတ်တပ်ရပ်၍ အလွန်ကောင်းမွန်သော လေယူလေသိမ်းနှင့်တကွ အင်္ဂလိပ်လို သွက်သွက်ကြီး ပြောချလိုက်ပါ၏။ ပြောပြီးတော့ ပြန်ထိုင်သည်။ 'ကျွန်တော်တို့ သူငယ်ချင်း ဆယ့်တစ်ယောက်ဟာ သိပ်ကို ခင်ကြပါတယ်' ဆိုသော ဝါကျက နားထဲသို့ ပြန်ဝင်သည်။ ဆယ့်တစ်ယောက်

Now, Where you chat me?



အုပ်စုမှာ လိုက်ပါမလာနိုင်ဘဲ ဘက်ပဲ့၍ ကျန်ရစ်ခဲ့ရရှာသော 'မြူမင်း' ကို သတိရလိုက်သည်။ ထိုအချိန် အတောအတွင်းမှာ မြူမင်းအပေါ် ခံစားနေရသည့် စိတ်ဆိုးဒေါသတွေ ကြေပျက်သွားရသည်။ သနားစိတ်ဝင်၏။ သူ့ခမျာ ဘယ်လောက် လိုက်ချင်ရှာသလဲ။

ယောကျ်ားတန်မဲ့ မျက်စိမျက်နှာပျက်၍ ကျန်ရစ်၏။ ပြီးတော့…သူ ကျန်ရစ်ခဲ့ရတာ သူ့အိမ်မှာ မဟုတ်ပါ။ ဆေးရုံပေါ်မှာ ဖြစ်၏။

"မြူမင်း ရုတ်တရက်နေမကောင်းဖြစ်လာလို့"

သတင်းက ထုံးစံအတိုင်း သဇင့်ဆီအရင်ရောက်သည်။ ဒါကိုလည်း ခွင့်လွှတ်နိုင်လိုက်ပါသည်။ မြူမင်းက သံလွင်လမ်းမှာ နေသည်။ သဇင်က ကမာရွတ်လှည်းတန်းမှ မိန်းကလေးဆောင်တွေမှာ နေသည်ဆိုတော့ နေရာချင်းက ဝေးလှပါ။ နီးသည်ဟုဆိုနိုင်၏။ မင်းနေခ၊ ဝဏ္ဏ၊ တေဇာ ဆိုက်နှင့် ခွန်းသံချိုတို့က ပြည်လမ်း၊ ရှစ်မိုင်၊ မရမ်းကုန်း တစ်ဝိုက်မှာ နေသည်။ စည်သူနှင့်အောင်ကျော်ဦးတို့က မြို့ထဲမြို့လယ်ခေါင်လမ်းတွေမှာ နေသည်။ မေကြည်သာလင်းက ရွှေတောင်ကြားမို့ မြူမင်းသည် သဇင်နှင့်နီးသလို ကြည်သာနှင့်လည်း နီးပါသည်။ နီလာတင်ထွတ်နှင့် ရူပါဝင်းတို့ကတော့ ကန်တော်ကြီးစောင်းမှာ နေကြသူတွေ ဖြစ်သည်။

Now, What are you doing?



ကြည်သာအရင်မသိဘဲ သဇင်အရင်သိတာကို ခါ တိုင်းလို အစာမကြေမဖြစ်ဘဲ နားလည်ပေးလို့ရသည်။ သို့ပေ မဲ့ ယောကျ်ားချင်းချင်း နေခတို့ဆီ ဖုန်းဆက်ပြောလည်း ရသား။ အဲသည် မြူမင်း ဆိုသောကောင်ကို ရုံဖန်ရုံခါ ခွင့် လွှတ်လိုပေမယ့် များသော အားဖြင့်မှာတော့ သူ့ကို စိတ် တိုနေရတာ များသည်။

"မြူမင်းကို ဆေးရုံတင်လိုက်ရတယ်"

သဇင်က ဖုန်းဆက်ပြောတော့ ခရီးထွက်ဖို့ ကြား တစ်ရက်ပဲ လို၏။

"ဟာကွာ...သန်ဘက်ခါ ချောင်းသာသွားကြ ရမယ့်ဟာ၊ ဘာဖြစ်တာလဲ"

"မသိဘူး၊ သူ့ကြီးတော်ကြီး လှည်းတန်းဈေး လာရင်းနဲ့ ငါ့ကို အဆောင်မှာ ဝင်ပြောသွားတာ"

ဒီလိုဆိုတော့ သဇင့်ထံ အရင်ဆုံး သတင်းရောက်တာ ကို ခွင့်လွှတ်ရဖို့ ရှိ၏။ ဒါပေမဲ့ ဒီကောင်ဘာဖြစ်လို့ ဖုန်း မဆက်သလဲ။ သူ့အိမ်မှာ လိုင်းဖုန်းရှိသည်။ C.D.M.A ဟုခေါ်သော ချင်းနှင့်ထဲညီထားလေ့ရှိသည်မို့ ချင်းဖုန်းဟု ခေါ်သော တယ်လီဖုန်းကလည်း တစ်လုံးရှိသည်။ ပြီးတော့ ဒီကောင်သွားလေရာ တကားကားပါတတ်သည့် ဆယ်လူလာ ဖုန်းကိုရော ဘယ်သွားထားမလဲ။ ဆက်ပါတော့လား။ နေခ က အဖွဲ့ဝင်တွေဆီ ဖုန်းဆက်အကြောင်းကြား စုံစမ်းတော့



ဒီကောင် ဘယ်သူ့ဆီမှ ဖုန်းမဆက်ဘူးတဲ့။

မြူမင်းတို့ကတော့ လုပ်ချလိုက်ပြန်ပြီ။

"အဲဒါ ငါတို့က ကိုယ့်ဘာသာသိ၊ ကိုယ့် ဘာသာစုံစမ်းပြီး သူ့ဆီလိုက်လာရအောင် ဒီကောင် အကြောကြီးနဲ့လုပ်တာ"

"နေခရဲ့ယ်...နင့်မှာလဲ မြူမင်းမှုန်းတီးရေး ဝါဒပဲ ကြီးစိုးနေတော့တာပဲ၊ နေမကောင်းတဲ့သူက ဘယ်လောက်ဖြစ်မှန်းမှ မသိဘဲ၊ ဖုန်းဆက်နိုင်ချင် မှဆက်နိုင်မှာပေါ့၊ငါတို့က သူငယ်ချင်းတွေပဲ၊ သူ ဆေးရုံတက်ရတယ်ဆိုရင် သတင်းမေးသွားရမှာ ပေါ့၊ ဘယ်ဆေးရုံလဲ"

"ဒီပါချမ်းမြတဲ့"

"ဩော်...နောက်ဆုံးဖွင့်တဲ့ ဆေးရုံသစ်ကြီး"

ဆေးရုံက ဆေးရုံနာမည် မမှည့်ဘဲ ဟိုတယ်နာမည် လိုလို ဖြစ်နေသည်ဟု ဝေဖန်ကြသည်။ ဒီပါချမ်းမြဆေးရုံ ကြီးက ရွှေတောင်ကြားထဲမှာ ရှိပါသည်။ ကြည်သာတို့အိမ် နှင့်တောင်နီး၏။ ဟိုတုန်းကတည်းက တစ်ဦးတည်းပိုင်လား၊ နီးစပ်ရာခြံကွက်တွေကို ကြိုက်ဈေးပေးပြီး လိုက်ဝယ်လိုက် တာလားတော့ မသိ။ နှစ်ဧကတိတိ ကျယ်ဝန်းသော မြေ ကွက်ကြီး ပေါ်လာသည်။ မြေညီထပ်၏ အထက်မှာ ဆယ် ထပ်တိတိ မြင့်တက်သော ဧရာမဆေးရုံကြီး ဆောက်သည်။

မြေညီထပ်မှာ ပြင်ပလူနာပြရန် သမားတော်ကြီးများ ဆေးခန်းအဖြစ် ထိုင်၏။ ဆေးဆိုင်တစ်ဆိုင် ရှိသည်။

အပေါ်ထပ်တွေမှာ အတွင်းလူနာခန်းတွေ ရှိသည်။ ဆေးဝါးကုသမှုနှင့် ပတ်သက်စပ်ဆိုင်သမျှ စက်ကိရိယာများနှင့် စစ်ဆေးရန်အခန်းများ ရှိသည်။ ဆေးကုသမှုဆိုင်ရာ စက်ကိရိယာအားလုံး ရှိသည်။ အခြားဆေးရုံတွေမှာ မရှိသေးသည့် နောက်ဆုံးပေါ် စက်ကိရိယာတွေပါ ရှိသည်။ ရောဂါရှာဖွေရေးနှင့် ပတ်သက်၍ လိုအပ်ချက် မရှိစေရ။ အလွန်ကြီးကျယ်ခမ်းနားပြည့်စုံထည်ဝါလွန်းလှသော ဆေးရုံကြီးဖြစ်ပြီး သူဌေးတွေမှလည်း တက်နိုင်ပါလိမ့်မည်။ ဆေးဝါးကုသ အခန်းနေခမှစ၍ အဆင့်အတန်းမြင့်သလောက် အခကြေးငွေကြီးမြင့်သည်။

ဖွင့်တာတောင်မကြာသေးပါ။ မြန်မာပြည်ရှိ ဒိတ်ဒိတ်ကျဲ သူဌေးကြီးရှစ်ဦး စုပေါင်းပိုင်ဖြစ်၍ အဲသည်မှာ တစ်ဦးကတော့ ရှယ်ယာအများဆုံး (တစ်ဝက်တိတိ) ကို ပိုင်ဆိုင်သည်တဲ့။ အထက်မြန်မာပြည်ဘက်မှ ဆင်းလာကြသည့် သူဌေးကြီးတွေမို့ ရန်ကုန်မှ သူဌေးတွေက သိပ်မသိကြသေးပါ။ နေခအဖေကိုယ်တိုင်တောင် အဲသည်သူဌေးရှစ်ဦးနှင့် တွေ့ဆုံခွင့်ရဖို့ ကြိုးစားနေသည်။ အဲသည် ဆေးရုံကြီးမှ ရှယ်ယာများကို ဝယ်ခွင့်ရလျှင် ဝယ်ချင်သည်။ အခြားလုပ်ငန်းများရှိသေးလျှင်လည်း အလုပ်တူတူလုပ်ချင်သည်မို့



နေခအဖေက စုံစမ်းနေဆဲ ဖြစ်ပါ၏။

အဲသည်ဆေးရုံကြီးမှာ မြူမင်းတက်နေသတဲ့။

"ငါ ခွန်းရယ်၊ ဝဏ္ဏရယ်၊ တေဇာရယ်ခေါ်ခဲ့ပြီး နင့်ဆီလာမယ်၊ ပြီးမှ စည်သူနဲ့ကျော်ဦးကို သွားခေါ်မယ်၊ ဟိုသုံးကောင်ကတော့ ကြည်သာ့အိမ်မှာ စုပစေတော့၊ ဆေးရုံအောက်မှာပဲ ချိန်းမယ်"

"အေး...ငါစောင့်နေမယ်"

ကြည်သာ၊ နီလာနှင့်ရွှေပါတို့ကို နေခက 'ဟိုသုံးကောင်' ဟုပဲ သုံးလိုက်၏။

တယ်လီဖုန်းတွေ ဟိုဆက်ဒီဆက် အပြန်အလှန်ဆက်ကြချိန်းကြလုပ်ပြီး တစ်နာရီအတွင်းမှာ ဒီပါချမ်းမြဆေးရုံကြီးအောက်တွင် ဆယ်ယောက်အဖွဲ့ဆုံမိတော့ကာ အပေါ်ထပ် မြူမင်းတက်နေသည်ဆိုသော အခန်းသို့ တက်ခဲ့ကြတော့သည်။

"ဟော..."

မြူမင်းက ခုတင်ပေါ်မှာ ပက်လက်အိပ်ရင်း မဂ္ဂဇင်းတစ်စောင်ဖတ်နေသည်။ အခန်းက ကျယ်ပေမယ့် ဆယ်ယောက်အုပ်စုကြီးနှင့်မို့ ကြပ်သွားရ၏။ ဘေးမှာ အိမ်ကလူနာစောင့်အိပ်ရန် ထားပေးသည့် ခုတင်ပေါ်တက်ထိုင်ကြ၊ ဆက်တီကုလားထိုင်တွေပေါ် ထိုင်ကြနှင့် အခန်းကတော့ ရှုပ်ယှက်ခပ်သွားလေ၏။

"ဘာဖြစ်တာလဲ ရှင်က"

ရူပါက ခါးထောက်ရပ်ကာ သတင်းမေးပုံ သင်း၏။

"သေနိုင်ပါရိုးလား"

နီလာကလည်း ဆက်တီကုလားထိုင်ပေါ်မှ လှမ်းပြော၏။

"ချာတိ မရှိဘူးလား"

"ဘာလုပ်ဖို့လဲ"

နေခက လူနာမှတ်တမ်းမေးတော့ ဝဏ္ဏက မျက်မှောင်ကုပ်၍ မေးသည်။

"ဖတ်မလို့"

"သြော်··သူကနားလည်ရှာတယ်၊သွပ်··သွပ်··"

ကြည်သာက လက်ဖျားခါပြသည်မို့ ဝါးခနဲရယ်သံထွက်လာပြန်၏။ အုပ်စုတော်တော့လည်း လူနာသတင်းမေးနှင့်မတူဘဲ ပျော်ပွဲစားထွက်လာတာနှင့် တူနေသေးတော့သည်။

"ကျုပ်တို့ မိန်းမအုပ်စုကတော့ တာဝန်ကျေတယ်၊ စူပါကွေကာပါတယ်၊ မိုင်လိုပါတယ်၊ ကော်ဖီမစ်ကစ်ပါတယ်၊ လိမ်မွှော်သီးပါတယ်၊ ပန်းသီးပါတယ်၊ တန်လိမ်မွှော် (Tang) ပါတယ်"

"ပါလှချီလား"

တေဇာက ရွှံ့မဲ့၍အော်သည်။



"ငါတောင် ဆေးရုံတက်ချင်လာပြီ၊ ငါ့အလှည့်ကျရင်လဲ ဒီလိုပဲ ပြည့်ပြည့်စုံစုံဖြစ်ပစေ"

"ဟဲ့···ပြိုင်စရာမဟုတ် ပြိုင်ရလား"

"တော်နေရင်လဲ ဆေးရုံအတက်ပြစရာ မလိုပါဘူးဟာ၊ ရန်ပုံငွေ စုလိုက်ပါ့မယ်"

"ငါက သဘောသီးနဲ့ဒူးရင်းသီး ကြိုက်တယ်၊ ငါအလှည့်ကျရင် အဲဒီ အသီးနှစ်မျိုး···"

"အော်···အငတ်တစ်ယောက်တိုးပြန်ပြီ"

"အေးလေ····နင်တို့ ယောကျ်ားလေးတွေများ အလိုက်ကို မသိဘူး၊ ဒီလို အလိုက်မသိလို့လဲ ယောကျ်ားလေးဖြစ်တာနေမှာ၊ လူနာသတင်းမေးလာတာ လက်ချည်းပဲ"

"အဲဒီလက်တောင် အိမ်မှာ ဖြတ်ချမထားခဲ့တာ ကျေးဇူးတင်"

"ဆေးရုံလာတာ လက်ပါဖို့ မလိုပါဘူး၊ ခြေထောက်ပါရင် ပြီးတာပဲ"

"ခြေထောက်လဲ မပါလို့ရတယ်၊ ငါတို့ လှေကားက လျှောက်တက်ခဲ့တာမှ မဟုတ်လား၊ ဓာတ်လှေကားနဲ့ တက်တာပဲဟာ"

"အေး···ခြေနှစ်ဖက်လက်နှစ်လုံး ငုံးငုံးတိုသွားရင် မင်းတင်ပါးမှာ ခဲကပ်ပြီး ပစ်တိုင်းထောင်

ရှပ် လုပ်ကစားမယ်"

သူတို့ ယောက်ျားချင်းပြောချင်ရာပြောတာပေမယ့် မိန်းမတွေလည်း လိုက်ရယ်မောရသည်။ ခုတင်ပေါ်မှာ ချည်စောင်ပါးလေး ခြုံထားသော မြူမင်းကတောင် လိုက်ရယ်နေသေးသည်။

"ကဲကဲ…ရှင်က ဘာရောဂါလဲ"

"ညောင်နာနာ ဖြစ်နေတယ်မှလား"

"ဒါဆို သရီးသရီပဲ"

"အဲဒါ ဘာရောဂါတွေလဲ"

"သြော်…ကာယကံရှင်ကို မပြောရဘူး"

"လူနာက စပ်ဖြီးဖြီး လုပ်နေတဲ့ဟာ သတင်းမေးစရာ မလိုတော့ပါဘူး၊ လူနာသတင်းမေးလာတဲ့သူတွေ လာပေးထားတဲ့အထဲက စားချင်စဖွယ် ဘာရှိလဲ ရှာကြ"

"ကောင်းလိုက်တဲ့ အစီအစဉ်၊ တော်လိုက်ကြတို့ သူငယ်ချင်း"

"အောက်အီအီးအွတ်"

ဟုဆိုကာ မိန်းကလေးတွေ ဝယ်လာသော ပန်းသီးတွေကို တစ်ယောက်တစ်လုံး ယူလိုက်ကြတော့သည်။

"ငါ့အလှည့်ရောက်ပလား"

မြူမင်းက ခုမှ လက်ညှိုးထောင်၍ မေးရသည်။



"ပြော…"

"ငါက သယ်လက်ဆီးမီးယား Thalassaemia မင်းတို့ သိလား"

ယောက်ျားအုပ်စုဘက်သို့ လှည့်မေးလိုက်၏။

"သိတယ်၊ သွေးနီဥကျပ်မပြည့်ဘူးလို့ ခေါ်ရမလား၊ သွေးနီဥ သက်တမ်းတိုတဲ့ ရောဂါလို့ ခေါ်ရမလား မသိဘူးတဲ့၊ ပြောသံကြားဖူးတယ်၊ အပျင်းစား မဟုတ်ဘူး မဟုတ်လား"

"မိုင်းလ် Mild ဖြစ်ပါတယ်၊ အပျော့စား၊ ဒါပေမဲ့ တစ်ခါတစ်ခါတော့ ခွေတာပေါ့"

"သွေးသွင်းရမလား"

"မလိုသေးဘူးတဲ့၊ သယ်လက်ဆီးမီးယားထဲမှာတော့ ငါက တော်တော်ပျော့တဲ့ သယ်လက်ဆီးမီးယားပါ"

"သွေးသွင်းဖူးလား"

"ဆယ့်လေးနှစ်တုန်းက သွင်းဖူးတယ်၊ နှစ်ပုလင်း၊ တစ်ကြိမ်ပဲ၊ နောက်ထပ် မသွင်းရဘူး"

"မင်း ဒါကြောင့် ဒစ်စတင့်စ် (အဝေးသင် Distance)ယူတာလား"

"အေး"

"ကျောင်းပျက်ရက်များတယ်ပေါ့"

"အင်း…ဆယ်တန်းဂုဏ်းကဆို နှစ်တစ်ဝက်ပဲ ကျောင်းတက်လိုက်ရတယ်၊ ကျန်တဲ့ တစ်ဝက်က အိမ်မှာ"

"မောလား"

"နည်းနည်းမောတယ်"

"ဟဲ့…ဒါဆို စကားသိပ်မပြောနဲ့လေ"

မိန်းမအုပ်စုက စိတ်ပူ၏။

"နင်တို့ပဲ သေနိုင်ပါ့ရိုးလားဆို"

"နင် ချောင်းသာ မလိုက်နိုင်တော့ဘူးပေါ့"

"အဲဒါကို ခံစားနေရတာ၊ မနက်ဖြန် ဆေးရုံ က ဆင်းလို့ရရင် သန်ဘက်ခါ လိုက်ခဲ့မယ်"

နေခက အရေးဟဲ့ အကြောင်းဟဲ့ ဆိုတော့ မြူမင်းကို စိတ်ပူပါသည်။ သို့ပေမဲ့ ရောဂါပြင်းထန်နေပုံမရတော့ စိတ်တိုမိပြန်သည်။

"ဒီကောင် ဖွေပေါ်တိုင်း ဖြန်းပြီး သည်းသည်းလှုပ်နေတာလား"ဟု အကဲခတ်၏။ တချို့သူဌေးတွေဆို ဘာမှ မဖြစ်ဘဲနှင့်တောင် ဆေးရုံတက်ပြီး အနားယူကြသည်ဆိုလား။ နေခတို့ဖြင့် မနေနိုင်လိုက်တာများနှယ် ရောဂါကြောင့် မသေ။ ပျင်းလို့ သေနိုင်၏။

"ရမလားဟဲ့…အေးအေးနေခဲ့ပေါ့၊ [illegible] ပို့ပျော်ပေးခဲ့ပါ့မယ်"



"ဟောဒီတော့…ပန်းသီးတွေကုန်ပြီ"

"စိတ်ချ…လိမ္မော်သီးပါ ဆက်ပြီး…"

"စားဦး…မှာ"

"တော်ဦးမှာပါဟယ်"

"နင်တို့ကလဲ လူနာစားဖို့ ချန်ကြပါဦး"

"နင်တို့လူနာက ဝယ်မစားနိုင်လို့လား၊ သူ စားချင် သူ့ဘာသာ ဝယ်စားလိမ့်မယ်၊ ဒီအခန်းထဲမှာ အသီးအနံ့တွေ သိပ်များနေရင် ဖြွတ်တွေရောက်လာပြီး လေထုညစ်ညမ်းမှာစိုးလို့"

"ဘာဆိုင်လဲ"

"မြူမင်းကောင်းဖို့ စားပေးရတာ"

"ကျေးဇူး ရှင့်"

"မင်းတို့ပြန်လာရင် ငါ ဆေးရုံက ဆင်းပြီ၊ အဲဒီအခါကျ အိမ်မှာလာစုပြီး အတွေ့အကြုံရှင်းလင်းပွဲလေး လာလုပ်ကြပေါ့"

"မင်းက ဒီလောက်မြန်မြန် ဆင်းရဖို့ရှိလား"

"ရှိတယ်"

"ဒါဖြင့်လဲ တက်မနေပါနဲ့တော့"

"ဟဲ့…နေခရဲ့ နေမကောင်းပါဘူးဆိုမှ တက်သင့်လို့ တက်ရတာပေါ့"

"ငါက ဒီကောင် ချောင်းသာမပါတော့လို့

ပြောနေတာ”

“လိုတ်ချင်လိုက်တာ တစ်ပိုင်းသေသွားတယ်”

“ဟော့တော့…ဒါဖြင့် မြူမင်းဆေးရုံက ဆင်းရင် ဝှီးလ်ချဲ (Wheel chair ဘီးတပ်ကုလားထိုင်) နဲ့ ဆင်းရတော့မှာပေါ့”

“ဘာဆိုင်လဲ”

“အောက်ပိုင်းသေသွားပြီဆို”

“ဘယ်သူပြောလဲ အောက်ပိုင်းလို့၊ တစ်ပိုင်းသေတယ်ဆိုတော့၊ အပေါ်ပိုင်းလဲ ဖြစ်နိုင်တာပဲ”

“အပေါ်ပိုင်းသေတဲ့ လူနာရှိလားမကြားဖူးလို့”

“အေး…တွေ့ဖူးချင်လိုက်တာ၊ ရယ်ရမယ်နော်၊ စကြီးကျိုး…”

“ခါးက စကျိုးမှာ”

“အေး…ခြေထောက်နှစ်ချောင်းက လမ်းလျှောက်”

“ထမင်း ဘယ်နေရာက စွံ့ရမလဲ”

“မစင်စွန့်သော ဒွာနမှ စွံ့နိုင်ပါသည်”

ဝဏ္ဏက စာသံပေသံနှင့် ဝင်ပြောသည်။

“ဒါဆို ပါးစပ်ကနေ အညစ်အကြေး စွန့်ရမှာလား”



“ဟာ…တော်တော့၊ ရွံလာပြီ”

လူနာသတင်းမေးသာဆို တဝှန်းဝှန်း တရှန်းရှန်းနှင့် ပွဲကျနေတော့သည်။

“မင်းမှာ သူနာပြုဆရာမ မရှိဘူးလား”

“မလိုဘူးလေ၊ ကြမ်းကြမ်းတမ်းတမ်း လှုပ်ရှားရင် နည်းနည်းမောတာကလွဲလို့ ငါဘာသာ သွားနိုင်လာနိုင်တယ်၊ ရေချိုးနိုင်တယ်၊ ထမင်းစားနိုင်တယ်၊ မခေါ်တော့ဘူး”

“ဟဲ့…မြူမင်း အိမ်က ထမင်းလာပို့လား”

“အေး”

“ဘာလဲ သဇင် နင် ထမင်းချိုင့်ပို့မလို့လား”

နေခက သဇင့်ကို ခပ်မာန်မာန် လှမ်းမေးသည်။

“ငါ့ထမင်းချိုင့်ကိုမြူမင်းကဘယ်စားနိုင်မလဲ”

စကားတွေက တောင်ရောက်မြောက်ရောက်နှင့် တစ်ယောက်တစ်ပေါက် ပြောချင်ရာတွေ ဝအောင်ပြောပြီး ပြန်လာခဲ့ကြလေ၏။ နောက်တစ်နေ့မှာ မြူမင်းဆီသို့ မည်သူမျှ မရောက်ကြတော့ပါ။ နောက်တစ်နေ့ ခရီးထွက်ရမှာမို့ အိမ်မှာပဲ နေလိုက်ကြတော့ပုံ ရသည်။ ဖုန်းဆက်ပြီး သတင်းမေးသူက ယောက်ျားထဲမှာ နေခတစ်ဦးတည်း။

“မြူမင်းလား…နေကောင်းလား၊ ဘာထူးသေးလဲ”

"ဘာမှမထူးဘူး။ ညတုန်းက အစာဖြတ်ထားပြီး ဒီမနက် သွေးဖောက်တယ်ကွာ၊ ဗိုက်ဆာတော့ နည်းနည်း စိတ်တိုတာပေါ့၊ ဒါပဲ…အခု သွေးဖောက်ပြီးသွားလို့ ခုမှ ဘရိတ်ဖတ်စ် (Breakfast နံနက်ခင်းစာ) စားနေတာ"

"ခံတွင်းကောင်းလား"

"ကောင်းတယ်"

"မင်းအသံက တစ်မျိုးဖြစ်နေတယ်"

"တစ်ချိန်လုံး အိပ်ရာထဲမှာချည်းဆိုတော့ ခဏခဏ အိပ်ပျော်တယ်ကွ၊ အိပ်ရာနိုးကာစဆို အသံက တစ်မျိုး"

"ခုမှ ယောကျ်ားသံ ဖြစ်သွားတယ်"

"နေခ ဆယ့်တစ်ယောက်အဖွဲ့ထဲကမို့ သည်းခံလိုက်တာ၊ လူဆိုတာ ပျော့ကွက်ကိုယ်စီရှိကြတာပဲ၊ ငါ့ရဲ့ ပျော့ကွက်က အသံစူးပြီးသေးတယ်၊ အဲဒါကို နှင်း မပြောနဲ့၊ လူမှုရေး သဘောပေါက်"

"မနက်ဖြန် ငါတို့ ထွက်မှာ၊ မင်းက သိပ်မဖြစ်ရင် လိုက်ခဲ့တာ မဟုတ်ဘူး"

"မလိုက်ချင်ဘဲ နေမလားကွ၊ ပထမတစ်ကြိမ်သွေးဖောက်တုန်းက…ဆေးရုံရောက်ရောက်ချင်းလေ…အဲဒါသွေးအားသိပ်နည်းနေလို့တဲ့၊ ဘာဖြစ်



လို့လဲ မသိပါဘူးကွာ၊အိပ်ရာထဲနားဆိုပြီး ဆရာဝန်ကြီး ဆေးရုံဖမ်းတင်လိုက်တာ၊ ငါက အိမ်မှာ မူးပြီးလဲကျခဲ့တာ"

"ဒါဆိုလဲ နားလိုက်ပေါ့၊ ဒါပဲနော်"

"အေး…ယောကျ်ားထဲက မင်းတစ်ယောက်ပဲ ငါ့ဆီဖုန်းဆက်တာ"

"မိန်းမတွေက ဆက်သလား"

"ငါးယောက်လုံးဆက်တယ်"

"အဲဒါ မိန်းမနဲ့ယောကျ်ား ကွာတာပဲ၊ ယောကျ်ားတွေက ခင်ပေမယ့် အခင်ကို ပြချင်မှပြတာ၊ သူတို့မိန်းမတွေသာ"

"ငါ သဘောပေါက်ပါတယ်"

"ဒါပဲ"

"အေး…ပြန်လာရင် တစ်ဖွဲ့လုံးအိမ်လာခဲ့ကြ"

"အေး…အေး"

နောက်တစ်နေ့မှာ ချောင်းသာသို့ ထွက်ခဲ့ကြသည်။ ချောင်းသာမှာ သုံးရက်နေသည်။ မိန်းမအုပ်စုက မြူမင်းမပါသည့်အတွက် စိတ်မကောင်းကြောင်း တတွတ်တွတ်။

"နှင်တို့မှာ ဒီစကားပဲ ပြောစရာရှိလား၊ နားညီးလာပြီ"

နေခက ထမာန်တော့ စိတ်ပုပ်ကောင်ဆိုပြီး မိန်းမ

အုပ်စုက ရန်တွေ့၏။ ခု သုံးရက်ခွဲပြီ။ ကျောင်းသာမှာ ဒီနေ့ ညည နောက်ဆုံး။ မနက်ဖြန်ဆိုရင် ရန်ကုန်ပြန်ရောက်ပြီ။

"သဇင်…မြူမင်းအိမ်မှာ ဘယ်နေ့ဆုံမလဲ"

နေခက သဇင့်ကို လှမ်းမေးလိုက်၏။

"ခွန်းကို မေးကြည့်"

"အေး…အဲဒီကောင်နဲ့ပတ်သက်လာရင် နင် အဓိကလား၊ ခွန်းအဓိကလားကို မသိတော့ဘူး"

"မနာလိုကောင်"

"ဘာလို့ မနာလိုရမှာလဲ၊ မျက်စိနောက်တာ၊ အမြင်ကပ်တာ"

"အမြင်ကြည်လင်ပေါ့"

"နေခ…မြူမင်းနဲ့ပတ်သက်ရင် ခွန်းအဓိကလဲ မဟုတ်ဘူး၊ သဇင်အဓိကလဲ မဟုတ်ဘူး၊ ငါက အဓိက"

"ဘာ"

ကြည်သာက ရယ်လိုက်သည်။

"ငါ့ညီမ ရီမာကို ကြိုက်လို့တဲ့ဟာ၊ တစ်ခါလား မြင်ဖူးပါတယ်၊ တစ်သက်လုံး စွဲသတဲ့၊ ငါ့ကို ခုဆို မြူမင်းက မမ…မမ ခေါ်နေတာ"

"ဒီငနောက"

"အေး…မြူမင်းများဆို ငါအပိုင်ပဲ၊ မြူမင်းဆီ



က ဘာအခွင့်အရေး ယူချင်လဲ ပြော၊ ငါ့မျက်နှာက ဒီလောက်ကြီးတယ်"

"နင်က သဘောတူနေတာလား"

"ဟဲ့…မြူမင်းကို ပြောစရာဘာရှိလို့လဲ၊ တကယ်ကြီးဆို အိုကေပေါ့၊ ရီမာကလဲ ပြန်ကြိုက်ရင်ပေါ့"

"ကြိုက်သတဲ့လား"

"မကြိုက်ဘူး၊ ပုလို့တဲ့"

"ဟော…ယောက်ျား ငါးပေခုနစ်လက်မဆိုတာ မပုဘူးကွ၊ လူစဉ် မီတယ်၊ အနေတော်လေးလုံးတန်ရုပ်တန့်ခေါ်တယ်၊ သေလို့မှ ခေါင်းမဆန့်တဲ့အရစ်မျိုး ဘာလုပ်မလဲ"

"ဩော်…မခံမရပ်နိုင်သူက တစ်မှောင့်"

ဝဏ္ဏခမျာ စက်ကလေးပုပြလိုက်လေတော့သည်။

## အခန်း ( ၅ )

သစင်နေရသော အခန်းမှာ ကိုယ်ပိုင်အခန်း သီးသန့် မဟုတ်ပါ။ သစင့်တို့အဆောင်ကြီးက ကြီးလည်းကြီး၊ ကျယ်လည်းကျယ်၊ သုံးထပ်တိုက်ကြီး တစ်လုံးလုံးကို အဆောင်လုပ်ထားတာ ဖြစ်သည်။

တစ်ယောက်ခန်းကလေးတွေက ဤအဆောင်မှာ ဈေးအကြီးဆုံးဖြစ်၏။ ဒုတိယ ဈေးကြီးသော အခန်းက နှစ်ယောက်ခန်း ဖြစ်သည်။ တစ်ယောက်ခန်းနှင့် နှစ်ယောက်ခန်းတွေကို အပေါ်ဆုံးထပ်မှာ ထားသည်။ ငွေကြေးတတ်နိုင်ပြီး သီးသန့်နေလိုသူတွေအတွက် ဖြစ်၏။ အလယ်ထပ်မှာကျတော့ လေးယောက်ခန်းတွေ။ အပေါ်ထပ်မှာလောက်



သီးသန့်မဆန်တော့ပေမယ့် လူလေးယောက်မို့ လေးဆန့်ပဲ ဩစရာလိုသည်။ အောက်ဆုံးထပ်မှာ ဟောခန်းကြီးဖြစ်၍ ခုတင်တွေကို စားပွဲတစ်လုံးစီခြား၍ စီချပေးထားရာ ခုတင်စုစုပေါင်း သုံးဆယ်တိတိရှိ၏။

လူပေါင်းသုံးဆယ်မှာ ဆန္ဒသုံးဆယ်ရှိနေ၏။ စာကျက်ချင်သေးလို့ မီးဖွင့်ချင်သူ ရှိသည်။ စာကို တိုးတိုးမကျက်ဘဲ အကျယ်ကြီး အော်ကျက်ချင်သူ ရှိသည်။ ကိုယ်ပိုင် ကက်ဆက်ကို ကိုယ်တစ်ဦးတည်း ကြားရုံထက် ပိုမိုကျယ်လောင်စွာဖွင့်နေသူ ရှိသည်။ မနက်ရုံးစောစောသွားရမှာမို့ အိပ်ချင်ပြီ၊ မီးပိတ်ချင်ပြီဆိုသော သူလည်း ရှိ၏။ စကားတွေ ဟောင်ဖွာဟောင်ဖွာ ပြောနေသော အုပ်စုရှိသည်။ အခန်းထဲမှာရှိသော တစ်ဦးတစ်ယောက်ကို စောင်းချိတ်ပြောဆိုကာ ရန်စနေသူတွေ ရှိသည်။ ကျောင်းသူ ရှိသည်။ အလုပ်သမား ရှိသည်။

မိသားစုသုံးဆယ်မှ ရောက်လာသော မိန်းကလေးသုံးဆယ်တို့၏ ဆန္ဒသုံးဆယ်တို့မှာ မျိုးတူစုချင်းတောင် ပေါင်းစည်းလို့မရအောင် အမျိုးသုံးဆယ်ကွဲပြားလျက်ရှိ၏။ ဤ ခန်းမကြီးက ဈေးပေါပါသည်။ ထိုအခန်းထဲမှာ သစင်နေရ၏။ တတ်နိုင်လျှင်တော့ အပေါ်ဆုံးထပ်သို့ တက်ပြီး တစ်ယောက်ခန်းမှာ နေချင်လှပါသည်။ မြူမင်းကတော့ ပြောရှာသား။

"တစ်ယောက်ခန်းမှာ နေပါလား၊ အခန်းခ ငါ ပေး

မယ်"တဲ့။

ဖြစ်မလား မြှုမင်းရယ်။ ခုတောင်မှ နေခက နှင်နဲ့ငါနဲ့ကို သိပ်သက်သာချင်လှတာ မဟုတ်ဘူး။ နေခ စကားတွေက တစ်ခါတစ်ခါ ပိသာလေးနဲ့ ဘေးပစ်သလိုပဲဟု တစ်ယောက်တည်း တွေးဖြစ်၏။ ကိုယ့်ခုတင်ပေါ် တုံးလုံးကလေးလှဲရင်း လက်တစ်ဖက်က ခေါင်းအောက်ပြန်ထည့်ကာ ကျန်လက်တစ်ဖက်က ချိုစောင်းပေါ်ကွေးတင်သော ပုံစံဖြင့် ငြိမ်သက်စွာနေဖြစ်၏။ သဇင့်ဘဝမှာ မြှုမင်းသည် တကယ့်ကိုကျေးဇူးရှင် အစစ်ကြီးဖြစ်၏။ သဇင့်အတွက် ဝင်ငွေရအောင်မြှုမင်းက အလုပ်ကလေးတွေ ရှာပေးလာတတ်သည်။

"နှင်...ခရုးရေး ( တစ်ချောင်းထိုး) ရလား၊ အကျိုးဖြစ်အောင် ထိုးတတ်လား"

"မြှုမင်း ငါ့မျက်နှာကို သေသေချာချာကြည့်၊ မိန်းမတို့ တတ်အပ်သည့် ပညာရပ်မှန်သမျှ ငါ တတ်တယ်"

"တော်လိုက်တာ၊ ဒါတောင် ဆင်းရဲနေရသလား၊ ချမ်းသာပါတော့လား"

မြှုမင်းက သဇင့်ကိုဆို နှိပ်နှိပ်ကွပ်ကွပ်ကလေးများပြောပြီးလည်း စ၏။ သဇင် မနာပါ။

"နှင် ထိုးမလား၊ အကျိုးအပ်တဲ့သူ ရှိတယ်၊ လေးထည်၊ လေးရောင်"



"ထိုးမယ်၊ လက်ခဘယ်လောက်လဲ"

"နှင်ပြောလေ"

"ငါ မသိဘူးကွ"

"စုံစမ်းကြည့်ပေါ့၊ သူများထက် ငါးဆယ်၊ တစ်ရာ ပိုပေးမယ်"

"နှင်လား"

"နှင့်ဘကြီး...မိန်းမအကျိုကို ငါက ဘာလုပ်ရမှာလဲ"

"ဒါဆို ဘယ်သူလဲ၊ နှင့်ရည်းစား ပေးမှာလား"

"ရည်းစားရရင် နှင့်ဆီ အရင်ဆုံးခေါ်လာမယ်၊ ရန်ကုန်မှာ ငါ့အသိတစ်ယောက်ရဲ့ ဆိုင်မှာ အဲဒါတွေ တင်ရောင်းတယ်၊ သူက ထိုးတတ်တဲ့သူတွေကို အပ်တာ"

"ထိုးချင်တာပေါ့ မြှုမင်းရယ်၊ ဆက်ပေးပါ"

"နှင် ထိုးတတ်သလိုသာ ထိုးလိုက်၊ ပြီးတော့မှ ငါ သွားတင်ပေးမယ်"

ချည်ဝယ်ဖို့ဆိုပြီး ပိုက်ဆံတွေ ပေးသွားသေးသည်၊ သူမှ ပေးမသွားလျှင် သဇင့်မှာ ချည်ဖိုး စိုက်စရာ မရှိ။ သဇင်က မေမေတို့ပေးလိုက်သော ပိုက်ဆံကို လက်ထဲမှာသည်း ကိုင်မထားရဲ။ တိုးပွားအောင်ရယ်လို့ ဘယ်ကုမ္ပဏီ

မှာမှလည်း ရှယ်ယာမဝင်ရဲ။ ကုမ္ပဏီပျက်၍ ရှယ်ယာဆုံ
တာတွေ၊ သူများတွေ သိန်းချီပြီး ဆုံးရှုံးတာလည်း မျက်မြ
ကိုယ်တွေ့။ ဘဏ်မှာပဲ အပ်ထားလိုက်သည်။ ဘဏ်တိုးလေ
ဆိုတော့ နည်းသည်။ ဘဏ်တိုးကလေးနှင့် သုံးဖို့က တစ်
ဘယ်လောက် ထုတ်ယူမည်ဆိုတာ ပုံမှန်ထား၍ ထုတ်တေ
သဖြင့်မှာ လက်ထဲတွင် ငွေပိုငွေလျှံမရှိပါ။

"နင် ကွန်ပျူတာ ရိုက်မလား၊ သီးစစ် (Thesis) လုပ်တဲ့သူတွေ အပ်ဖို့ရှိတယ်"

"ငါ့မှာမှ ကွန်ပျူတာ အပိုင်မရှိတာ၊ ဒါကြောင့် ကွန်ပျူတာ သင်တန်းတက်မိတာတောင် အပိုလို ဖြစ်သွားတယ်၊ ကြာရင် ငါမေ့ကုန်မှာပဲ"

"ငါ့အိမ်မှာ လာရိုက်လေ၊ နင်လဲ မမေ့အောင် အပိုဝင်ငွေလဲရအောင်"

"ကောင်းပါ့မလားဟယ်"

"ဘာလို့မကောင်းရမှာလဲ၊ ဘာလဲ နင်က ငါ့ ကိုများကြောက်နေသေးတာလား ဟား…ဟား…"

"ဟာ…မြူမင်း ပေါ်တင်ကြီးပြောရလား"

"ဒီမှာ ဒေါ်သဇင် တစ်ကမ္ဘာလုံးမှာ မိန်းမဆို လို့ ခင်ဗျားတစ်ယောက်တည်း ကျန်ရင်တောင် ခင် ဗျားကို ကျုပ်က မကြိုက်ကြောင်းပါခင်ဗျား"

"အောင်မယ်…ဘယ်သူက ကြိုက်ခိုင်းနေလို့





လဲ"

"နင် စိတ်ချရအောင် ပြောတာ၊ ငါ ကြိုက်နေ တာက ရီမာ"

"ဟယ်…တကယ်"

"ထင်တာပဲ၊ ဒီနေရာကို လာမှန်တယ်"

မြူမင်းက သူ့ဝဲဘက်ရင်ဘတ်ကို ပုတ်ပြသည်။

"ကြည်သာက ဘာတဲ့လဲ"

"ကြည်သာကဘာမှမပြောဘူး၊ရီမာကနိုးတဲ့"

"နင့်ကိုများ"

"ပုလို့တဲ့"

"မပုပါဘူးကွ၊ မရှည်တာပါ"

မြူမင်းက အော်ရယ်၏။

"ပိန်လို့တဲ့"

"မပိန်ပါဘူး၊ မဝတာပါ"

"နင်ကလဲ"

"နင့်ရုပ်က ချောတာပဲ"

"အဲဒါလဲမိန်းမချောကြီးတဲ့ဟာ၊သေချင်တယ်"

"သေချင်တဲ့ရုပ်ကလဲ စပ်ဖြဲဖြဲနဲ့"

"ငါ့အသားကတဲ့ ယောကျ်ားလေးတစ်ယောက် အတွက် မလိုလားအပ်စွာ ဖြူလွန်းတယ်တဲ့၊ လူက ပုပြီး ပိန်တော့ ခြေဆံလက်ဆံ သေးတယ်တဲ့၊ သူက

ရှည်လွှင့်မြင့်မားထွားကျိုင်းမှ ယောကျ်ားပီသတယ် ထင်သတဲ့၊ငါ့ ခြေထောက်ဖျေးတွေက သေးတယ်တဲ့၊ ငါ့ကို ယူမိရင် နောင်တစ်ချိန်မှာ တစ်အိမ်ထဲ တူတူနေတော့ ဖိနပ်မှားနိုင်တယ်တဲ့…

"ရက်စက်တယ်ကွာ၊ ဝေဖန်ပုံ ဖြတ်သားတယ်၊ ဒါပေမဲ့ ငါ့ကို ခင်တော့ခင်တယ်တဲ့"

"နင်က အတိအလင်း ပရိုပို့စ် (Propose) လုပ်ပြီးပြီပေါ့"

"မလုပ်ပါဘူး၊ ကြည်သာကတစ်ဆင့် တီးခေါက်ကြည့်တာ၊ သူကလဲ ကြည်သာကတစ်ဆင့်ပဲ ပြန်လည်တီးခေါက်လိုက်တာ၊ ငါ့ခေါင်းပေါ်မှာ ခေါင်ခနဲ ခေါင်ခနဲပဲ"

"နင် ငိုသေးလား"

"ငိုချင်တာတောင် နင်တို့ရှေ့ဆိုရင်တော့ ရယ်မိမှာပဲ"

"နင့်ဟာက လေးလေးနက်နက်လဲ မရှိဘူး"

"ပြီးတော့လဲ ပြီးတာပါပဲပေါ့"

"အဲဒါ…နင်တို့ ယောကျ်ားတွေ မုန်းစရာကောင်းတာ"

မြူမင်းက ပခုံးတွန့်၍ ရယ်နေလိုက်တော့သည်။ သဇင်က မြူမင်းအိမ်မှာ ကွန်ပျူတာ သွားရိုက်သည်။ မြူမင်းက ထိုင်ငေး့ခံမနေပါ။ သဇင် အနေမခက်ရအောင်လား မသိ အနားတောင် မလာ။ သဇင်လွတ်လပ်စွာ လှုပ်ရှားခွင့်ရပါသည်။ သူ့အိမ်မှာ သူ့ကွန်ပျူတာကို သွားရိုက်၊ သူ့ကြီးဒေါ်ကြီး စီမံပေးသော ထမင်းကို စား၊ နေ့လယ်စာ မုန့်တွေလည်း အလျှံပယ်၊ တဝတပြစားသောက် ဗိုက်လေး၊ နေ့တွက်စီပြီးမှ သူ မောင်းသော ကားကို စီး၍ အဆောင်သို့ ပြန်ရသည်။

မြူမင်းသည် သဇင့်ကျေးဇူးရှင် တစ်ပိုင်းပါတည်း။

"ကားကတော့ မှာခံတူး တစ်လဲ၊ ပရာဒို တစ်လဲပဲ"

အဆောင်သူ အချင်းချင်း စောင်းမြောင်းပြောဆိုခြင်းကို ခံရပါ၏။

"မြူမင်း…ကြားလား"

"ခေါင်းထဲ မထည့်နဲ့၊ အော်ဟော့…ပရာဒိုက နေခလား"

"ဒါပေါ့…ငါ့မှာ ဘယ်သူရှိလို့လဲ"

နေခ ပြန်ပို့၍ ပရာဒိုစီးပြီး ပြန်ရသည့် ခေါက်ရေက နည်းပါသည်။ ကြည်သာ ပြန်ပို့လျှင် မဂျက်စတာ (Majester)နှင့် ပြန်ရပေမယ့် ပြန်ပို့သူက မိန်းမပဲမို့ အတင်းပြောချင်သော အဆောင်သူများက ဒါကိုတော့ စကားထဲ ထည့်မပြောကြပါ။

"မှာခ်တူးကတော့ ပင်တိုင်ပဲ"

သူတို့ပြောလည်း ပြောစရာပါ။ မြူမင်းက သဇင့်ထံသို့ ရက်ခြားလောက် ရောက်တတ်သည်။

"မြူမင်း နင် ခဏခဏ မလာနဲ့တော့ဟာ"

"ဟာ…ဘာဖြစ်ရမှာလဲ၊ ကိုယ် မဟုတ်ရင် ပြီးရော"

"ငါတို့ မိန်းမသားဆိုတာ ကိုယ်ကောင်းပေမယ့် ခေါင်းရွှေတယ်ဟ၊ ငါ့ဘာသာ နင့်အိမ်ကို လာမယ်၊ အပြန်လဲ လိုက်မပို့နဲ့၊ ငါ ကွန်ပျူတာတော့ လာရိုက်ချင်တယ်ကွာ၊ အဆောင်မှာ ခရူရှေး ထိုးပြန်တော့လဲ သဇင်က စီးပွားရှာ တော်တယ်နော်၊ ဘာညာနဲ့ ရိုးမွမ်းသလိုလိုနဲ့ နှိပ်ကွပ်ကြတာကွာ၊ သေချင်တယ်"

"စောပါသေးတယ်၊ နီးရင် ငါ သတိပေးမှာပေါ့"

"ဘာအတွက်လဲ"

"သေဖို့"

"နင်ပဲသေ"

တစ်ခါတစ်ရံမှာ သဇင်က မြူမင်းကို ထုရိုက်မိတာမျိုးတွေ ရှိသည်။ မြူမင်းခမျာ သဇင့်လက်ကို ဖမ်းဆွဲတာမျိုးတောင် မလုပ်ရှာပါ။ မြူမင်းဟာ နေခ ပြောသလို သန့်သန့်လေးမှ တကယ့်သန့်သန့်လေး ဖြစ်ပါသည်။

မနက်ဖြန်မှာ အင်တာဗျူးတစ်ခု သွားရပါမည်။ ဒီအလုပ်ကိုလည်း မြူမင်းပဲ ရှာဖွေလာတာ ဖြစ်၏။

"နင်က လခကောင်းတဲ့အလုပ်ဆို ပင်ပန်းလဲ ကိစ္စမရှိဘူး မဟုတ်လား"

"ရတယ်၊ ဘယ်မှာလဲ အလုပ်"

"နိုင်ငံခြားကုမ္ပဏီပဲကွ၊ နိုင်ငံခြားကနေ ဆေးရုံသုံးစက်ကိရိယာတွေ တင်သွင်းတဲ့ ကုမ္ပဏီ၊ နာမည်ကြီး၊ တကယ်တမ်းကတော့ ဆရာဝန်တွေကို ခေါ်တာ၊ ဆရာဝန်တွေမှလဲ ဒီစက်ကိရိယာတွေကို ရောင်းတဲ့အခါမှာ သုံးဖို့ခွဲဖို့ကစလို့ ပြောပြနိုင်တာ၊ အသုံးဝင်ပုံကို ရှင်းပြနိုင်တာ…

"နင်က ဆရာဝန်တွေရဲ့ လက်ထောက်ဆိုပါတော့ကွာ၊ အရောင်းစာရေးသဘော၊ အရောင်းအဝယ် စကားပြောရမှာပေါ့…

"ကုမ္ပဏီမှာတော့ နင် အင်္ဂလိပ်လို ပြောရမယ်၊ ဆေးရုံတွေသွားရင် မြန်မာလို ပြောရမယ်၊ လခက အက်ဖ်အီး (F.E)နဲ့ရမယ်၊ ဘယ့်နှယ်လဲ"

"ဘယ့်နှယ်မှ မလဲဘူး၊ သင်တန်းတွေသာ ပြီးသွားတယ်၊ အလုပ်က မရသေးလို့ သေရေးကို ရွေးနေတာ"

"သေစကားပြောလှချည်လား၊ နင် သေတော့ နင့်မိသားစု ဘယ့်နှယ်လုပ်မလဲ"

"အေးဟာ…ငါ သေပေးလိုက်လို့သာ အမေတို့ သိန်းသုံးရာထီပေါက်မယ်ဆိုရင် ငါ တကယ် သေပေးတယ်"

"သိန်းငါးဆယ်လောက်နဲ့ သေလို့ မဖြစ်ဘူးလား"

"နင်ပဲသေ"

နိုင်ငံခြား ကုမ္ပဏီမှာ အလုပ်ရတော့ ကွန်ပျူတာ ရိုက်တာတွေ၊ ခရှရေးထိုးတာတွေကို မလုပ်မြစ်တော့ပါ။ ခု…သဇင် အဆင်ပြေနေပါသည်။ အမေတို့ ပေးလိုက်သော ဘဏ်မှာ အပ်နှံလက်ကျန်ငွေသားရော အတိုးပါ ထုတ်မသုံး ရသည့်အပြင် သဇင်က အမေ့ဆီတောင် ငွေပြန်ပို့နိုင်နေပါ သည်။အတွေးများ၏ စလယ်ဆုံးမှာ မြူမင်းမျက်နှာကိုသာ မြင်နေလျက် မြူမင်းကို ကျေးဇူးတင်လိုက်ရပုံများကို မြော မပြတတ်တော့ချေ။ ခုနေ…မြူမင်းက သဇင်သေပြီး ကျေး ဇူးဆပ် ဆိုလျှင်တောင် ဆပ်ရတော့မည့်ပုံပါပဲလေ။ ကျေးဇူး တင်ပါတယ် မြူမင်းရယ်။ ရင်ထဲက စကားပါ။



"ဟဲ့…မြူမင်း"

ကိုယ်ပိုင်ဆိုင်သော ခုတင်ဖေးပေါ် ခွေခွေကလေး လှဲရင်း မြူမင်းကို မြင်ယောင်ကျေးဇူးတင်ရင်းမှာပဲ ရှည့် သည်ဆို၍ ထွက်ကြည့်တော့ မြူမင်းဖြစ်နေသည်။

"သေခဲ့ဦးမယ်၊ ငါ နင့်အကြောင်းပဲ တစ်ချိန် လုံး စဉ်းစားနေတာ"

"ဘယ်မှ မသွားဘူးလား"

"ကုမ္ပဏီက စနေနေ့ နေ့တစ်ဝက်ဆင်းပေးရ တယ်ဟ၊ နေ့တစ်ဝက်ကလေး ဘယ်မှမသွားဘဲ ပြန်နားတာ၊ မနက်ဖြန် တနင်္ဂနွေလဲ အဝတ်လျှော် ခေါင်းလျှော်၊ မီးပူတိုက် လုပ်ရဦးမှာ"

"ငါ့အကြောင်း ဘာတွေတွေးနေတာလဲ"

"သြော်…ကျေးဇူးတင်တဲ့အကြောင်းတွေပေါ့ ဟယ်၊ ငါ အလုပ်ရတဲ့ လတုန်းကလဲ နင်တို့ကို ကျွေးချင်တာ အမေ့ဆီ သုံးလပို့ဦး၊ လေးလမြောက် မှ ကျွေးဆို၊ ဒီလကုန်ရင် လေးလပြည့်ပြီကွာ…

"ငါ ကျွေးပါရစေ၊ တစ်ဖွဲ့လုံးကို၊ နင့်ကိုလဲ ကျေးဇူးဆပ်ချင်တယ်၊ တစ်ခုခု ဝယ်ပေးပါရစေ၊

နင် ဘာယူမလဲ''

ဆယ့်တစ်ယောက်တစ်ဖွဲ့လုံးကို သခင်ခင်ပါသည်။ ရွှေမျိုးသားချင်း ညီကိုမောင်နှမတွေလိုလည်း နေခဲ့ကြပါသည်။ သို့ပေမဲ့ မြူမင်းကိုတော့ ပိုရပါမည်။ ပိုမှဖြစ်မည်။ မြူမင်းကျေးဇူးတွေက သခင့်ပေါ်ပိတာများပြီလေ။ ဆယ့်တစ်ယောက်ထဲမှာ ကျန်ဆယ်ယောက်အနက် မင်းနေစက အစကတည်းက သူ့အလုပ်နှင့်သူရှိပြီးသား။ ကျန်သော ကိုးယောက်က နတ်တောယ်သူမျှ ဘယ်မှာမှ အလုပ်မဝင်ကြသေးပါ။ နေရာကောင်းမှန်လာကောင်းကို စောင့်ဆိုင်းနေကြသည်။ သူတို့မှာ စောင့်နိုင်စွမ်းအားလည်း ရှိကြသည်။ သခင် တစ်ယောက်ပဲ အလုပ်ရသေးသည်မို့ သခင်က ကျွေးရပါဦးမည်။

''ပြောလေ မြူမင်း…နင် ဘာလိုချင်လဲ၊ ငါ တတ်နိုင်တဲ့အင်အားထဲကပေါ့ဟယ်''

မြူမင်း သခင့်ကို ကြည့်လိုက်သည်။ သခင့်မျက်နှာလေးက ယဉ်ရှာ၏။ 'ယဉ်' သည်ဆိုခြင်းမှာ ရက်ရက်စက်စက်ကြီးလှသော အလှအပထက် အများကြီးလျော့နည်းပါသည်။ အရုပ်ဆိုးခြင်းထက်ကျတော့လည်း များစွာသာသည်။ သခင်သည် ရုပ်ရည်ကလေး ယဉ်သလို၊ ကံတရားလေးကျတော့လည်း ယဉ်ရှာသည်။ ယဉ်ရုံပဲ ရှိရှာ၏။ ကံဆိုးတာထက် တော်တော်လေး သာပေမယ့် ကံကောင်းဖို့ကျတော့ အများကြီး လိုအပ်နေပါသေးသည်။ သူဌေးသား သူဌေးသမီး



တွေနှင့်မှ လာပေါင်းမိရှာသော နွမ်းနွမ်းပါးပါး သခင့်စမျှာ သူငယ်ချင်းတွေက ဘယ်လိုပဲ သူ့အပေါ်ကောင်းစေ သူ့ရဲ့ အတွင်းစိတ်သန္တာန်မှာတော့ အားငယ်ရှာမည်သာ။

သခင့်ကို မြူမင်း သနားပါသည်။

''ချော်ဒါးနီး တီရှပ်တစ်ထည်လောက် ယူပါလားဟင်၊ နင်တစ်ခါမှ တီရှပ်တို့၊ စပို့ရှပ်တို့ မဝတ်ဘူး''

မြူမင်းက ခေါင်းကို မော့ရှုရယ်၏။

''မကြိုက်ဘူးဟ၊ စိတ်ကျဉ်းကြပ်တယ်၊ ရှပ်အင်္ကျီပွပွတွေပဲ ကြိုက်တယ်''

''အေး…ရှပ်အင်္ကျီတွေကျတော့ နင်က လက်တိုဝတ်တယ်၊ လက်ရှည်ဆိုလဲ စကခေါက်တယ်၊ ရှပ်အင်္ကျီပွပွအောက်က ထွက်လာတဲ့ နင့်လက်ဖျံလေးက သေးတော့ ရှိမှာက မကြိုက်ဘူးပေါ့…

''နင် ဘောင်းဘီရှည်လဲ အမြဲဝတ်တဲ့ဟာ တီရှပ်နဲ့ဆိုရင် ပိုကြည့်ကောင်းမယ်''

''နင် မသိလို့ပြောတာ၊ ငါ ဝတ်ကြည့်ပြီးပြီ၊ မကောင်းဘူး၊ ငါက လူကောင်မထွားတော့ တီရှပ်နဲ့ ဘောင်းဘီနဲ့ဆိုရင် ဒီဆံပင်ကလဲ နည်းနည်းရှည်တော့ဟာ တောလေကျိုး ရုပ်ပေါက်သွားတယ်''

''ဟုတ်လို့လား''

မြူမင်း ဆံပင်က အလယ်ခွဲ၊ နားရွက်အုပ်လုနီးပါး တညီတည်းရှည်လျက် ဖြောင့်စင်းစွာကျနေသော ပုံစံဖြစ်သည်။ ခုခေတ် မော်ဒယ်ဘွိုင်းကလေးတွေ ထားလေ့ရှိသည်။

"ရှပ်အင်္ကျီလေး ဝတ်ပေးမှ နည်းနည်းပါးပါး ကြည့်ပျော်ရှုပျော်ရှိပြီး ဂလေဂချေရုပ်က လွတ်တယ်"

"နင့်ဆံပင်ကြောင့်ဖြစ်မယ်ကွ၊ ဆံပင်တို ထားကြည့်ပါလား"

"ထားဖူးတယ်၊ မလှဘူး"

"အရေးထဲ နင်က လှချင်နေရပြန်သေး"

တစ်ယောက်မျက်နှာတစ်ယောက် စေ့စေ့ကြည့် လေ့လာဝေဖန်ရင်း ရယ်ဖြစ်ကြပြန်၏။

"ရယ်တယ်ကွ"

ကဲ့ရဲ့သံ သဲ့သဲ့ထွက်လာသည်။

"ငါ ထမင်းစားမကောင်းလို့ ကြေးအိုးသောက်မလို့ နင့်လာခေါ်တာ"

"လိုက်မယ်"

"မတော်ရှာဘူး"

သဇင်က လှည်းတန်းတစ်ပိုက်ဆိုတာ အဆောင်နှင့် မလှမ်းမကမ်းဘဲမို့ အဝတ်အစား လဲမနေတော့ပါ။ ပိုက်ဆံအိတ်ကလေးပဲ ပြေးယူသည်။



"ဒီပိုက်ဆံအိတ်က ဘာလုပ်ဖို့လဲ"

"ငါ ကျွေးမလို့"

"ငါက လာခေါ်တာ"

"ဘာပဲဖြစ်ဖြစ် ဒီတစ်ခါတော့ကျွေးပါရစေ"

"သဘော...သဘော"

"တစ်ဖွဲ့လုံးကို လကုန်ရင် ကျွေးမယ်ဆိုတာ ပြောပေးဦး"

"ပါသွားပြီ"

ကဲ့ရဲ့သံ သဲ့သဲ့ထပ်ကြားရပြန်ပေမယ့် ဂရုစိုက် မနေတော့ပါ။ သဇင်က မြူမင်းကားပေါ်သို့ ကြော့ကြော့ကလေး တက်ထိုင်လိုက်သည်။

"မြူမင်း"

"ပြော"

"နင် ကင်းမဲလ်ရှပ် (Camel shirt) ကာကီရောင်လေ၊ နင်ပြောတာ ဂျန်ရှင်အိတ်(Juntion 8 ) က ဝယ်တာတဲ့၊ နင့်အိမ်က ကောင်မလေးက ဂျင်းဘောင်းဘီနဲ့ရောလျှော်လိုက်လို့ အပြာရောင်တွေ နည်းနည်း ဟိုကွက်ဒီကွက် စွန်းသွားတယ်ဆိုတာ"

"အေး"

"အဲဒါမျိုး တစ်ထည်ပါ ပြန်ဝယ်ပေးမယ်"

"နင်က ဘယ်လောက်မှတ်လို့လဲ"

"သိဘူး"

"လေးထောင်ကနေ သောင်းနှစ်ထောင်ထိ ရှိတယ်"

"လေးထောင်တန်ယူနော်"

"ဆေးကွက်သွားတဲ့ ငါ့အင်္ကျီက သောင်းနှစ်ထောင်"

"မြတ်စွာဘုရား…"

"ဝယ်ပေးဦးမလား"

"တတ်နိုင်ဘူး တော်ကြီးရေ"

နှစ်ယောက်သား ရယ်လိုက်ကြပါသည်။ သူတို့ချင်းကဲ အသည်လောက် ရင်းနှီးသည်မို့ ပြောမနာ၊ ဆိုမနာ၊ ဆဲမနာအဆင့်ထက်မြင့်၏။ ရိုးသား၏။ ပွင့်လင်း၏။ ဟန်ဆောင်ခြင်း ကင်း၏။ မြူမင်းနှင့် သစင်တို့၏ တွယ်တာမှုက နက်နှိုင်းလှတော့သည်။





## မြူမင်း

အချစ်ဆိုတာ ဘယ်မှာ ရှာဖွေရမလဲ ငါ မသိဘူး။ ဒါပေမဲ့ ငါ့ရင်ထဲကို အချစ်ရောက်နေပြီ။

အချစ်ရဲ့နက်ရှိုင်းမှုကို ငါ မသိဘူး။ ဒါပေမဲ့ ငါဟာ အချစ်ထဲမှာ နစ်မြုပ်ပျော်ဝင်နေခဲ့ပြီ။

အချစ်ရဲ့အစကို ငါ မဖွေရှာတတ်ခဲ့ဘူး။ ဒါပေမဲ့ ငါဟာ အချစ်ကို ခံစားနေပြီ။

မင်းကို ချစ်နေမိပြီလို့ သိလိုက်မိချိန်မှာ ငါ့ရဲ့ နှလုံးသားဟာ ပြင်းထန်ဆုံး အုံ့ညှိမှုကြောင့် ပေါက်ကွဲသွားတော့တယ်။ တစ်စစီလွင့်စဉ်သွားခဲ့တယ်။ အဖြူစင်ဆုံးတွယ်တာကြတဲ့ တို့ရဲ့ အုပ်စုထဲကို ဆယ့်တစ်ယောက်မြောက် သူငယ်ချင်းအဖြစ် ရောက်ရှိလာတဲ့ မင်းကို ငါ ချစ်နေပြီ။







## အခန်း ( ၅ )

မြူမင်းမှလွဲ၍ အားလုံးလိုလို လုပ်ငန်းခွင်ထဲသို့ ရောက်ကုန်ကြပြီ ဖြစ်သည်။

နေခက သူ့လုပ်ငန်းမှာ စွဲမြဲစွာ ထိုင်ရပြီ။ သူဟာ အမေခန့်ထားသော မန်နေဂျာကြီးထံမှာ အလုပ်သင်လိုလို၊ မန်နေဂျာချုပ်လိုလို မသိတာမေးလိုက်၊ ညွှန်ကြားပေးလိုက် ရုံးခန်းသို့ မရောက်တစ်ချက်၊ ရောက်တစ်ချက်ပုံစံ မဟုတ်ရတော့ပါ။ မူလမန်နေဂျာကို တခြားဌာနခွဲတစ်ခုသို့ ပြောင်းရွှေ့ပြီး အဲသည်ဌာနမှာ 'မန်နေဂျာ ဦးမင်းနေခ' ဖြစ်နေ၏။

"ငါ့ကို ဘယ်သူတွေ အတင်းပြောနေလဲ သိရအောင် စည်သူနဲ့အောင်ကျော်ဦးကို နားစွင့်ရေးအရာရှိများအဖြစ် ခန့်အပ်လိုက်တယ်"

ရယ်စရာပြောတာပေမယ့် စည်သူနှင့်အောင်ကျော်ဦးကို နေခက တကယ်ပဲ အလုပ်ပေးခဲ့ပါသည်။ ဆယ့်တစ်ယောက်အုပ်စုမှာ သုံးယောက်က တစ်နေရာတည်းမှာ စည်းလုံးခွင့်ရနေ၏။

တေဇာထိုက်က သင်္ဘောတက်သွားသည်။ သင်္ဘောမှာ အစဉ်အမြဲလိုက်နေရန်မဟုတ်။ စင်ကာပူမှာရှိသော ထိုသင်္ဘောကုမ္ပဏီ၏ ရုံးခွဲမှာ ထိုင်ဖို့ဖြစ်သည်မို့ သူကလည်းအလုပ်က ကောင်းသလို လခလည်း ကောင်းသည်။ ရေခြားမြေခြားသို့ တစ်ယောက်တည်း လွင့်စဉ်သွားသူဖြစ်သည်မို့ ရံဖန်ရံခါ သူငယ်ချင်းများ ပြန်ဆုံကြသည့်အခါတွင် တေဇာထိုက် မပါတော့ဘဲ ဆယ်ယောက်သာ ဆုံနိုင်ကြတော့သည်။ မိဘကျောထောက်နောက်ခံတောင့်တင်း၍ တိုယိုတာ မဂျက်စတာ (Toyota Majester) ကားစီးနိုင်သူ မေကြည်သာလင်းက အလွန်ကြီးကျယ်ခမ်းနားသော အလှပြင်ခန်းမကြီးကို သူ့ခြံထဲမှာ (ရွှေတောင်ကြားထဲမှာ) ဖွင့်၏။

ရန်ကုန်ရောက် နိုင်ငံခြားသားများအတွက် အဓိကရည်ရွယ်သည်မို့ သူ့အလှပြင်ခန်းမက အလှပြင်ခကြေးငွေကို နိုင်ငံခြားငွေနှင့်ယူ၏။ စင်စစ် ကြည်သာက အလှပြင်ခြင်း ကိစ္စကို ဘာတစ်ခုမျှ နားလည်သူ မဟုတ်။ သင်ကြားခဲ့ဖူးသူ မဟုတ်ချေ။

သို့ပေမဲ့ သူက စီမံခန့်ခွဲအုပ်ချုပ်မှုပညာနှင့် စီးပွားရေးလုပ်ငန်းကို နားလည်သည်။ ရူပါဝင်းကတော့ မိဘလည်းကြည်ဖြူ လူငယ်ချင်းလည်း နှစ်ချိုက်ကြသော သူဌေးသားတစ်ယောက်နှင့် အိမ်ထောင်ကျကာ တက်ထားသမျှ သင်တန်းမှ ပညာတွေ အကုန်မေ့ပြီး အိမ်ရှင်မကြီးလုံးလုံးဖြစ်နေ၏။ အုပ်စုထဲမှာ သူ အရင်ဆုံး အိမ်ထောင်ကျသူမို့ 'လူကြီးသူမရာထူးကို ရသွားလျက် ဆယ်ဦးသူငယ်ချင်းများဆုံတိုင်း 'ဩဝါဒပေးခြင်း' တာဝန်ကို သူ ယူ၏။

နီလာတင်ထွတ်က နိုင်ငံခြားမှ လာရောက်ဖွင့်သော နိုင်ငံခြားကုမ္ပဏီမှာ နိုင်ငံခြားသားဘော့စ်၏ အတွင်းရေးမှူးကလေးဝင်လုပ်ရာ လခ ကောင်းလှပါသည်။ ခွန်းသံချိုကအပျင်းထူဆဲ၊ ဟိုအလုပ်ဝင်ရကောင်းနိုး ဒီအလုပ်ဝင်ရကောင်းနိုး ရွေးချယ်ဆဲ ဖြစ်၏။ အားလုံးထဲမှာဘယ်တော့မျှ ဘာမှမလုပ်ဘဲ တစ်သက်လုံး မိဘပိုက်ဆံထိုင်စားမယ့် 'အသုံးမကျကောင်' ဟု နေခ မျက်မှန်းကျိုးရသူက 'မြူမင်း' တည်း။ ပြောလည်းပြောစရာပါပေ။ မြူမင်းတစ်ယောက်က ဘာအလုပ်မှလည်း မဝင်။ ကိုယ်ပိုင်အလုပ်လည်း မတည်ထောင်။ သူ့ဆီဖုန်းဆက်လိုက်တိုင်းတော့ အားရသည်မရှိ။ မတွေ့တာက များလျက် သူ့ဆယ်လူလာဖုန်းဆက်ပြန်တော့ စက်ပိတ်ထားတာက များနေပြန်၏။ သူငယ်ချင်းတွေက တစ်ယောက်တစ်နေရာ ဖြစ်နေကြပေမယ့် အနည်းဆုံးတစ်လမှာ တစ်ကြိမ်ခန့် တွေ့ဆုံနိုင်ဖို့ကိုတော့ ကြိုးစားကြပါသည်။

မင်းနေခ ကားမောင်းရင်း လက်မှနာရီကို ကြည့်လိုက်၏။ ရက်စွဲကိုကြည့်တော့ နှစ်ဆယ့်ရှစ်ရက်။ ဒီလ သုံးဆယ်ရက်နေ့မှာ သူငယ်ချင်းတွေ ဆုံကြမည်။ အစကတော့ ဝါသနာ မပါခဲ့ဘဲ သင်တန်းပေါင်းစုံတက်ပြီးကာမှ ကျွမ်းကျင်ဆရာ ဖြစ်သွားသော ဝဏ္ဏက အားလုံးထဲမှာ အချိန်မရှိဆုံးလူဖြစ်နေတာကို သတိရစွာ ပြုံးမိရသေးသည်။ ကားကို ကမ္ဘာအေးဘုရားလမ်းအတိုင်း မောင်းလာရာမှ ဆရာစံလမ်းဘက်သို့ ကွေ့လိုက်၏။ ခါတိုင်းကားမောင်း မြန်ချင်သော နေခက ဒီနေ့မှ ကားကို ဘာကြောင့်မှန်းမသိ ဖြည်းဖြည်းမောင်းဖြစ်နေသည်။

"ဟော..."

သဇင်။ ဆေးဝါးနှင့်ပတ်သက်သော စက်ပစ္စည်းများ တင်သွင်းသည့် နိုင်ငံခြားကုမ္ပဏီမှာ လုပ်နေပါသည်ဆိုသော သဇင်က အလုပ်ချိန်ကြီးမှာ လမ်းလျှောက်နေ၏။ သူ့ဘေးနား မှာကလည်း ယောကျ်ားတစ်ယောက်။ ယှဉ်၍လျှောက်လာပုံက ရင်းရင်းနှီးနှီး။ စကားပြောရင်း ထုထုရိုက်ရိုက်၊ ပုတ်ပုတ်ခတ်ခတ်လည်း ရှိ၏။ ရုပ်အင်္ကျီလက်တိုနှင့် ယောပုဆိုးဝတ်ထားပေမယ့် တောသားပုံတုံးတော့ မဟုတ်ချေ။ ခေတ်ရှေ့ပြေးအောင် ခေတ်ဆန်ပုံလည်း မပေါက်။ အသက်က သဇင်နှင့် တူချင်တူ မတူလျှင်ငယ်နိုင်၏။ သဇင့်ထက် ဘယ်လိုမှ မကြီးနိုင်။ သဇင့်အသက်ဆိုတာကလည်း ကိုယ်တွေ





နှင့်ရွယ်တူတန်းတူမို့ အစိတ်ကျော်ပြီ။ ဘေးမှပုဂ္ဂိုလ်ကရှိလှ လွန်ရောကျွံရော အစိတ်လောက်ထင်ပါရဲ့။

မျက်နှာချင်းဆိုင်အနေအထားမှာ လျှောက်လာကြသည်မို့ နေခက ကောင်းကောင်းကြီး အကဲခပ်ခွင့်ရ၏။ သူတို့နှစ်ယောက်ရှေ့မှာ နေခကားကို ရပ်လိုက်သည်။ ကားထဲမှ ခေါင်းထွက်လိုက်၏။

"သဇင်..."

"ဟဲ့"

သဇင့်ကြည့်ရတာ လန့်ဖြန့်သွားပုံနှင့် 'ဟဲ့'ဟု အော်ငင်ရမ်းထွက်၏။

"ဘယ်လဲ"

"စိန်လျှံ မုန့်သွားစားမလို့၊ ဆင်းခဲ့ဦးလေ၊ မိတ်ဆက်ပေးမယ်"

နေခ ကားပေါ်မှ ဆင်းလိုက်သည်။

"မောင်...မတို့ သူငယ်ချင်းဆယ့်တစ်ယောက် အုပ်စုထဲက တစ်ယောက်လေ၊ မင်းနေခ"

ဟိုက်...။ မောင်ဆိုပါလား။ နေခ မျက်ဝန်းတွေ ကျုပ်သွားရ၏။

"နေခ...ငါ့မောင်လေ၊ မုန့်သွားကျွေးမလို့ ရုံးက ထွက်လာတာ၊ ဥက္ကာတဲ့"

'တွေ့ရတာ ဝမ်းသာပါတယ်'ဆိုသော စကားကို

နှစ်ယောက်လုံး ပြိုင်တူပြောလိုက်ကြသည်။ လက်ဆွဲနှုတ်ဆက်၏။ "ငါ့မောင်"တဲ့။ နယ်က သူ့မောင်လေးလား။ ကောင်လေးက ငယ်ပုံလည်း ပေါက်သည်။ နှင့်မောင် အရင်းလား ဖွင့်မေးဖို့လည်း ခက်၏။

"လိုက်ခဲ့ပါလား၊ မုန့်စားရအောင်"

"တော်ပြီ၊ ငါက စည်သူနဲ့ကျော်ဦးကို အလုပ်ကိစ္စနဲ့ အပြင်လွှတ်ထားပြီး ငါ့ကျမှ နှင်နဲ့ မုန့်လာစားနေလို့ မဖြစ်ဘူးဟ၊ ဟိုကောင်တွေသိရင် မွှမ်မယ်၊ ငါ ပြည်ထောင်စုလမ်းထဲမှာတွေ့စရာ လူတစ်ယောက်နဲ့ ချိန်းထားတာလဲ နောက်ကျမှာစိုးလို့"

"အေး…ဒါဖြင့်ပြီးရော၊ ငါတို့သွားမယ်"

"ပို့ပေးရဦးမလား"

"ဩော်…ဆယ့်လေးငါးလှမ်းလျှောက်ရင် ရောက်တော့မယ့်ဟာကို"

"ဒါဆိုလဲပြီးရော၊ သွားမယ်…ကိုဥက္ကာ"

"ဟုတ်ကဲ့ခင်ဗျ"

ကားကို မောင်းထွက်ခဲ့ရပေမယ့် ရင်ထဲမှာ ဘယ်လိုကြီးမှန်းမသိ။ လိပ်ခဲတင်းလင်းနှင့် မတင်မကျ ရှိနေရသည်။ သဇင်သည် အုပ်စုထဲမှာ အခက်အခဲနှင့် ရင်ဆိုင်ရဆုံး၊ အနွမ်းပါးဆုံး သူငယ်ချင်းမို့ အားလုံးက ဝိုင်းသနားသည်။ ဝိုင်းဖေးမခဲ့ကြသည်။ သဇင်က…



"နှင်တို့တွေနဲ့ငါနဲ့ကသူငယ်ချင်းဖြစ်ကြရတယ်ဆိုတာ လူ့ပြည်က အပ်တစ်စင်းနဲ့ ဗြဟ္မာ့ပြည်က အပ်တစ်စင်း ဆုံသလိုပါပဲဟာ၊ တကယ်ဆို အဆင့်အတန်းချင်းက နည်းနည်းမှ တူတာမဟုတ်ဘူး၊ငါ့ကို တန်းတူရည်တူပေါင်းတဲ့ နှင်တို့ကို ကျေးဇူးလဲ အမြဲတင်နေရပါတယ်"ဟု တောင်ပြောခဲ့သည်။

ယောကျာ်းလေးအုပ်စုကတော့ သဇင့်စကားကို အော်ရယ် ပေးလိုက်ကြသည်။

"ဖီးလ်တက်ပြီး ပုလဲခမယ် ကြံရင် လုံးချောလေးတွေ ကြွေပါဟာ၊ ပုံစံ မမှန်ရင် ချေးမရဘူး"

ဝဏ္ဏစကားကြောင့် ကြေကွဲရမည့်သူတောင် ဝမ်းမနည်းဖြစ်တော့ဘဲ ရယ်မောဖြစ်သွားရသည်။ သဇင့်ကို တစ်အုပ်စုလုံးက ညှာတာဦးစားပေးခဲ့ပါသည်။ ခု…စိတ်ထင်လို့ပဲလားတော့မသိ။ သဇင့်မျက်နှာ ညှိမ်းနေသည်ဟု ထင်၏။ နေပူထဲမှာ ထီးမဆောင်းဘဲ ကုန်းကြောင်းလျှောက်လာရလို့လည်း ဖြစ်နိုင်ပါသည်။ ပြီးတော့ နည်းနည်းများ ပိန်သွားသလား။ သဇင့်မျက်နှာ ယဉ်ယဉ်ကလေးက အလှပိုလျော့သွားသည်ဟု ထင်၏။ မျက်နှာလေး ချောင်နေသည်။ သဇင် ပိုက်ဆံတွေ နင်းကန်စုပြီး အစားအသောက်ကိုများ မတရား ချွေတာနေသလား။ သင်တန်းတွေ ပျော်ပျော်ပါးပါး တက်ခဲ့ကြစဉ်ကလို သဇင့်ကို အနီးကပ် မကူညီနိုင်ကြတော့တာ

လည်း အမှန်ပင်။ တစ်လတစ်ခါ အနိုင်နိုင်ဆုံချိန်မှာ တချို့လတွေသာ ခပ်ကြာကြာလေး ဆုံဖြစ်ပြီး တချို့လတွေကျတော့ တွေ့ဆည်ဆုံသည်ဆိုရုံလေး တွေ့ဖြစ်ကြသည်။

သူငယ်ချင်းတွေ ပြန်ဆုံခိုက်မှာ စိတ်တွေ ပျို့လျက်ပြန်လည် နုသစ်ကာ ပေါးလားဝါးလား ပျော်ပစ်လိုက်ကြသည်ချည်းမို့ တစ်ယောက်မှာ အခက်အခဲ ပြဿနာဘာရှိလဲ ဘာကူညီရမလဲတောင်မမေးဖြစ်ခဲ့ပါ။ ပြီးခဲ့သောလက သခင့်ကို နောက်ဆုံးတွေ့ရစဉ်ကလည်း သခင်သည် သူများတွေလောက် ပေါးလားဝါးလား မလုပ်နိုင်ဟု ခုမှပြန်တွေးမိ၏။

ခွန်းတို့ကြည်သာတို့ကဆို တစ်လတစ်ခါတွေ့သည့်ကြားထဲမှာ မကြာခဏ ဖုန်းဆက်ကြသည်။ စကားပြောဖြစ်သည်။ နီလာတို့ ရူပါတို့နှင့်တောင် ခွန်းတို့လောက် မဆက်ဖြစ်ပေမယ့် ဆက်တော့ဆက်ဖြစ်သေးသည်သာ။

သခင်ကတော့ အဆောင်သူမို့ ကိုယ်ပိုင်ဖုန်းမရှိရှာ။ သခင့်ဆီ ဖုန်းဆက်လို့မရ။ သခင်က ဆက်မှရမည်။ သခင်ကလည်း မဆက်။ တစ်လမှ တစ်ခါတွေ့ခိုက်မှာ အရေးကြီးအကြောင်းအရာတွေလည်း မပြောဖြစ် ဆိုတော့ သခင့်မှာ ဘာပြဿနာတွေများ ဖြစ်နေမလဲ။ ဘာအခက်အခဲတွေ ရှိနေမလဲ။ ခွန်းတို့ မိန်းမချင်းများ သိနိုင်မလား။ မေးကြည့်ရပါဦးမည်။



"ခွန်းလား ငါ နေခ"

"ဘာကိစ္စလဲ၊ လျှောက်တင်စေ"

"ငပျင်းမ၊ အိပ်နေတာမှလား"

"အမလေး…ပျင်းရတာကိုပဲ ပျင်းလွန်းလို့ မပျင်းနိုင်ပါဘူးဟယ်၊ ဘာလုပ်ရမှန်းကို မသိဘူး"

"ငါတို့အုပ်စုထဲမှာ အသုံးမကျတဲ့ကောင်က တစ်ကောင်၊ အသုံးမကျတဲ့ မိန်းမကတစ်ယောက်"

"ဟဲဟဲ…ငါနဲ့ မြူမင်းမှလား"

"တတ်ထားတဲ့ပညာတွေပိုက်ပြီး အချိန်ဖြုန်း၊ မိဘပိုက်ဆံဖြုန်း"

"ဟဲ့…ရှင်က ဖြုန်းလို့ဝမှကိုး၊ ကျုပ်တို့ကမှ ဖြုန်းလို့ မဝသေးတာ၊ တတ်ထားတဲ့ပညာတွေ ပိုက်ထားတာ ဘာဖြစ်လဲ၊ ပညာဆိုတာ ကိုယ်သိဖို့၊ ကိုယ်တတ်ဖို့ အလုပ်လုပ်စားဖို့မှ မဟုတ်တာ…

"အလုပ်က လုပ်ဖို့လိုအပ်လို့လုပ်တာ၊ ပညာသတ်သတ်၊ အလုပ် သတ်သတ်၊ ဘာမှမဆိုင်ဘူး"

"တော်စမ်းပါ စိန်အာလူးရဲ့၊ ဒီမှာ…"

သခင့်ကို တွေ့ခဲ့သည့်အကြောင်း ပြောပြလိုက်

သည်။

"ဥက္ကာတဲ့၊ အဲဒါ သဇင့်မောင်အရင်းလား"

"ပြောတတ်ဘူး၊ နယ်ကမောင် ရန်ကုန်ရောက်ပြီတော့ ပြောသံမကြားဘူး၊ ပြီးတော့ ကိုယ့်မောင်အရင်းကို နာမည်ခေါ်မှာပေါ့၊ ချစ်စနိုးနဲ့ဆိုလဲ မောင်လေးခေါ်မှာပေါ့၊ မောင် ခေါ်ပါ့မလား"

"ခေါ်တဲ့သူ ရှိတယ်ကွ၊ တွေ့ဖူးတယ်၊ မိဘက ချမ်းသာတယ်၊ မောင်နှမနှစ်ယောက်ထဲမွေးထားတာ၊ နာမည် မမှည့်တတ်ရာဘူးထင်တယ်…

"အကြီးမကို မမတဲ့၊ အငယ်ကောင်ကို မောင်မောင်တဲ့၊ သူတို့က သူတို့နာမည် သူတို့စကားထဲထည့်ပြောတော့ အစကတော့ မမက…မောင်မောင်က ပြောတာပေါ့…

"ကြာလာတော့ မကလေ၊ မောင်ကလေနဲ့ဖြစ်ရော၊ အဲဒါကျန်တဲ့ သူတွေကလဲ မတွေမောင်တွေ လိုက်ခေါ်တယ်၊ အငယ်ကောင်ကို သူ့အမေက ခေါ်လိုက်ရင်လဲ မောင်ရေ…

"အမေက ခေါ်လိုက်ရင်လဲ မောင်ရေ…ပဲ။ အစ်မကလဲ မောင်ရေ…ပဲ"

"ဒါက မောင်မောင်မို့ မောင်ခေါ်တာ၊ နင်ပြောတော့ ဥက္ကာဆို"



"ဥက္ကာလဲ မောင်ဖြစ်ချင်ဖြစ်မှာပေါ့"

"ဒါဆိုလဲ သူတို့မောင်နှမ မုန့်တူတူစားတာ နင်က ဘာတွေရေးကြီးခွင့်ကျယ်လုပ်ပြီး ငါ့ဆီ ဖုန်းဆက်ရတာတုံး"

"မောင်နှမလို့ သိပ်မထင်လို့"

"စောစောကတော့ နင်ပဲ ထင်တဲ့ဘက်က"

"ထင်တဲ့ဘက်မှာလဲရှိတယ်"

"သေလိုက်ပါလား"

"မသေနိုင်သေးပါဘူး၊ မိန်းမမှ မရသေးတာ"

"နင့်ကို ကြိုက်မယ့်သူလဲ ဒီကမ္ဘာမှာရှိဖွယ်မမြင်"

"ငါက ယောကျ်ား၊ ကျွေးနိုင်ရင် ကြိုက်တဲ့မိန်းမ ခေါင်းခေါက်ယူ"

"ထမင်းငတ်နေတဲ့သူတွေပဲရမယ်"

"နင်သာ ထမင်းကျွေးပါ့မယ်ပြောပြီး လိုက်ရှာလို့မဖြစ်တာ"

"ဟော့…ခြင်တွေလို တဝီဝီဝဲလွှန်းလို့ ခြင်စကာတပ်ရမလားတောင် စဉ်းစားနေတာ"

"အဲဒါထားပါ၊သဇင့်အကြောင်းစုံစမ်းလိုက်ဦး"

"သိချင်ရင် မြူမင်းကို မေးပါလား"

"ဒီကောင်က အမိကလား"

"သူပဲ သဇင့်ကို အုပ်ထိန်းနေတာ"

"ဘာ့"

"အိမ်ချင်းနီးတယ်ဟာ၊ မြူမင်းက ကားရှိတယ်ဟာ၊ သွားရလာရ လွယ်တယ်၊ အချိန်ရတယ်၊ သဇင့်မှာ အခက်အခဲဆိုရင် မြူမင်းအရင်ဆုံးသိတာပဲ၊ သူပဲ ကူညီနေတာ၊ ငါတို့လဲ မြူမင်း ကူညီနေတာပဲဆိုပြီး စိတ်ချထားလိုက်တယ်၊ သဇင့် မျက်နှာမကောင်းဘူးဆိုရင်လဲ ကျန်းမာရေးကြောင့်တို့၊ ပင်ပန်းလို့တို့၊ အိပ်ရေး ပျက်လို့တို့…"

"တစ်ခုခုဖြစ်မှာပါ၊ သဇင်ရည်းစားရရင် မြူမင်းကို မပြောဘဲ နေမှာမဟုတ်ပါဘူး၊ နင့်ရှေ့မှာ ရဲရဲတင်းတင်း မောင်လို့ခေါ်တယ်ဆိုတော့…"

"နယ်က မောင် ရန်ကုန်ရောက်နေတာပဲ ဖြစ်မှာပေါ့၊ ကိုယ့်ရည်းစားကိုယ် မောင်ခေါ်ချင်ရင် ကွယ်ရာခေါ်မှာပေါ့၊ လူရှေ့သူရှေ့ ဘယ်ခေါ်မလဲ"

"တချို့ခေါ်တယ်"

"ဘယ်သူခေါ်လို့လဲ"

"ဥပမာ…ငါ့အမေ"

"ဟဲ့…ငရဲကြီးတော့မှာပဲ၊ အမေကို အပုပ်ချမလို့လား"

"မဟုတ်ပါဘူးဟာ၊ ငါ့အမေနဲ့ ငါ့အဖေက



အသက်ချင်းကွာတယ်၊ အဖေက ခြောက်နှစ်ကြီးတယ်၊ အဲဒါအိမ်ထောင်ကျကတည်းက မေမေက ဖေဖေ့ကို 'အစ်ကို' လို့ခေါ်တယ်…

"ခုဆို ငါးဆယ်ကျော်တွေနော်၊ ဘယ်သူ့ရှေ့ဖြစ်ဖြစ် အစ်ကိုပဲ၊ သားသမီးရှေ့၊ ဧည့်သည်ရှေ့၊ ဘယ်သူ့ရှေ့မဆို ခေါ်လိုက်ရင် အစ်ကိုရေ…တဲ့…

"အစတုန်းက ငါဆို မေမေ့ကို အရမ်းနောက်တာ၊ နောက်လဲ အစ်ကိုပဲ"

"နင့်အဖေကရော အမေ့ကို ဘယ်လိုခေါ်လဲ"

"အဘွားကြီးတဲ့"

သူငယ်ချင်းချင်း စကားပြောဖြစ်တော့လည်း တွေ့ကရာတွေ ပြောဆိုရယ်မောကာ စိတ်ကြည်လင်ပေါ့ပါးသွားရတော့သည်။

သဇင့်အဆောင်သို့ ရောက်ဖြစ်တာဟာ တမင်တကာသွားတာတော့ မဟုတ်ပါ။ မနက်ဖြန်ဆို သူငယ်ချင်းတွေဆုံကြမည်။ ဒီတစ်ကြိမ် ခွန်းအိမ်၊ ခွန်းခြံထဲမှာ စားသောက်ပွဲကလေးဖြင့် ဆုံကြဖို့ ခွန်းက သူငယ်ချင်းတွေအားလုံးကို ပြောပြီးပြီ။သဇင့်ကို မပြောရသေး။ စောစောစီးစီးတုန်းမှာ

ချိန်းထားတာက ကြည်သာ့ခြံထဲဖြစ်၏။ ခွန်းက လောလောလတ်လတ်မှာ အရင်က မတတ်ဖူးသေးသော မုန့်လုပ်နည်းတစ်မျိုး တတ်သွားရသည်မို့ သူ့အိမ်မှာပဲ ကျင်းပဖို့ နေရာရွေ့လိုက်သည်။ သဇင့်ကို မြူမင်းက ဝင်ခေါ်သွားမှာမို့ သဇင့်ကို မပြောလည်းဖြစ်သည်။ သို့ပေမဲ့ သူငယ်ချင်းအုပ်စုကို စုံစုံလင်လင် ကျွေးဖို့ ခွန်းက လှည်းတန်းဈေးသို့ အဝယ်အခြမ်းရောက်၏။

သဇင့်အဆောင်နှင့် နီးနေပြီမို့ မဝင်လည်းရပါလျက် ဘာကြောင့်မှန်း မသိ။ (မနက်ဖြန်လည်း တွေ့ကြရမည်ဖြစ်ပါလျက်) ဝင်လိုက်ပါဦးမယ်လေဆိုသော စိတ်နှင့်ဝင်ဖြစ်လိုက်သည်။ ဒီအချိန်ဆို သဇင်ရုံးသွားဖို့ ပြင်ဆင်နေမှာ ဖြစ်၏။ ရုံးကို လိုက်ပို့ပေးလိုက်မည်ဟုလည်း ဆုံးဖြတ်ကာ သဇင့်ဆီရောက်လေ၏။

"သဇင်...ဟဲ့"

သဇင်က ဟောခန်းကြီးထဲမှာ နေတာဖြစ်၏။ သဇင့်အဆောင်မှာ ဝင်ဝင်ချင်း ဧည့်ခန်း မကျဉ်းမကျယ် တစ်ခုသို့ရောက်သည်။ ထိုကမှတစ်ဆင့် ဟောခန်းသို့ ရောက်၏။ ယောကျ်ားဧည့်သည်ဆိုလျှင် ညနေလေးနာရီနှင့် ခြောက်နာရီကြား ဧည့်ခန်းမှာ တွေ့ခွင့်ရှိသည်။ ဟောခန်းထဲသို့ မဝင်ရ။ မိန်းမဧည့်သည်ဆိုလျှင်တော့ အချိန်မရွေး ဝင်တွေ့။ ဟောခန်းထဲသို့ ဝင်ချင်လည်းဝင်။ ခွန်းက ဟောခန်းထဲသို့ ဝင်ခဲ့၏။



သဇင်အဝတ်အစားလဲ မျက်နှာလိမ်းခေါင်းဖြီးနေမှာပဲဟု ထင်၏။ သို့ပေမဲ့ သဇင်က အိပ်ရာထက်မှာ။ စာအုပ်တစ်အုပ်ဖတ်နေသည်။

"ဟော...ခွန်း"

သဇင်က ထထိုင်၏။

"ရုံးမသွားဘူးလား"

"ဟင့်အင်း"

"နေမကောင်းဘူးလား"

ခွန်းက သဇင့်နဖူးကို စမ်းလိုက်သည်။

"ကိုယ်လဲ မပူပါဘူး"

သဇင့်မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။ သဇင်နေမကောင်းဖြစ်နေပုံရ၏။ မျက်နှာလေး ချောင်နေသည်။ ပြီးတော့ နွမ်းဖပ်၏။

"ဘာဖြစ်နေတာလဲ သဇင်၊ ဘာလုပ်ပေးရမလဲ"

ခွန်းက သဇင့်ကို ကြည့်လေ သဇင်က မျက်လွှာချလေ။ သဇင့်အသံပျောက်လေ၏။ ခွန်းက ပတ်ဝန်းကျင်ကို ငဲ့စောင်းကြည့်လိုက်သည်။ ကျောင်းတွေ၊ ရုံးတွေ သွားရသည့်အချိန်မို့ အားလုံးလိုလို ကိုယ့်အတွက်ရထားသော စားပွဲပေါ်မှ မှန်ကို ကြည့်လျက် ဖီးလိမ်းပြင်ဆင်နေကြပုံမှာ ဇာတ်တစ်ရုံလားတောင် ထင်ရသည်။ တချို့ စားပွဲတွေက လူမရှိ။

ကျောင်းသို့၊ ရုံးသို့ ထွက်သွားကြပြီထင်သည်။

လူဆိုတာလည်း ခက်သား။ စပ်စုမျိုးဖြစ်၏။ အထူး သဖြင့် မိန်းမသားတွေပို၍ စပ်စုသည်ဟု ဆိုရိုးရှိသည်။ ခွန် ကတော့ အဲသည်လို မထင်ပါ။ လူဆိုသည်မှာ စပ်စုမျိုး ယောကျ်ားရော၊ မိန်းမပါ စပ်စုကြသူချည်း။ မိန်းမတွေက ပိုစပ်စုသည်ဆိုလျှင် မိန်းမတွေက ပို၍အကြားအမြင် ဗဟု သုတ ရှာတာပဲဟု ခံယူခဲ့သည်။ ခုတော့ ခွန်းခံယူချက်ပြင် ဆင်ရမလို ဖြစ်တော့သည်။

"နင်တို့အဆောင်ကလဲ စပ်စုလိုက်တာ"

ကြိတ်ပြောပစ်လိုက်၏။ ဘေးဘီဝဲယာကို ကြည့် တော့ မိန်းမသား တချို့ခများ ကိုယ့်မိတ်ကပ် ကိုယ် ဖြောင့် အောင် မလိမ်းနိုင်၊ ကိုယ့်အင်္ကျီမှ ကိုယ်ပြီးစီးအောင် မဝတ် နိုင်၊ မျက်ခုန်းမွေးဆွဲသူက ခဲတန့်ကြီးကိုင်မြှောက်လျက် တန် လန်းတို့၊ နှုတ်ခမ်းနီဆိုးသူက နှုတ်ခမ်းနီတောင့်နှင့် နှုတ်ခမ် သားကို ထိထားပြီး ဖိမဆိုးဖြစ်သေးတာတို့၊ အဆိုးဆုံးက အင်္ကျီထဲ လက်တစ်ဖက်လျှိုဆဲက ဆက်မဝတ်နိုင်ဘဲ မျက် ဝန်းတွေအားလုံးက သဇင့်ဘက်သို့ စုပြုံကျရောက်နေကြတာ ဖြစ်တော့သည်။

"သဇင် အပြင်သွားမယ်"

"လိုက်ခဲ့မယ်"

သဇင်က ပိုက်ဆံအိတ်ကလေးကောက်ကိုင်၏။



"အဝတ်အစားမလဲတော့ဘူးလား"

သဇင့်အဆောင်နေ အင်္ကျီက တော်တော်လေး နွမ်း ရှာ၏။

"ဘယ်ထိသွားမှာမို့လဲ"

"ဈေးလာတာ၊ အသီးအနှံတွေ ဝယ်မလို့၊ မနက်ဖြန် နင်တို့ကို ကျွေးဖို့၊ ဟိုလေ…မနက်ဖြန် ကြည်သာ့အိမ်မှာ မလုပ်ဖြစ်ဘူး၊ ငါ့အိမ်ကို ရွှေ့ တယ်၊ မြူမင်းကိုတော့ ပြောပြီးသား၊ သူပဲ ဝင်ခေါ် မှာ၊ ဒါပေမဲ့ ရှင့်ဆီ ကျုပ် အရမ်းလာချင်စိတ်ပေါက် လို့ ဘာမှတောင် မဝယ်ရသေးဘူး၊ ဈေးဝယ်မယ် ကွယ်၊ ပြီးရင် အိမ်ပြန်မယ်…

"ရှင် ကျုပ်အိမ်လိုက်ခဲ့ပေါ့"

မိန်းမချင်းပြောသည့် 'ရှင်' 'ကျုပ်'ကျတော့ ောကျ်ားလေးတွေကို စိတ်တိုသည့်အခါကျမှ သုံးနှုန်းသော ကားလုံး မဟုတ်ပါ။ နင် ငါလည်း ပြောသည်။ ရှင် ျုပ်လည်း ပြောသည်။

"ဒါဆို အဝတ်မလဲတော့ဘူး၊ မနက်ဖြန် ဝတ် ဖို့တစ်စုံယူလိုက်မယ်၊ ရှင့်ဆီမှာ ညအိပ်မယ်၊ ဖြစ်လား"

"ဘာလို့ မဖြစ်ရမှာလဲ၊ ယူမနေနဲ့တော့၊ ကျုပ်ဆီက ယူဝတ်၊ အလကား သယ်နေရဦးမယ်၊

ရှင်က ဈေးထဲကို ဒီပုံစံနဲ့ ဆင်းမှာလား"

"ဆင်းမှာ၊ သွားနေကျ"

"ဒါဆိုပြီးရော၊ သွားမယ်"

"ငါ ညအိပ်မယ့်အကြောင်း အန်တီကြီးကို ခွင့်တိုင်လိုက်ဦးမယ်"

"ရှင်တို့အဆောင်က စည်းကမ်းရှိသားပဲ"

"အဆောင်တိုင်းလိုလို ဒီလိုစည်းကမ်းမျိုး ထားပါတယ်"

"သွားစို့"

"အင်း"

"ကျုပ်ကလဲ ရှင့်ကို မေးချင်တဲ့မေးခွန်းက ပါးစပ်ဖျားမှာ ယားနေပြီ၊ ရှင့်ကြည့်ရတာလဲ မဖျားဘဲ မနာဘဲ ဘယ်လိုမှ နေထိုင်မကောင်းတဲ့ရုပ်…

"ဟန်သာဆောင်နေရတယ်၊ ရင်ထဲ မချိတော့တဲ့ရုပ်၊ အဲဒါ ရှင့်အဆောင်သူတွေကလဲ စပ်စု လိုက်ကြတာ၊ နားစွင့်လိုက်ကြတာ၊ သူတို့နားရွက်ကြီးတွေတောင် ကားပြီးချွန်တက်လာတယ်…

"တကာထဲ ကိုယ့်ကိစ္စကိုယ်ဆက်မလုပ်နိုင်ကြ





တော့ဘူး၊ အဲဒါကြောင့် ရှင့်ကို တစ်ယောက်ခန်း ပြောင်းပါ ပြောလဲမရ၊ ကျုပ်နဲ့ လာနေပါ ခေါ်လဲ မရ၊ ရှင့်ကို ကျန်တဲ့လေးယောက်လုံးက ခေါ်တာ ပဲ၊ ရှင်ကလဲ အရေးထဲမှာ မာနကကြီးသေး"

ခွန်းက သဇင့်ကို အိပ်ခန်းထဲထိ ခေါ်သွင်းလာခဲ့ သည်။ သဇင်က အသံတိတ်နေပြန်သည်။

"ပြောတော့ သဇင်၊ နင် ဘာဖြစ်လဲ၊ ငါ ဘာကူညီရမလဲ၊ ငွေရေးကြေးရေးဆိုလဲ မရှက်နဲ့၊ အားမနာနဲ့၊ ငါတို့မှာ ဒီဆယ့်တစ်ယောက်အဖွဲ့ပဲ ရှိတယ်…

"ခုခေတ်မှာ ငါတို့လောက် စည်းလုံးတဲ့ သူငယ်ချင်းအဖွဲ့ကြီးမျိုးဆိုတာ သိပ်တောင် မရှိတော့ဘူး၊ ခုခေတ်ကြီးမှာက အချိန်မလောက်ကြတဲ့ ပြဿနာ၊အချိန်ဆင်းရဲတဲ့ ပြဿနာကြောင့် မိတ်ဆွေ သူငယ်ချင်းတွေဆိုတာ အတွေ့အမြင် နည်းပြီး ကြာတော့ စိမ်းကုန်ကြတယ်၊ ငါတို့အဖွဲ့သာ စည်းလုံးမှု မပျက်စီးအောင် မနည်းလုပ်နေရတာ…

"ဒီတော့ ငါပြောမယ် သဇင်၊ ငါဟာ နင့် အစ်မဆိုလဲဟုတ်၊ ညီမဆိုလဲဟုတ်၊ သူငယ်ချင်းဆို လဲဟုတ်၊ ကဲ…ပြော နင် ဘာဖြစ်လဲ၊ ဟင်…ငို နေတာလား"

ခွန်းက သဇင့်မျက်နှာကို ဆွဲမော့လိုက်သည်။

"ငါ စိတ်ပူလာပြီ သဇင်၊ ဘာဖြစ်လဲ ပြောတော့"

"ငါ...ငါ နယ်ပြန်တော့မလို့"

"မိဘဆီ"

သဇင် ခေါင်းခါ၏။

"ဒါဆိုဘယ်လဲ"

"မိဘ၊ ဆွေမျိုး၊ သူငယ်ချင်း ဘယ်သူမှ မရှိတဲ့ ရွာလေးတစ်ရွာရွာကိုပေါ့"

"ဘာကိစ္စ"

သဇင်က ရှိုက်လိုက်၏။ ခေါင်းခါသည်။

"ငါ အလုပ်ဝင်စက လေးငါးလထိ အိမ်ကို ပိုက်ဆံပြန်ပို့ခဲ့တယ်၊ ငါ့အတွက် အမေတို့ ယူပေးလိုက်တဲ့ ကြွေးလေးမြေလေးဆပ်ဖို့...

"နောက်ပိုင်းမှာ ငါ့ဘာသာပဲ စုတယ်၊ အိမ်လေးတစ်ခန်း ငှားနိုင်ဖို့ စပေါ်တင်ဖို့"

"အေးလေ...နင် ပြည့်ကာနီးပြီဆို"

"ဟိုရက်က အမေ့ကို ဆေးရုံတင်ရတယ်၊ ငါ့ကို မမှာဘူး၊ ငွေလဲ မမှာဘူး၊ ကြွေးတွေထပ်တင်တာပေါ့၊ ငါ မသိဘူး၊ ဥက္ကာလာမှ၊ ဥက္ကာပြောလို့၊ သိရတာ၊ ငါ စာတိုက်ကနေ ငွေတွေပို့



လိုက်တယ်၊ လူတော့လိုက်မသွားတော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အမေက နေကောင်းနေပြီ၊ အိမ်ပြန်ရောက်နေပြီ"

"ဟဲ့...အဲဒီဥက္ကာ နင်နဲ့ ဘာတော်လဲ"

"ရပ်ဆွေရပ်မျိုးပါပဲ"

"ဒါကို နင်က မောင်ခေါ်ရလား"

"ငါတို့ဘက်မှာ ကိုယ့်ထက်ငယ်တဲ့ ယောကျ်ားလေးကို မောင်လို့ခေါ်တယ်၊ မောင်အရွယ်ဆိုရင်ပေါ့၊ တူအရွယ်၊ သားအရွယ်ဆိုရင် မောင်ရင်လို့ခေါ်တယ်"

"သြော်..."

'မောင်'ပြဿနာက ရှင်းသွားရသည်။ နေခကို ဖုန်းဆက်ပြီး ရှင်းပြရပါဦးမည်။ နေခက 'မောင်'ပြဿနာကို တော်တော်ကြီး အစာမကြေ ဖြစ်နေ၏။

"အဲဒါ ပိုက်ဆံတော်တော်နည်းသွားတယ်"

"အိမ်မငှားနိုင်တော့ဘူး၊ အိမ်ငှားဖို့ မလောက်တော့ဘူးပေါ့၊ ဒါများ ဒီလောက်ဖြစ်နေစရာလား တော်ဝင်သဇင်ရဲ့"

တစ်ခါတစ်ရံ သဇင့်ကို ငေါ့ချင်ထေ့ချင်သည့်အခါ စိတ်တိုတိုနှင့် 'တော်ဝင်သဇင်'ဟု ခေါ်ကြသည်။

"ဘယ်လောက်လိုလဲ၊ တစ်သိန်းလား၊ သုံး

သိန်းလား''

''ဒီလောက်မလိုပါဘူး''

''ငါ တစ်ယောက်တည်းက ပေးဆိုလဲဖြစ်တယ်၊ ရှင်က အားနာရင် အုပ်စုထဲမှာ ရန်ပုံငွေ ပုံးထောင်လိုက်မယ်၊ မျှခံမှာပေါ့၊ တစ်ယောက်မှ နည်းနည်းလေး၊ ရှင် လုံးဝပြန်ဆပ်ဖို့ မလိုဘူး၊ အဲဒီအတွက် ရှင်က အားမနာတာရယ်၊ မရှက်တာရယ်ကိုပဲ ပြန်ဆပ်''

''နင်တို့ စုချင်လဲစုပါ၊ ငါ သုံးသောင်းလောက် လိုချင်တယ်''

''သုံးသောင်းများ သဇင်ရယ်''

''ငါ အိမ်ငှားမှာ မဟုတ်ဘူး''

''စောစောကပြောတဲ့ ရွာလေးတစ်ရွာ သွားဖို့ဆိုတာလား''

သဇင်ခေါင်းညိတ်သည်။

''ဘာသွားလုပ်မှာလဲ''

''မမေးပါနဲ့၊ မဖြေချင်ဘူး''

''ဟောတော့…နေပါဦး၊ အဲဒီကို သွားမှာ ရှင့်မိဘသိလား''

''ဟင့်အင်း''

''ဘယ်သူသိလဲ''



''ဟင့်အင်း''

''မြှုမင်းရောသိလား''

''ဟင့်အင်း''

သုံးကြိမ်မြောက် 'ဟင့်အင်း' အပြီးမှာ သဇင် ခွန်းရင်ခွင်ထဲသို့ ထွေးခနဲ ပြိုကျလေ၏။ အားရပါးရ ငိုသည်။ ရှိုက်ကြီးတငင် ငိုသည်။ ချုံးပွဲချ၍ ငိုသည်။ သက်ခင်ပြတ်လုမျှ မရိုတင်ကဲ ငိုလေသတည်း။

''သဇင်…သဇင်…ဘာဖြစ်လဲ၊ ငါ့ကိုပြော ပြော…ပြောတော့ဟာ ပြောပြ''

ခွန်းက သဇင့်ပခုံးကို လှုပ်ခါ၍ မေး၏။ သဇင်က ခေါင်းကြီးအတင်းငုံ့ထားသည်။ ခေါင်းကိုမဖော်ဘဲ တအီးအီးငိုရှာ၏။ သဇင် ငိုနေပုံလေးမှာ ဘဝပျက်လုနီးပါးမို့ ခွန်း ဘယ်လိုမှ မကြည့်ရက်နိုင်တော့ချေ။

''ပြောပါဦး သဇင်ရယ်၊ ငါ့ကိုမှ မပြောရင် နင် ဘယ်သူ့ကို ပြောမှာလဲ''

''သတ်ပါ…ငါ့ကို သတ်ပါ ခွန်းရယ်၊ ငါ လူ့ပြည်မှာနေလို့ မဖြစ်တော့ဘူး၊ တံတွေးခွက်မှာ မျောပြီ ခွန်းရဲ့''

ခွန်းရင်ထဲမှာ ဟိုက်ခနဲ လစ်ဟာကျသွားရလေတော့သည်။

## အခန်း ( ၆ )

ညကတည်းက မြူမင်းကို ဖုန်းဆက်ထားသည်။ "သစင် ငါ့အိမ်ရောက်နေပြီ နင် ဝင်မခေါ်နဲ့တော့" ဟူ၍။

နိုင်ငံခြားသို့ရောက်နေသော တေဇာ့ကို ဖယ်လိုက်လျှင် ကျန်ဆယ်ယောက်အနက် သစင့်ကိုပါဖယ်ဦး အိမ်ရှင်ခွန်းကိုပါ ထပ်ဖယ်သည့်အခါ၌ ခွန်းအိမ်သို့ ရောက်လာရမည့်သူမှာ ရှစ်ဦးတိတိ။ ခုနစ်ဦး ရောက်လာချိန်ထိ ခွန်းက သစင်အိမ်မှာ ရှိနေကြောင်း မပြောဘဲ သစင့်ကို အလုပ်သမားကောင်မလေးတွေနေသည့် အခန်းထဲသို့ သွားဝှက်ထားသည်။ နီလာ၊ ကြည်သာနှင့် ရူပါတို့က မိန်းမချင်းမို့ရောက်တာနှင့် ခွန်းအခန်းထဲထိဝင်သည်။ ယောကျ်ားအုပ်စုရောက်လာတော့



ငယ်ပေါင်းတွေဖြစ်ရုံမျှမက လူကြီးမိဘတွေနှင့်ပါ ရင်းနှီးကြသည်မို့ (ခွန်းနှင့်နေခတို့ကိုဆိုလျှင် လူကြီးတွေက စေ့စပ်ဖို့ထိ စီစဉ်ဖူးသည်အထိ ရင်းနှီးကြပါသည်။) ဧည့်ခန်းမှာ ငြိမ်ငြိမ်ထိုင်နေသူက စည်သူနှင့်အောင်ကျော်ဦးပဲရှိတာ။ နေခနှင့်ဝဏ္ဏတို့က ထမင်းစားခန်းထဲထိ ရောက်ကြသည်။

ခွန်းအိမ်သည် သူတို့အထက်တန်းကျောင်းသားဘဝကတည်းက စားရေအိမ်၊ သောက်ရေအိမ် ဖြစ်၏။ ဆယ်တန်းဘုံးက ခွန်းအိမ်မှာ ကျူရှင်ဝိုင်းဖွဲ့ကာ သူတို့တွေ အားလုံးတက်ခဲ့ကြသည်။

"ဒီစားပွဲဝိုင်းကို မြင်တော့ ဆယ်တန်းပြန်ရောက်သွားသလိုပဲ၊ ဟေ့ကောင်တွေ…စည်သူနဲ့ ကျော်ဦး ဒီကို လာခဲ့၊ ဧည့်သည်ကြီး တဆူလုပ်ပြီး ဧည့်ခန်းမှာ မြိန့်မြိန့်ကြီးတွေ လုပ်မနေနဲ့"

နေခက လှမ်းအော်၏။

"ဝဏ္ဏ သွားခေါ်ကွ"

ထမင်းစားခန်းနှင့် ဧည့်ခန်းက ထောင့်ကွေးလေးတစ်ဆစ်ချိုးမှာရှိပေမယ့် တခန်းဆီးဖြူဖြူပါးပါးလေးသာခြားလျက် ထွင်းဖောက်မြင်နေရသည်။ စည်သူနှင့်ကျော်ဦးတို့ ထမင်းစားခန်းထဲသို့ ရောက်လာသည်။

"ငါတို့ ဆယ်တန်းတုန်းက ဒီထမင်းစားပွဲမှာ ကျူရှင်ဝိုင်းလုပ်ခဲ့ကြတာ၊ ခွန်းအမေက စာဖတ်ခန်း

ထဲပို့တာ။ ဒီအိမ်မှာက စာဖတ်ခန်း သပ်သပ်ရှိသေးတယ်၊ ငါတို့က ထမင်းစား စားပွဲမှာပဲ ဝိုင်းပါရစေလို့ အန်တီ့ကို ဝိုင်းပူဆာကြတာ"

"ဘာဖြစ်လို့လဲ"

"ဟိုမှာလေ..."

နေခက ရေခဲသေတ္တာနှစ်လုံးကို မေးငေါ့ပြသည်။

"အဲသည်ထဲမှာ ဖွင့်ကြည့်၊ စားစရာမျိုးစုံရှိတယ်၊ အသီးအနှံတွေ ရှိတယ်၊ အအေးဘူးတွေရှိတယ်၊ ဟိုဘက်ဗီရိုကလေးလဲ ကြည့်လိုက်ပါဦး၊အဲဒီထဲမှာ မုန့်မျိုးစုံကွာ၊ လမ်းမကြီးနဲ့ ဝေးလို့ သွားဝယ်ရခက်တယ်ဆိုပြီး အန်တီက ပြည့်ပြည့်စုံစုံ အဆင်သင့်ဖြစ်အောင် လုပ်ထားသမျှ ငါတို့နှိုက်စားဖို့ချည်းဖြစ်တာပဲ၊ စာဖတ်ခန်းထဲကျတော့ဘာရှိမလဲ၊ အန်တီလာချပေးတဲ့ကော်ဖီတစ်ခွက်ပဲရတာပေါ့"

"ရာဇဝင်နဲ့ချီပြီး ငတ်ခဲ့တာလေ"

ခွန်းက မျက်စောင်းထိုး၍ပြော၏။

"သဇင့်ကို မြူမင်း ဝင်ကြိုခဲ့မှာမှုလား၊ တွေ့လား...ငါက ကြည့်မရဘူးပြောတော့ ခွန်းက မကြိုက်ဘူး၊ ထုံးစံအတိုင်း ဦးမြူမင်းတို့က လူစုံမှ ကြွချီတော်မူလာမှာ..."

"ဟော့...နောက်တစ်ခါကျရင်၊ နောက်လကျ





ရင် ငါ့အိမ်မှာလုပ်မယ်၊ အားလုံးဆုံမယ့်အချိန်ကို ကိုးနာရီလို့ အဲဒီကောင်ကို ပြောကွာ...

"ကိုးနာရီချိန်းရင် ဒီကောင်ဆယ်နာရီမှ ရောက်မယ်၊ မင်းတို့အားလုံး ဆယ့်တစ်နာရီခွဲလောက်မှ လာကြ၊ ဒီကောင့်ကို တစ်ခါလောက်တော့ နှိပ်ကွပ်ပေးဖို့သင့်ပြီ"

ကြည်သာတို့က ထောက်ခံရယ်မောနေ၏။ ထိုအခိုက်မှာပဲ မာ့ခ်တူး မောင်းဝင်လာ၏။ မြူမင်းကားပေါ်မှ ဆင်းသည်။ ထမင်းစားခန်းက အိမ်ရှေ့ပေါ်တီကိုကို လှမ်းမမြင်ရပါ။ သို့ပေမဲ့ ကားသံကို မှတ်မိကြပါ၏။

"ဟိုကောင် မဟုတ်လား"

ခွန်းက ဧည့်ခန်းသို့ ထွက်ကြိုကာ ထမင်းစားခန်းထဲသို့ခေါ်လာ၏။

"သဇင်ရော..."

နေခက လှမ်းမေး၏။

"မကြိုခဲ့ဘူးလေ၊ မနေ့ညကတည်းက ခွန်းဆီမှာ အိပ်တယ်ဆို"

မြူမင်းက ပြောတော့ မျက်ဝန်းတွေက ခွန်းပေါ်သို့ စုံပြုံကျရောက်၏။ ခွန်းအိပ်ခန်းထဲထိဝင်ခဲ့ပြီးဖြစ်သော ကြည်သာ၊ နီလာနှင့်ရူပါတို့က ခွန်းကို ပိုး၍စူးနစ်စွာ ကြည့်၏။ ဘယ်လိုလဲဟု အဓိပ္ပာယ်ဆောင်သည်။ ဒီအိမ်မှာ သဇင်မှရှိ

မနေပဲလေ။

"ရှူး…"

ခွန်းက နှုတ်ခမ်းပေါ်လက်ညှိုးတစ်ချောင်း ဒေါင်လိုက်ဖြတ်၍တင်၏။

"တိုးတိုးပြောမယ်"

မြူမင်းဝင်ထိုင်၏။

"သခင်ရှိပါတယ်၊တိုးတိုး..ငါဝှက်ထားတယ်"

"ဘာအဓိပ္ပာယ်လဲ"

မြူမင်း ကိုယ်ခန္ဓာကြီး ရှေ့ကိုင်းလာသည်ကို နေခက သတိထားမိစွာ လှမ်းကြည့်လိုက်သည်။

"သခင် အရမ်းစိတ်ထိခိုက်နေတယ်"

"ပြဿနာက…"

"သူ မပြောဘူး။ ဒါပေမဲ့ ငါထင်တာရှိတယ်၊ ပြောပြမယ်၊ နေဦး၊ ငါပြောတာ အရင်နားထောင်ကြ၊ ဖြတ်မမေးနဲ့"

မနေ့က သခင်အိမ်သို့ ပါလာပုံကို ပြောပြ၏။

"အဲဒါ ငါတို့အုပ်စုက ပိုက်ဆံသုံးသောင်းစုပေးပါတဲ့၊ သူ့ကို ဘယ်သူမှမသိတဲ့ ကျေးလက်တောရွာလေးတစ်ခုမှာ ခဏသွားနေရမယ်တဲ့၊ သူ့မှာ ကျန်တဲ့ပိုက်ဆံနဲ့ဆိုရင်…

"နောက်ထပ် သုံးသောင်းလောက်ရရင် တော်ပါပြီတဲ့၊ ဘယ်လောက်ကြာအောင် နေဖြစ်မယ် မသိဘူးတဲ့၊ အဆင်ပြေသလောက်ပဲတဲ့"

"ဘာဖြစ်တာလဲ"

"သူ့အလုပ်ကရော"

"တစ်နေ့က နေခ၊ နင်နဲ့တွေ့ခဲ့တယ်ဆို"

"အေး…ကောင်တစ်ကောင်နဲ့"

မြူမင်း လည်တိုင်မတ်တက်သွားပြန်တာကို နေခသတိထားမိပြန်၏။

"အဲဒါ သူ့ရပ်ဆွေရပ်မျိုးပါ"

"ရပ်ဆွေရပ်မျိုးကို မောင်ခေါ်စရာလား"

ခွန်းက "မောင်" ပြဿနာကို ရှင်းပြရပြန်သည်။

"အဲဒါနောက်ဆုံးပဲ၊ အဲဒီနေ့က ထွက်စာတင်ခဲ့တာ အလုပ်မသွားတော့ဘူး"

"ဘာ"

မြူမင်း အသံကြီးက ကျယ်၏။ ဒီအလုပ်က လခကောင်းသည်။ လခကို အက်ဖ်အီးစီ(F.E.C)နှင့်ရသည်။ သခင့်အဆက်အသွယ်၊ သခင့်အရည်အချင်းနှင့်ဆိုလျှင် ရဖို့မလွယ်ပါ။ ဒီအလုပ်မှာ မြူမင်းက ပတ်သက်ရှု ပတ်သက်ကြောင်းတွေရှိနေသည်။ တစ်ဆင့်တစ်ဆင့်ပြောခိုင်းကာ အလုပ်သွင်းပေးထားတာဖြစ်၏။ ကိုယ်သွင်းပေးထားသည့် အလုပ်တစ်ခုထဲမှ ထွက်စာတင်တာ ကိုယ့်ကိုတောင် အသိမပေးဘူးတဲ့။

သဇင် ရိုင်းတာတော့ မဖြစ်နိုင်ချေ။ တော်တော် ဒုက္ခရောက်သည့် ကျဉ်းထဲကြပ်ထဲမို့ပဲဖြစ်မည်။

“ငါ ထင်တော့ထင်သား၊ သဇင်မျက်နှာပျက်နေတယ်လို့၊ ပြီးတော့…သူ ဝိန်းလဲသွားတယ်၊ ကျန်းမာရေးကောင်းပုံ မရဘူး၊ ခွန်း သူ ဘာဖြစ်တာလဲ နင်တို့မိန်းမချင်းချင်း ရအောင်ကြိတ်မေးလေ”

“သူက နင်တို့နဲ့ လုံးဝမတွေ့ပါရစေနဲ့တဲ့”

“ဘာဆိုင်လဲ၊ ဘယ်မှာလဲ ခွန်း၊ ငါ သွားခေါ်ထုတ်ခဲ့မယ်”

“မလုပ်နဲ့ ကြည်သာ၊ ပေါက်ကွဲသွားလိမ့်မယ်၊ သူ့ခံစားမှုက အရမ်းပြင်းထန်နေတယ်၊ သူ့ကိုယ်သူ တစ်ခုခုလုပ်လိုက်မှာတောင် စိုးရိမ်ရတယ်၊ အနာတကျတုန်းမှာ ဆေးမနိုင်ဘူး…

“အနာအရှိန်သေမှ ဆေးကုလို့ရမယ့်ပုံပန်းကွာ၊ ငါ သဇင့်ကို အရမ်းသနားတာပဲ”

“နင်က ဘာဖြစ်တယ်လို့ထင်လဲ”

“ငါ ထင်တယ်…၊”

ခွန်းက နှုတ်ဆွံ့နေပြန်၏။ ယောကျ်ားအုပ်စုကလည်း စိတ်ပူပန်လှပြီ။

“ငါထင်တာကို ပြောတာပဲ၊ အတိအကျတော့ မဟုတ်ဘူးပေါ့နော်၊ ကာယကံရှင်ကမှ ဖွင့်မပြော



တော့ အထင်ပဲ ရှိတယ်”

“အေးပါ…နင် ထင်တာကိုပြော”

“အထင်ဆိုပေမယ့် မှန်ဖို့ရာနှုန်းများမှာပါ”

“ပြောပါဆို”

“သဇင့်မှာ ကိုယ်ဝန်ရှိနေပြီ”

“ဘာ”၊ “ဟင်”၊ “ဟယ်” ဆိုသော အာမေဍိတ်မျိုးစုံက ယောကျ်ား၊ မိန်းမ အားလုံးထံမှ ထွက်ပေါ်လေ၏။

“တောက်…”

နေခထံမှ ဒေါသသံအရှင်ဆုံး ထွက်လာသည်။ နေခမျက်ဝန်းတွေက မြူမင်းပေါ်သို့ ဝဲခနဲကျ၏။ မြူမင်းက ဘာရယ်မဟုတ် နေခကို ကြည့်မိနိုက် သူ့အပေါ် စူးထိုးစိုက်နက်ထားသော အကြည့်ကြီးနှင့်ဆုံ၏။ မြူမင်း ဝေခွဲမရစွာ မျက်မှောင်ကုပ်၍ ပြန်တော့ကြည့်ပါသည်။ သို့ပေမဲ့ နေခအကြည့်တွေက ခါးသီးထိုးစိုက်လွန်းသည်မို့ မြူမင်းအလိုလိုမျက်လွှာကျရတော့သည်။ နေခကြည့်နေပုံက သူ့အကြည့်ကို မည်သူမျှ ခံစစ်အနေနှင့်တောင် ဖြိုင်မကြည့်ဝံ့ပါ။ အဲသည်လောက်ထိပြင်းထန်၏။ မြူမင်းရင်ထဲ ဒိန်းဒိုင်းခုန်စပြုတော့သည်။

“ယုတ်မာတာ ဘယ်ကောင်လဲ”

“သေချာရဲ့လား ခွန်းရယ်၊ ဒီကိစ္စကြီး…”

“အေး…ဒီလောက်ကြီးကျယ်တဲ့ ပြဿနာကို အထင်နဲ့ ဖြေရှင်းလို့ မရဘူး”

"ရအောင်မေး၊ ဝန်ခံမိုင်းပေါ့"

"နင် ခေါ်မထုတ်ရင်နေ၊ သူရှိတဲ့နေရာပဲ ပြောငါ ရအောင်သွားမေးမယ်"

နေခက စားပွဲခုံကို လက်သီးနှင့်ထိုးသည်။

ဖြစ်မှဖြစ်ရလေ။ သဇင်ဆိုတာ အုပ်စုထဲမှာ အကြင်နာရဆုံး သတ္တဝါမလေးဖြစ်သည်။ သူ့ရုပ်ကလေးက 'ယဉ်'ရုံ၊ သူ့ ကံလေးကလည်း 'ယဉ်'ရုံပဲမို့ လူကိုလည်း လှုလှုချီရုံ၊ ကံကိုလည်း လှုလှုချီရုံဟု မချီးကျူးသာ။ ခုတော့… ကံကြမ္မာက အရုပ်ဆိုးအကျည်းတန်ခဲ့ပြီ။ ဒီလောက်ဆိုးဝါးသည့်ကိစ္စကြီး တစ်ခုကို ခွန်းက အပေါ်ယံရုပ်ရုပ်ကလေး ထင်ရုံနဲ့ ပြောမှာမဟုတ်။ သူ့'အထင်'သည် မှန်ကန်ဖို့ ရာနှုန်းပြည့်နီးပါးမို့သာ အုပ်စုထဲမှာ ချပြောခြင်းဖြစ်ပါလိမ့်မည်။

"ဘယ်လိုလုပ်ကြမလဲ"

နီလာက မျက်ရည်လေးတောင် ဝဲရှာ၏။ သဇင့်ကိစ္စသည် ကိုယ့်ကိစ္စလိုပဲ မဟုတ်လား။

"မနေ့ကများ ငိုလိုက်တာဟယ်၊ တစ်ချီတည်း အသက်ပါသွားမလား ထင်ရတယ်"

သဇင်သည် ပြောရခက်၊ ပြောမထွက်လှန်းစွာ လူးလိမ့်လို့ချည်း ငို၏။ ခွန်း၏အခန်း ပါကေးကြမ်းပြင်ပေါ်မှာ ကျုံ့ကျုံ့ကလေးထိုင်နေရာမှ ရှေ့သို့ပြိုလဲငိုက်ကျသွားရှာသည်။ ကုန်းရုန်းထရှာသည်။ လှုပ်ရှားယိမ်းထိုးမှုတိုင်းမှာ သည်းထန်





စွာ ငိုကြွေးလျက် လူက အသက်ရှုရပ်မလောက် ဖြစ်လာ၏။ အသက်ရှုရ ခက်ခဲလာပုံနှင့် ငိုရင်းက လည်တိုင်လေး ဆော့၍ အသက်ရှုရှာသည်။ "သေချင်တယ်"ဘယ်လိုပြောပြော၊ တကယ်လည်း သေချင်နေချိန်မှာ သေဘေးနှင့် ရင်ဆိုင်ရသလိုဖြစ်တော့လည်း လွတ်လမ်းလေးကို ကြိုးစားမိသည်သာ။ ကိုယ်ကိုဘယ်လိုမှ မတ်မထားနိုင်သည့်အခါတွင် ကြမ်းပေါ်မှာ တုံးလုံးလှဲချပစ်လိုက်တော့သည်။

"ငါမိုက်တယ် ခွန်းရယ်၊ သိပ်မိုက်တယ်၊ မည်သူမပြု မိမိမှုပါ၊ငါတို့မိသားစုဟာ တိုမြို့လေးမှာ နာမည် ကောင်းလေးတစ်လုံးနဲ့ ရပ်တည်ခဲ့တာပါ၊ တစ်ချို့ မိဘတွေဆို သူတို့သားသမီး ဆယ်ကျော်သက်တွေကို ငါ့ကို လက်ညှိုးထိုးပြပြီး အားကျခိုင်းတာ၊ ငါ ဘွဲ့ရလာတယ်ဆိုတာက အနေချောင် အစားချောင်နဲ့ ရခဲ့တာ မဟုတ်ဘူး၊ ငါ့အဖေဆို ခုနစ်တန်းရောက်တဲ့နှစ်မှာ ကျောင်းထွက်ခဲ့ရတယ်၊ အမေက သုံးတန်း…

"အကြွေးမရှိပေမယ့် မြီးခြံချွေတာလိုက်ရတာ၊ ပြော..မဖြစ်ဘူး၊ ဒီကြားထဲက ငါတို့ မောင်နှမသုံးယောက် လိမ္မာတာ၊ စာတော်တာ စံပြဖြစ်ခဲ့ရတာ ခွန်းရဲ့…

"ငါ ရန်ကုန်ဆင်းလာတော့ ပိုက်ဆံလိုတယ်လဲ

ဆိုရော အလွယ်တကူ ထုတ်ချေးလိုက်ကြတာ၊ ဒါဟာ ငါ့မိသားစုရဲ့ ကိုယ်ကျင့်တရား၊ ငါ့ရဲ့ လိမ္မာကြိုးစားမှုကို ယုံကြည်ပြီး အားပေးကြတာ…

"မိသားစုကို ဘယ်တော့လာခေါ်မလဲလို့ ရန်ကုန်ဆင်း အခြေချချင်တဲ့သူတွေ အားကျ မျက်လုံးတွေနဲ့ စောင့်ကြည့်နေကြတာ၊ ခွန်းရဲ့…အခု ငါမြို့ကို မပြန်ရဲတော့ဘူး၊ မိသားစုကို မခေါ်နိုင်တော့ဘူး၊ ဘယ်သူမှ မသိတဲ့ နေရာကို သွားပြီး ငါ့ အရှက်ထုပ်ကို ဖြေရမယ်…

"ဒါကို အမေသိရင် ရင်ကျိုးပြီး သေမယ်၊ အဖေသိရင် ရင်ဆို့ပြီး သေမယ်၊ မောင်လေးက မျက်နှာမဖော်ရဲအောင် ရှက်ရမယ်၊ ညီမလေးကိုလဲ လူရှိသေ ရှင်ရှိသေ ရှိမှာမဟုတ်တော့ဘူး…

"သူ့အစ်မ ရန်ကုန်ဆင်းပြီး အလုပ်ရှာတော်လိုက်ပုံက အရှက်ထုပ်ကြီး ပိုက်လို့ပြန်လာခဲ့ပါရောလား ပြောကြတော့မယ် ခွန်းရဲ့…

"ငါ ဘယ်မျက်နှာနဲ့ ပြန်ရမှာလဲ၊ ငါ့သတင်းကြားရင် အဖေနဲ့အမေ တစ်ယောက်ယောက် သေမှာ၊ တကယ်လို့ ငါထွက်သွားရင် ငါ့အိမ်ကို အဆင်ပြေအောင် နှင် တစ်နည်းနည်း စီစဉ်ပေးပါဦး…

"အဖေတို့အမေတို့ရဲ့ အသိမှာ ငါရန်ကုန်မှာ





အလုပ်လုပ်ပြီး ပိုက်ဆံစုနေတယ်ပဲ ဖြစ်ရှာပါစေ၊ ကူညီပါ ခွန်းရယ်၊ ကူညီချင်ရင် အဲဒါတစ်ခုလုပ်ပေးပါ၊ ငါ ရောက်ရာအရပ်က စာရေးပြီး ပို့မယ်၊ နှင်က ငါ့စာကို ငါ့မိဘတွေဆီ ပြန်ပို့ပေးပါ၊ ငါ့ကို ကူညီပါခွန်းရယ်၊ ငါ သေချင်ပါတယ်၊ လက်တွေ့ကျတော့လဲ မသေရဲဘူး"

ငိုရင်းပြော ပြောရင်းငို ရှိုက်၍ရှိုက်၍ ပြောရသည့် စကားလုံးတွေက မပီသ။ လူက ဆောက်တည်ရာမရ ိုင်း ကြမ်းပေါ်လူးလိမ့်။ ခွန်းခမျာ ကြံရာမရတိုင်း သူ့ပါ ော၍မျက်ရည်ကျကာ ဘာတစ်ခွန်းမှတောင် ဝင်မပြောနိုင် အောင် ဖြစ်ခဲ့ရလေတော့သည်။

ခွန်းက အဲဒါတွေကို ပြန်ပြောပြသည်။

"အရှက်ထုပ်ဆိုတဲ့ စကားလုံးက ကိုယ်ဝန်ကို ရည်ညွှန်းတာပဲ ဖြစ်မယ်"

"မေးကြည့်လိုက်ပါလား၊ တစ်ခါတည်း သေချာသွားအောင်"

"ပါးစပ်က မထွက်ဘူး နီလာရဲ့၊ သဇင် နှင် ကိုယ်ဝန်ရှိနေလား၊ ဘယ်သူနဲ့လဲ၊ ကာယကံရှင်က မယူဘူးလားလို့ မေးဖို့ မထွက်ဘူး၊ သူကလဲ ပွင့်ပွင့်မှ မပြောတာ"

"ငါတို့ ဝိုင်းမေးမယ်"

"နင်တို့နဲ့ မတွေ့ပါရစေနဲ့တဲ့၊ ဒီမနက်လဲ အစောကြီးထငိုတယ်၊ ညကလဲတစ်ညလုံးမအိပ်ဘူး"

"ဒီကိစ္စအမှန်တကယ်ဆိုရင် ကာယကံရှင် ရှိရမှာပေါ့ဟ၊ ကာယကံရှင်က အကျင့်ယုတ်နေလား"

နေခက စိတ်ဆိုးမာန်ဆိုး ဝင်ပြောသည်။

"နေပါဦး၊ သဇင် ဒီအလုပ်ထဲဝင်တာ တစ်နှစ်နီးပါးရှိပြီနော်"

"အင်း…ဆယ့်တစ်လတဲ့"

"ဒီကြားထဲမှာ သဇင်ရည်းစားရတယ်လို့ သတင်းကြားလား"

"မကြားမိဘူး၊ ရရင်ပြောမှာပေါ့၊ တစ်လတစ်ခါ တွေ့နေကျပဲ"

"နင်တို့ သတိထားမိလား၊ ငါတော့ ငါတို့ဆုံတဲ့အခါတိုင်း သဇင်ပျော်ပျော်ရွှင်ရွှင် မရှိတာ သုံးလေးလလောက်ရှိပြီထင်တယ်"

"ပြန်တွေးတော့ ဟုတ်သလိုပဲ၊ သြော်…ပြီးတော့ ညက အန်တယ်၊ ဘာမှ မပါဘူး၊ လေတွေပဲ၊ မနက်ကလဲ အစောကြီး ထအန်နေသေးတယ်၊ မူးနောက်လဲ နေတာပေါ့ဟာ၊ ဆရာဝန်ပြမှ ဖြစ်တော့မယ်၊ ငါ ဒီနေ့ နင့်တို့နဲ့ တိုင်ပင်ပြီးရင်…"

"စောင့်စရာလား၊ စောစောစီးစီး ခေါ်ပါလား"



"ကောင်းတယ်၊ ဆရာဝန်ပြလိုက်ရင် ရှင်းသွားမယ်၊ အိုဂျီနဲ့ပြကြည့်ပါ"

"အိုဂျီက အိမ်လိုက်မလား၊ ဆေးခန်းကိုပဲ သွားရမှာ၊ ဆေးခန်းခေါ်တော့လဲ မသွားဘူးတဲ့"

"ဆရာဝန်မတစ်ယောက်ယောက်ပင့်ကွာ"

"အဲဒါတွေ ငါတို့မိန်းမတွေ လုပ်ပါ့မယ်၊ နင်တို့ယောကျ်ားလေးတွေက သိပ်ပြီး ဝုန်းဒိုင်းကျဲ မပြနဲ့၊ နည်းနည်းပါးပါး ထိန်းဦး"

"သဇင်ဘယ်သူနဲ့ တွဲတာတွေ့လဲ"

"ဘယ်သူနဲ့မှ မတွဲဘူး၊ မတွေ့မိဘူး၊ တစ်နေ့က နင်တွေ့လာတာ သဇင့်ဘေးမှာ ယောကျ်ားသူစိမ်းတစ်ယောက်နဲ့ဆိုတဲ့ ပထမဆုံး သတင်းပဲ"

"မြူမင်း"

နေခ ခေါ်သံကြောင့် မျက်လွှာခပ်ချချနှင့် ဘာတစ်ခွန်းမျှ ဝင်မပြောဘဲ ထူးခြားတိတ်ဆိတ်နေသော မြူမင်းက သန့်ဖြန့်မော့ကြည့်သည်။

"မင်းက အိမ်ချင်းလဲ နီးတယ်၊ သဇင့်ဆီလဲ ခဏခဏ ရောက်တယ်၊ မင်းတို့ မုန့်ထွက်စားကြဘာညာ ဟိုသွားဒီလာ ရှိတယ်၊ သဇင်က မင်းအိမ်မှာလာပြီး တစ်နေကုန်နေ၊ စားသောက်ပြီး ကွန်ပျူတာ ရိုက်တယ် မဟုတ်ဘူးလား"

မြူမင်း မျက်နှာငယ်လေးနှင့် ခေါင်းညိတ်လေ၏။

"မင်းနဲ့ဒီလောက်တွဲနေတာ မင်း မသိဘူး လား၊ သဇင့်အကြောင်း"

"မသိဘူး"

"မင်း ဖွတ်ခံမငြင်းနဲ့၊ သဇင်တစ်ခုခုဆို..."

"ဘာဆိုင်လဲ"

နေခဆိုလိုရင်းကို အားလုံးသဘောပေါက်သွားကြတော့သည်။ မျက်ဝန်းတွေ အားလုံးက မြူမင်းပေါ်သို့ စုပြုံကျရောက်ပြန်သည်။ ပထမတော့ ရိုးရိုးသားသား ကြည့်ကြသည်။ ကြည့်ရင်းက အကြည့်တွေ ပူလောင်လာ၏။ ဟုတ်နိုးနိုးအထင်မှာ ဟုတ်သလောက်နီးပါး ယုံကြည်သွားကြပုံဖြင့် အကြည့်တွေ ခက်ထန်လာကြသည်။ သူငယ်ချင်းချင်းမို့...ဟူ၍ မြူမင်းသာ သဇင့်အပေါ် ကောက်ကျစ်ယုတ်မာလျှင် ခွင့်လွှတ်နိုင်ကြမည် မဟုတ်ပါ။

"သဇင်ဟာ တို့အုပ်စုထဲမှာ သနားစရာအကောင်းဆုံး၊ ဒီတော့ သဇင်ဒုက္ခရောက်အောင် လုပ်တဲ့ သူဟာ ဘယ်သူဖြစ်ဖြစ် ငါ ခွင့်မလွှတ်ဘူး၊ ငါ့ အဖေဆိုရင်တောင် ခွင့်မလွှတ်ဘူး"

"နေခဥပမာပေးတဲ့ထဲမှာလူကြီးမပါစေနဲ့လေ"

"သဘောကိုပြောတာပါ၊ ငါတို့ အုပ်စုမှာ ယောကျ်ား ခြောက်ယောက်ရှိတယ်၊ ဒီထဲက တစ်



ယောက် ယောက်ဆိုလဲ ငါ ခွင့်မလွှတ်ဘူး"

ရော်...ခက်ရချည့်။ နေခ ဒေါနှင့်မောနှင့် တစ်ခွန်းပြောတိုင်း မျက်ဝန်းတွေက သူတို့အချင်းချင်းတော့ မကြည့် နေခ တစ်လှည့် မြူမင်းတစ်လှည့်ချည်း ကြည့်ကြသည်။ နေခကလည်း မြူမင်းကိုပဲ ကြည့်ပြောနေသည်။ မြူမင်း စိတ်ရှုပ်နောက်ကျိ အနေခက်လာတော့သည်။

"မြူမင်း မင်းဟာ ငါတို့အဖွဲ့ထဲကို နောက်ဆုံးမှ ရောက်လာတဲ့ကောင်ပေမယ့် ငါတို့အားလုံး မင်းကို ငယ်ပေါင်းတွေနဲ့တန်းတူခင်တယ်၊ မင်းဟာ ငါတို့ရဲ့သူငယ်ချင်းပဲ"

"အဲဒါဘာဖြစ်လဲ"

မြူမင်း ဒေါသထွက်စပြုလေ၏။

"မင်းမှာ အပြစ်ရှိရင် ဝန်ခံပါ၊ တာဝန်ရှိရင် အဲဒီတာဝန်ကို ယူပါ"

"နေခ...ဘာစကားပြောတာလဲ"

မြူမင်းက ဝုန်းခနဲထရပ်သည်။နေခကလည်းရပ်၏။

"မင်းက ဘာကိုရည်ရွယ်ပြီး ပြောတာလဲ၊ ဘာဖြစ်လို့ ငါ့ကိုချည်း ကြည့်ပြောနေတာလဲ၊ ကျန်တဲ့ကောင်တွေနဲ့ မိန်းမအုပ်စုကရော ဘာဖြစ်လို့ ငါ့ကိုချည်း ဝိုင်းကြည့်နေကြတာလဲ..."

"မင်းတို့ အချိုးက ဘာအချိုးလဲ၊ နောက်ဆုံး

မှ အဖွဲ့ထဲရောက်လာတဲ့ ကောင်ဆိုပြီး ရှိသမျှ ချေး
ပုစွန်ဆိပ်ခေါင်းပုံချသလို လုပ်ချင်တာလား၊ ရှင်း
ရှင်းပြော"

"အေး…ပြောမယ်၊ ငါကလဲ ရှင်းချင်နေတာ
ကြာပြီ၊ အခု…ခွန်းက သဇင်ကိုယ်ဝန်ရှိနေတယ်
လို့ ထင်တယ်၊ ငါတို့အားလုံးလဲ ထင်တယ်၊ မင်း
ရောထင်လား"

"သူ့စကား အသွားအလာအတိုင်းဆိုရင် ထင်
စရာပဲ၊ ထင်တယ်"

"ဘယ်သူနဲ့လို့ထင်လဲ"

"ဘယ်သိမလဲ"

"ငါက မင်းနဲ့လို့ထင်တယ်"

"နေခ မင်းငါ့ကို ရန်မစနဲ့"

"မစဘူး၊ ထင်ရတဲ့အကြောင်းကို ပြောမယ်၊
ငါတို့အုပ်စုထဲကို မင်းရောက်လာတာကိုက သဇင်
နဲ့ပတ်သက်ပြီး ရောက်လာတာ"

"ဒါဆန်းလား၊ သဇင်ကိုယ်တိုင် ခွန်းနဲ့ ပတ်
သက်ပြီး ရောက်လာသေးတာပဲ"

"ဟိုက မိန်းမချင်း၊ မင်းကိုငါက တဖြည်း
ဖြည်းမှခင်လာပေမယ့် တွေ့တွေ့ချင်းတုန်းက နည်း
နည်းလေးမှ ကြည့်မရဘူး"



"ငါကလဲ ကြည့်မရပါဘူး"

"အရေးမပါလိုက်တာ"

"မင်းကြည့်မရတာလဲ ငါက နေပူလို့ ချွေး
ထွက်သလောက်တောင် စိတ်ထဲ မထားဘူး"

"နင်တို့ကလဲဟယ် အရေးထဲမှာ တော်ကြစမ်း
ပါ၊ စည်းလုံးရမယ့်အချိန်မှာ ရန်ထဖြစ်တယ်၊ တစ်
ယောက်နဲ့တစ်ယောက် ကြည့်မရဘူးတွေဘာတွေ
ဖြစ်ကုန်ပြီ၊ငါတို့အဖွဲ့က စည်းလုံးတဲ့ အဖွဲ့ပါဟယ်၊
ရန်ဖြစ်တဲ့အဖွဲ့ မဟုတ်ပါဘူး၊ မြူမင်း ထိုင်၊ နေခ
လဲ ထိုင်၊ ဝဏ္ဏ နေခကို ဆွဲချ"

အိမ်ထောင်သည်ဖြစ်နေပြီမို့ အားလုံးထဲမှာ အတည်
ငြိမ်ဆုံး အရင့်ကျက်ဆုံးလိုဖြစ်နေသော ရူပါဝင်းက လူကြီး
စကားဝင်ပြောကာ သူနှင့်သားချင်းယှဉ်လျက်ရှိသော မြူမင်း
ကို ဖွတ်ဆွဲချ ထိုင်ခိုင်းသည်။ မိန်းမအုပ်စုက တစ်ယောက်
တစ်ပေါက်ဝင်ပြောကာ ဖြန်ဖြေ၏။ စည်သူနှင့်ကျော်ဦးက
လည်း နေခကို မျက်နှာရိပ် မျက်နှာကဲပြ၍ ရန်မဖြစ်ဘို့
တားသည်။ နေခနှင့်မြူမင်းတို့က ဖြစ်ချင်တော့ ထမင်းစား
စားပွဲမှာ ထိုင်မိနေတာကိုက မျက်နှာချင်းဆိုင်လေ။

"ငါက မင်းကို ကြည့်မရလို့ ပြောတိုင်း မင်း
ဘက်က အမြဲဖေးမပြောတာ သဇင်ပဲ"

"အဖွဲ့ထဲမှာ မိန်းမလို မိန်းမရ ကွယ်ရာ အတင်း

ပြောတတ်တဲ့ကောင်ရှိမှန်းသိရင် အစကတည်းက ဒီအဖွဲ့ထဲကို ငါ မဝင်ဘူး"

"ခု ထွက်ပါလား"

"မြူမင်း နင်ကလဲ ဒီလိုသွေးကွဲစကား စ,မ ပြောနဲ့"

"နေခက ပြောနေတာတွေကျတော့ ကောင်းလား"

"နေခကလဲ ဆင်ခြင်ပြောပါဟယ်"

"အဲဒါတွေက ခုမှပြန်ပြောဖြစ်ပေမယ့် ပြီးခဲ့ပြီ၊ မြူမင်းကို ငါ ဘယ်တုံးက ရန်စခဲ့ဖူးလဲ"

"အေးပါ၊ ဟုတ်ပါပြီ၊ သဇင့်ကိစ္စပဲ ပြောကြရအောင်ပါ၊ ငါတို့ ဘာလုပ်ကြမလဲ"

"သဇင့်ကိစ္စပဲ ပြောမှာ၊ သဇင်ဟာ မြူမင်းဘက်က အမြဲရပ်တယ်၊ မြူမင်းမှ မြူမင်း"

"ဒါနဲ့ပဲ ငါက လူယုတ်မာဖြစ်ရရောလား၊ နေခ…ဒါဆို မင်းဘက်က ဘယ်သူရပ်နေလဲဆိုတာလဲ ကြိုပြောထားဦး၊ သိရအောင်"

"ခွေးစကားမပြောနဲ့ကွ"

"အေးဟယ်…မြူမင်းကလဲ သန့်သန့်လေးနေတဲ့အဖွဲ့ထဲမှာ တွေ့ကရာ ပြောစရာလား"

"ဒီနေ့တစ်နေ့လုံး ငါ တစ်ယောက်တည်း



အပြစ်တွေနဲ့ချည်းလား"

"ဟုတ်ပါတယ်၊ နေခကလဲ လျှော့ပြောပါဟယ်၊ မြူမင်းဘက်က ပါတာ သဇင်တစ်ယောက်တည်း မဟုတ်ပါဘူး၊ ငါလဲ ပါခဲ့တာပါပဲ"

ခွန်းက ဝင်ပြော၏။ မြူမင်းက ခွန်းကို လှည့်ကြည့်သည်။ ရင်ထဲမှာ နာသွားရသည်။ ကြမ်းရှခါးသီးစွာခံစားလိုက်ရသည်။ သြော်…သူတို့ငါ့ကို သူတို့ချင်းချင်းလောက် ခင်မင်ဘဲကိုး ဟုတွေး၏။ ဒါဟာ ငယ်ပေါင်းတွေ မဟုတ်လို့လည်း ဖြစ်နိုင်သည်။ နောက်ဆုံးမှ ရောက်လာသော ဆယ့်တစ်ယောက်မြောက် သူငယ်ချင်းမို့လည်း ဖြစ်နိုင်သည်။ မြူမင်း မရောက်မီက (ရောက်ပြီးတော့လဲအတူတူပါပဲလေ) ယောက်ျားအုပ်စုမှာ နေခက အလိုလိုနေရင်း ခေါင်းဆောင်သို့ ဖြစ်နေသည်။ သူက ဦးဆောင်နေသည်။ ဒါကို အားလုံးကလည်း လက်ခံ၏။

"အရပ်ရှည်ဆုံးမို့ ဗိုလ်လုပ်ပါစေ"ဟု ဖွင့်တောင် ပြောကြသည်။ အဲသည်တုန်းကတော့…

"ခါးရိုးရှည်"၊ "မောင်ထန်းပင်"၊ "ခေါင်းမဆန့်ကြီး" ဟု အမျိုးမျိုးခေါ်ကြသည်။ ဘာပဲဖြစ်ဖြစ် မင်းနေခ၏ သဘောသည် သူတို့ယောက်ျားငါးယောက်လုံး၏ သဘောဖြစ်ခဲ့သည်။ မြူမင်းကိုယ်တိုင်တောင် ဘာတွေရှိန်မိမှန်းမသိ။ မင်းနေခကို ရှိန်၏။ သူ့ကို ဆန့်ကျင်လိုစိတ် မရှိခဲ့။ အထင်

ကြီးတာလည်းပါမည် ထင်သည်။ ကိုယ်တိုင်က သိပ်မထွား ကျိုင်းတာကြောင့် ထွားကျိုင်းရှင်းသန့်သော လူချောကြီးကို အားကျမိတာလည်း ပါမည်။ ခြော်…ကိုယ်ကတော့ သူ့ကို ခင်ခဲ့ရသည်ပင်။

ခုမှ။ ခုလိုအရေးကြုံမှ ကိုယ့်ကွယ်ရာမှာ နေခက "ကိုယ့်ကို "မကြိုက်" ဖြစ်ခဲ့ဖူးမှန်း စကားထဲတောင် ထည့်ပြော မှန်း သဇင်နှင့်ခွန်းတို့က ကာကွယ်ရမှန်းကိုသိရတော့သည်။ မြူမင်း ဝမ်းနည်းနာကျင်စွာခံစားရပါသည်။ ခုလည်း ကြည့် လေ…အုပ်စုထဲမှာ ယောက်ျားတွေ အများကြီးရှိပါလျက် လက် ညှိုးထိုးအပြစ်တင်စရာရှိတော့ နေခက မြူမင်းကိုပဲထင်၏။ ကျန်တဲ့ကောင်တွေကလည်း ထောက်ခံပုံ။ မြူမင်း ယောက်ျား ဆိုသောမာနနှင့် တင်းခံသည့်ကြားမှ ဝမ်းပမ်းတနည်းခံစား ရပါသည်။ ဒီအဖွဲ့ထဲမှာကိုယ့်အတွက်နေရာမရှိပါလား။နောက် ဆုံးမှ ဝင်လာခဲ့ပြီး အရင်ဆုံးပြန် ထွက်သွားရသူဖြစ်တော့မည်။

မြူမင်း ယာယီတွေးနှင့် ခဏငိုင်ပြန်တော့လည်း နေခက မြူမင်းကိုပဲပို၍ မယုံသင်္ကာဖြစ်ရပြန်၏။

"မြူမင်း"

မြူမင်း မော့ကြည့်၏။ စောစောကတော့ ခေါင်းခဝ် ငုံ့ငုံ့အနေအထားမှာ ရှိခဲ့သည်။ ဒီလိုခေါင်းငုံ့ထားခဲ့မိခြင်းဟာ ဘာကြောင့်မှန်း ကိုယ့်ကိုယ်ကို မသိပေမယ့် အများကတော့ "အပြစ်ရှိလို့" ရင်မဆိုင်ရဲစွာ ခေါင်းငုံ့နေတာဟု ထင်ကြ



တော့မှာပဲဆိုတာကို တွေးမိပြန်၏။ ဤအဖွဲ့ထဲမှာ ကိုယ့်အ တွက် နေရာမရှိဆိုသော အတွေးဝင်ကတည်းက မြူမင်း ဒေါသထွက် စိတ်ဆိုးဖို့ထက် နာကျင်ကြေကွဲမှု ခံစားချက် က ပိုနေတော့သည်။

"ငါတို့အိမ်ကို သဇင်တစ်ယောက်တည်း လာ တတ်တယ်ဆိုတာ မရှိဖူးဘူး၊ မင်း အိမ်ကိုပဲ သဇင် ရောက်တယ်၊ တစ်နေကုန်နေတယ်၊ ကွန်မြူတာ ရိုက်တယ်လို့ အကြောင်းပြတယ်"

"တကယ်ရိုက်တာ"

"ရိုက်တာကို မငြင်းပါဘူး၊ မင်းဆီမှာ စား တယ်၊ သောက်တယ်၊ ဝင်တယ်၊ ထွက်တယ်၊ ဒါမျိုး သဇင့်မှာ ဘယ်ယောက်ျားလေးနဲ့မှ အပတ် အသက် အဆက်အဆံ မရှိဘူး…

"မင်းတစ်ယောက်တည်းရှိတယ်၊သဇင့်မှာတစ် ခုခုဆို တရားခံမင်း မဟုတ်ရင် ဘယ်သူဖြစ်မလဲ"

"ဘယ်သိမလဲ၊ သဇင်က ငါ့အိမ်ကို ဝင်ထွက် ပေမယ့် တစ်သက်လုံး နေနေတာမှ မဟုတ်တာ၊ သူ့အဆောင်မှာ သူညအိပ်တယ်၊ အဆောင်မှာ ခွင့် တိုင်ပြီး အောက်ပါစ် (out pass) တောင်းပြီး ည အိပ်လဲထွက်တာပဲ…

"သူ့အလုပ်သူလုပ်နေရသေးတယ်၊ "အဲဒီ

အချိန်တွေမှာရော သဇင်တစ်ခုခု မဖြစ်နိုင်ဘူးလား၊ သဇင့်ဘေးမှာ ငါတစ်ယောက်တည်း ရှိသလား"

"မင်းတစ်ယောက်တည်းရှိတယ်"

"မင်းတို့ကကျတော့ ဘာတွေလဲ၊ ယောကျ်ားတွေ မဟုတ်ကြဘူးလား"

"ခွေးစကားမပြောနဲ့"

နေခ ဝုန်းခနဲ ထရပ်ပြန်၏။ ကုလားထိုင်ကို တွန်း ဖယ်ကာ စားပွဲဝိုင်းအပြင်သို့ ရောက်လာသည်။ မြူမင်းထ လည်း ထရပ်သည်။ ရှပါဝင်းက လှမ်းဆွဲပေမယ့် မြူမင်း ပုတ်ထုတ်ခဲ့သည်။ စားပွဲဝိုင်းပြင်ပမှာ မြူမင်းနှင့်နေခ တစ် ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

"မင်း…သဇင့်ကို လက်ထပ်ရမယ်"

"ဘာလို့လက်ထပ်ရမှာလဲ"

"လူယုတ်မာ"

နေခ ခွပ်ခနဲ ထိုးချလိုက်တော့သည်။

အင်အားချင်းကမဈှပါ။ ဆင်နှင့်ဆိတ်လို ဖြစ် သည်။ ခြောက်ပေတိတိမြင့်သော နေခက အရပ်အမောင်း နှင့် လိုက်ဖက်သော ကိုယ်လုံးကိုယ်ထည်ရှိသည်။ လက် လက်မောင်းတုတ်ခိုင်သည်။ လက်သီးဆုပ်ကြီးသည်။ မြူမင်း က ပုလှသည်မဆိုနိုင်ပြား မမြင့်မားပါ။ ပြီးတော့…ပိန် လက်ဖျံလက်မောင်းသေး၏။ လက်သီးဆုပ်ငယ်၏။ ခွန်အား



ချင်းမှာလည်း မည်သို့မျှ မယှဉ်သာ။ မြူမင်းနောက်သို့ယိုင် သွားသည်။ တစ်လှမ်းနှစ်လှမ်း ဆုတ်ယိုင်ယိုင်ရင်း ဟန်ချက် ပြန်ရကာ သူကလည်း ပြန်ထိုး၏။ နေခက နောက်တစ်ချက် ထပ်အထိုးမှာ မြူမင်း ခွေခနဲ လဲကျသည်။ အဖြစ်အပျက် များက မြန်ဆန်လွန်းသည်မို့ သူငယ်ချင်းတွေက ဆွဲလွှဲသည့် အချိန်မှာ မြူမင်းမျက်နှာ အညိုအမည်း စွဲချေပြီ။ နှုတ်ခမ်း ထောင့်မှာ သွေးစီးကျနေသည်။

မြူမင်း အထိနာသည်။ နေခကကျတော့ မြူမင်း အထိုးအကြိတ်တို့က သူ့ကိုယ်ပေါ် ပန်းပွင့်ကြွေသလောက် ပဲ ရှိ၏။

"နေခ ကိုယ့်အချင်းချင်း ဒီလောက်လုပ်ရ သလား"

မိန်းမအုပ်စုက နေခကို ရန်တွေ့၏။ ယောကျ်ား အုပ်စုကလည်း ခုလိုဆိုတော့ နေခကိုပဲ အပြစ်တင်သည်။

"မင်း လွန်တယ် နေခ"

နေခက ရန်စောင်ဆဲ။ မြူမင်းက အံကြိတ်ထား သည်။ နေခကို ကမ္ဘာမကြေရန်ညှိုးဖြင့် စိုက်လိုက်မတ်တပ် ကြည့်နေသည်။

"မင်း သဇင့်ကို လက်ထပ်မယူရင် မင်းကို ငါ သတ်မယ်"

"ငါမှ တရားခံမဟုတ်တာ ဘာလို့ယူရမှာလဲ"

"မင်းပဲရှိတယ်၊ မင်းကလွဲရင် ဘယ်သူမှ မဖြစ်နိုင်ဘူး"

"ဒီအဖွဲ့ထဲမှာ ငါတစ်ယောက်တည်း လူယုတ်မာ၊ မင်းတို့တွေက သူတော်ကောင်းတွေလား"

"ဟုတ်တယ်"

နေခက ဒေါသဖြင့် မိုးမွှန်နေ၏။ မြူမင်း နာကျည်းလွန်းစွာမုန်းမျက်၏။

"တော်ကြစမ်း နေခ၊ နင်ကလဲ အထင်နဲ့တင်၊ ကိုယ့်အချင်းချင်း ဒီလောက်လုပ်ရသလား၊ ဒီမှာ နင်တို့နေခဲ့ကြ၊ သစင့်ကို ငါတို့သွားမေးမယ်..."

"ဒီမှာ ဝဏ္ဏ၊ စည်သူရော၊ ကျော်ဦးရော နေခနဲ့မြူမင်း နောက်ထပ် ထပ်ထိုးကြကြိတ်ကြရင် နင်တို့ကို အရင်ဆုံးသေခန်းဖြတ်မယ်..."

"နင်တို့ နိုင်အောင်ထိန်း၊ ဒီမှာ နေခ နင်နောက်တစ်ခါ မြူမင်းကို ထပ်ထိုးရင် နင်နဲ့ငါနဲ့ သေခန်းဖြတ်၊ မဖြတ်ဘဲ ပြန်ခေါ်မိရင် ငါသွေးအန်ပြီး သေပါစေလို့ ကိုယ့်ကိုယ်ကို ကျိန်တယ်"

"ဟာ...ခွန်းရာ ဘာတွေလျှောက်ပြောနေတာလဲ၊ နင် ဘယ်တုံးက ကျိန်ဖူးလို့လဲ"

ဝဏ္ဏက စိတ်ပျက်ညည်းညူရင်း နေခကို ဆွဲထိုးချင်စိတ်ပေါက်နေသည်။ ကျော်ဦးက မြူမင်းနားလာထိုင်



သည်။ ယောက်ျားချင်းဆိုတော့...

"ဘယ်ထိသွားလဲ၊ သိပ်နာနေလား၊ ငါ သွေးသုတ်ပေးမယ်" ဆိုတာမျိုး ပြောလို့မရ။ ဘာပြောရမှန်းလည်း မသိ။ နေခ လွန်သည်ဟု အသိအမှတ်ပြုကာ နေခကိုပဲ ကြိတ်ဆဲကြတော့သည်။ မိန်းမသားအုပ်စုက နောက်ဖေးဘက်သို့ ဝင်သွားသည်။ ချက်ချင်းပဲ ကမန်းကတန်း ပြန်ထွက်လာကြတော့သည်။

"သွားပြီ...မရှိတော့ဘူး"

"ဘာဖြစ်တယ်"

"သစင်ထွက်သွားပြီ၊ ဒီမှာ စာရေးပြီး မီးဖိုထဲက ကောင်မလေးကို ပေးခဲ့တယ်၊ နင်တို့က ထသတ်နေကြတော့ ကောင်မလေးကလဲ ဘယ်လာပေးရဲမလဲ၊ ဒုက္ခပါပဲဟယ်"

နေခ စာကို ဖွင့်ဖတ်၏။

သူငယ်ချင်းများအားလုံး ထင်တာမှန်ပါသည်။ မိန်းမသားဘဝ၏ အဆိုးဝါးဆုံးသော ဒုက္ခ၊ အရှက်တကွဲအကျိုးနည်း ဖြစ်ခဲ့ရပြီ။ နှုတ်ဆက်ခဲ့ပါသည်။ ငါ့ကို ရက်စက်နိုင်သူ နာမည် မပြောခဲ့သည့်အတွက် ခွင့်လွှတ်ပါ။

စာက တို၏။ ခေါင်းစဉ်မပါသလို လက်မှတ်လည်း ထိုးမထားပါ။ သို့ပေမဲ့ သစင့်လက်ရေး၊ သစင့်စာဖြစ်၏။

နေခက စာကို မြူမင်းရှေ့ပစ်ချလိုက်သည်။ မြူမင်း
ကောက်ဖတ်၏။

"တွေ့တယ်မှုလား၊ သူငယ်ချင်းတွေ ထင်တာ
မှန်တယ်တဲ့"

"မင်းတို့က စိုက်ကြီးတယ် ထင်တာကို မှန်
တယ်ပြောသွားတာနေမှာပေါ့၊ စာထဲမှာ ငါ့နာမည်
ပါလို့လား"

"နာမည်မပြောခဲ့တာ ခွင့်လွှတ်ပါဆိုကတည်း
က သူစိမ်းမဟုတ်လို့ပေါ့"

မြူမင်း ခေါင်းခါလိုက်သည်။ သူ့ဆံပင်ရှည်
အလယ်ခွဲက ဘေးသို့ကားခနဲ ယမ်း၏။ ယောက်ျားဖြစ်ပြီး
ဆံပင်ရှည်ထားပုံကစလို့ နေခ ကြည့်မရ။ မြူမင်းက စာကို
စားပွဲပေါ်တင်သည်။ မတ်တတ်ပြန်ရပ်သည်။

"ငါ သွားတော့မယ်၊ ငါ့ကို အဖွဲ့ထဲက ထုတ်
လဲခံရုံပဲ"

"မြူမင်း မင်းကို ငါတစ်သက်လုံးခွင့်မလွှတ်
ဘူး"

"ငါကလဲ ခွင့်မလွှတ်ပါဘူး နေခ၊ သခင့်ကို
မတွေ့တွေ့အောင် လိုက်ရှာပြီး မင်းလက်ထပ်လိုက်
ပေါ့"

"ချေးလိုကောင်က ချေးကျင့်ချေးကြဲ…ကြဲသွား



မှတော့ မင်း ပြောသလိုလုပ်သင့်ရင်လဲလုပ်ရမှာပဲ"

မြူမင်း အိမ်ထဲမှ ထွက်ခဲ့သည်။ အိမ်ရှင်ခွန်းနှင့်
ခဲ့က မြူမင်း…မြူမင်းဟု လိုက်ခေါ်၏။ စည်သူက ကမန်း
တန်း ထလိုက်ကာ မြူမင်းလက်ကို ဆွဲသည်။ လက်က
ေး:က နူးညံ့လှပါဘိ။ ဘာတစ်ခုမျှ ပင်ပင်ပန်းပန်း မလုပ်
ဖူးသော အလိုလိုက်ခံတစ်ဦးတည်းသော သူဌေးသားမို့
ကော်ဖဝါးပြင်က မွတ်မွတ်ညက်၏။ ဒီလိုပျော့ညံ့ပုံမျိုးနှင့်
ခ ထိုးကြိတ်တာ ခံလိုက်ရတော့ မြူမင်း ဘယ်လောက်
ထိနာသွားမလဲတွေးကာ သနားလိုက်မိသည်။ အိမ်သို့ တွဲပို့
မလားမေးလျှင်လည်း စော်ကားရာ ရောက်နိုင်သည်။
ယောက်ျားဆိုတာက ယောက်ျားမာနနှင့် မဟုတ်လား။

"သွေးတွေဆူပြီး ပေါက်ကွဲနေကြချိန်မှာတော့
လူချင်းခဏခွဲတာ ကောင်းပါတယ်၊ ဒါပေမဲ့ မင်း
ကို ငါတို့အဖွဲ့ထဲက မထုတ်ဘူး၊ သဘောပေါက်"

မြူမင်း တစ်ခွန်းမျှ ပြန်မပြောခဲ့ပါ။ ကားပေါ်တက်
ကာ မောင်းထွက်သွားပုံက မြူမင်းတစ်သက်တာမှာတော့
အကြမ်းတမ်းဆုံးပါပဲ။

## အခန်း ( ၅ )

သူငယ်ချင်းတွေက 'နေခ' လွန်သည်ဟု ပြောကြသည်။

"ပါးစပ်နဲ့ပြောရမယ့်ကိစ္စမှာ လက်ပါတာဘယ်ကောင်းမလဲ၊ ပြီးတော့…မြူမင်းက ယောကျ်ားသာဆို မိန်းမသာသာပဲ ရှိတာ၊ ဒါတောင် ခုခေတ်မိန်းမတချို့ ငါးပေဆယ်လက်မတွေ ဘာတွေဖြစ်နေတော့…

"မြူမင်းထက် ပိုထွားကျိုင်းနေပြီ၊ မြူမင်းက ပိန်လဲ ပိန်တယ်၊ ကျန်းမာရေးကလဲ ပြည့်စုံလှတယ် မဟုတ်ဘူး၊ ဒီလို သူငယ်ချင်းမျိုးကို သွေး



ထွက်သံယိုထိ ဖြစ်ရတာတော့ မကောင်းဘူးပေါ့ကွာ" တဲ့။

မိန်းမအုပ်စုက မနက်ဖြန် မြူမင်းအိမ် သတင်းမေးသွားမည် ပြောနေကြသေးသည်။

"ဟဲ့…ဒါမျိုး သတင်းမမေးရဘူး၊ ယောကျ်ားချင်း ထိုးကြိတ်တာ သွေးထွက်သွားတဲ့သူနောက်လိုက်ပြီး သတင်းမေးတယ်ဆိုတာ စော်ကားရာရောက်တယ်"

"ဟင်…နင်တို့အယူအဆကလဲ တစ်မျိုးပဲ"

ကျော်ဦးက ပြော၍ ခွန်းတို့တွေ အံ့သြရသေးသည်။

"ယောကျ်ားနဲ့မိန်းမဟာ ဘယ်တော့မှ အတွေးမတူဘူး၊ ယောကျ်ားချင်းဖြစ်တဲ့ကိစ္စမှာ ယောကျ်ားတွေးမှန်တယ်၊ နင်တို့မိန်းမတွေးက မှားတယ်၊ လိုက်မသွားကြနဲ့…

"မြူမင်းက ထွက်တွေ့မှာလဲမဟုတ်ဘူး၊ နင်တို့ကရော အိပ်ခန်းထဲထိလိုက်ပြီး သတင်းမေးလို့ဖြစ်မလား၊ ဆဲမလွှတ်ရင် ကံကောင်း"

စည်သူက တားၡ်လက်ခံလိုက်ရပေမယ့် မိန်းမတွေရင်ထဲမှာတော့ အစာမကြေပါ။ ထိုနေ့က သခင်နှင့်မြူမင်းတို့ လုံးဝမစားမသောက်ဘဲ ပြန်ထွက်သွားကြသည်။ ကျန်ရှစ်ယောက်မှာတော့ ခွန်းကြိုးစားပမ်းစား လုပ်ထားရသော

အစားအသောက်တွေကို အားနာပါးနာနှင့်သာ စားကြရသည်။ မည်သူမျှ ခံတွင်းမတွေ့ကြပါ။ စားလိုစိတ်ကို မရှိ။ စိတ်မကောင်းဖြစ်နေကြရသည်။

"သဇင့်အတွက်လဲ စိတ်မကောင်းဘူး၊ မြူမင်းအတွက်လဲ စိတ်မကောင်းဘူး၊ နင့်အတွက်လဲ စိတ်မကောင်းဘူး နေခ…

"တေဇာက ဒီမှာမရှိတော့ နင်တို့သုံးယောက်အတွက် ကျန်တဲ့ခုနစ်ယောက်က အားလုံးစိတ်ဆင်းရဲရတယ်"

နီလာက ပြောပြီးမျက်ရည်ကျသည်။ ကျန်သောမိန်းမသုံးယောက်မှာလည်း လိုက်မငိုမိကြအောင်သာ ထိန်းထားရသည် ငိုမိလုလုပါ။ သူငယ်ချင်းအုပ်စုကလေး ဝါးအစည်းပြယ်သလို ဖြစ်မှာစိုးသည်။ မြူမင်းကို သနားသည်။ သဇင့်အတွက်ကတော့ ကြံရာမရကို ဖြစ်ကြရသည်။ သဇင့်ကို လိုက်ရှာဖို့ အားလုံးသဘောတူသည်။ မြူမင်းထံ ဖုန်းဆက်ကြဖို့ အားလုံးသဘောတူသည်။ တူညီမှုနှစ်ခုနှင့် လူစုခွဲလိုက်ချိန်မှာ နေခအသံ လုံးဝပျောက်နေလေတော့သည်။



"ကောင်မလေးတွေ မရှိဘူးပြောလဲ မပြန်ဘူး၊ ပြန်လာတဲ့အထိ စောင့်မယ်တဲ့၊ ညအိပ်စောင့်ရစောင့်ရတဲ့၊ ကားနှစ်စင်းတောင်ပါတာ၊ ကားပေါ်မှာစောင့်အိပ်မယ်တဲ့ဟယ်…ကြီးမေတော့ အံ့တာပဲ"

နေခနှင့်ထိုးကြိတ်ကြပြီးကတည်းက နောက်နေ့မှာ ခွန်းတို့အုပ်စု ဖုန်းလှမ်းဆက်သည်။ အထိုးအကြိတ်ရန်ပွဲအကြောင်းကို လုံးဝစကားမစပ်။ မြူမင်း ဒဏ်ရာအကြောင်းကို သတင်းမမေး။ ထွေလီကာလီပေါက်တတ်ကရများကို စကားရှိ စကားရှာပြီး ပြောနေကြ၏။ မြူမင်းက နားထောင်သမားသက်သက်လုပ်လိုက်သည်။ သူတို့တွေ ရှာကြံပြောရင်း ပြောရာကုန်ကာ အင်း…အဲ ဖြစ်လာတော့မှ မြူမင်းက…

"နင်တို့က ငါ့ကို အဖွဲ့ထဲက မထုတ်သွေးကြောင်း သိစေချင်တာလား၊ အဖွဲ့ထဲကတော့ ထုတ်လိုက်ပြီ၊ ဒါပေမဲ့ နင်တို့ကတော့ ခင်မင်မပျက်ရှိပါတယ်ဆိုတာ သိစေချင်တာလား၊ ရှင်းရှင်းပြော"

ဟု မေးချလိုက်၏။

ခွန်းအိမ်မှ တယ်လီဖုန်းကို အများဝိုင်းပြောလို့ရသော

ခလုတ်ဖွင့်၍ မိန်းမလေးယောက် တစ်ယောက်တစ်ပေါ် ပိုင်းပြောနေရာမှ စကားသံတိတ်သွားရတော့သည်။ တစ်ယောက်နှင့်တစ်ယောက် မျက်စပစ်ပြနေကြမှာကို မြင်ယောင်ရင်း မြူမင်းပြုံးမိသေးသည်။

"ဒီလိုပါဟယ်…သူငယ်ချင်းက သူငယ်ချင်းပါပဲ၊ ငါတို့အဖွဲ့က ဆယ့်တစ်ယောက်လေ၊ ဆယ့်တစ်ယောက်ပြည့်မှလဲ တို့အုပ်စုဟာ ပြည့်စုံပါတယ်…

"အခိုက်အတန့်အားဖြင့် ဒေါသထွက်စိတ်တိုမိကြရင်လဲ ခဏပေါ့၊ အဲဒါပါ၊ နင့်ကို ဘာဖြစ်လို့အဖွဲ့ထဲက ထုတ်ရမှာလဲ၊ မထုတ်ပါဘူး"

"ငါက နေခစကားအရဆိုရင် လူယုတ်မာလေ"

"နင်က မယုတ်မာဘူးလို့ ငြင်းတယ်လေ၊ နင်ငြင်းရင် ငါတို့ယုံပါတယ်"

"နေခက မယုံဘူး"

"နောက်တော့ ယုံသွားမှာပေါ့၊ ဒါတွေ မေ့လိုက်ပါ"

"အင်းလေ…မေ့လိုက်ကြတာပေါ့၊ ဒါပဲမဟုတ်လား၊ ငါကိစ္စရှိသေးလို့ သွားစရာရှိတယ်၊ နင်တို့ ဒီလိုဆက်တဲ့အတွက် ကျေးဇူးတင်ပါတယ်"





ဟု ပြောဖြစ်ခဲ့ကြသည်။ ဒီနောက်ပိုင်းမှာ…

"အဲဒီအုပ်စုဖုန်းဆက်ရင် ကျွန်တော်ဘယ်တော့မှ မရှိဘူးကြီးမေ"

ဟု မှာထားလိုက်သည်။

မြူမင်းကို သူ့မိခင်က မွေးရုံသာ မွေးရသည်ဟုဆိုရပါမည်။ ကြီးမေက မေမေ့အစ်မရင်း အပျိုကြီးမို့ မြူမင်းကလေးကို တုန်နေအောင် ချစ်သည်။ မေမေသည် နို့တိုက်ရုံခဏယူချီသည်မှလွဲ၍ ကျန်အချိန်များမှာ မြူမင်းက ကြီးမေလက်ပေါ်မှာချည်း ကြီးပြင်းခဲ့ရသည်တဲ့။ မြူမင်း ရန်ကုန်ပြောင်းနေမည်၊ မိုးကုတ်မှာ မနေချင်တော့ဆိုတော့လည်း ကြီးမေသည်သာ ကောက်ကောက်ပါခဲ့သည်။ မေမေကဟိုက စီးပွားရေးကို ပစ်ထားလို့ မရသည်မို့ မလိုက်နိုင်။ ရန်ကုန်က စီးပွားရေးအတွက်ကျတော့ ဖေဖေက မကြာခဏရန်ကုန်ဆင်းသည်။

ဤခြံနှင့်ဤတိုက်ကို ဖေဖေရန်ကုန်ဆင်းသည့်အခိုက်နေဖို့၊ မိုးကုတ်မှာ မနေချင်တော့သော မြူမင်း ရန်ကုန်မှာနေဖို့ ဝယ်ခြင်းဖြစ်သည်။ ခုချိန်မှာ ဖေဖေရှိမနေသော အချိန်မို့ တော်သေး၏။ ဖေဖေသာရှိနေလျှင် ဖေဖေ့ကို မြူမင်းလိမ့်ချင်သလိုလိမ့်၍မရ။ ယုတ္တိမရှိလျှင် ဖေဖေက ယုံကြည်မှာ မဟုတ်ချေ။ ကြီးမေကြီးကတော့ မြူမင်းပြောလျှင် တစ်ခွန်းပါပဲ။ ယုတ္တိရှိရှိ မရှိရှိ မြူမင်းက ယုံပါဆိုလျှင် ယုံလိုက်

ဓ ဓ တ န ၁ ဓ ၁ ဓ ယ

သည်။ မြူမင်း မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ မြူမင်းဘက်မှ လုံးဝရပ်တည်သည်။ မြူမင်းချစ်ခင်သော သူသည် ကြီးမေအတွက် အထူးအခွင့်အရေးပေးရမည့် ဧည့်သည်ဖြစ်၏။ မြူမင်းအလိုမရှိ၊ မခင်မင်သောသူသည် ကြီးမေလုံးဝလှည့်ကြည့်စရာ မလိုသော ဧည့်သည်ဖြစ်သည်။ မြူမင်းမုန်းသောသူသည် ကြီးမေအတွက် အကြီးမားဆုံးသော ရန်သူတည်း။

မှတော့…ကြီးမေ အကြံရကြပ်ရှာ၏။

အိမ်ပေါ်မှာ ဧည့်ခန်းမှာ ထိုင်နေကြလိုက်၊ ကြီးမေတည်ခင်းသော ကော်ဖီနှင့်မုန့်များကို စားလိုက်၊ ခြံထဲဆင်းလမ်းလျှောက်နေလိုက်၊ ကားပေါ်သွားတက် ထိုင်နေလိုက်နှင့် ဂနာမငြိမ်စွာ စောင့်ဆိုင်းလျက်ရှိသော မိန်းကလေး လေးယောက်တို့သည် မြူမင်းခင်သော သူငယ်ချင်းတွေဖြစ်သလို မြူမင်း လုံးဝမတွေ့ချင်သူများလည်း ဖြစ်ကြသည်တဲ့။ ကြီးမေအနေနှင့် ရန်လိုမောင်းမဲ့စွာ နှင်ထုတ်ဖို့လည်းမဖြစ်၊ ဧည့်ခံနေဖို့လည်း မဖြစ်။ ကျဉ်းထဲကြပ်ထဲရောက်လျက် အခက်တွေ့ရပါတော့သည်။

"စောင့်တုံးပဲလား"

"စောင့်တုံးပဲ၊ ခြံထဲဆင်းသွားကြပြန်ပြီ၊ ခြင်တွေကိုက်ကုန်တော့မှာပဲ၊ မှောင်လာပြီ"

မွန်းလွဲတစ်နာရီလောက်ကတည်းက ရောက်လာကြ



သော မိန်းမအုပ်စုသည် ညနေခြောက်နာရီထိုးပြီ။ လုံးဝ မပြန်ဘဲ ဖွဲကောင်းကောင်းနှင့်စောင့်ဆဲ။

သူတို့ရောက်ကာစကတည်းက ကြီးမေက

"မြူမင်းက အပြင်ထွက်သွားတယ်ကွယ့်"

ဟု ပြောပါသည်။

"အလုပ်ကိစ္စနဲ့သွားတာ၊ ကြာမှာ ညတောင်ပြန်အိပ်ပါ့မလား မသိဘူး၊ တစ်ခါတစ်ခါ သူ့အလုပ်က ရှုပ်ရင် နှစ်ရက်သုံးရက်လဲ အိမ်ပြန်မလာတတ်ဘူး၊ သမီးတို့ စောင့်နေရင် ပင်ပန်းရုံရှိမှာပဲ"

ကြီးမေက လူကြီးရှေးရိုးအတွေးနှင့် တတ်သလောက်မှတ်သလောက် ကာကွယ်လိုက်သည်။ ကာကွယ်ရန် စကားလုံးများကို မြူမင်းက သင်ထားမပေးမိပါ။

"ဒီအုပ်စု ဖုန်းဆက်ရင်မရှိဘူး၊ ဒီအုပ်စု အိမ်လာရင် မရှိဘူး" ဟုသာ ပြောထားခဲ့သည်။

ဆယ်လူလာဖုန်းကိုပါ ပိတ်ထားလိုက်သည်။ အိမ်မှ လိုင်းဖုန်းကို လုံးဝမကိုင်တော့။ တခြားသူတွေ ကိုင်ကြ။ မြူမင်း အိမ်တွင်းအောင်းနေလိုက်သည်။ ကာကွယ်ရန် စကားလုံးကို မြူမင်းက သင်ပေးမထားတော့ ကြီးမေက တတ်သလောက်မှတ်သလောက်နှင့် ရိုးရိုးကြီးကာကွယ်ရှာ၏။ ကြီးမေစကားထဲမှာကိုက စောင့်မနေစေချင်ကြောင်း၊ မြူမင်း

တမင်ရှောင်ပြီဖြစ်ကြောင်း ဘွင်းဘွင်းကြီးပေါ်လွင်နေလို့တောင် မိန်းမအုပ်စုက တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ပြုံးမိကြရသေးသည်။

သူတို့ချင်းချင်း အင်္ဂလိပ်လို အရေးမကြီးသောအကြောင်းတွေကို ပြောလိုက်သည်။ ကြီးမေ နားလည်မလည်အကဲခပ်၏။ ကြီးမေ နားလည်ပုံမပေါ်။ အသက်ငါးဆယ်ကျော် လူကြီးသူမတစ်ယောက်သည် ခေတ်မီခေတ်ဆန်ဆဲပညာတတ်ထဲက မဟုတ်လျှင် အင်္ဂလိပ်စကားပြောကျင့်နားထောင်ကျင့် ရှိဖို့မလွယ်ပါ။ နားလည်ဖို့ မလွယ်ပါ။ ကြီးမေနားမလည်တာ သေချာသလောက်ရှိမှ သူတို့ချင်း အင်္ဂလိပ်လိုပြော၍ တိုင်ပင်ရတော့သည်။

"ကျုပ်စိတ်ထင် မြူမင်း အိမ်ထဲမှာပဲ ရှိရမယ်၊ မြူမင်းက အစကတည်းက ယောက်ျားလေးသာဆို အပြင်တွေဘာတွေ သိပ်သွားတာ မဟုတ်ဘူး၊ သင်တန်းတက်၊ ကျုပ်တို့နဲ့လျှောက်လည်…

"ပြီးရင်အိမ်ပြန်ပြီး ဗီဒီယိုကြည့်ချင်ကြည့်၊ စာဖတ်ချင်ဖတ် လုပ်နေတာ၊ သူ့မှာ ဝါသနာကလဲနည်းပါဘိ၊ ဘာမှ သိပ်ဝါသနာပါတာ မဟုတ်ဘူး"

"အေး…ကျုပ်လဲ မထင်ဘူး၊ တမင် ထွက်မတွေ့တာဘဲ ဖြစ်မယ်"

"ကြီးမေပြောပုံကိုက အိမ်ထဲမှာရှိနေကြောင်း



ထင်ရှားနေပြီ"

"တို့ကို ပြန်စေချင်တာပေါ်နေတယ်"

"စောင့်ကြမလား"

"ဘယ်ထိတောင် စောင့်ရမှာလဲ"

"အို…သူ ပြန်မလာမချင်း စောင့်မယ်၊ နှစ်ရက်ကြာမှ ပြန်လာရင် နှစ်ရက်ဆက်စောင့်မယ်"

"ဟဲ့…ယောက်ျားလေးအိမ်မှာ ညအိပ်မလို့လား"

"မအိပ်ပါဘူး၊ ကားနှစ်စီးတောင် ပါတာပဲ၊ ကိုယ့်ကားပေါ် ကိုယ်အိပ်မှာပေ့ါ၊ နှစ်ယောက်တစ်စီး"

"ဗိုက်ပြသသနာ…"

"ဆာတော့လဲ ကြီးမေရေ ဆာပြီ၊ ကျွေးပါဦးတက်ပြောမှာပေ့ါ"

"ဟယ်…မနက်ဖြန်ကျ ဘယ်မှာမျက်နှာသွားသစ်ရမလဲ၊ သွားတိုက်ဆေးနဲ့ သွားပွတ်တံလဲ မပါဘူး"

"ကျုပ်အလှပြင်တဲ့ ဗြူတီဘောက်စ် (Beauty Box) လေးလဲပါမလာဘူး"

"ရေချိုးဖို့ကရှိသေး"

"ဒီအဝတ်အစားတွေ မလဲရတော့ဘူးလား၊

ချွေးစော်တွေနံ့ကုန်မှာ"

"ရှင်တို့က မလှုမှာ ပူနေကြ၊ ကျုပ်က ယောက်ျားနဲ့ကွဲလိမ့်မယ်"

"အောင်မယ်…ဒီလောက်မှ သဘောထားမကြီးဘူးလား၊ ရှင့်ယောက်ျားက ဒီလောက်သဘောမနောရင် ဆုံးမဦး"

"ဘယ်သူ သဘောထားကြီးနိုင်မလဲ၊ ကိုယ့်မိန်းမက ယောက်ျားသူစိမ်းအိမ်ကို ညအိပ်ညနေ ခရီးထွက်ရတယ်ရယ်လို့၊ တစ်လောကလုံးမှာ ဘယ်ယောက်ျားမှ ဒါမျိုးသဘောထား မကြီးဘူး၊ အစကတည်းက မလိုက်ခဲ့ပါရစေနဲ့ မအားပါဘူးပြောတာကို ဇွတ်ခေါ်လာကြပြီး"

"အမလေး…ယောက်ျားသူစိမ်း အိမ်ပေါ်အိပ်မှာမှ မဟုတ်တာ၊ ကိုယ့်ကားပေါ် ကိုယ်အိပ်မှာ"

"ယုံကြည်းမှုကိုး၊ ခုတောင် အိမ်တွေက လူကြီးတွေက ပူလှရောမယ်"

"ဖုန်းတွေပြန်ဆက်ကြဦး၊ တော်ကြာ မနက်ဖြန် မနက်မိုးလင်းတာနဲ့ သတင်းစာထဲမှာ လူပျောက်ကြော်ငြာ လေးခုပူးကြီးပါလာဦးမယ်"

"ကျုပ်တစ်ယောက်တော့ ပြန်လွှတ်၊ ကျုပ်က ရှင်တို့လို အပျိုမဟုတ်ဘူး၊ ရှင်တို့ ယောက်ျားမရှိ



တိုင်း ကိုယ်ချင်းမစာ လက်ချင်းမစာ"

"ဖုန်းဆက်လိုက်ပေါ့၊ ယောက်ျားရေ…လို့ ကျွန်မတို့ သူငယ်ချင်းတွေက ပြန်မပေးဆွဲပြီ၊ ပြန်ပေးကမှ ငွေနဲ့ရွေးလို့ရဦးမယ်၊ ပြန်မပေးက ဘာနဲ့ရွေးလို့မှ မရ၊ ပြန်ကို မပေးတော့တာလို့"

သူတို့ချင်းချင်းပြောကာ စိတ်ညစ်သည့် ကြားထဲမှ ရယ်ကြရသေးသည်။ ကြာမှာမို့ စိတ်မပူဘို့ ကိုယ့်အိမ်ကိုယ် အသီးသီး ပါလာသော ဆယ်လူလာဖုန်းနှင့်ပင် ဆက်ကြသည်။

"ငါတော့ဝင်ရှာလိုက်ချင်တာပဲ၊ အိမ်ထဲကို"

ငါးနာရီလောက်ရောက်လာတော့ စိတ်တွေတိုရုံမက ဆိုးကုန်ကြပြီ။

"ဖွင့်ပြောမလား၊ ကျွန်မတို့ မယုံလို့ဝင်ရှာပါရစေလို့"

"ဘယ်ခွင့်ပြုမှာလဲ၊ မြူမင်း ခွေးသူတောင်းစားက အိမ်ထဲမှာတင် ရှိနေမယ့်ဥစ္စာ"

"ဒါဆိုလဲ ဘာလို့စောင့်နေကြသေးလဲ၊ ပြန်မလာမှာ သေချာတဲ့ဟာကြီးကို"

"မြူမင်းက ငါတို့ကို ဒီလောက်တော့ မရက်စက်တန်ကောင်းဘူးထင်တာပဲ၊ မှောင်လာရင်တော့ ကိုယ်ထင်ပြကောင်းပါရဲ့"

"မှောင်မှ ကိုယ်ထင်ပြရအောင် သူက သူရဲလား"

"တစ္ဆေ"

"ဖုတ်၊ ပြိတ္တာ၊ မြေဘုတ်ဘီလူးကောင် ငါတို့ကို သက်သက်ဒုက္ခပေးနေတယ်"

"ကိုယ့်ဒုက္ခကိုယ်ရှာတာ မဟုတ်ဘူးလား"

"တစ်လပြည့်ဖို့ သုံးရက်ပဲ လိုတော့တယ်ကွ၊ ဒီတစ်ခါ နေခြည်ထဲမှာ လုပ်မယ်ဆိုတာလဲ အရင်လကတည်းက ပြောပြီးသား၊ သူ သိတယ်၊ မလာမှာစိုးလို့၊ တော်ကြာ...လာမခေါ်တာအကြောင်းပြပြီး မလာဘဲနေရင် တို့အဖွဲ့လေး ဘယ်မှာ ပြည့်စုံတော့မှာလဲ"

"အေးလေ...တေဇာက နိုင်ငံခြားမှာ၊ သဇင်က ဘယ်ရောက်သွားပြီလဲ မသိဘူး၊ ကျန်တဲ့ ကိုးယောက်ကလေး စိတ်ဝမ်းကွဲရင် ဘယ်ကောင်းမလဲ"

"ကိုးယောက်ဖြစ်နေတော့ တို့ဆုံတဲ့နေ့ကျရင် မောင်ကျောက်ခဲလေးတစ်ယောက် ထည့်ရမှာလား"

"ဩော်...သူကအရေးထဲ"

တချို့အရပ်ဒေသတွင် ခရီးသွားရာ၌ လူကိုးယောက်ဖြစ်နေလျှင် ခရီးမသွားကောင်းဟု ယုံကြည်စွဲလမ်းကြသည်။



ဆယ်ယောက်ဖြစ်စေရန် မောင်ကျောက်ခဲလည်းပါလာသည်ဟူ၍ ကျောက်ခဲတစ်တုံးပါ သယ်ဆောင်သွားလေ့ရှိသည်ဟု
ားစွန်နားဖျား ကြားဖူးနားဝလေးကို နီလာက ဝင်ပြော၍
ာ်တောင်ဆစ်နှင့် တွက်ကြရသေး၏။

"ဒီကြားထဲမှာ နေခက မြူမင်းဆီဖုန်းမဆက်ဘူးလား"

"မဆက်ဘူး၊ ဆက်နိုင်းတာ မရဘူး၊ ဒီကောင်ကလဲ တစ်မျိုး၊ နောက်ပိုင်းကျတော့လဲ ဆက်လဲအကြောင်းမထူးတော့ဘူးလေ၊ မြူမင်းက ဖုန်းမှ မကိုင်တော့တာ"

"မြူမင်း ဒဏ်ရာတွေပျောက်မှ ပျောက်သေးရဲ့လား"

"ပျောက်လောက်ပါပြီ၊ မျက်နှာမှာ အညိုအမည်းတော့ တော်တော်စွဲသွားတာနော်၊ နှုတ်ခမ်းထောင့်လဲ ကွဲသွားတယ်၊ မြူမင်းက အစကတည်းက ခပ်ပျော့ပျော့ဆိုတော့ နာရှာမှာပဲ၊ သနားပါတယ်"

"မြူမင်း အရမ်းစိတ်နာနေပုံရတယ်"

"အဲဒီအမျက်ကို ပြေဖို့ ကျုပ်တို့ဒီလောက် ဒုက္ခခံကြရတာပေါ့အေ၊ ဟိုကောင်တွေက ဒါမျိုးကျ မပါဘူး၊ စားဖို့ဆိုရင် သူတို့ရှေ့က"

"ခေါ်သေးလား ဟို သရဲလေးကောင်ကို"

"ခေါ်တယ်၊ ဒါမျိုး၊ နင်တို့မိန်းမတွေပဲရတာယ်၊ ပတ်ချွဲနှပ်ချွဲ ယောက်ျားအလုပ်မဟုတ်ဘူးတဲ့၊ သူတို့ ပါလာရင် မြူမင်း ပိုပေါက်ကွဲမယ်တဲ့"

"ဒါလဲဟုတ်တာပဲ"

စကားတပြောပြောနှင့် ခြံထဲရောက်သွားကြပြန် ကြီးမေက စိတ်ညစ်စိတ်ရှုပ်နေရတော့သည်။

မြူမင်းက အခန်းမှန်ပြတင်းမှတစ်ဆင့် ကြည့်လိုက် ၏။ ဦးလေးက ခြံထဲ မီးတွေတောင် စထွန်းပြီ။ မီးရောင်ထဲ မှာ ကားနှစ်စီးကို တွေ့သည်။ ကားတွေဘေးမှာ မိုးတိုးမတ် တပ်ရပ်လျက်ရှိသော သူငယ်ချင်းလေးယောက်ကိုတွေ့သည် မှန်က အတွင်းမှ ကြည့်လျှင်သာ အပြင်ကို မြင်ရပြီး အပြင် မှ ကြည့်လျှင် ဘာမျှမမြင်ရသော မှန်မည်းမို့ မြူမင်းက သူ့အခန်းကို မီးမှောင်ချ၍ လှမ်းကြည့်နေ၏။ မိန်းမလေး ယောက်၏ ဖွဲ့ကို ချီးကျူးပါသည်။ လက်ဖျားလည်းခါ တော်ရုံ စေတနာ မေတ္တာနှင့် ဒီလောက်ဒုက္ခကို ခံကြမှာ မဟုတ်မှန်းသိသည်။

မြူမင်း သနားလာသည်။ အားနာလာသည်။ ဒီအုပ် နှင့်ဒီတစ်သက် မတွေ့တော့ဆိုသော ဆုံးဖြတ်ချက်က ယိုင် နဲ့စပြု၏။ သူတို့ကားဘေးမှာ ရပ်ပြီး ဆယ်လူလာလေး ဖွင့်ပြီး ဖုန်းနှိပ်နေကြသည်။ ဘယ်ကိုခေါ်နေကြတာပါလိမ့်



ကြာနေလို့စိတ်ပူမှာစိုးစွာ အိမ်တွေကို ပြန်ဆက်နေတာ ဖြစ် နိုင်သည်။ သို့ပေမဲ့ မဖြစ်နိုင်ပြန်။ ခေါ်မရ၍ စိတ်ပျက်သော အမူအရာနှင့် ရှုံ့မဲ့နေတာ တွေ့ရသည်။ ကိုယ့်ဆီကိုများ ဆက် နေသလား။ မြူမင်း ပိတ်ထားသော ဆယ်လူလာကို ဖွင့် လိုက်၏။ ဖွင့်လိုက်တာနှင့်ခေါ်သံက တန်းမြည်တော့သည်။

"ဟုတ်ကဲ့...မြူမင်းပါ"

"ဟယ်...အမလေး မြူမင်း၊ မြူမင်းရယ် ဘယ်ရောက်နေတာလဲ၊ ဒီမှာ ငါတို့သေရတော့မယ် ဟဲ့၊ ငါရယ်၊ ခွန်းရယ်၊ နီလာရယ်၊ကြည်သာရယ်"

"နင်က ရှုပါပေါ့"

"အေး...ငါတို့လင်မယားကွဲတော့မယ်၊ ကွဲရင် နင်တရားခံပဲ"

"ဖြစ်လိုက်ပြန်ပြီ၊ ပြဿနာတစ်ခုဆို တရားခံ ဘယ်မှာလဲ မရှာဘူး၊ မြူမင်းချည်းပဲ ဟုတ်လား"

"ဟုတ်တယ်၊ နင်ပဲနင့်ကို စောင့်နေရတာနေ့ ခင်းကတည်းက...အခုမှောင်နေပြီ၊ ငါ့ ယောက်ျား က ထမင်းစားဖို့ ပြန်လာခဲ့တော့တဲ့၊ စိတ်ဆိုးနေပြီ ဟဲ့၊ နင့်ကြောင့်...

"ငါတို့လင်မယားကွဲရင် နင်တရားခံ"

"ထားပါတော့၊ နင်တို့က သေရတော့မယ် ဆိုတော့ ဘယ်သူက သေနတ်နဲ့ ချိန်နေလို့လဲ"

"နင့်ခြံထဲမှာ ပြန်မပေးဆွဲခံထားရတယ်၊ ဗိုက်ဆံပေးပြီး ရွေးလဲ မရဘူးတဲ့"

"ဘယ်သူက ဆွဲတာလဲ"

"ခေါင်းဆောင်မားပြကြီးက ခွန်းသံချိုပဲ၊ သူ့အဓိက၊ သူက ငါ့ကို ပြန်မလွှတ်ဘူး၊ ယောကျ်ားကလဲ စိတ်ဆိုးလှပြီ၊ ငါပြန်ချင်လှပြီ သူတောင်းစားရဲ့၊ သရဲရဲ့ အမြန်လာကယ်ပါဦး၊ နင်က အိမ်ထဲက ပြန်ပြောနေတာလား"

မြူမင်း ပြုံးလိုက်မိပါသည်။

"ငါက လမ်းပေါ်မှာပဲရှိသေးတယ်"

"အိမ်ကို ပြန်လာနေတာလား"

"ရန်ကုန်မြို့ထဲတော့ ဝင်လာပြီ၊ ဒါကြောင့် ခုမှ ဖုန်းကွန်တက် (contact) ရတာပေါ့၊ စောစောကတော့ ဝေးသေးလို့ မဝင်တာ ဖြစ်မယ်"

"ဒီမှာ...ဒီမှာ"

ခွန်းက ဖုန်းကို ဆွဲယူလိုက်သည်။

"မြူမင်းရေ..နင့်ခြံထဲမှာငါတို့လေးယောက် ရောက်နေတယ်၊ ဒါကို နင်လဲသိပြီးဖြစ်မှာပါ၊ ဒီတော့ နင်က ထွက်တွေ့ဖို့ ရည်ရွယ်ချက်မရှိဘူး မဟုတ်လား"

"ငါက နယ်ကပြန်လာတာ၊ ခုမှ ရန်ကုန်ဝင်



တာ"

"ဒီလိုဆိုလဲ နင့်အိမ်ကို တန်းလာဖို့ ရည်ရွယ်ချက်ရှိတော့မှာ မဟုတ်ပါဘူး၊ နင်တခြားကိုဆက်ပြီး ခြေရှည်တော့မှာပဲ"

"ငါ အလုပ်ကိစ္စနဲ့တွေ့ရမယ့် ပုဂ္ဂိုလ်နဲ့ ခုထိ မတွေ့ရသေးလို့ ငါ ဆက်သွားရဦးမယ်"

"ကြီးကျယ်လိုက်တာ နင်က ဘာအလုပ်ကြီး အကိုင်ကြီး လုပ်နေလဲ"

"ငါ့အဖေအလုပ်"

"နင့်အဖေက ဘာလုပ်တာလဲ"

"နင့်အဖေလိုပါပဲ စီးပွားရေးသမား၊ ထားပါ နင်တို့က ဘာကိစ္စငါ့ခြံထဲ ရောက်နေတာလဲ"

"ငါတို့ နေ့ခင်းကတည်းက ရောက်နေကြတာ ကြီးမေကျေးမွေးထားလို့ ဗိုက်မဆာပေမယ့် လူတွေက သေချင်စော်တွေ နံ့နေပြီ၊ အရမ်းဒုက္ခရောက်တာပဲ မြူမင်းရယ် နင်ရက်စက်တယ်"

"နင်တို့က ဘာကိစ္စလာစောင့်နေကြတာလဲ ပြောဦး"

"နောက်သုံးရက်ကြာရင်လကုန်တနင်္ဂနွေလေ"

"အင်း"

"ဒီတစ်ခါ နေခအိမ်မှာ နေခခြံထဲမှာ ဆုံမယ်၊

ဘာမှ မချက်တော့ဘူး၊ ဝက်စတင်ပါ့ခ် (Western Park) က ဝယ်ကျွေးမယ်တဲ့၊ အဲဒီက အစားအသောက်တွေ အရသာရှိတယ်…

"အဲဒါမနက်ကိုးနာရီ၊ နင် ဆက်ဆက်လာဖို့ လာပြောတာ၊ ကိုးနာရီဆို လူစုံပြီ"

"စိတ်ချ"

"လာမယ်ပေါ့"

"မလာဘူး"

"ဟယ်…နင်ကလဲ"

"ဒီမှာခွန်း သဇင့်ကို ငါက အုပ်စုထဲမှာ အခင်ဆုံးတော့ မဟုတ်ဘူး၊ ခင်တာက တူတူပဲ ခင်တယ်၊ ဒါပေမဲ့ အသနားဆုံး၊ ငါတို့အားလုံးက ပြေလည်တယ်၊သူက ရုန်းကန်ရတယ်၊ သူ့မှာ မပြေလည်ဘူး၊ ငါတို့က ပေါ့ပေါ့နေ ပျော့ပျော့စားဖြစ်နေတဲ့ အချိန်မှာ သူက တာဝန်တွေနဲ့ပိနေတယ်"

"အေးပါ…အဲဒါ ငါတို့သိပါတယ်၊ ငါတို့လဲ သဇင့်ကို သနားတာပဲ"

"အဲဒါတွေကြောင့် ငါက အတတ်နိုင်ဆုံးကူညီတယ်၊ ဖေးမတယ်၊ စောင့်ရှောက်တယ်၊ သဇင့်အဆောင်ကို ငါ ခဏခဏ ရောက်တာ သဇင်အားငယ်မှာစိုးလို့ အားပေးတာ၊ အိမ်နဲ့လဲနီးတော့…



"ငါ အပြင်ထွက်ချင်ရင် သဇင့်ကို သွားခေါ်တယ်၊ ငါ လိပ်ပြာသန့်တယ်၊ ရိုးသားတာ ငါ့ကိုယ် ငါ အသိဆုံး၊ ဘယ်သူမှ မသိနိုင်ဘူး"

"အေးပါ…ဟုတ်ပါတယ်"

"ငါတို့မုန့်တူ့တူ စားကြတယ်၊ တစ်ခါတလေ သူ ဝယ်ချင်ခြမ်းချင်တာရှိရင် ငါ့ကို မှာတယ်၊ လိုက်ပို့တယ်၊ ဒါပေမဲ့ အခုနောက်ပိုင်းမှာ သဇင်က ငါ သွားရင်လဲ မတွေ့တာများလာတယ်…

"ငါ့ကို ဟိုပို့ပါဦး၊ ဒီပို့ပါဦးတွေလဲ မလုပ်တော့လို့ ငါတောင် သဇင်ဘာတွေလုပ်နေလဲလို့ မေးတော့မလို့"

"တစ်လတစ်ခါဆုံတဲ့ဆီတော့ သူ မှန်မှန်လာသားပဲ"

"အဲဒီကျတော့လဲ လူတွေက အလုပ်တွေ၊ တာဝန်တွေနဲ့ မအားကြတော့၊ ခဏတွေ့ပြီး ပြန်ကြဖို့၊ အချိန်မရှိရတဲ့ကြားထဲမှာ တစ်ယောက်တစ်ပေါက် လုပြောနေရတာနဲ့ပဲ အရေးပါတဲ့ စကားကို မပြောဖြစ်တော့ဘူး"

"ဒါလဲဟုတ်တာပဲ"

"သဇင် ငါ့အိမ်မှာ တစ်နေကုန်လာပြီး နေတာ၊ သူက ငါ့ကွန်ပျူတာနဲ့ ငါ့မင်နဲ့ စာရွက်ပါ ငါက

စိုက်ပေးပြီး သူ့စီးပွားရေးအတွက် သူ လက်ခစား စာရိုက်တာကို ကြီးမေက မနက်ပြန် ညပြန် ထမင်း ကျွေးသေးတာ"

"အေးပါ"

"ငါ သက်သက်ကူညီတာ၊ ငါ့ကိုယ်ကျိုးတစ်ပြားမှ မပါတဲ့အပြင်၊ သဇင်က စာရိုက်ခထုတ်တဲ့ အခါမှာ ငါက စက္ကူဖိုး၊ မင်ဖိုး၊ ပြန်တောင်းနေတာ မဟုတ်ဘူး၊ သိပြီလား"

"သိပြီးသားပါဟယ်"

"ငါတို့ဘာမှ မဟုတ်တာ မလုပ်ဘူး၊ သူ့ဘာသာ စက်ခန်းထဲ စာရိုက်နေရင်၊ အလုပ်မတွင်မှာစိုးလို့ ငါက စကားဖောင်သွားမပြောဘူး"

"အေးပါ"

"ခုတော့…ဒီစေတနာတွေအတွက် ငါ့ပါးစပ်က သွေးထွက်တဲ့ထိ အထိုးအကြိတ်ခံရတယ်"

"ဒေါသအလျောက်ပါဟယ်၊ နင်က ခွင့်လွှတ်ပါ"

"ဩော်…ခံရတဲ့သူက ခွင့်လွှတ်ရမယ်၊ စော်ကားတဲ့သူက မတောင်းပန်ဘူးလား"

"အေး…အဲဒီနေ့ကျရင် နေခကို ငါတို့ တောင်းပန်ခိုင်းမလို့"





"သဘာဝမကျဘူး ခွန်း၊ ငါက တောင်းပန်ခံရဖို့ သူ့ဆီသွားရမှာလား၊ ငါက မှားတဲ့သူ မဟုတ်ဘူး၊ သူက မှားတာ၊ သူက ငါ့ဆီကို လာတောင်းပန်ရမယ်၊ ငါ့ရှေ့မှာ ဒူးထောက်ရမယ်၊ ငါ့ကို ရှိခိုးရမယ်"

"ဟယ်…နင်ကလဲ နေခက နင့်ထက်တစ်နှစ်လောက်ကြီးတယ်မှလား"

"တစ်နှစ်ပိုကြီးလို့ မရှိခိုးနိုင်ရင် ငါကလဲ မကြေဘူး"

"ဒီလိုလုပ်လေ၊ ကျန်တာတွေ လုပ်ခိုင်းမယ်၊ နင်က ရှိခိုးတာ လျှော့လိုက်၊ အဲဒီနေ့ကျရင် ငါတို့ နေခအိမ်မှာ ဆုံမယ်၊ ငါတို့ရှစ်ယောက် နင့်ဆီလာမယ်၊ နေခကို တောင်းပန်ခိုင်းမယ်…

"ပြီးတော့…နင်ပါ လိုက်ခဲ့၊ နေခအိမ် ပြန်သွားမယ်၊ တို့ပျော်ပျော်ပါးပါး စားသောက်ကြမယ်၊ မကောင်းဘူးလား"

"မကောင်းဘူး"

"ဘာဖြစ်လို့လဲ"

"နေခက သူ့စိတ်နဲ့သူ့ကိုယ် တောင်းပန်ချင်စိတ်မှ မရှိဘဲ၊ နင်တို့ခိုင်းလို့ လုပ်ရတာဆိုရင် ငါက ဆောရီးပဲ"

“ဟိုလေ…နေခက အခုနင်ရှင်းပြတာတွေပါ ပြန်ရှင်းပြလိုက်ရင် ကျေနပ်ပြီး လာတောင်းပန်ချင်မှာပါ၊ သူက သဇင့်ကိစ္စကို နင်တရားခံထင်နေလို့၊ နင်ကလဲ တရားဝင်မယူလို့ စိတ်ဆိုးတာပါ”

“အဲဒီလို ထင်တယ်ဆိုကတည်းက ငါ့ကိုယ်ကျင့်တရားကို စော်ကားတာ၊ ငါ့သိက္ခာကို တန်ဖိုးမထားတာ၊ ငါက ကလေကဝ၊ ဂလေဂချေ၊ အုတ်ကြားမြက်ပေါက်၊ တေလေဂျပိုးလား”

“သိက္ခာရှိလှကြီးမင်းကြီးပါ”

“ဒါပဲမှလား ခွန်း၊ ငါ မလာဘူး၊ နင်တို့ ငါ့ကို ကရိန်းနဲ့လာမ,ရင်တောင် ငါ မလိုက်ဘူး၊ ပြီးတော့…နေခနဲ့မဆုံချင်လို့ နင်တို့နောက်ထပ်လုပ်မယ့်ပွဲတွေမှာလဲ ငါ မလာတော့ဘူး၊ ငါ့အလှည့်ရောက်ရင်လဲ နင်တို့ကို ကျွေးမွေးမှာ မဟုတ်တော့ဘူး၊ ဒါ…ငါ တရားဝင်ကြေညာတာ”

“ဒါဆို နင်က အဖွဲ့ထဲက ထွက်သလိုဖြစ်သွားမှာပေါ့ဟာ”

“ခွန်း…ငါ့အမေက ငါ့ကိုတစ်ယောက်တည်းပဲ မွေးခဲ့တယ်၊ ငါ သေတော့လဲ နင်တို့လိုက်သေမှာမှ မဟုတ်ဘဲ”

“ဒါပေမဲ့…”



“လမ်းမှာတွေ့ရင်ခေါ်မှာပေါ့”

“နင်ကစပြီး စိမ်းကားတာ”

“နင်တို့က အပြစ်မရှိဘဲ စော်ကားခံရတဲ့၊ အထင်အမြင်သေးခံရတဲ့ ငါ့ကိုပဲ ဖိပြောပြီး၊ တစ်ဖက်သားအပေါ် အထင်သေးစော်ကားတဲ့ကောင်ကို ကျတော့ လွှတ်စေ…လား”

“သူ့ကိုလဲ ငါတို့ပြောတာပဲ”

“မရဘူးမှတ်လား”

“နင့်လဲ ဘယ်မှာပြောလို့ရလို့လဲ”

“ပြီးပြီပေါ့၊ ဒါ…အဖြေပဲ”

“နီလာ ငိုနေပြီဟ၊ သူက စိတ်မနိုင်ဘူး၊ မျက်ရည်လွယ်တယ်”

“နီလာ့ကို ပြောလိုက်ပါ၊ သူ့အိမ် ငါလာလည်ပါဦးမယ်လို့၊ နင်တို့လဲ ဒုက္ခရောက်လှပြီဆို ပြန်ကြပါ၊ ငါက အိမ်ပြန်ဦးမှာ မဟုတ်ဘူး”

“ဒါ…တမင်ပါ”

“ခွင့်လွှတ်ပါ၊ နင့်အိမ်လဲငါလာလည်ပါ့မယ်”

“ဒါဆို နင် မတွေ့ချင်တာ နေခတစ်ယောက်တည်းပေါ့”

“မှန်တယ်”

“ဒါဆို နေခအိမ်မှာဆုံပြီးတဲ့နောက်ထပ် တစ်

ရက်ရက် နှင့်အိမ်မှာ ကျွေးမလား၊ ငါတို့လာမယ်"

"နှင်တို့ထဲက တစ်ယောက်ယောက်အိမ်မှာ နေခကို မဖိတ်တဲ့ပွဲဆို ငါ လာမယ်"

"နှင့်အိမ်ဘာဖြစ်လို့လဲ",

"အပြောခံရဦးမယ်၊ မြူမင်း အိမ်ပေါ်မှာ ခွန်းရယ်၊ နီလာရယ်၊ ကြည်သာရယ်၊ ရူပါရယ်ဆိုပြီး ယောက်ျားရှိတဲ့ ရူပါအရင်ဆုံး ပြဿနာတတ်မယ်"

"အေးပါ...အေးပါ"

"ငါ ဖုန်းပိတ်လိုက်တော့မယ်၊ နှင်တို့ပြန်တော့"

"ငါတို့အိမ်တွေဆီ ဖုန်းဆက်ပါဟယ်"

"ဆက်မယ်၊ ဒါပဲနော်"

"အေး"

မအေးချင်လို့လည်းမရ။မြူမင်းက ဖုန်းပိတ်သွားခဲ့ပြီ။

"သူတောင်းစား ငါတို့ရှိလို့ တမင်ပြန်မလာတာ၊ ဒါနဲ့များ ငါတို့အိမ်လာမယ်လေး၊ ဖုန်းဆက်မယ်လေးနဲ့၊ သွားပြီ...ဟာ၊ တို့အဖွဲ့ထဲက မြူမင်းပဲပြီ"

"ခွန်း...သူက နယ်က ပြန်လာတာလို့ ပြောတယ်မှလား၊ ရန်ကုန်ထဲဝင်လာလို့ ဖုန်းဆက်သွယ်မိသွားတာလို့လဲ ပြောတယ်မှလား"



"အင်း"

"ငါတော့ သူ အိမ်ထဲမှာပဲ ထင်တယ်၊ သူ ဟိုအပေါ်ဆုံးထပ်ပေါ်တီကိုပေါ်ကနေပြီး ငါတို့ကို လှမ်းကြည့်နေလို့လဲ ရတယ်၊ ဖုန်းပြောလို့လဲရတယ်၊ သူ ဖွင့်ချင်မှဖွင့်ပြီး ပိတ်ချင်တော့ ပိတ်လိုက်တာဖြစ်မှာ"

"တကယ်ပဲ နယ်က ပြန်လာတာလဲ ဖြစ်နိုင်ပါတယ်"

"မဖြစ်နိုင်ဘူး၊ သူ့အိမ်ကို လှည့်ပတ်ကြည့်စရာတောင် မလိုဘူး၊ ငါတို့ဒီကနေပဲ လှမ်းကြည့်၊ မြင်နေရတဲ့အခန်းတွေကို ကြည့်ကြည့်"

အားလုံးက လှမ်းကြည့်ကြသည်။

"အခန်းနှစ်ခန်းတောင် မီးပိတ်ထားတာတွေ့ရတယ်၊ မရှိးသားဘူးဟာ၊ သူ အိမ်ထဲမှာပဲ ရှိရမယ်၊ တမင်ထွက်မတွေ့တာ၊ သူ ဒီလိုလုပ်ဖို့ မကောင်းဘူး၊ ငါတို့ ဘယ်လောက်ဒုက္ခရောက်လဲ"

"ရူပါရယ်...ရှင်က အိမ်ပြန်ချင်တိုင်း မြူမင်းကို ဖိမမဲပါနဲ့၊ သူ့ဘက်က ကြည့်တော့လဲ မလွန်ပါဘူး"

"အောင်မယ်...အိမ်ပြန်ချင်တာကို လာကဲ့ရဲ့

မနေနဲ့၊ ဘယ်အိမ်ထောင်သည်မှ အိုးပစ်အိမ်ပစ် ဒီလောက်ကြာကြာထွက်ခွင့်မရဘူး သိလား၊ ကျုပ်ယောက်ျားသာ သဘောကောင်းလွန်းလို့၊ ဒါတောင် ဘယ်လောက်ဒေါပွနေပြီလဲ မသိဘူး၊ ကျုပ်က ရှင်တို့လို အိမ်ပေါ်ကျော့ကော့တက်သွားလို့ မပြီးဘူး၊ အိမ်ကျ တစ်ပြဿနာရှင်းရဦးမယ်"

"ခြေမှုန့်လေးနဖူးမှာသုတ်သွား"

ရှုပါက ကြည်သာ့ကို မျက်စောင်းပိတ်ထိုးပစ်လိုက်သည်။

"ငါတို့ပါလိုက်ပို့င်းတောင်းပန်ပေးမှာပါ"

"ကြီးမေရေ" အော်ခေါ်ကာ ကြီးမေထွက်လာတော့ ပြန်တော့မည့်အကြောင်း နှုတ်ဆက်ကြသည်။

"မြူမင်း အိမ်ထဲမှာပဲ ရှိတယ်ဆိုတာ ကျွန်မသိတယ်လို့ ပြောပေးပါကြီးမေ၊ ကျွန်မနာမည် ရှုပါဝင်းပါ"

ရှုပါက ကားပေါ်တက်လိုက်၏။ ကားတွေမောင်းထွက်သွားကြသည်ထိ ကြီးမေပါးစပ်အဟောင်းသားပွင့်ကာ ကျန်ရစ်ခဲ့လေတော့သည်။



## အခန်း ( ၈ )

ရာသီဥတုက ပူပြင်းလှ၏။

နေခက နာမည်သာ "နေခ"။ သူ့အပေါ်သို့ နေရောင်ခြည်နည်းနည်းကလေးမှ ကျရောက်တာ မခံနိုင်သူဖြစ်သည်။ နွေရာသီကိုလည်း မကြိုက်ချေ။ အိမ်မှာအိမ်မို့၊ ရုံးမှာလည်း ရုံးမို့၊ နောက်ဆုံး ကားထဲမှာတောင် ကားထဲမို့ လေအေးပေးစက်အမြဲဖွင့်ကာ နေနိုင်ပေမယ့် အဲသည်လို အလုံပိတ်ပြီး လေအေးပေးစက်ဖွင့်မှအေးသော အနေအထားကိုလည်း နေခ မကြိုက်ပါ။ မိုးရာသီလို၊ ဆောင်းရာသီလို ရာသီဥတု သဘာဝအေးကို ကြိုက်သည်။

နေခ အိပ်ခန်းမှာဆိုလျှင် ခြင်စကာတံခါးကိုသာ

ပိတ်၍ မှန်ပြတင်းတွေက ပိတ်သည်ပဲ မရှိ။ နေ့နေ့ညည ဖွင့်လျက်။ သဘာဝလေနှင့် သဘာဝအလင်းရောင်ကို သူခံယူသည်။ ခြံထဲဆင်း၍ သစ်ပင်ကြီးတွေအရိပ်မှာ ပက်လက်ကုလားထိုင်တစ်လုံးနှင့် စာဖတ်ခြင်းသည် နေ့ခအနားယူခြင်းတစ်မျိုးပဲ ဖြစ်၏။ တက္ကသိုလ်တက်နေစဉ်ထိ လှုပ်လှုပ်ရှားရှား အားကစားဆိုတာမျိုး ထွန်းထွန်းပေါက်ပေါက် မဟုတ်ခြား၊ နေ့ခ ဟိုစပ်စပ်ဒီစပ်စပ် ပါခဲ့သည်။ ကျောင်းပြီးသွားပြီးကတည်းက လူက လူကြီးလိုလို ကလေးလိုလိုမှတဖြည်းဖြည်း လူကြီးလိုလိုက များ၍ လူကြီးဖြစ်လာရတာကိုပဲ ကိုယ့်ကိုယ်ကို စိတ်ဘိုနေရသူ ဖြစ်၏။

ခုဆို ကိုယ့်မှာ ကိုယ်ပိုင်အချိန် အလွန်နည်းသည်။ အချိန်ပို အချိန်အားလည်း အလွန်နည်းပါသည်။ ဆယ့်တစ်ယောက်အဖွဲ့ထဲမှာ မပါသော ကျောင်းတုန်းက သူငယ်ချင်းတွေနှင့်တောင် သူတို့မင်္ဂလာဆောင် ဖိတ်စာရောက်လာမှသွားဖြစ်တွေ့ဖြစ်တော့သည်။ ရိုးရိုးအေးအေး သတိရလို့အားလပ်လို့ သွားတွေ့သည်ဆိုတာမျိုး မရှိတော့ချေ။ ဆယ့်တစ်ယောက်အဖွဲ့၏ သံမဏိစည်းကမ်း တစ်လတစ်ခါ မပြတ်မနေဆုံရေးမှာ ဆယ့်တစ်ယောက်အပြည့် ဘယ်လိုမှ မဆုံနိုင်တော့ချေ။ တေဇာက နိုင်ငံခြားထွက်သွားလိုက်တာ အလည်အပတ်ကလေးတောင် တစ်ခေါက်တလေ ပြန်မလာခဲ့။

ပြောမည့်သာပြောရ သူ ထွက်သွားတာလည်းတစ်



နှစ်ကျော်ရုံလေးမို့ . ဘယ်ပြန်လာနိုင်ဦးမှာလဲ။ သနားစရာကောင်းလှသော သူငယ်ချင်းသဇင်နှင့် မတွေ့ရတာ ငါးလလောက်ရှိပြီထင်သည်။ ခုနေတွေ့ရလျှင် သဇင့်ကို မှတ်မှတ်မိပါ့မလား။ သူ့ဗိုက်ကြီးတအားပူနေလောက်ပြီ။ သဇင့်ကို သတိရတော့ မြူမင်းကပါ တစ်ဆက်တည်း အတွေးထဲဝင်သည်။

**တောက်**

ဒေါသက ထွက်လာရပြန်၏။

ကိုယ့်ကို နိုင်အောင် ဘယ်လိုမှပြိုင်မထိုးသတ်နိုင်မှန်း သေချာသော ပြိုက်ဘက်ကို တစ်ဖက်သတ်အနိုင်မယူချင်သည့် 'ယောကျ်ားကောင်းစိတ်ဓာတ်'ကြောင့်သာ ပွဲရပ်လိုက်ရသည်။ သူငယ်ချင်းတွေ ဝိုင်းဆွဲတာလည်း ပါသည်ဆိုပေမဲ့ ဖွတ်ရုန်းထွက်ပြီး သတ်ပုတ်လို့ရပါသည်။ ကိုယ်ကိုယ်တိုင်က ဆက်မရှုန်းတော့ဘဲ ပွဲရပ်လိုက်တာဖြစ်လို့ ခွေးကောင်မြူမင်း သက်သာသွားခဲ့သည်။ စိတ်ထဲမှာတော့ခုထိမကြေ။ သဇင့်ကိစ္စမှာ တရားခံ 'သူ'ဟုတ်ခြင်း မဟုတ်ခြင်းကို အခြားယောကျ်ား သူငယ်ချင်းတွေက ငါးဆယ်...ငါးဆယ်သတ်မှတ်ထားသည်။

**မြူမင်းက ငြင်းလို့**ဆိုသော အကြောင်းပြချက်နှင့် မိန်းမသူငယ်ချင်းတွေကတော့ သုံးသယတစ်ဆယ်ရာနိုင်နှုန်း ချန်လှပ်၍ ကိုးဆယ်ရာနိုင်နှုန်း ယုံကြည်သွားခဲ့သည်။

နေခကတော့ သံသယအကျိုးခံစားခွင့်ကို တစ်ဆယ်ရာခိုင်နှုန်း ပဲပေးလျက် 'တရားခံမြူမင်း'ဆိုသော စိတ်အထင်က ကိုး ဆယ်ရာခိုင်နှုန်းတည်ဆဲ ဖြစ်သည်။ 'ကိုယ်ကျင့်တရားယို ယွင်းသူ'အဖြစ် ကိုးဆယ်ရာခိုင်နှုန်း သတ်မှတ်ခြင်း၊ ဒေါ်သ အပေါ်တွင် ကိုယ့်သူငယ်ချင်းမလေးအပေါ်မှာမှ စော်ကား ရက်လေခြင်းအမျက်က ရာခိုင်နှုန်းတစ်ရာ၊ တာဝန်မယူ ခြင်း ဒေါ်သက ရာခိုင်နှုန်းတစ်ရာထပ်ဆောင်းကာ သုံးထ ကွမ်း မုန်းတီးဆဲ ဖြစ်တော့သည်။

နေခရှိနေရာသို့ အိမ်ဖော်ကောင်မလေးရောက်လာ နေခက ခုတလော အလုပ်ရှုပ်စိတ်ရှုပ်တွေများလွန်းလို့ တစ်နေ့တော့ ရုံးသို့မသွား၊ ဘာအလုပ်မျှ မလုပ်ဘဲ လုံ သက်သက်နားခြင်းဖြစ်ရာ ခြံထဲဆင်း၊ သစ်ရိပ်ကောင်းကော မှာ ပက်လက်ကုလားထိုင်ချပြီး နယူးစ်ဝိခ် (News we မဂ္ဂဇင်းဖတ်နေခြင်းဖြစ်၏။

"ကိုကိုကြီး ဖုန်းလာပါတယ်"

"ငါ့ ဟင်းဒ်ဖုန်းလား၊ ယူခဲ့ရောပေါ့ဟယ်"

"မဟုတ်ပါဘူး၊ လိုင်းဖုန်းပါ"

"ဒါဖြင့် ဘယ်သူလဲမေးလိုက်၊ ဖုန်းနံပတ် တောင်း၊ ငါခုချက်ချင်း ပြန်ဆက်မယ်လို့ နင်က ငါ့အခန်းထဲမှာ ဟင်းဒ်ဖုန်းဝင်ယူခဲ့၊ ငါ အိမ်ပေါ် မတက်ချင်သေးဘူး"



"ဟုတ်"

ကောင်မလေးက အိမ်ပေါ်ပြန်တက်သွားသည်။ ခဏကြာတော့ ပြန်ဆင်းလာ၏။ လက်ထဲမှာ ဟင်းဒ်ဖုန်း (Hand Phone) ပါလာသည်။ စာအုပ်တစ်အုပ်လည်း ပါလာ ၏။ စာအုပ်ကို နေခထိုင်နေသော ပက်လက်ကုလားထိုင်ဘေး မှ စားပွဲလေးပေါ်တင်သည်။ ဟင်းဒ်ဖုန်းကိုလည်း တင်၏။ နေခက စာအုပ်ကို လှမ်းကြည့်သည်။ ရောမ စာအုပ်ထူကြီး။

မနေ့က အင်္ဂလိပ်စကားပြောသင်တန်းတုန်းက ဆရာ နှင့် မြို့ထဲမှာတွေ့သည်။

"ကိုနေခ ကျွန်တော်စာကြည့်တိုက်က ငှား လာတာ၊ မပြီးငှားလာမိတယ်ဗျာ၊ မနက်ဖြန် သင် တန်းတစ်သုတ်ဆင်းမှာ၊ ဒီတစ်ခေါက်လဲ ချောင်း သာပဲ သွားမှာ၊ မဖတ်အားဘူး၊ ခင်ဗျားယူရင် ယူ ထားလိုက်ပါလား…

"ဖတ်ကြည့်ဗျာ၊ အရမ်းကောင်းတယ်၊ ဟိုတုန်း က ကျွန်တော်တစ်ခေါက်ဖတ်ပြီးပြီ၊ ခု…နောက် တစ်ခေါက်ပြန်ဖတ်မလို့ ငှားလာတာ၊ တကယ်တမ်း ကျ မဖတ်နိုင်သေးဘူးဗျ…

"ခင်ဗျားယူသွား၊ အကြောင်းအရာကစပြီး အရမ်းစိတ်ဝင်စားစရာကောင်းတာ၊ ဗဟုသုတမျိုး ကို စုံနေတာပဲ"

"ဆရာ့ကို ကျွန်တော်ဒဏ်တပ်ပြီ"

ဆရာက မြန်မာလိုလာပြောနေ၍ နေခက အခံ

လိုပြောပြီး ရယ်လိုက်၏။ ဆရာ့လက်ထဲမှ စာအုပ်ကို လှမ်း

ယူလိုက်သည်။ ဆရာက နေခတို့ထက် အသက်ကြီးသည်

ဆရာလည်း ဖြစ်သည်။ သို့ပေမဲ့ တပည့်ဆိုသော သူ

ထဲမှာ ပညာတတ်တွေ၊ အလုပ်အကိုင်ထဲမှလာသူတွေ၊ အ

နေရာနှင့်သူ ခန့်ညားရမည့်သူတွေပါသည်မို့ သင်တန်းမှာ

မြန်မာလိုပြောသည့်အခါမှာ 'ကျွန်တော်' 'ခင်ဗျား'ပဲ သုံး

သည်။ နာမည်မှာ 'ကို'တပ်ခေါ်၏။ အဲသည်စာအုပ်ကြီး

နေခဖတ်ဖို့ မေမေထည့်ပေးလိုက်တာဖြစ်မည်။ မေမေက

သူများဆီက ငှားလာသော စာအုပ်မို့ မြန်မြန်ဖတ်မြန်မြန်

ပေး ဆိုသော စည်းကမ်းကောင်းကြီးနှင့် ပြန်မပေးရမီ ပျော

သွားမှာ စိုးရိမ်စိတ်ဖြင့် (သူများပစ္စည်းမို့လို့)စနစ်က

မျက်ခြေမပြတ်ကြည့်ရှုထိန်းသိမ်းနေပြီ။

နေခက စာအုပ်နာမည်ကို လှမ်းဖတ်ကြည့်ဖြစ်လို

၏။James. A. Michener ဂျိမ်းမ်စ်အေမစ်ရှီးနားရေးသော

Alaska (အလာစကာ) ဆိုသော စာအုပ်ကြီးထူထူကြီး။

"စာအုပ်ကြီးက ထူလို့ လွှတ်ကျရင်စာရွက်

တွေထွက်ကုန်မယ်တဲ့ အန်တီက"

ကောင်မလေးက ပြောသည်။ နေခက ပြုံးလိုက်

မေမေတို့က အဲသည်လောက်ထိ အကွက်စေ့အောင့်စေ့စဉ်



နှစ်ကျသူ ဖြစ်သည်။ ဖေဖေကလည်း ယနေ့ထိ နာမည်

ကျက်မရှိ၊ ကိုယ်ကျင့်တရားထိန်းသည့် နေရာမှာ လူချီးမွမ်း

ခံရသည်။ နေခတို့က အဲသည်လို မိဘမှ ပေါက်ဖွားဆင်း

သက်လာရသည်မို့လည်း မြူမင်းကိစ္စမှာ…

"ဖြစ်မှဖြစ်ရလေခြင်း"ဆိုသော ယူကျုံးမရဒေါသ

က ပိုလို့ကဲနေရခြင်း ဖြစ်တော့သည်။

"ပြော…ဘယ်ကဖုန်းလဲ"

"မမခွန်း"

"ဪ…ဒါဆို သိပြီ"

နေခက တယ်လီဖုန်းခလုတ်ကလေးများကို စနှိပ်၏။

"ကိုကိုကြီး မဆက်နဲ့တော့တဲ့၊ အိမ်မှာ ရှိမရှိ

မေးတာ၊ ရှိပြီဆိုတာ သိရလို့လာခဲ့တော့မယ်တဲ့၊

ဖုန်းပြန်မဆက်ပါနဲ့တော့တဲ့"

"အေး…ဒါဆိုလဲပြီးရော"

"ဟောတော့…ဟိုမှာ ရောက်တောင်လာပြီ"

ကားဟွန်းသံတီခနဲ ကြားရသည်မို့ မော့အကြည့်မှာ

ခွန်း၏ကားကို ခြံရှေ့မှာ တွေ့လိုက်ရသည်။ ကောင်မလေး

က တံခါးပြေးဖွင့်၏။ ခွန်းနှင့်နေခတို့က အိမ်ချင်းနီးကြ

သည်မို့ ဒီလောက်မြန်မြန်ရောက်လာခြင်းတည်း။

"ကဲ…ပြော၊ ကိစ္စတစ်ခုခု အရေးမကြီးဘဲနဲ့ နင် မလာပါဘူး ငါ့ဆီ"

"ရှင်ကရောလာလို့လား"

"ငါ မအားဘူးဟ၊ ခုတလော အလုပ်တွေကို ဖေဖေ့ဘက်ကို နည်းနည်း နည်းနည်းလျှော့ပြီး ငါ့ဘက်ပိုပိုယူပေးနေတယ်၊ ဖေဖေက အသက်ကြီးပြီ၊ နားစေချင်ပြီ"

"သာ…ရှ"

"တစ်ခွန်းတည်း"

"ငါလဲ မအားတော့ပါဘူး၊ ခြံထဲမှာ နာစရီ (Nursery) ဖွင့်မလို့ စဆောက်နေပြီ"

"တယ်ဟုတ်ပါလား"

"ကျောင်းတုန်းက မေဂျာတူခဲ့တဲ့ သူငယ်ချင်း သုံးယောက်လဲပါမယ်"

"ဟိုသူဌေးကတော်ကရော ခုထိဘာအလုပ်မှ မလုပ်ဘူးလား"

သူဌေးကတော်ဆိုသည်မှာ ရူပါဝင်းကို ဆိုလိုခြင်းဖြစ်၏။



"ပြောမယ်…အဲဒီသူဌေးကတော်အကြောင်းကို ခဏထားဦး၊ ကြွားချင်လို့၊ ငါ့ကျောင်းက အပီအပြင်လုပ်မှာ၊ သူနာပြုဆရာမတွေ၊ နာနီတွေပေါ့ဟာ၊ အဲဒါတွေလဲ ငှားမယ်၊ တစ်လခွဲသားကစပြီး လက်ခံမယ်"

"ဒီလောက်ပေါက်စလေးတွေကို နင် ချိတောင် ချီတတ်ရဲ့လား ခွန်းရယ်၊ ဇက်ကြိုးလက်ပြုတ်ဖြစ်ကုန်လို့ နင်လျော်နိုင်တာလဲ မဟုတ်ဘဲနဲ့"

"မိန်းမဆိုတာ မိခင်စိတ်ရှိပြီးသား၊ ဘာလို့ မချီတတ်ရမှာလဲ၊ ပြီးတော့ ငါက အရမ်းချီတတ်နေဖို့လဲ မလိုပါဘူး၊ ကျောင်းတစ်ကျောင်းကို အုပ်ချုပ်စီမံခန့်ခွဲတတ်ရင်ပြီးတာပဲ၊ ငါးနှစ်သားပေါ့နော်…

"ကျောင်းကြီးတက်တဲ့အရွယ်ထိ လက်ခံမယ်"

"ကြီးကျယ်ပြန့်ကားလှချီလား၊ လက်ဝင်လိုက်မယ့်ဖြစ်ခြင်း၊ သုံးနှစ်က ငါးနှစ်ဆိုတော်ရောပေါ့၊ ဟိုပေါက်စလေးတွေပါတော့ စိတ်မရှည်ဘူး"

"နင့်လဲ ကလေးထိန်းမခန့်ပါဘူး၊ တစ်လခွဲဆို အမေတွေက အလုပ်ပြန်ဝင်ရပြီကွ၊ ခုခေတ်မှာ ကလေးထိန်းပြဿနာဘိဝ်တက်တယ်…

"ဈေးလဲကြီး၊ ဈေးသာကြီးတာ စိတ်ချရသလား၊ တကယ်တတ်သလားဆိုတော့လဲ မရဘူး၊ လခသာ စွပ်တောင်းနေတာ၊ တကယ်တမ်းကျ မတတ်ဘူး…

"အမေတွေမှာ ပိုက်ဆံကုန်ပြီး အကျိုးမရှိ စိတ်ညစ်နေကြရတာ ကူညီချင်လို့ ငါတို့ကျတော့ ယူတဲ့ပိုက်ဆံနဲ့ ကျေအောင်ဝန်ဆောင်မှုကောင်းကောင်းပေးမှာ၊ စိတ်မချရင် လာခိုးချောင်းကြည့်…

"ငါထင်တယ်၊ အရွယ်ကြီးတွေနဲ့စာရင် အဲဒီပေါက်စတွေကတောင် ပိုများနေနိုင်တယ်၊ အချိန်နဲ့နို့တိုက်မယ်၊ ရေချိုးပေးမယ်၊ သိပ်မယ်၊ သူ့အသက်အရွယ်အလိုက်…

"သူ စားနေကျ အစာကျွေးပေးမယ်၊ ငါဖြင့်စိတ်ကူးတွေယဉ်ပြီး အတွေးနဲ့ ပျော်နေတာပဲ၊ မနက်ရှစ်နာရီဆိုရင် ကလေးလာပို့နိုင်ပြီ…

"ညနေခြောက်နာရီနဲ့ ခုနစ်နာရီကြားမှာ ကလေးလာပြန်ခေါ်နိုင်တယ်၊ လာမကြိုနိုင်တဲ့ မိဘတွေဆီကို ဆရာမနဲ့ ကားနဲ့လိုက်ပို့မယ်"

"ဝန်ဆောင်စရိတ်တွေကြီးမယ်"

"အဲဒီအတွက် ကျောင်းလခလဲ ကြီးမှာပေါ့"

"ရေတွင်းတူးမယ့်အစီအစဉ်ပေါ့လေ"



"ဒါပေါ့…ရေလျှံမှ အရီးလာမတော်နဲ့"

"ဟုတ်ကဲ့…ဒေါ်ဘူးသီး"

နေခက ရယ်၍နောက်သည်။ ခွန်းက မျက်စောင်းထိုးလိုက်၏။ နေခက ခွန်းမျက်စောင်းကို စိုက်ကြည့်လိုက်သည်။ မိန်းမတွေ မျက်စောင်းထိုးတော်တော် ဝါသနာပါကြပုံရသည်။ ယောကျ်ားတွေကျတော့ မျက်စောင်းမထိုးကြပါလားဟု တွေးမိ၏။ ယောကျ်ားနှင့်မိန်းမမှာ သဘာဝအားဖြင့် မတူကြတာတွေ အများကြီးရှိသည်။ ဒါကို အပေါ်ယံအားဖြင့် သတိမထားမိကြပါ။ မိန်းမသားတို့ လုပ်ပုံကိုင်ပုံကလေးများ ယောကျ်ားတစ်ယောက်ဆီမှာ တွေ့ရလျှင် ပတ်ဝန်းကျင်က မိန်းမလျှာဟု သတ်မှတ်သည်။ မိန်းမသည် ယောကျ်ားထက်ခွဲနောင်းတာတော့ အမှန်ဖြစ်၏။

"ဒီမှာ…အရေးကြီးတာကို ပြောတော့မယ်"

"ဩော်…နှစ်ထောင့်နှစ်ခုနှစ်ကျမှ ပြောမယ်ထင်လို့"

ခွန်း မျက်စောင်းထိုးပြန်သည်။

"ရှုပါက လူဦးရေတိုးတက်ဖို့ အလားအလာရှိနေပြီ"

"ဟာ…ဟုတ်လား၊ ဝမ်းသာတယ်"

"အေး…သူက မရတော့မှာ စိုးရိမ်နေတာ၊ ခုမှရတော့ သူလဲ ပျော်နေတယ်၊ ဒါပေမဲ့ သူ

တအားခံရတယ်ကွ၊ မနက်မိုးလင်းတာနဲ့ အန်တာပဲတဲ့…

"ဘာမှစားလို့မရ၊ စားချင်စိတ်လဲ မရှိ၊ ထမင်းစော်ဟင်းစော်တွေဆို နံလွန်းလို့တဲ့၊ ပျို့လွန်းလို့တဲ့ကွာ၊ ပြီးတော့…ထမင်းစား ထမင်းအန်၊ ကော်ဖီသောက် ကော်ဖီအန်၊ ရေသောက် ရေအန်တဲ့"

"လက်ဖက်စား လက်ဖက်အန်ကလေးလဲ ထည့်ပြောဦး"

"အေး…ဘာမှမစားချင်ရတဲ့အထဲ ကြိုးစားပမ်းစား စားတော့လဲ ပြန်အန်ထွက်တော့ လူဆိုတာ ပိန်ချုံးနေတာပဲ"

"သူ ပြီးခဲ့တဲ့လက ရောက်မလာတော့ နင်တို့က နေမကောင်းလို့ဆိုတာ ဒါလား"

"အေး…အဲဒီတုန်းက အဖွဲ့ထဲမှာ မကြေညာနဲ့ဦးတဲ့၊ ရှက်လို့တဲ့၊ ခုမှကြေညာတာ"

"အောင်မယ်လေး"

"နင်ကလဲ၊ အဲဒါ အမြဲလဲ မူးနောက်ခွေလဲနေတော့ သူ အိုဂျီသွားပြတယ်"

"ဩော်…အဲဒီတော့ လေပူဖောင်းကြီး ဖြစ်နေရောလား"

"ဖွဟဲ့…ဘာတွေလျှောက်ပြောနေတာလဲ၊ သူ



များသားသမီးကို ကလေးပါ၊ သူက ဒီပါချမ်းမြမှာ သွားပြတာ"

"ဒီပါချမ်းမြ" ဆိုသော နာမည်ကို ကြားရတော့ ဟိုကောင် မြူမင်းတက်ခဲ့သေးတာကို သွားသတိရသည်။ မြူမင်းကို စိတ်တိုဒေါသထွက်နေသည့်ကြားမှ အမြဲပဲ သတိရ၏။ အကောင်းသတိရတာတော့ မဟုတ်ပါ။ သတိရတိုင်း သတ်ချင်စိတ်ပေါက်နေတာချည်းပဲ ဖြစ်သည်။

"မနေ့ကညနေက သူ သွားပြတာ၊ နင်လဲ ဒီပါချမ်းမြကို ရောက်ဖူးသားပဲ၊ အောက်ဆုံးထပ်မှာ သမားတော်ကြီးတွေ ထိုင်တယ်၊ ဆေးရောင်းတယ်၊ အပေါ်ထပ်တွေကျတော့မှ လူနာခန်းတွေ ခွဲစိတ်ခန်းတွေလေ"

"အင်းပါ"

"အောက်ထပ်မှာ ဆရာဝန်ပြဖို့ စောင့်နေတဲ့လူတွေကတော့ အဝင်တံခါးဝကို အမြဲလှမ်းကြည့်နေတာပေါ့၊ ဆရာဝန်လာပြီလားပေါ့၊ အဲဒီတော့ ဝင်လာတဲ့သူကိုတွေ့တယ်…

"ဝင်လာတဲ့သူတွေကတော့ ညာဘက်ကွေ့ပြီး ဓာတ်လှေကားတန်းတက်တဲ့သူတက်၊ ရိုးရိုးလှေကားဘက်သွားတဲ့သူ သွားဆိုတော့ တကူးတက လှမ်းမကြည့်ရင်…

"ထိုင်စောင့်နေတဲ့လူနာတွေကိုမတွေ့ဘူးပေါ့"

"လျှာရှည်လိုက်တာဟာယ်၊ သဇင့်ကို တွေ့ခဲ့သလား"

"ဟင်…နင်ဘာယ်လိုသိ၊ရူပါဖုန်းဆက်သလား"

နေခ ခေါင်းခါလိုက်သည်။ သိလို့မဟုတ်ပါ။ ခွဲပြောလိုက်ခြင်းဖြစ်၏။ ခွန်းရဲ့ နိဒါန်းက ရှည်လွန်းသည်မို့ မဖြစ်နိုင်တာကို တမင်ရွေးပြောပစ်လိုက်ကာမှ တန်းခနဲ မှန်သွားရှာခဲ့ပြီ။ တကယ်တော့ ဒီပါချမ်းမြဆိုကတည်းက မြမင်းကို သတိရလိုက်တာ။ ဒီပါချမ်းမြ ပါလာမှလည်း သတိရတာတော့ မဟုတ်ပါ။

"မြမင်းကျွာ မင်း လုပ်ရက်လေခြင်း" ဆိုသောဒေါသဖြင့် ကြိတ်မနိုင်ခဲမရ မဖြစ်သည့်နေ့၊ မုန်းမျက်စိတ်ဖြင့် သတိမရသောနေ့ဟူ၍ တစ်နေ့မျှ မရှိခဲ့ပါ။ မြမင်းကို သတိရလို့ကို သဇင်လားဟု ခွတိုက်မေးချလိုက်ခြင်းဖြစ်ပါသည်။

"ပြီးတော့…သဇင်က ဝှီးလ်ချဲ (ဘီးတပ်ကုလားထိုင် wheel chair )ပေါ်မှာ၊ အဲဒီဝှီးလ်ချဲကို တွန်းတဲ့သူက ဘယ်သူမှတ်လဲ"

"မြမင်းလား"

ခွတိုက်မေးပစ်လိုက်ပြန်သည်။

"ကြီးမေ"



ဒီတစ်ခါတော့ လွဲသွားသည်။ လွဲသွားပေမယ့် အံ့သြလှ၏။ ကြီးမေနှင့် သဇင်တို့က ဘယ်လိုအဆက်အစပ်ရှိနေကြသလဲ။

"သဇင်က ဗိုက်နာနေတဲ့ပုံတဲ့"

"ဩော်…"

သဇင်တစ်ယောက်ဗိုက်နာတာကို ကြီးမေက ဆေးရုံလိုက်ပို့ လှည်းတွန်းသည်ဆိုတော့ သဇင့်ဗိုက်ထဲက ကလေးဟာ သူ့မြေးမို့လို့လား။

"တောက်"

ခေါက်မိပြန်ပါပြီ။ ဒေါသတွေက အလိပ်လိုက်ကြွတက်လာသည်မို့ လက်ထဲမှ နယူးစ်ဝိခ်မဂ္ဂဇင်းကို ခုံလေးပေါ်သို့ ပေါက်ချ၏။

"အပြီးသတ်ကျတော့လဲဒီဘူတာပဲဆိုက်တာပဲ"

ခွန်းက ဘာပြန်ပြောရမှန်းမသိဖြစ်နေ၏။

"မဟုတ်ပါဘူးဆို…၊ ဟိုကောင်က ငြင်းတော့လဲ နင်တို့က ယုံလိုက်ကြတဲ့ဖြစ်ခြင်း"

ခွန်းခမျာ မျက်လွှာချရတော့သည်။ ဟုတ်တော့လဲ ငြိမ်ခံနေရတော့သည်။

"ကြီးမေက ဝှီးလ်ချဲကို တွန်းရုံနဲ့ သဇင့် ပြဿနာဟာ မြမင်းတာဝန်လို့ နင်က အပိုင်တွက်လိုက်တာလား"

"ဒါမှမဟုတ်ရင် ကြီးမေက ဘာကိစ္စလိုက်ပြီးဒီ လှည်းကို တွန်းရမှာလဲ၊ ဈေးသုံးပြွတ်လို့ မိုက်ဆံယူ ပြီး လှည်းလိုက်တွန်းတာပါလို့ ပြောဦးမလို့လား"

"နင်ကသာ အဲဒီလို ယုံပစ်လိုက်တာ၊ ငါက အဲဒီထိ ယုံမပစ်သေးလိုက်ပါဘူး"

"ဒါကြောင့် နင်တို့မိန်းမတွေ နှာခေါင်းမပါ ရင် မစင်စားမယ် အပြောခံရတာ"

"ရှုပါက ညတော်တော် နောက်ကျမှ အိမ်ပြန် ရောက်တယ်၊ ရောက်ရောက်ချင်း ငါ့ဆီ ဖုန်းဆက် တယ်"

"သူက ဘာဖြစ်လို့လိုက်မကြည့်တာလဲ"

"တိုက်တိုက်ဆိုင်ဆိုင်ပဲဟယ်၊ သူလဲ သစင့်ကို တွေ့ရော၊ သူ့အလှည့်ရောက်လို့ ဆရာမကလဲ ခေါ် ရောတဲ့၊ ဘယ်လိုက်ကြည့်နိုင်မလဲကွာ"

"ထွက်လာတော့ရော အပေါ်ထပ်တွေတက်ပြီး မရှာခဲ့ဘူးလား"

"ငါ သွားရှာပြီးပါပြီ၊ ဒီမနက်"

"တွေ့ခဲ့လား"

"မတွေ့ခဲ့ရသေးဘူး၊ မနေ့ညနေ●ရောက်တာ ဟုတ်တယ်၊ ဗိုက်နည်းနည်း နည်းနည်းနာတယ်တဲ့၊ သူက ရိုးရိုးပဲ မွေးဖို့အပ်ထားတာနဲ့ ဒီမနက်တော့…





"ရိုးရိုးမမွေးနိုင်တော့တာ သေချာသွားလို့ အရေးပေါ်ခွဲရမယ်တဲ့၊ သူ အားမရှိတော့ဘူးဆိုလား၊ ငါလဲ သေချာတော့ နားမလည်ဘူး"

"နင်က ပြန်လာရလား"

"ခုလေးတင် ခွဲခန်းထဲ သွင်းသွားတာဆိုတော့ ကြာဦးမလားလို့၊ အဲဒီက ပြန်လာပြီး ငါ့အိမ်မှာ ထမင်းစားရုံစားပြီး နင့်ဆီ တန်းလာခဲ့တာပဲ"

"နင်တို့မိန်းမအုပ်စုကို တပ်မလှန့်ခဲ့ဘူးလား"

"နေမလား၊ ထမင်းစားရင်း ပြောခဲ့တာ၊ ကြည် သာနဲ့နီလာ သူတို့အိမ်ကပဲ စောင့်နေကြမယ်၊ နင် ဘာပြောမလဲလို့ နင့်ဆီငါလာတာ၊ နင်အံ့သြသွား စရာတစ်ခု ပြောပြမယ်"

"ဘာလဲ"

"အဲဒီဆေးရုံက မွေးလူနာတွေဆိုရင် တစ်ထပ် တစ်ထပ်မှာရှိတဲ့ လူနာစာရင်းကို ဝိုက်တ်ဘုတ် (White Board) ကြီးမှာ ရေးထားတယ်၊ အဲဒီမှာ လူနာနာမည်နဲ့ ဘေးမှာယောက်ျားနာမည်တွဲရေး ထားတယ်၊ တစ်ခါတလေ လူနာတွေက နာမည် တူနေတတ်လို့တဲ့"

"ဒီတော့…နင်က သစင့်ကို ယုတ်မာသွားတဲ့ ကောင်နာမည်ကို သိလာခဲ့ပြီပေါ့"

"အင်း"

"အဲဒါ ငါအံ့ဩရမယ်၊ ဒီလိုလား"

"အင်း"

"ဘယ်သူ့မို့ ငါက အံ့ဩရမှာလဲ"

"မြူမင်းပဲ"

"တောက်...မအံ့ဩလိုက်တာ၊ အစကတည်းက ငါမပြောခဲ့ဘူးလား"

"အေးဟယ်...ငါဖြင့် သူက ငြင်းထားတော့ မဟုတ်ဘူးဆိုတာကိုပဲ ယုံထားလိုက်တာပေါ့၊ ခု...ဟုတ်ပြီဆိုတော့ အံ့ဩသွားတယ်"

"အံ့ဩစရာလား...ဒါ"

"အံ့ဩတာက သူ ဖြစ်နေတာကိုလဲ အံ့ဩတယ်၊ သူ ဖြောင်လိမ်ငုံ့ခဲ့တာကိုလဲ အံ့ဩတယ်၊ ပွိုက်တ်ဘုတ်မှာ နာမည်တွေအင်္ဂလိပ်လိုရေးတော့..."

"ယောက်ျားနာမည် မြူမင်းကိုလဲ အင်္ဂလိပ်လိုပဲ ရေးထားတယ်၊ အမ်ဝိုင်ယူအမ်အိုင်အင်န် (Myumin)တဲ့၊ ရှေ့မှာ ကိုတွေ၊ ဦးတွေ၊ မောင်တွေလဲ မပါဘူး"

"ဒါ ဂလေဂချေ စတိုင်ပေါ့၊ ငါဆိုရင် အခု အလုပ်ထဲရောက်ပြီးမှ ခင်ရတဲ့သူတွေ၊ မိတ်ဆွေတွေ၊ ရွယ်တူတန်းတူတွေ မပြောနဲ့ ငါ့အမေအရွယ်



လောက်က လူကြီးတွေတောင်...

"မင်းနေခ အခေါ်ခံဖို့ဝေးလို့ မောင်မင်းနေခ ခေါ်ရင်တောင် မကြိုက်ဘူး၊ အနည်းဆုံး 'ကို' လောက်တော့တပ်ခေါ်မှ ကြိုက်တယ်..."

"သူများကိုလဲ ငါဒီလိုပဲ ခေါ်တယ်၊ ဒါဟာ ကြီးကျယ်တာ မဟုတ်ဘူး၊ သူ့ကိုလဲ လေးစားတာ၊ ကိုယ့်သိက္ခာလဲ ကိုယ်မြှင့်တင်တာ၊ ဒါလူကြီးလူကောင်းပုံစံ..."

"အဲဒီကောင်ကတော့ သူ့မိဘဘယ်လောက်ချမ်းသာချမ်းသာ၊ သူကတော့ တေလေဂျပိုးပဲ၊ အုတ်ကြားမြက်ပေါက်ပဲ၊ အောက်တန်းစားပဲ..."

"စုတ်ပဲ့သလောက်ယုတ်မာပြီးခွေးလိုကောင်"

ဒေါသတွေက ထွက်ပြီးရင်းထွက်ရှမြန်သည်မို့ ဒေါသပေါ် ဒေါသဆင့်လျက် မျက်နှာကြီးနီရဲကာ ခက်ထန်လာရတော့သည်။

"ဟုတ်ပါတယ်ဟယ်၊ ဒါပေမဲ့ နင်က စိတ်လျှော့ပါ၊ နင့်ကြည့်ရတာ သွေးတွေတောင် တိုးလာပလား မသိဘူး၊ နင့်အတွက်ပြောတာပါ၊ ပြောပါဦး အခု ငါတို့ ဘာလုပ်ကြမလဲ..."

"ငါက ခွဲခန်းနားသွားမေးတာတို့၊ ခွဲပြီးတဲ့ ထိထိုင်စောင့်တာတို့ တစ်ခုခုလုပ်ရင် မှားသွားမှာ

စိုးလို့ နင်နဲ့ လာပြန်တိုင်ပင်တာ"

"တောက်…လူသတ်ချင်တယ်ကွာ"

စိတ်ကို လျှော့ပါဆိုမှ လူသတ်ချင်စိတ်ပေါက်ရသော နေခကို ခွန်းက ပြန်၍သနားရတော့သည်။ ခုချိန်မှာ နေခမှန်၍ မြှုမင်းက ပက်စက်ယုတ်မာရုံမက လိမ်လည်ကောက်ကျစ်သူလည်း ဖြစ်နေတော့သည်။

"ငါတို့ ဒီလိုပဲ နေလိုက်ကြမလား"

"နင် နေနိုင်လို့လား"

"ဟုတ်တယ် နေခရယ်၊ ငါတို့မိန်းမအုပ်စုက တော့ အသည်းပျော့တယ်၊ မနေနိုင်ဘူး၊ သဇင့်ကို တော့ သွားတွေ့ချင်တယ်၊ ပြီးတော့…

"မြှုမင်းက သဇင့်ကို တရားဝင်လက်မထပ်ဘဲ ဒီလိုလုပ်ထားတာ ဘယ်ကောင်းမလဲ၊ ငါတို့ သဇင့်ဘက်က ရပ်ပေးရမယ်"

"နင်တို့သွားတွေ့တော့ ဟိုကောင်နဲ့တွေ့နေရင် ဘယ့်နှယ်လုပ်မလဲ၊ ငါနဲ့ဒီတစ်ခါတွေ့ရင် ငါ လူသတ်မိလိမ့်မယ်"

"တွေ့လဲ တွေ့နိုင်တာပဲ၊ တွေ့လဲ ကောင်းတာပဲ၊ ငါတို့ ဝိုင်းပြောမှာပေါ့၊ သဇင့်ကို တရားဝင်လက်ထပ်ဖို့"

"ပြောလို့ရမယ်ထင်နေသေးလား"



"မရ ရအောင်ပြောမယ်၊ ငါတို့တစ်ဖွဲ့လုံး သွားမယ်"

"ငါ မလိုက်ဘူး"

"ဟင်…ငါတို့မိန်းမတွေချည်းလား"

"ဝဏ္ဏတို့၊ စည်သူတို့၊ ကျော်ဦးတို့ ခေါ်သွားပေါ့"

"အဲဒီကောင်တွေထဲမှာ မြှုမင်းကို သတ်မယ့်ကောင် ပါသေးလားမသိဘူး"

"သုံးကောင်လုံးက သတ်မှာပဲ"

"ဒါဆိုရင် ခေါ်လို့မဖြစ်ဘူးထင်တယ်၊ဟင်…နေခ၊ ငါတို့ မိန်းမတွေချည်း အရင်သွားနှင့်မယ်"

"ရူပါကို ခေါ်မသွားနဲ့၊ သူ နေမကောင်းဘူး မဟုတ်လား၊ ပြီးတော့…သူ့ယောကျ်ားကို အရမ်းအားနာဖို့ကောင်းနေပြီ၊ ငါတို့တွေက သူ့မိန်းမကို ပိုင်စိုးပိုင်နင်း သိမ်းပိုက်ရှိတယ်…

"သူ သဘောကောင်းလွန်းလို့သာ၊ တော်ရုံယောကျ်ား သည်းမခံနိုင်ဘူး၊ တောက်…ကွာ၊ ရူပါကျတော့ ယောကျ်ားရ ကံကောင်းသလောက် သဇင် ကံဆိုးတယ်…

"ကံဆိုးအောင်လုပ်တဲ့ သူကလဲ ကိုယ့်အချင်းချင်း၊ ဘယ်လောက် အသည်းနာစရာကောင်းလိုက်

လဲ၊ ငါ ဒီကောင့်မျက်နှာ ကြည့်ကိုမကြည့်ချင်ဘူး”

“ဒါဖြင့် ငါရယ်၊ နီလာရယ်၊ ကြည်သာရယ် သွားလိုက်မယ်”

“ငါ့ကို အကျိုးအကြောင်းတော့ ပြန်ပြောဦးဟ၊ ခုတလော…ငါ အလုပ်လဲများတယ်ကွာ၊ အလုပ်ထဲဝင်ကာစဆိုတော့ အသားကျနေတဲ့ သူထက် ပိုပင်ပန်းတာပေါ့…

“မျက်စိအသုံးများလို့လား မသိဘူး၊ မျက်ရိုးကလဲ ကိုက်ကိုက်နေလို့၊ ဒီနေ့ ခေါင်းထဲမှာ ရှိသမျှ အကုန်ထုတ်ပြီး နားကာမှ၊ ဒီခွေးသူတောင်းစားအကြောင်းက ခေါင်းထဲဝင်ရသေးတယ်”

“မျက်ရိုးကိုက်ရင် စာမဖတ်နဲ့လေ”

“စာမဖတ်တော့ ဘာလုပ်ရမလဲ၊ ဗီဒီယိုကြည့်လဲ ဒီမျက်လုံး၊ တီဗီဂိမ်းကစားလဲ ဒီမျက်လုံး၊ ဒီမျက်လုံးနဲ့ ကင်းနိုင်တာ ရှိလို့လား ခွန်းရဲ့”

“ဒါလဲဟုတ်တာပဲ၊ ငါ သွားမယ်၊ နီလာက ကြည်သာတို့အိမ်တောင် ရောက်နေလောက်ပြီ၊ ငါ ကြည်သာ့ဆီပဲ သွားလိုက်တော့မယ်၊ အဲဒီကမှ သုံးယောက်သွားမယ်”

“အေး…ဩော်…ဒီမှာ နင့်ဖို့အအေးတွေလာချပေးထားတာ သောက်လဲမသောက်ရသေးဘူး”



“မသောက်ချင်တော့ပါဘူးဟာ၊အအေးသောက်လဲ ဒီရင်ပူက မအေးနိုင်ပါဘူး၊ အန်တီ့ကို တက်မတွေ့တော့ဘူးကွာ၊ ခြံထဲကနေပဲ ရှေ့ပြီလို့ပြောလိုက်နော်”

“ကောင်းပြီ”

ခွန်းကားပေါ်တက်တာကို လိုက်ပို့လိုက်ပြီး စောစောက ပက်လက်ကုလားထိုင်လေးဆီ ပြန်လာသည်။ ခွန်းအတွက်ရော၊ ကိုယ့်အတွက်ပါ လာချထားပေးသော အအေးနှစ်ခွက်လုံးကို သောက်ချပစ်လိုက်သည်။ အအေးတွေက ပူနေပြီ။

“တောက်…တိုက်တဲ့လေတွေကလဲ လေပူ”

စာအုပ်နှစ်အုပ်ကို ကောက်ယူကာ အိမ်ပေါ်တက်ခဲ့သည်။ အခန်းထဲသို့ ဝင်သည်။ လေအေးပေးစက်ကို မိုင်ကုန်ဖွင့်ပစ်လိုက်သည်။ မှန်တံခါးတွေလိုက်ပြန်ပိတ်ရသည်။ ဟိုလုပ်ဒီလုပ်နှင့်ပေမယ့် ရင်ထဲမှာ မငြိမ်။ လူသတ်ချင်နေသည်။

“မင်းကွာ…တောက်”

အိပ်ရာပေါ် ဖြစ်ကတတ်ဆန်း လှဲချပစ်လိုက်တော့သည်။

“မင်းတို့အုပ်စုနဲ့ခင်ချင်လို့” ဆိုပြီး ရောက်လာသောဆယ့်တစ်ယောက်မြောက် သူငယ်ချင်းလေးဟာ အဲသည်တုန်းကတော့ ယုန်ဖြူလေးတစ်ကောင်လို အပြစ်ကကင်းပါဘိ။ ဘျားကျားလျားလျား မရှိလို့ သနားမိရာကပဲ မရှိရကောင်း

လားဆိုပြီး ကြည့်မရဖြစ်ခဲ့ရသည်။ မြူမင်းဆိုသည့်အကောင် ညှက်ကလေးကို အားမရ၊ စိတ်တိုင်းမကျရတာတွေဟာ ရှေ့ စေ့တွေးမှ သူ့ကို ကောင်းစေချင်၊ ဖြစ်မြောက်စေချင်၊ ပြည့် စုံစေချင်သည့် စေတနာတွေပဲဆိုတာ ပေါ်လွင်ရပါသည်။

ဒီကောင်လေးကို မြင်မြင်ချင်း ခင်မင်ရပါ၏။ သူ့ ရုပ်ချောချောလေးဟာ ချောလွန်းလို့ တစ်ခါတလေတော့ မိန်းမ လေးပုံတောင် ပေါက်ချင်သည်။ သူငယ်ချင်းတွေထဲမှာ သူ့က ငွေကုန်ကျေးကျခံတာ များသည်။ သူ့ကို နာအောင်ပြော လည်း မနာတတ်။ ခပ်ပြုံးပြုံးနှင့် စိတ်မဆိုးဘဲ နေတတ်၏။

"မင်းကို နည်းနည်းလေးမှကြည့်မရတော့ဘူး"

ဒေါသပေါက်ကွဲလျက် ခပ်ပြောင်ပြောင်ပြောချလိုက် လည်း သူ စိတ်မဆိုး။

"ကြည့်လို့မရရင် ခဏမကြည့်နဲ့ဦး၊ တော်ကြာ မှ ပြန်ကြည့်"

အဲသည်လို ပြန်ပြောတတ်သည့်ကောင်။ သဘော ကောင်းသည်းခံသည့်နေရာမှာ နှစ်ယောက်မရှိ။ ဒါကြောင့် မိန်းမရှုပ်ပွေသော ဝါသနာအိုးများကို ကြည့်လိုက်လျှင် အဆိပ် အတောက်ကင်းသည့် ရေမြွေတစ်ကောင်လို နူးညံ့သိမ်မွေ့ နေတတ်သည်ဟု လူကြီးသူမတွေပြောကြတာ။ လူဆိုသည် မှာ ကိုယ့်မှာအပြစ်များလေ ထိုအပြစ်ကို လူမမြင်နိုင်အောင် ညင်သာညက်ညောသောနည်းဖြင့် ဖုံးဖိလေမို့ ဆိုရိုးစကား



တောင် ရှိသည်တဲ့။

အပြောချိုလျှင် သဘောမချို။

အပြောမချိုမှ သဘောချိုသည်…တဲ့။

အပြောချိုသလောက် မျက်နှာလည်းချို၊ အပေါ်ယံ ပုံစံမှာ သဘောအလွန်ချိုသော ဂိုက်ကိုလည်း ဖမ်းထားသေး သော မြူမင်း၏ အတွင်းသဘောတို့သည် ချိုဖို့ဝေးစွ၊ ခါးသီး ပုပ်ဟောင်နံစော်လှသည်တကား။

သို့ပေမဲ့ သူ့နှုတ်ဖျားမှ မိန်းမအကြောင်း ပြောသံ တစ်ခါမျှ မကြားရ။ လူငယ်ယောကျ်ားလေးတွေပီပီ မဟုတ် တာဟုတ်တာဖယ်ထား ဟိုကောင်မလေးကဘယ်လို၊ ဒီ ကောင်မလေးကညာလိုစသည်စသည်… မိန်းကလေးတွေက လည်း သူတို့စိတ်ဝင်စားသည့် ယောကျ်ားလေးအကြောင်း သူတို့ချင်း ပြောကြမှာဖြစ်သလို၊ ယောကျ်ားတွေလဲ မိန်းက လေးအကြောင်း ပြောကြတာပဲ ဖြစ်သည်။ ကိုယ်လည်း ပြော သည်။ ဝဏ္ဏ၊ စည်သူနှင့် ကျော်ဦးတို့လဲ ပြောကြသည်။ တေဇာဆို ပိုလို့တောင်ပြောသေး။

မြူမင်းဆို ဘယ်ကောင်မလေးက လှလိုက်တာ၊ သ ဘောကျတယ်ဘာညာတစ်ခါမျှ မပြော။ ပြောသံကိုမကြားရ။

"မင်း တစ်ခါမှလဲ ပြောသံမကြားပါလားကွ"

ဘွင်းဘွင်းကြီး ပြောတော့ ပြုံးနေသည်။

"ငါ စိတ်မဝင်စားဘူး" တဲ့။

"မိန်းမဆိုတာ ဘယ်အချိန်ယူယူရတယ်။ မိန်းမ တစ်ယောက်ရဖို့အတွက် ပါးစပ်မအားအောင် ပြောနေစရာ မလိုပါဘူး" တဲ့။

"မင်းတို့မသိလို့ မိန်းမတွေဟာ ပြင်နိုင်ဆင်နိုင်လွန်းလို့လှတာ။ ငါတို့တွေလိုသာ မျက်နှာပြောင်နဲ့နေရရင် တစ်ယောက်မှ မလှဘူး။ အကျည်းတန်ချည်းပဲ။ ငါတော့ တစ်ယောက်မှ ကြိုက်ချင်စရာ မတွေ့ပါဘူး" တဲ့။

ရိုးသားကြိုးစားတဲ့ ဖိုးသခွားပုံစံလေးနဲ့ မခုတ်တတ်တဲ့ကြောင်လေးလုပ်နေခဲ့ပုံများ ပီရိပါဘိ။ အဲသည်ကြောင်စုတ်က ခုတ်မယ့်ခုတ်တော့ ကိုယ့်အချင်းချင်းထဲ လှည့်ခုတ်သည်။ ပြီးတော့…လုပ်ပုံက မဟုတ်။ သူ မဟုတ်ဘူး ငြင်းခုတော့လဲ ဆေးရုံတက်မွေးနေပြီ။ သူ့ကြီးဒေါ်က လှည်းတွန်းပြီး သူ့ကို မတွေ့တော့ ဒီကောင် ခုထက်ထိ ရှောင်တုန်းလား။ ကြီးမေက မနေနိုင်လို့ ဝင်ကူညီနေတာလား။

တွေးရင်းက ဒေါသတွေထပ်တိုးရပြန်သည်။

မြူမင်းနှင့်နောက်ဆုံးတွေ့ခဲ့သောနေ့။ သူ့ကို ဆွဲထိုးပစ်ခဲ့သောနေ့မှစ၍ ယနေ့ထိဆိုလျှင် ဒီကောင်နှင့်မတွေ့ရတာ ခြောက်လကျော်ကျော်လောက်ရှိပြီထင်သည်။ ခုနစ်လလောက်လည်း ဖြစ်နိုင်၏။ ဒီရက်များအတွင်းမှာ စည်သူနှင့်ကျော်ဦးတို့ကတော့ ကိုယ့်အလုပ်ထဲမှာပဲမို့ နေ့ရှိသရွေ့ ဆက်ဆံနေရသည်။ မြင်တွေ့နေရသည်။ သူ့ကျူရှင်ပိုင်းတွေနှင့်



ရှုပ်ယှက်ခတ်ကာ အချိန်ပိုလုံးဝမရှိသလောက် အလုပ်များနေသော ဝဏ္ဏနှင့်တစ်လတခါ အနိုင်နိုင်ဆုံရသည်။ ဒါတောင် တချို့လတွေမှာ စာမေးပွဲနီးလို့ဘာညာနှင့် ဝဏ္ဏရောက်မလာနိုင်ခဲ့။မတွေ့ရသော ရက်တွေမှာ ယောက်ျားချင်းမို့ အကြောင်းထူးမရှိလျှင်လည်း ဖုန်းမဆက်ဖြစ်တော့မေ့များ တောင်မေ့နေ၏။ ကိုယ်ကလည်း ကိုယ့်အလုပ်နှင့်ကိုယ် စိတ်ရှုပ်အလုပ်ရှုပ်တွေရှိသည်။ တေဇာဆို ဒီကောင်စာမလာသတင်းမကြား၊ ဖုန်းမဆက်။ ယောက်ျားချင်းဆိုတာဒီလိုပါပဲ။သူတို့မိန်းမတွေချင်းသာ အလကားနေရင်း ဖုန်းဆက်၊ စာရေး၊အချစ်နှလုံးထလိုက်၊စိတ်ကောက်လိုက်ဖြစ်ကြတာမှလား။ ယောက်ျားချင်းကတော့ မတွေ့လျှင်မေ့နေသည်။တွေ့တော့လဲတွေ့သည့် အလျောက်။ မြူမင်းကိုကျမှဆန်းတော့သည်။

ဒီကောင်နှင့်မတွေ့ရသော ရက်များအတွင်းမှာ တစ်နေ့မှ မမေ့။ နေ့တိုင်းသတိရသည်။ အကောင်းသတိရတာတော့ မဟုတ်ပါ။ ဒေါသနှင့်သတိရနေခြင်း ဖြစ်သည်။ မြူမင်းဟာ အဲသည်လို ကိုယ်ကျင့်သိက္ခာမစောင့်ထိန်းတဲ့ကောင်မဟုတ်ရင် ဘယ်လောက်ကောင်းမလဲဟူ၍ မြူမင်းကောင်းစေချင်စိတ်၊ သူက ကိုယ်စေတနာထားသလို ကောင်းမလာ၍ ဖြစ်ရသော ဒေါသစိတ်တို့နှင့် အမြဲသတိရစိတ်တိုဒေါသထွက်နေရသည်။ သဇင့်ကို ရှာမတွေ့ဘဲ ကြာလာတော့ ဒီကောင်မဟုတ်ဘူးထင်ပါရဲ့ ဖြေတွေးဖြင့် ကိုယ့်ဒေါသကိုယ်



၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉

လျှော့ဖို့အတွက်လည်း ဒီကောင့်ကို နေ့တိုင်းသတိရဖြစ်သည်။

"သူငယ်ချင်းချင်း လက်ပါမိတာ ငါ လွန်သွားပြီ"

တစ်ခါတလေတော့ နောင်တစိတ်ဖြင့် သတိရ၏ တကူးတက သွားရောက်တောင်းပန်ချင်စိတ်တောင်ဖြစ်မိသေးသည်။ သို့ပေမဲ့ ဒီကောင်က ဟင်းဒ်ဖုန်းပိတ်ထားတာနှင့်၊ အိမ်ဆက်လျှင် မကိုင်တာနှင့်၊ ကြီးကျယ်ခမ်းနားနေတော့ စိတ်ထဲချဉ်တင်တင်ဖြစ်သည်မို့ မတောင်းပန်ဖြစ်တော့ပါ။ မြူမင်းမှာ အပြစ်မရှိဘဲ ကိုယ်က ထိုးကြိတ်ဖွပ်ဖွဲမိတာဆိုလျှင် မြူမင်းဘက်က စိတ်နာမည်။ မြူမင်းစိတ်နာသည်ဆိုလျှင် သူ့ကို အဆိုးဆိုဖွယ်မရှိ။ တစ်ခါတလေတော့ ကိုယ့်ကိုယ်ကို အပြစ်ရှိစွာ ခံစားပြီးဒီကောင့်ကို သတိရသည်။

သူငယ်ချင်းတွေအားလုံးထက်ပို၍ သတိတရ ဖြစ်နေရသည်မို့ ဒီကောင့်ကို အခင်ဆုံးမို့လားဟူ၍ ကိုယ့်ကိုယ်ကိုတောင် မေးကြည့်မိပါသေးသည်။ ခင်တာတော့တူတူပါပဲ။ ကိုယ်တို့ဆယ့်ရှစ်ယောက်လုံးသည် ညီကိုမောင်နှမအရင်းအခြာတွေထက် ပို၍လုံးထွေးရင်းနှီးစည်းရုံးချစ်ခင်ကြပါသည်။

ခုတော့…သိပါပြီ။

လူတစ်ယောက်အပေါ်မှာ အချစ်ကြောင့်လည်း တွယ်ငြိ၏။ အမုန်းကြောင့်လည်း တွယ်ငြိ၏။ အချစ်နှင့်ယှဉ်သည့်အခါတွင် မေတ္တာဖြင့်တွယ်ငြိ၏။ အမုန်းနှင့်ယှဉ်သည့်အခါ





ဒေါသဖြင့် တွယ်ငြိသည်ဟု စာအုပ်တစ်အုပ်ထဲမှာ ကိုယ်ဖတ်ဖူးသည်။ ကိုယ်က မြူမင်းကို ဒေါသနှင့် ယှဉ်၍ တွယ်ငြိနေသည်။

ဒါဆို မြူမင်းကို မုန်းနေသလား။

မုန်းနေပါသည်။ ဒေါသဖြင့် ယှဉ်၍တွယ်ငြိကာ နေ့ရှိသရွေ့ သတိရမုန်းတီးနေမိခြင်း ဖြစ်တော့သည်။

## အခန်း ( ၉ )

"သဇင်"

"ဟင်"

သဇင်ကကောင်းကောင်းကြီးသတိရနေပါပြီ။ ဒရစ်ဆက် (Drip Set) တန်းလန်းနှင့် လက်မောင်းထဲသို့ ဆေးသွင်းပုံစံနှင့်မို့ အိပ်ရာပေါ်မှာ ပက်လက်။ ကိုယ့်ဆီ မိုးပေါ်က ကျလာသလို ဖြုန်းခနဲ ရောက်လာသည့် သူငယ်ချင်းသုံးယောက်ကို အံ့သြဝမ်းသာပုံစံဖြင့် ရွှန်းရွှန်းစားစား ကြည့်လိုက်သည်။ အားကိုးသွားပုံလည်းရသည်။

"နင်တို့ရောက်လာကြတယ်နော်"

"အေး"



"ငါ့ကို ပစ်မထားကြဘူးနော်"

"အေး"

တအေး…အေးနှင့် ရုတ်တရက်ဲ ဘာက စပြောရမှန်းမသိစဉ်မှာဘဲ နီလာက မျက်ရည်စကျသည်။ သဇင်ပက်လက်အနေအထားမှာပင် ခေါင်းကို ဘေးသို့နည်းနည်းစောင်းထားတော့ မျက်လုံးနှစ်လုံးက အထက်အောက် ဆင့်သလိုဖြစ်ကာ အပေါ်မျက်လုံးမှ မျက်ရည်က အောက်မျက်လုံးထဲသို့ဝင်၏။ မျက်လုံးနှစ်လုံးစာပေါင်း၍စီးဆင်းသော အောက်မျက်လုံးမှ မျက်ရည်စီးကြောင်းက ကြီးလှသည်။ စီးကျမျက်ရည်က တသွင်သွင်အဆက်မပြတ်။

"မငိုနဲ့လေ၊ ငါတို့လာပြီပဲ"

သဇင်စကားမပြောနိုင်ရှာ။

"နေကောင်းလား" မေးတော့ ခေါင်းညိတ်ပြသည်။

"နင် ဘာစားရမယ်မှန်း မသိသေးတော့ အသီးအနှံဝယ်မလာခဲ့ဘူး၊ ဟောလစ်ရယ်၊ ဒရင့်ကင်းချောကလက် (Drinking Chocolate ဖျော်သောက်ရသော ချောကလက်ရည်)ရယ်ပဲ ဝယ်လာသေးတယ်"

"စားလို့ရပြီဆိုရင် စားချင်တာ ငါချက်ကျွေးမယ်"

သူတို့မိန်းမငါးယောက်ထဲမှာ ခွန်းက အချက်အပြုတ်

ဝါသနာပါသည်။ ချက်တတ်၏။ သဇင်က ပိုက်မတပ်ထားသော လက်ဖြင့်မျက်ရည်သိမ်းသည်မို့ ကြည်သာက တစ်ရှူးလေးဖြင့် ဝင်သုတ်ပေးသည်။

"ရှင့်ကိုရော သုတ်ပေးရဦးမှာလား"

သဇင်နှင့်အပြိုင်ငိုနေသော နီလာ့ဘက်သို့ သုတ်လက်စတစ်ရှူးကိုင်ကာ ခပ်ချဉ်ချဉ်နှင့် လှည့်မေးတော့ နီလာခိခနဲ့ရယ်၏။ မျက်ရည်စက်လက်နှင့် ခွိခနဲ့ဖြစ်ပုံက ရယ်စရာမို့ သူငယ်ချင်းစုစုပေါင်း လေးယောက်လုံး ရယ်ရယ်ပြုံးပြုံးဖြစ်သွားကြရတော့သည်။နီလာကသူ့မျက်ရည်သူသုတ်သည်။

"အရေးဆို သူက ပုလဲခြွေ"

"ရွဲလေးများပါသေးလား"

"သွား"

သူငယ်ချင်းတွေပြန်ဆုံပွဲကလေး ကြည်လင်သွားရပုံက ချက်ချင်းပါပဲ။ သူတို့ သူငယ်ချင်းချင်း သူစိမ်းတွေသာဆို ညီအစ်မထက် ပိုချစ်ကြသူတွေပေါ့လေ။

"ဘာလေးလဲ"

"သား"

သဇင့်အသံက 'မာန်'ပြည့်နေ၏။ သားလေးဟုတောင် မပြော။ 'သား'တဲ့။

"အာလ်ထရာဆောင်း (Ultrasound တယ်လီဗီးရှင်းဓာတ်မှန်) ကြိုရိုက်ထားသေးလား"



"ရိုက်တယ်"

"ဒါဆိုကြိုသိနေတာပေါ့"

"သိတယ်၊ ဒါပေမဲ့ မျက်နှာကို မြင်လိုက်ရတဲ့အချိန်မှာ ခံစားရတဲ့ ပီတိဟာ ကြိုသိရတုန်းကထက် အဆတစ်ရာသာတယ်"

"ခွေးမ"

သူငယ်ချင်းကို ထောမနာပြုကာ ကလေးပုခက်လေးဆီရောက်သွားကြသည်။

"ဟယ်··ဖြူလိုက်တာမွေးမွေးချောချောလေး"

"အေးဟယ်···လှလိုက်တာ"

"မြူမင်းနဲ့တူလိုက်တာ"ဟု ပြောချင်စိတ်ကို မျိုသိပ်ပစ်လိုက်ကြသည်။ မြူမင်းကို တော်တော်ကြီးချဉ်တာ။ ဆေးရုံဆေးခန်းမှာ မဟုတ်ဘဲ ကွာတ်လပ်သောတစ်နေရာရာမှာသာ တွေ့လျှင် တွေ့ကရာနှင့်ကောက်ပေါက်ချင်စိတ်ရှိ၏။ သူ့အကြောင်း စကားထဲထည့်မပြောချင်။ ထည့်ပြောမိလျှင် အကောင်းပြောမိမှာမဟုတ်။ မြူမင်းကို အပြစ်တင်မောင်းမဲလျှင် သဇင်က ငိုဦးမည်။

"ချစ်စရာလေး၊ ချစ်လိုက်တာ၊ သဇင်ရေ··· ချစ်လားဟော့"

"ဘယ့်နှယ်မေးပါလိမ့်ဟယ်"

"အောင်မယ်··အောင်မယ်၊ကလေးအမေလက်

သစ်က၊ဟော့··သဇင်ရေ ရှုပါလဲ ကိုယ်ဝန်ရှိနေပြီ''

''ဟုတ်လား၊ ဝမ်းသာလိုက်တာ''

ဆရာမက ''သူ အခန်းအပြင်နား မလှမ်းမကမ်းမှာ ရှိနေပါမည်၊ လိုအပ်လျှင် ခေါ်ပါ''ဟု ပြောကာ အခန်းအပြင်သို့ ထွက်သွားတော့သည်။ ရင်းနှီးသော သူငယ်ချင်းများနှင့် မိသားစုများရောက်လာလျှင် လွတ်လပ်စွာ ပြောဆိုနိုင်ရန် ဆရာမများက အခန်းပြင်သို့ ထွက်ပေးနေကျ ဖြစ်ပါသည်။

''မြူမင်းရော''

ဆရာမထွ[illegible]သွားသည်နှင့် ကြည်သာက မအောင့်နိုင်စွာ မေးတော့သ[illegible]။ ခွန်းနှင့်နီ[illegible]တို့ကလည်း မေးချင်သိချင်နေတာပါပဲ။

''မနေ့က ဥ[illegible]သန်းခေါင်နား[illegible]မှ သူ မိုးကုတ်က ပြန်ရောက်တာ၊ [illegible]စ်နေ့က[illegible] မနေ[illegible]ပိုင်းကတည်းက ငါဗိုက်နာစပြုတော့ [illegible]မေ[illegible]ကုတ်ကို ဖုန်းလှမ်းဆက်ပေးတယ်···

''ငါ အပ်ထားတဲ့ အိုဂျီကိုလဲ ဖုန်းလှမ်းဆက်တာပေါ့လေ၊ အခန်းဘာညာလဲ အဆင်သင့်လုပ်ထားတာပေါ့၊ အိုဂျီက သားဦးဆိုတော့ ဒီနေ့တော့ မွေးမှာ မဟုတ်သေးဘူးတဲ့···

''ဆေးရုံတော့လာတက်နေတာ ကောင်းတယ်တဲ့၊ ဒါပေမဲ့ အဲဒီနေ့က မတတ်သေးဘူး၊ ကြီးမေက ပြောတယ်၊ မြူမင်းအမေ မြူမင်းကို မွေးတုန်းကလဲ နှစ်ရက်သုံးရက်လောက်ဆက်ပြီး ဗိုက်ထဲက နည်းနည်း···နည်းနည်းနာတာတဲ့···

''မွေးမယ့်နေ့မှာ အသည်းအသန်နာတာတဲ့၊ သားဦးဆိုတာ ခုနာ ခုမမွေးဘူးတဲ့''

သဇင်က ပျော်နေ၏။ 'သား'လည်းရပြီ။ သူငယ်ချင်းတွေကလည်း ကိုယ်မျှော်လင့်ထားသလို ကိုယ့်ကို ဝိုင်းမပယ်ကြ။ သူတို့ဘယ်ကဘယ်လို သတင်းရပြီးရောက်လာကြသည်မသိ။ ဒါကိုလည်း မေးရပါဦးမည်။ မတွေ့ရတာကြာနေသော ရက်များအတွင်းမှာ ပြောစရာ စကားတွေက သိပ်များနေသည်။ တစ်ခုကို ပြောချင်တာ တခြားဟာကို အရင်ပြောချင်သေး၍ ဖြတ်ပြောရတာနှင့် ရှေ့မှာ ပြောချင်သော တစ်ခုကို မေ့သွားရတာမျိုးရှိသည်။ ဒီစကားပြောရင်း လိုအပ်လို့ ဟိုစကားကို ဖြတ်ပြောမိတော့လည်း စကားလမ်းကြောင်း ပြောင်းသွားရတာရှိသည်။ သဇင်သည် 'သား'တစ်ယောက်မိခင်ဖြစ်ခဲ့ပြီ။

'သား'ဖြင့် အားမာန်တွေ တက်ကြွလာခဲ့၏။ သားကို လူဖြစ်အောင် ကျွေးမွေးသုတ်သင်ဖို့ သဇင့်မှာ တာဝန်ရှိလာပြီ။ မောင်လေးနှင့်ညီမလေးကို ရှန်ကုန်ခေါ်ဖို့လည်း ရှိသေးသည်။ ဒီအတွက် ဒီပြဿနာတွေကို ရင်ဆိုင်နိုင်ဖို့ ဖြေရှင်းနိုင်ဖို့ သဇင့်မှာ ခွဲသတ္တိတွေလည်း ပြည့်စုံလာရပြီ။

သဇင့်ပခုံးထက်မှာပိနေသော တာဝန်များအားလုံးကို "သား
ကိုချစ်ခြင်းဓာ"ဖြင့် သဇင်အပြုံးမပျက် ထမ်းဆောင်တော့
မည် ဖြစ်ပါ၏။

"ဖြတ်ပြောရဦးမယ် ငါ သားတစ်လခွဲရရင်
အလုပ်လုပ်မှာ၊ ကျုပ်အတွက် အလုပ်ကလေးဘာ
လေးရှာပေးထားကြဦး၊ ကြည်သာ့မြို့တီပါလာမှာပဲ
ဖြစ်ဖြစ်..."

"ခွန်း...ရှင်ကရော ဘာမှမလုပ်သေးဘူးလား၊
ကိုယ်ပိုင်အလုပ်ဆိုရင် ကျုပ်ကိုလဲ အလုပ်ခန့်ဖို့
တစ်နေရာချန်ထား၊ နီလာ့ကုမ္ပဏီမှာရော လူလို
သေးလား စုံစမ်းဦး၊ ရှင်က လခကောင်းတယ်ဆို"

သဇင့်မျက်နှာက ကြည်လင်ဝင်းပနေ၏။

သဇင့်ကို နောက်ဆုံးမြင်လိုက်ရသော မျက်နှာ
သွင်သွင် ဆန့်ကျင်သည်။ နောက်ဆုံးမြင်လိုက်ရစဉ်က သ
မျက်နှာက စုတ်ပြတ်သတ်နေ၏။ နေထိကြာထက် နွမ်း
ညှိုးလျော်၏။ မျက်နှာပြင်မှာ သွေးမရှိဘဲ ဖြူရော်လျ
နားထင်နားရင်းများ ချိုင့်ခွက်ပြီး ရုပ်ပျက်ဆင်းပျက်
မူလက "ယဉ်"ခဲ့ပါသည်ဆိုသော သဇင်သည် ကြည့်
ရှုပျော် ရှက်ကြမ်းရေချိုအဆင့်သို့ နိမ့်ဆင်းနေ၏။ တစ်
ကလုံးကို နာကျည်းစိတ်ပျက်ကာ စိတ်နောက်စိတ်ကုန်
ဤဘဝတွင် နေမပျော်တော့သော လူသားတစ်ယောက်



မျက်နှာမျိုး ဖြစ်၏။

အရာရာကို အရှုံးပေးထားသော အောက်ဆုံးအဆင့်မှာ
ပြားပြားဝပ်လျက် ဦးတည်ချက်ပျောက်နေသောလူသားတစ်
ယောက်၏ မျက်နှာဖြစ်၏။ ခုတော့...သဇင့်မျက်နှာသည်
သွေးရောင်စို့ဖြင့် ပန်းသွေးပြေးနေသည်။ မျက်ဝန်းတို့ စိုရွှန်း
တောက်ပနေသည်။ လင်းလက်နေသည်။ အရာရာသည် မျှော်
လင့်ချက်ရောင်ခြည်တို့ဖြင့် သဇင့်ဘဝကြီးတစ်ခုလုံးအရောင်
ထွက်လာသလား ထင်ရသည်။ ခြားနားချက်က သိသာလွန်း
သည်မို့ "မိခင်မေတ္တာ"၏ ဂုဏ်သတ္တိများကို အသိအမှတ်မပြု
လေးစားဘဲ မနေနိုင်တော့ပါ။

"ရှင့်မျက်နှာက ကောင်းလိုက်တာ"

"သားသည်အမေလေ"

"အေးပါ...အေးပါ၊ ဟိုကောင် မြူမင်းအ
ကြောင်းဆက်ပြောပါဦး"

"မြူမင်းက မိုးကုတ်နဲ့ရန်ကုန်၊ သူ့အမေ
အလုပ်တွေ ဝိုင်းလုပ်ပေးနေတာ၊ မိုးကုတ်ပြန်လိုက်
ရန်ကုန် ဆင်းလိုက် လုပ်နေရတာ၊ ငါ ဗိုက်မှာတော့
မြူမင်းက မိုးကုတ်မှာ"

"အဲဒါသိပြီးပြီ"

"အေး...လုပ်လက်စ အလုပ်တွေ ကမန်းက
တန်းပစ်ပြီး မနေ့ကမှ ကားကို ကိုယ်တိုင်မောင်း

ဆင်းလာတာ၊ သူ့အမေက ကားပိုင်းမောင်းဖို့ မြူမင်း ဦးလေးအရင်းတစ်ယောက်ထည့်ပေးတာတောင် ပေးမမောင်းဘူး၊ သူချည်း ဒိုင်ခံမောင်းလာတာ''

''ကိုယ်ကျိုးနဲ့၊ ဒီလောက်မွန်းနေစရာ မလိုပါဘူး၊ ဆက်ပြောစမ်းပါ''

''မနေ့ကညက သန်းခေါင်မှ ရန်ကုန်ဝင်ပြီး ငါ့ဆီ ဒီဆေးရုံတန်းလာတာပေါ့၊ သူလာမှ ကြီးမေပြန်တယ်၊ ဆရာမတွေရှိပေမယ့် ကိုယ့်အိမ်ကလူ မရှိရင် ငါအားငယ်မှာစိုးလို့''

ခွန်းက ခွေးမဟု ကြိတ်ဆဲပစ်လိုက်သည်။ ဂုဏ်ယူစရာမဟုတ် အမွန်းတင်စရာမဟုတ် ရောမပြစ်ချက်ကြီးနှင့် ပုဂ္ဂိုလ်ကို သူမို့ချီးမြှင့်ပလေဟု စိတ်ခုလိုက်၏။ တကယ်တမ်းရိုးရိုးသားသား အဖြစ်အပျက်တွေဆိုလျှင်တော့ ဇနီးသည်၏ 'မီးနေ'ကိစ္စမှာ ခင်ပွန်းဖြစ်သူက စွမ်းစွမ်းတမံဆောင်ရွက်သည်ဟု ဂုဏ်ယူပါ။ ချီးမြှင့်စမ်းပါ။ ခုတော့…မြူမင်းလုပ်ထားပုံက ကောင်းသလား။ သဇင်ပြောနေပုံက အပိုင်အနိုင် သူ့သား၏ ဖခင်သည် မြူမင်းမှ မြူမင်းဟု ဖွင့်ဟဝန်ခံသေးရုံတစ်မယ်။ ဒါလည်း ပြောစရာစကားတွေကုန်သွားလျှင် သူ့ကို ဖွင့်မေးလိုက်ရုံ ရှိသည်။ ဒီလောက် မြူမင်းကို အမွန်းတင် ချီးပင့်တက်ကြွစွာ ပြောဆိုနေမှတော့ ဒီတ



ကြိမ်မှာ ဒီမိန်းမ ဝန်ခံလိမ့်မည် ထင်ပါသည်။

''မြူမင်းက ဒီလိုဆိုတော့လဲ တော်သားပဲ''

''မြူမင်းဘာလို့မတော်ရမှာလဲ နီလာ၊ တော်တယ် ဒီကမ္ဘာမှာ မြူမင်းလိုလူက မြူမင်းတစ်ယောက်ပဲ ရှိတယ်''

''သြော်…အေး၊ အေး…ထားပါ၊ ဆက်ပြောပါဦး''

''မြူမင်းရောက်လာတော့ ငါက တော်တော်အားကုန်နေပြီ၊ ကလေးက တော်တော်ထွားတယ်၊ မမွေးနိုင်ဘူး၊ အခက်အခဲပေါ့လေ၊ မြူမင်းက ငါ့ကို ဆေးတွေ အများကြီးဝယ်တိုက်ခဲ့ပါတယ်၊ ငါကသာ မှန်မှန်မသောက်ခဲ့တာ…

''သိတယ်မှလား၊ အလွမ်းမင်းသမီးလုပ်နေတာလေ၊ အငိုကောင်းရင် အကယ်ဒမီရမလားလို့ နေ့ရှိသရွေ့ ပုလဲခလိုက်၊ ရွှဲခလိုက် ငါ့အလုပ်က ဒါပဲ''

ဒီစကားကို သဇင်ရယ်၍ပြောသည်။ ခုတော့…မျက်ရည်စက်လက် ဇာတ်လမ်းကိုတောင် သဇင်က ရယ်၍ ပြောနိုင်ပါပြီ။ သားဖောလေ။ မိခင်မေတ္တာလေ။ ဘဝကိုရင်ဆိုင်တော့မည့် လူသားတစ်ယောက်၏ ဖွဲ့သတ္တိတွေနှင့်လေ…။

''ဆေးတွေကို. မြူမင်းကိုယ်တိုင်လာတိုက်မှ

သောက်ဖြစ်တယ်၊ သူလာမတိုက်ရင် မသောက်ဖြစ်တာက များတယ်၊ သူကလဲ အလုပ်များတော့ ရန်ကုန်မှာ မရှိတဲ့ရက်တွေဆို ငါ့ကို ဆေးအယ်လာတိုက်နိုင်မလဲ…

“ခု ပြန်တွေးကြည့်တော့ ကြီးမေကို အရမ်းအားနာဖို့ကောင်းတယ်သိလား၊ အိမ်မှာနေ့ရှိသရွေ့ အပူသည်လို တငိုငို တရယ်ရယ်လုပ်နေတာ၊ ရှေးလူကြီးတွေက အယူရှိတယ်၊ လာဘ်တိတ်တယ်ပေါ့၊ ဘယ်ကြိုက်မလဲ…

“ဒါပေမဲ့ ဘာမှမပြောရှာဘူး၊ မြူမင်းတစ်မျက်နှာနဲ့ ငါ့ကို အလွန်ဂရုစိုက်ရှာပါတယ်၊ ဆေးရုံတက်တော့လဲ ကြီးမေပဲ လိုက်တင်ပေးတာလေ”

“သိတယ်၊ အဲဒါကို ရှုပါက မြင်လာတာ”

“ဟုတ်လား”

“အေး…သူက အိုဂျီနဲ့လာပြတာ၊ မနေ့က ညနေကလေ”

“သြော်…ဒါကြောင့် ရှင်တို့ သိသွားကြတာကိုး၊ ကျုပ်က ဘယ်သူများပြောပါလိမ့်လို့ တွေးရခက်နေတာ၊ ရှင်တို့ရောက်လာတာ သိပ်အားရှိတာပဲ၊ ရှုပါနေကောင်းလား”

“မကောင်းဘူး၊ အိပ်ရာထဲမှာပဲ ခွေနေရတယ်၊





အရမ်းအန့်တယ်၊ ရှင့်တဲ့နှံးက မအန်ဘူးနော်၊ မသိသာဘူး”

“သဘာဝတရားကြီးက ကူညီတာဖြစ်မှာပေါ့၊ ငါက ရှုပါ့လို လူသိနတ်ကြားမှ မဟုတ်တာ၊ တိတ်တိတ်ကလေး မြုံနေရတဲ့ သူက လူရှေ့မရှောင် သူရှေ့မရှောင် တဝေါ့ဝေါ့နဲ့ဆိုရင် လူတကာ ရိပ်မိကုန်မှာပေါ့…

“ငါ အဆောင်မှာတောင် ဘယ်သူမှ မရိပ်မိအောင်နေခဲ့တာ၊ ငါ ဆွေမျိုးတစ်ယောက်က သူ့အိမ်မှာ လာနေပါပြောလို့ အဆောင်က ပြောင်းတာလို့ ခပ်တည်တည်လိမ်ပစ်ခဲ့တော့ အဆောင်ကလဲ မရိပ်မိကြဘူး…

“ခု…တော့လဲ ဘယ်သူမြင်လို့မှ မကြောက်တော့ပါဘူး၊ ဒီကလေးတစ်ယောက်ကို ရဲရဲစွာ ကျွေးမွေးသုတ်သင်တော့မယ့်သတ္တိတွေ ကျုပ်ဆီမှာ ဝင်လာပြီ”

“ရှင်က အဆောင်ကဆင်းပြီး ဘယ်သွားနေတာလဲ”

“မြူမင်းအိမ်ပါပဲ၊ ကြီးမေလာခေါ်တာ၊ မြူမင်းလာခေါ်ရင်တောင် အဆောင်က တစ်မျိုးထင်ကြဦးမယ်”

"အောင်မယ်…ဘာတစ်မျိုးလဲ"

"အေးပါ…နေခမပါလို့ နင်က နေခကိုယ်စား ခေါ်သထွက်ပြနေတယ်ဟုတ်လား ခွန်း၊ နေခတို့ ရော သိပြီလား"

"သိပ့ါ၊ ကျုပ်တို့မိန်းမသုံးယောက်ကို အရင် လွှတ်လိုက်တာ၊ ရူပါကတော့ နေမကောင်းတော့ မလိုက်နိုင်ဘူးပေါ့၊ ဒါပေမဲ့ နေမှာမဟုတ်ပါဘူး၊ ညနေလောက်ဆိုရင် ရူပါနည်းနည်းသက်သာ တယ်…

"အဲဒီအချိန်ကျရင် ရောက်ချင်ရောက်လာမှာ၊ ငါတို့ အဖွဲ့နဲ့ ယောကျ်ားအုပ်စုလဲ ရောက်လာမှာပဲ၊ နေခက ငါ့ဆီက သတင်းစောင့်နေတာ"

"အင်း…ပြောပါဦး၊ နင့်အကြောင်း၊ ဆက်… ဆက်"

"ကြီးမေလာခေါ်တော့ အမျိုးရှိတယ်ဆိုတာလဲ သေချာသွားတာပေါ့ဟယ်၊ အဆောင်ကနေ ဂုဏ်မ ပျက်သရေမပျက်ဆင်းခဲ့နိုင်တာ ကြီးမေကျေးဇူး၊ ကြီးမေကျေးဇူးဆိုတာ မြူမင်းကျေးဇူးပါပဲ"

တောက်…။

ခွန်းက ကြိတ်ခေါက်ပစ်လိုက်သည်။ နေခပါမလာ သည်မို့ နေခတာဝန်ကို ယူလိုက်၏။ နေခသာဆို တတောက်



တောက်ခေါက်ပြီး လက်သီးပြင်နေလောက်ပါပြီ။

"ငါ မြူမင်းအိမ်မှာ တစ်ချိန်လုံးပဲ နေနေခဲ့ တာ"

"ဟယ်…အစုပ်ပလုပ်မ"

ကြည်သာက ဆွဲဆိတ်ဖို့လက်ပြင်လိုက်ပြီးမှ မီးနေ သည်ပါလား လောလောလတ်လတ် ဖိုက်ခွဲထားတာ ဒီလောက်စကားတွေ ပြောနေတာတောင် လွန်လှပြီဟု တွေးမိ သွားရကာ လက်ကို ပြန်ရုပ်သိမ်းလိုက်ရသည်။

"ဒါဆို ငါတို့မြူမင်းခြံထဲမှာ မှောင်တဲ့ထိ ခြင်ကိုက်ခံနေတဲ့အချိန်မှာ နင်က မြူမင်းအိမ်ထဲ မှာပေါ့"

"အေး"

"သေစမ်းဟာ…စိတ်ရှိတိုင်းလုပ်လိုက်ရရင် ဖိုက်ချုပ်ရိုးတွေသာ ဆွဲဖြည်လိုက်ချင်တော့တာပဲ"

"ချမ်းသာပေးပါ"

သဇင်က အားနေသော လက်တစ်ဖက်ဖြင့် သူ့ဗိုက် ကလေးကို အုပ်၏။ မရယ်နိုင်ရယ်နိုင်ရယ်ရှာသည်။

"မြူမင်းကရော"

"သူလဲ အိမ်ထဲမှာပဲ"

"လူသတ်ချင်တယ်"

"သူ့လဲ ချမ်းသာပေးလိုက်ပါ၊ ပစ္စည်းကို မယူ

ပါနဲ့၊ လူကို ချမ်းသာပေးပါ"

"ငါ အတွဲလိုက်သတ်ရရင် နှစ်လောင်းပြိုင်တော့မယ်"

"အေး...နေခကြားရင်သတ်မှာပဲ"

"ငါက ချမ်းသာပေးပါလို့ တောင်းပန်တယ်လို့ ကိုပြောထားပေါ့"

"တောက်"

ဒီတစ်ကြိမ်မှာတော့ ခွန်းက လွှတ်လပ်စွာအသံထွက်၍ တောက်ခေါက်ပစ်လိုက်သည်။

"နင်တို့ခြံထဲမှာ အရှမ်းဒုက္ခရောက်နေတော့လဲ သူ မနေရက်ပါဘူးဟာ၊ အပြင်ကပဲ ပြန်လာသလိုလိုနဲ့ ဆယ်လူလာဖွင့်လိုက်တာပဲ"

"အောင်မယ်...ဒါကို ကျေးဇူးတင်ရဦးမှာလား"

"အေးလေ...နင့်ကိုပါ မုန်းလာပြီသဖင်၊ တကယ်ဆို ဟိုကောင်က အသည်းမာရင်တောင် နင်က မိန်းမချင်း အသည်းပျော့ပါတော့လား"

"အဲဒီတုန်းက ငါက ဘယ်သူနဲ့နေနေပါတယ်ဆိုတာ နင်တို့မှ မသိစေချင်တာ၊ သူငယ်ချင်းတွေ တူတူပေါင်းကြတဲ့အထဲမှာ ငါအဆင်းရဲဆုံးမို့လို့ အစကတည်းက ငါ့မှာ သိမ်ငယ်စိတ်က ရှိပြီးသား"





"မဆိုင်တာ"

"အေးပါ၊ ဒီကြားထဲမှာ ငါက ခုလိုကိုယ်ဝန်တွေဘာတွေရလိုက်တော့ ရှက်လဲရှက်၊ အားလဲငယ် နင်တို့ငါ့ကို ရွံသွားကြမှာပဲလို့ တွေးမိတာကိုး...

"ငါနဲ့ပေါင်းချင်ကြမှာ မဟုတ်တော့ဘူး၊ ငါနဲ့ပေါင်းရင် ငါ့ဆီက အကျင့်ပျက်တွေကူးမယ်ဆိုပြီး နင်တို့မိဘတွေကလဲ မပေါင်းဘို့တားမှာပဲဆိုပြီး...

"ဟာ...ငါ လူ့ပြည်မှာတောင် နေချင်စိတ်ရှိတာမဟုတ်ဘူး၊ ငါဝန်ခံရရင် ကိုယ့်ကိုယ်ကို သတ်သေဖို့ အကြိမ်ကြိမ် စိတ်ကူးကြည့်သေးတယ်...

"မလုပ်ရဲဘူး၊ မမိုက်ရဲဘူး၊ အဲဒါကို မိုက်မဲတာလို့ အဲဒီကတည်းက ငါ မြင်နိုင်ခဲ့ပါတယ်၊ အဲဒါကို သတ္တိလို့ငါမမြင်ဘူး၊ မိုက်တာပေါ့နော်...

"ငါ မမိုက်ရဲဘူး၊ ဒါကို မမိုက်ရဲဘူးဆိုတော့ နင်တို့ကပြောမယ်၊ မိုက်ချင်တာကျတော့ မိုက်ရဲခဲ့သလားလို့၊ မိုက်မိခဲ့ပါတယ်၊ ငါ ဝန်ခံတယ်၊ နောင်တစ်ချိန်မှာ နင်တို့သင်ခန်းစာယူဖို့ ငါပြောပြစရာ ငါ့အကြောင်းတွေ အများကြီးရှိသေးတယ်"

"သိပြီးသားတွေပဲ"

"အေးပါ ထားပါတော့၊ ငါ နင်တို့နဲ့မတွေ့ရဲလွန်းလို့ပါဟာ၊ အဲဒီတုန်းက ငါ့အိမ်ပေါ်မှာ ငိုနေ

တာပါ၊ မြူမင်းမှာ ငါ့ကို ချော့ရတာတစ်ဖက် သူလဲ နင်တို့ကို အားနာ၊ ကြဲရာမရ ဖြစ်နေရှာတာပါ''

''အောင်မယ်''

''အေးလေ နင်ကကျတော့ ထားပါတော့၊ ကျုပ်တို့ကို ရက်တယ်၊ မျက်နှာပူတယ်၊ အားငယ်တယ်၊ မတွေ့ချင်ဘူးဆိုတာ သဘာဝကျပါတယ်၊ ဟိုကောင်က ဘာဖြစ်ရတာလဲ၊ သူ့ကို ခွင့်မလွှတ်နိုင်ဘူး''

''သူ ထွက်လာပါလား၊ ဆင်းလာပါလား၊ အိမ်ပေါ်က၊ ကျုပ်တို့ကို ဧည့်ခန်းမှာ ထိုင်ဧည့်ခံပါလား၊ သူ နေခအိမ်မို့ လိုက်ချင်တာ မလိုက်ချင်တာ သူ့ကိစ္စ၊ သူ့ဘာသာသူ ဆုံးဖြတ်လို့ရတယ်···

''သူက ကျုပ်တို့နဲ့မတွေ့ချင်ဘူးလား၊ မတွေ့ရဲဘူးလား၊ ဆင်ဖြူမျက်နှာ ဆင်မဲ မကြည့်ရဲဘူးလား၊ အပြစ်က သူ့အပြစ်၊ ဒုက္ခခံရတော့ ကျုပ်တို့က ခံရတယ်၊ တရားသလား၊ သူက ကျုပ်တို့ကိုများ ရှောင်ရတယ်လို့···ဟွန်း''

''သူလဲ နင်တို့ရှေ့မှာ ထိုးကြိတ်ခံထားရတော့ ရှက်တာပေါ့ဟယ်''

''ရှက်ရင်···လဲသေ''

''ငါကလဲ ငါ သူ့အိမ်မှာနေနေတာ နင်တို့



မသိစေချင်လို့ ဖုံးဖိခိုင်းတာလဲပါပါတယ်''

''ဖုံးဖိစရာလား၊ ဒါတရားဝင်ပေါ်ပေါ်ထင်ထင် ဖြစ်ရမယ့်ကိစ္စ၊ နင်ကိုယ်တိုင်က ဘာကိစ္စဖုံးဖိချင်ရတာတုံး၊ ပြဿနာမဟုတ် ပြဿနာရှာ၊ အလုပ်မဟုတ်တာ အလုပ်ဖြစ်လို့၊ သဇင် ရှင် မီးနေသည်မို့နော်၊ ကျုပ် လူသတ်ချင်လာပြီ၊ နှစ်လောင်းမြိုင်''

''ဒါ နည်းနည်းလေးမှ ခွင့်လွှတ်စရာမဟုတ်ဘူး''

''အေး···ကျုပ်လဲစိတ်ဆိုးတယ်၊ ကျန်တဲ့တစ်ဖွဲ့လုံးလဲ စိတ်ဆိုးကြမှာပဲ၊ ဆိုးကိုဆိုးတာပါ၊ အသည်းထဲကကို နာနေတာပဲ၊ ခုဘယ်မလဲ မြူမင်းက···''

''ဒီမနက်ခွဲစိတ်ပြီးမှ သူ ပြန်သွားတာ၊ နေ့ခင်းဘက် ပြန်အိပ်ခိုင်းထားတယ်၊ မနေ့ကလဲ ကားဒေါက်လျှောက်မောင်းလာရတယ်၊ ညကလဲ တစ်ညလုံး မအိပ်ရသေးဘူး၊ အဲဒါကြောင့်ပါ၊ ညနေလောက်ကျရင်လာမှာပါ''

''သေလိုက်ပါလား၊ အိပ်ရေးပျက်လို့ သေတဲ့မသာအဖြစ်နဲ့ လွမ်းသူ့ပန်းခြင်းပို့မယ်''

''ကြီးမေကရော···''

ဆေးရုံက စိတ်ချရတာ၊ ဂရုစိုက်ကြတာ မှန်ပေမယ့် ခုပဲ မိုက်ခွဲထားသော လူနာမီးနေသည်ဘေးမှာ အိမ်သားထဲ

က ဘယ်သူမှ မရှိတာကို စိတ်ဆိုးကြရပြန်သည်။ မြှမင်း တာဝန်ဆိုလျှင် ကြီးမေမှာလည်း တာဝန်ရှိပြီ။

"သွေးတိုးနေတယ်၊ မနေ့က ညနေကတည်း က ငါ့ကိုလာပို့ကတည်းက သွေးတိုးနေတာ၊ မြှ မင်းပြန်တော့ ကြီးမေကို လွှတ်လိုက်မယ် ပြောပါ တယ်…

"ငါက မလွှတ်နဲ့တော့လို့ ပြောလိုက်တယ်၊ ငါဘာမှမှလဲ စားလို့မရသေးတာ"

ကလေးငိုသံသဲ့ခနဲလေးက ပြောလက်စ စကား အားလုံးကို ဖြတ်ချပစ်လိုက်တော့သည်။

"သားငိုပြီ"

ကလေးအမေက ဒရစ်ပ်ပိုက်တန်းလန်းနှင့် ကျ တော့မလိုဖြစ်၏။ သူငယ်ချင်းသုံးယောက်က ကလေး ပုခက်ခုတင်နားသို့ လွင့်ခနဲ ရောက်သွားကြသည်။ ဆရာ လည်း ချက်ချင်းဝင်လာခဲ့လေသည်။ ကလေးကိုကောက်

"နို့တိုက်ကြည့်ရမယ်နော်"

"ဒီပုံစံကြီးနဲ့လား"

နီလာက အံ့သြစွာဝင်မေး၏။ ဆရာမကပြုံးပြသည်

"ဒီပုံစံကြီးနဲ့ပဲပေါ့၊ မိခင်နို့ မဝင်ရင် ကလေး အသားဝါလာမှာစိုးရတယ်လေ၊ တိုက်လို့ရအောင် ကျွန်မက ဘေးက ကိုင်ထားပေးမှာပဲ"



ဆရာမက ကလေးကို ကျွမ်းကျင်စွာ ပွေ့ချီသည်။ သစင့်အနားသို့ ယူလာ၏။ သစင်က အချိုဆုံး မျက်နှာနှင့် ရင်ဖွင့်၍ ကြိုသည်။ သစင့်ကို သူငယ်ချင်း သုံးယောက်လုံး ဝိုင်းကြည့်လိုက်ကြသည်။ မျက်နှာက ချိုထားလိုက်တာ၊ ကြည်ထားလိုက်တာ။ သားကိုချစ်သည့်ဓာဖြင့် အတိုင်းမသိ မေတ္တာတွေ ပို့လွှတ်နေသော မိခင်တစ်ယောက်၏ မျက်နှာသည် "ယဉ်"ရဲ့ ဘယ်ကတော့မှာလဲ။ ဤကမ္ဘာတွင် အလှဆုံး မိန်းမကို ရှာပါ…ဟု ခုချိန်မှာသာ အလှမယ် ရွေးရလျှင် ဝင်းပနေသော သစင့်မျက်နှာသည် အလှကြီးလှနေသည်မို့ သစင်သာလျှင် သရဖူဆောင်း၍ အလှတံခွန်ထူနေ လေတော့သည်။

ဆရာမက သစင့်ဘေးမှာ သားကိုချီ၍ နို့တိုက်ရ သွယ်ကူစေရန် ချီပွေ့ပေးထားရင်း သစင့် မျက်နှာကို စေ့ စေ့ကြည့်သည်။ ထဘီပြာဝတ် သူနာပြုဆရာမသည် . သူ့ လုပ်ငန်းမှာ ကျွမ်းကျင်သူဖြစ်ပါသည်။ တစ်ချို့ ဆေးရုံတွေ မှာ လူနာစောင့် ဆရာမသည် ထဘီပြာဝတ် (BLUE STAFF) ဆရာမ စာမေးပွဲအောင်မြင်ပြီးသော ဆရာမ အစစ်များ မ ဟုတ်ကြပါ။ တစ်ချို့က တဘီနီဝတ်ဆရာမ စာမေးပွဲအောင်

ထား၍ ထဘီပြာထက် အဆင့်နိမ့်သည်။ သားဖွား ဆရာမ သင်တန်းတော့ အောင်မြင်ထားတတ်ကြသည်။ တစ်ချို့ဆို ဘာ စာမေးပွဲမျှ မအောင်သော သူနာပြုအကူ (NURSE AID)တွေ ဖြစ်၏။ လုပ်ငန်းမ ကျွမ်းကျင်သူများသည် လူနာကို အသေးစိတ် ဂရုမစိုက်နိုင်ကြပါ။ မလိုလားအပ်သော ပြဿနာများ ပေါ်ပေါက်နိုင်ပါ၏။

ဒီပါချုပ်းမြမှာက ထဘီပြာဝတ်ဆရာမသည် သူ အောင်သင့်အောင်ထိုက်သော စာမေးပွဲကိုအောင်မြင်ပြီး လုပ်သက်ရင့် ကျွမ်းကျင်သူတွေပဲ ဖြစ်၏။ ဆရာမက သခင့်မျက်နှာကို မကြိုက်ပါ။ လူနာ နွမ်းနေပြီ။ ညကလည်း ဗိုက်နာနေသည်မို့ အိပ်ရေးပျက်ခဲ့သည်။ ယခုမနက်မှာ ဗိုက်ခွဲထားသည်။ လူနာက နုနုလေးဖြစ်နေ၏။ ဧည့်သည်တွေ ရောက်လာပြီး စကားတွေပြောခြင်းမှာ လူနာအားရှိဖို့ ထိုက်သင့်သလောက်တော့ လိုအပ်၏။ သို့ပေမယ့် များလွန်းလျှင် လူနာကို ထိခိုက်သည်။ ခုကိုပဲ လူနာမှာ သားဖောနှင့် မျက်နှာ ဘယ်လောက်ကြည်ကြည်၊ သူ ပင်ပန်းနေပြီ၊ နွမ်းနယ်နေပြီ၊ အနားယူဖို့ လိုအပ်နေပြီ၊ ဧည့်သည် ဧည့်ခံခြင်းဆိုသော ပင်ပန်းမှုဒဏ်ကို မခံနိုင်ပြီ။ ဆရာမက သိ၏။ တာဝန်လည်း ရှိပါသည်။ ဧည့်နှင်ရမည်။

"လူနာ အရမ်းပင်ပန်းနေပါပြီ၊ နို့ ခဏ တိုက်ပြီးရင် အိပ်ကို အိပ်မှဖြစ်မယ်၊ ကျွန်မ လူနာကို



ကျွန်မက စကားမပြောစေချင်တော့ပါဘူး"

မျက်နှာကို ချိုချိုထား၍ အသံလည်း ချိုချိုနှင့်ပင်ပြော၏။ ခွန်းတို့အဖွဲ့ လက်ခံရပါသည်၊ နားထောင်ရပါသည်။ ဒါဟာ သခင့် ကျန်းမာရေး၊ သခင့်အတွက်ဖြစ်၏။ ပြောချင်သည့်စကားတွေကတော့ မကုန်သေးပါ။ ကုန်အောင် မပြောကြရသေးပါ။ မြူမင်းနှင့်လည်း တွေ့ဖို့လိုအပ်ပြီ။ မြူမင်းကို ကိုယ်တို့ မိန်းမသားအဖွဲ့တွေနှင့် အရင်ညှိနှိုင်းမည်။ ယောကျ်ားအုပ်စုနှင့် တွေ့သင့်မှတွေ့စေမည်။ အခြေအနေပေါ် မူတည်၏။ အထူးသဖြင့် နေခ။ သူ့ဆီက အကြံဉာဏ်လောက်သာ တောင်းခံလျက် ဆေးရုံသို့ သူ လိုက်မပါလာဖို့ တားဆီးရမည်။

ဒေါသကုမ္ပာရ မင်းသားက ဆေးရုံဆေးခန်းထဲ မရောင်၊ မီးနေသည်ရှေ့ မရောင်၊ လူနာ့ယောကျ်ားကို ထိုးကြိတ်နေလျှင် ထိုးကြိတ်ခံရသူ ဘာမျှ မဖြစ်ခင် မီးနေသည် တစ်ခုခု ဖြစ်နိုင်သည်။ ဒီကိစ္စ လိမ္မာပါးနပ်စွာ ကိုင်တွယ်ရပါမည်။ ဒါတွေ အားလုံးဟာ ကိုယ်တို့ သူငယ်ချင်းတစ်ဖွဲ့လုံး ဘေးတွက် ရှောင်မနေသင့်သော ကိစ္စဖြစ်၏။ ဝင်ကိုပါရမည်။ သခင့်အတွက်ပါပဲ။ သခင့်အတွက်တင်တော့လည်း မကပါ။ တစ်သက်လုံး လူကောင်းလေးဖြစ်ခဲ့သော မြူမင်း၊ ကိုယ်တို့ သူငယ်ချင်းလည်း ဒီဘဝမှာ ဒီတစ်ချက်ကြောင့် အမည်းစက်ကြီး မထင်စေဖို့လည်း ပါ၏။

ဘာဖြစ်လို့ တရားဝင် လက်မထပ်ကြသေးတာလဲ။

ကိုယ်တို့ကသာ မသိတာ၊ သူတို့ကတရားဝင် လက်ထပ်ပြီးလည်း ဖြစ်နေနိုင်သည်။ ညည့်ခံပွဲ ကျင်းပတာ၊ မကျင်းပတာ ဖယ်ထားပါ။ တရားရုံး လက်မှတ်ထိုးတာလောက် လုပ်ဖြစ်လျှင် ကျေနပ်ရပါမည်။ သူ့အိမ်ပေါ်မှာ သဇင့်ထိုခေါ်တင်ထားသည်ဆိုသည့် အတွက် ဝမ်းသာရပါ၏။ သို့ပေမယ့် တရားဝင်၊ လူသိရှင်ကြားဖြစ်မှသာ မြူမင်းလည်း ယောကျ်ားညှံ့ ယောကျ်ားစုတ်ဘဝက လွတ်မြောက်မည်။ သဇင့် ဘဝလေးလည်း သိက္ခာရှိမည်။ လက်ထပ်ပြီးကြပြီဆိုလျှင် ကိုယ်တို့ တစ်ဖွဲ့လုံး ဝမ်းသာပါမည်။ လက်ခုပ်တီး၍ ကြိုပါမည်။

လက်မထပ်ရသေးဘူးဆိုလျှင်…

လက်ထပ်ဖြစ်ဖို့အတွက် ကိုယ်တို့ အားလုံး ဝိုင်းဝန်းဆောင်ကျဉ်းရပါမည်။ မြူမင်းကို ချော့မည်။ မရလျှင် ခြောက်မည်။ မရလျှင် အကျပ်ကိုင်မည်။ မိုးကုတ်မှ မိထတွေရော ဒီကိစ္စ သိပြီလား။ ပြောသင့် လှမ်းပြောရမည်။ ကြီးမေကို အားကိုးလို့ မရနိုင်ပါ။ ကြီးမေဆိုသော ကြီးမေက မြူမင်းဘက်သားစစ်စစ်ကြီး။ ဆင်ကြီးတစ်ကောင်လုံး တွေ့ပါလျက် မြူမင်းက 'ခြင်'ဆိုလျှင် ကြီးမေက…

"ဟောတော့…ခြင်ကလေးတစ်ကောင်"

ဟု ပြောမည့်သူဖြစ်သည်။



မိုးကုတ်မှ မိဘတွေကရော…။ ကြီးမေနှင့်များ ထူးမခြားနား ဖြစ်နေဦးမှာလား။ လူကြီးလူကောင်း မြို့ မျက်နှာဖုံးတွေ၊ လူရိုသေ ရှင်ရိုသေထဲကဟု ကြားဖူး၏။ တရားရှိတန်ကောင်းပါရဲ့…။မတရားမလုပ်တန်ကောင်းပါဘူးလေ။ သားသမီးချင်း ကိုယ်ချင်းစာနာကြတန်ကောင်းပါရဲ့။

သူငယ်ချင်းသုံးယောက် ထပ်တူညီ အတွေးကိုယ်စီဝင်သည်။ ဤ အတွေးများကို အကောင်အထည် ဖော်ရမည်။ ကျန်သော သူငယ်ချင်းတွေနှင့် ပြန်တိုင်ပင်ရမည်။ အထူးသဖြင့် သဇင့်အခြေအနေက ညည့်သည်ကို ဆက်လက်ညှို့မခံနိုင်တော့ပြီ။ ဆရာမကလည်း ခွင့်မပြုပြီဆိုတော့ကိုယ်တို့ ပြန်ကြမှဖြစ်မည်။

"သဇင်…တို့ ပြန်မယ်၊ ညနေ တစ်ခေါက်ပြန်လာမယ်"

သဇင်က ပြုံး၍ ခေါင်းညိတ်၏။

"နည်းနည်း နောက်ကျပြီးမှ လာပါ၊ ခုပဲ မွန်းက လွဲနေပြီဆိုတော့ ညနေနား ကပ်နေပြီ၊ လူနာကို ကျွန်မက ခပ်ကြာကြာ အိပ်နိုင်းဦးမှာမို့ပါ"

"ဟုတ်ကဲ့…"

ခေါင်းလေးတွေ ကိုယ်စီ ညိတ်လိုက်ကြရသည်။ ဒီနေရာမှာတော့ ဆရာမ အမိန့်ကို နာခံရမည်လေ…။

## အခန်း ( ၁ ၉ )

ခွန်း၏ စကားအဆုံးမှာ နေခ မျက်နှာကြီး ညှိမှောင် အုံ့မှိုင်းကျသွားရပါတော့သည်။

“စကားတွေက ပြောရင်း တောင်ရောက် မြောက်ရောက်လဲ ဖြစ်တယ်ကွာ၊ လိုရင်း မရောက်ဘူး၊ အဲဒီအချိန်မှာပဲ ကလေးကလဲ ငိုတယ်…

“ဆရာမကလဲ ကျုပ်တို့ကို နှင်တယ်ကွာ၊ အဲဒါနဲ့ ပြန်လာရတော့ နင်တို့ လက်ထပ်ပြီးပြီလား မမေးခဲ့ရဘူး၊ သစင်က အဆောင်ကဆင်းပြီး မြူမင်း အိမ်ပေါ်တက်သွားတာတော့ အမှန်ပဲ…

“သစင်ကိုယ်တိုင်က ပြောလိုက်တယ်၊ အဲဒီ



အိမ်ကပဲ ကလေးလာမွေးတယ်၊ လူနာ မှတ်တမ်းမှာ ကလေးအဖေနာမည် မြူမင်း၊ ဆေးရုံကဆင်းရင်လဲ မြူမင်းအိမ်ပဲ ဆင်းလိမ့်မယ်ထင်တယ်…

“ဒါပဲ ရှိတာပဲ၊ အဲဒီ အခြေအနေပေါ် မူတည်ပြီး သုံးသပ်ရင်…”

“ဘယ်ပေါ်မှာပဲ မူတည်တည်၊ ဘယ်လိုပဲ သုံး သပ် သုံးသပ်၊ ဒီလောက်ပေါ်တင် ဘွင်းဘွင်းကြီး၊ ဆင်ကြီးတစ်ကောင်လုံးတွေ့နေပြီ ဆင်ခြေရာ ခံရဦးမှာလား”

“မြူမင်းက သစင့်ကို ဘာဖြစ်လို့ ပေါ်ပေါ်ထင်ထင် မယူတာလဲ မသိဘူးနော်၊ သူတို့ ပိုက်ဆံလဲ ချမ်းသာရဲ့သားနဲ့၊ မင်္ဂလာတွေဘာတွေ ဆောင်ပါတော့လား”

“သူ့ မိဘက သဘောမတူဘူးထင်တယ်”

“မြူမင်းဘက်ကလား”

“ဒါပေါ့၊ မြို့ထားရအောင် နိုင်လုံတဲ့အကြောင်းရှိလို့ပေါ့၊ ကြီးမကြီးတော့ သူက နိုင်တာကိုး…”

“မြူမင်း လုပ်ပုံက မဟုတ်တော့ ငါတော့ တစ်မျိုးတောင် ထင်ချင်လာပြီ”

“ဘယ်လို တစ်မျိုးလဲ”

“ဒီကောင် မိုးကုပ်မှာများ မိန်းမကြီးရှိနေလား”

နေခက စားပွဲကို ဖြန်းခနဲ ရိုက်လိုက်သည်။

"တော်လိုက်တဲ့ ရွှေဦးနှောက်၊ ငါ ဘာလို့ ဒါကို မတွေးမိပါလိမ့်၊ ဖြစ်နိုင်တယ်၊ ဟိုမှာ မယား ကြီး ရှိနေရင် ဒီမှာ ဘယ်လိုလုပ် လူသိနတ်ကြား လက်ထပ်လို့ ဖြစ်မလဲ"

"အဲဒါဆိုလဲ ကိုယ့် သူငယ်ချင်းလေးကို မနစ် မွန်းအောင် အစကတည်းက ရှောင်ပါလား၊ ထိန်း သိမ်းပါလား၊ ဆင်ခြင်ပါလား"

"ဒါတော့ မြူမင်းတစ်ယောက်တည်း အပြစ် မပြောနဲ့ကွ၊ ရှောင်ဖို့၊ ထိန်းသိမ်းဖို့၊ ဆင်ခြင်ဖို့ တာဝန်ဟာ မြူမင်းတစ်ယောက်တည်းမှာ ရှိနေတာ မဟုတ်ဘူး၊ သဇင့်မှာလဲ ရှိတာပဲ"

"ဒါတော့ ယောကျ်ားနဲ့ မိန်းမကွ၊ ခွန်အား ချင်း မတူဘူး၊ ပြောနိုင်မလား၊ သူ စော်ကားရင် စော်ကားမှာပေါ့၊ သဇင်က သူ့ အိမ်မှာ တစ်နေ့ ကုန် ကွန်ပျူတာ သွားရိုက်နေတာ၊ သူ့အိမ်၊ သူ့ရာ မှာ သူ့ လက်ခုပ်ထဲက ရေ၊ သူ သွန်လို သွန်၊ မှောက်လိုမှောက်"

"လူတင်ပါလို့ နွားကျားကိုက်တာ၊ သဇင်နဲ့ မြူမင်းနဲ့ ဗလချင်း ဘယ်လောက်ကွာလို့လဲ၊ မတိမ်း မယိမ်းပဲ၊ မြူမင်းက ယောကျ်ားလေးထဲမှာ ခပ်



ညှက်ညှက်သသ

"သဇင်က မိန်းမထဲမှာ ခပ်ထွားထွားဆိုတော့ လူကောင်ချင်း ဘယ်လောက်ကွာလို့လဲ၊ လယ်ဗယ် ပဲ..."

"ယောကျ်ားနဲ့ မိန်းမ ကိုယ်လုံးကိုယ်ထည်ချင်း ရွယ်တူရုံနဲ့ ဗလချင်းတူနိုင်မလား၊ မိန်းမ ဝတုတ် ကြီးနဲ့ ယောကျ်ား ပုညှက်ကလေးနဲ့ သတ်ကြည့် ပါဦး၊ ဘယ်သူ နိုင်မလဲ"

"ဘယ်သူနိုင်မလဲ"

"ဘယ်သိမလဲ၊ ငါ မသိလို့မေးတာ"

"ဟာ...တော်ကြကွာ၊ ထောင်တန်တဲ့ စကား ကို ဟာသ လုပ်မပစ်နဲ့"

"ဦးမင်းနေခ၊ ရှင့်ဒေါသတွေ သိမ်းပါတော့၊ ကျုပ် စဉ်းစားကြည့်တယ်၊ သူတို့ချင်း ပြေလည်နေ လောက်ပါပြီ၊ ရှေ့ပိုင်းတုန်းက မြူမင်းအိမ်က ခွင့် မပြုလို့နေမှာပေါ့...

"စောင့်ရင်းစောင့်ရင်းနဲ့ ခွင့်ပြုတဲ့အချိန်ကို ရောက်တော့ သဇင်က လူလုံးပြလို့ မလှတော့ဘူး၊ ဒါကြောင့် မင်္ဂလာမဆောင်ဘူး၊ ညှိခံပွဲ မလုပ် ဘူး၊ ဘာဖြစ်လဲ...

"မင်္ဂလာဆောင်ရင် ညှိခံပွဲလုပ်ရင်တော့

ကောင်းတာပေါ့၊ ကိုယ့်ကိုယ်ကို ထိန်းသိမ်းတဲ့ မိန်းမသားတွေအဖို့မှာတော့ တစ်သက် တစ်မင်္ဂလာတွေ ဘာတွေနဲ့အကျယ်ချဲ့ပြီး မင်္ဂလာယူနိုင်တာပေါ့…

"လူတင်ပါလို့ နွားကျားကိုက်တာဖြစ်ဖြစ်၊ ကိုယ် ကောင်းပါလျက်နဲ့ ခေါင်းရှော့ရတာပဲ ဖြစ်ဖြစ်၊ မင်္ဂလာ မယူနိုင်တဲ့ မိန်းမသားတွေမှာတော့ ကြီးကျယ်ခမ်းနားတဲ့၊ တစ်သက် တစ်မင်္ဂလာနဲ့ လွဲမယ်ပေါ့…

"သဇင့်အတွက်က ခုချိန်မှာ မင်္ဂလာဆောင်ခြင်း၊ မဆောင်ခြင်းဟာ အဓိက မကျတော့ဘူး၊ သဇင်ဟာ မြူမင်း အိမ်ပေါ်မှာပဲ တစ်ချိန်လုံး နေနေတယ်၊ အခု ကလေးမွေးတော့လဲ ဖခင်နာမည် မြူမင်းလို့ ဖော်ထုတ်တယ်…

"ပြီးပြီပေါ့၊ ဒါကို ထပ်ကွန့်ပြီး ဘာလုပ်တွေ ညာလုပ်တွေ သွား ပြောမနေနဲ့တော့စို့ကွာ၊ မသိလိုက် မသိဘာသာနဲ့ပဲ သူတို့ချင်း ရာသက်ပန်နိုင်မြဲဖို့ လိုတယ်ဆိုတာကိုသာ သိအောင် ပြော"

"ဟ…မြဲနေလို့ ဖြစ်မလား၊ ဘာမှန်းမသိ၊ ညာမှန်းမသိနဲ့၊ သဇင်ဟာ ငါတို့သူငယ်ချင်း၊ ငါတို့ ညီမ တစ်ယောက်ဆိုလဲ ဟုတ်တယ်၊ သူ ယောကျ်ား တစ်ယောက် အိမ်ပေါ်မှာ ခြောက်လ



ခုနစ်လလောက် နေတယ်၊ အဲဒီ ယောကျ်ားရဲ့ ဘာလဲ…

"ဇနီးလား၊ သူ့ဘာသာ ဒုက္ခရောက်လို့ပဲ ဒီယောကျ်ားက ကယ်တင် ကူညီထားတာလား၊ မရေရာတဲ့ ဘဝကြီးမှာ ငါတို့ သူငယ်ချင်းကို မထားနိုင်ဘူး"

"ရေရာပါတယ်ကွာ၊ မြူမင်း ကလေးပါပဲ၊ ရှင်းနေတဲ့ဟာ၊ ဒီ့ထက် ရှင်းတဲ့ ပြဿနာတောင် ဒီလောက် မရှင်းဘူး၊ ခုဟာက ပေါ်တင်ကြီး"

"အေးလေ…ကလေးအဖေ နာမည် မြူမင်းလို့ ဆေးရုံမှတ်တမ်းမှာ ဖော်ပြကတည်းက မြူမင်း ကလေးမို့လို့ပေါ့"

"အဲ့ဒါကို ဘယ်သူမှ မငြင်းဘူး၊ ဒီအချက်ကို အားလုံး လက်ခံတယ်၊ လက်ခံကြလား"

"လက်ခံတယ်၊ လက်မခံချင်လို့လဲ မရဘူး၊ ဆေးရုံပိုက်ဘုတ်မှာ ရေးထားတယ်၊ မြူမင်းတဲ့"

"ဒါဆို ဒီကောင် သဇင့်ကို တရားဝင် ဇနီးအဖြစ် လူလယ်ခေါင်မှာ ဝန်ခံရမယ်၊ ရင်ဆိုင်စေရမယ်၊ တိတ်တိတ်ပုန်းယူထားလို့ ရမလား"

"အေးလေ…၊ ငါတို့ သူငယ်ချင်းလေးက ခုလို တရားမဝင် ဘောင်မဝင်ဆိုတာ ငါတို့က

လက်ပိုက်ကြည့်မနေသင့်ဘူး"

"တောက်…ဟိုကောင် မြူမင်း သေမှ အေးမယ်"

"မအေးဘူး၊ သူသေရင် သူ့မိဘက သဇင့်ကို ချွေးမအဖြစ် အသိအမှတ် ပြုချင်မှ ပြုမှာ အဲဒီအခါကျ သဇင် မုဆိုးမဖြစ်မယ်၊ ဒုက္ခရောက်မယ်၊ ကလေးလဲ ဆင်းရဲမယ်"

"ဒီကောင်ကို နဘန် နှစ်ချက်လောက်တော့ ကျင်းပေးလိုက်ဦးမယ်"

"ရှင်ကလဲ တစ်မျိုး၊ သူ့ အရပ်ခြောက်ပေကြီးနဲ့ထွားကျိုင်းတိုင်း လူဗလံလေးကို နှိပ်စက်ဖို့ စိတ်ကူးနေတယ်"

"နင့် လူ့ဗလံလေးက လူယုတ်မာလေး"

"ကဲပါ…တော်ကြပါတော့၊ တစ်ယောက် တစ်ပေါက်နဲ့၊ လူက ခုနစ်ယောက်ဆိုတော့ ပါးစပ် ပေါက်က ခုနစ်ပေါက်၊ ပါးစပ်တစ်ပေါက်ကို ဝါကျ ဆယ်ကြောင်းစီပဲ ပြောဦး ဝါကျ ခုနစ်ဆယ် ဖြစ်နေပြီ…

"ဒါတောင် ဖိုး ကိုယ်ဝန်ဆောင်က မလာနိုင်လို့၊ တေဇာက အဝေးရောက်နေလို့၊ သူတို့ပါ ပါရင် ဝါကျကိုးဆယ်၊ နားတွေ အူ၊ နားတွေလျှံ



ပြီး မြူမင်း နားထဲ တစ်ခွန်းမှ ဝင်မှာမဟုတ်တော့ဘူး"

"ပြီးတော့ ရှိသေးတယ်၊ ငါတို့ ဆေးရုံရောက်ရင် ညွှာတာရမှာ သဇင်၊ သဇင်က မီးနေသည်မှ ရိုးရိုးမီးနေသည်တောင် မဟုတ်ဘူး…

"မိုက်ခဲ့ထားတဲ့ မီးနေသည်၊ သူ့ ရှေ့မှာ သူ စိတ်ညစ် စိတ်ရှုပ်အောင် ဘာမှ မလုပ်ကြနဲ့၊ ဒါပဲ"

"ပြောစရာလား၊ လူတိုင်းသိတယ်"

"သိရင်ပြီးရော"

"ရွှေကြမလား"

"ရွှေ…"

ယောက်ျားလေးယောက်က နေခ၏ ပရာဒိုပေါ်သို့ တက်သည်။ ခွန်းနှင့် နီလာက ကြည်သာ့ကားပေါ် တက်သည်။ သူငယ်ချင်းတွေ ဆုံစည်းရာကိုက ကြည်သာ့အိမ်မှာ ဖြစ်၏။ ကြည်သာ့အိမ်က ဒီပါချမ်းမြနှင့် နီးသည်။ ခွန်းနှင့် ဝဏ္ဏတို့က ရှစ်မိုင် မရမ်းကုန်းတစ်ပိုက်နေသူတွေမို့ အပြန်ကျ နေခကားနှင့် လိုက်မည်။ ကြည်သာက နီလာ့ကိုပဲ ပြန်ပို့ရမည်။ စည်သူနှင့် ကျော်ဦးကို ပြန်ပို့စရာမလို။ သူတို့က ဘတ်စ်ကားနှင့် ပြန်မည်။

တကယ်ဆို သူတို့သည် ကလေးတွေ မဟုတ်ကြတော့ပါ။ ကျောင်းသားကျောင်းသူတွေ မဟုတ်ကြတော့ပါ။

အလုပ်တွေထဲသို့ ကိုယ်စီ ရောက်နေကြပြီမို့ သူတို့အလုပ်အကိုင်နှင့် သူတို့နေရာဌာနတွေမှာ 'ဦး'တွေ 'ဒေါ်'တွေတပ်ပြီး အခေါ်ခံရသည့်အခါ ခံနေကြရပြီ။ အထူးသဖြင့် ဝဏ္ဏဆိုလျှင် ကျောင်းဆရာမို့ ဦးဝဏ္ဏပဲ လူတကာက ခေါ်၏။အဲသည်'ဦး'တွေ 'ဒေါ်'တွေသည် သူတို့ချင်းဆုံတော့ ကလေးပေါက်စတွေတွေဖြစ်ကုန်ကြသည်။ စကားကို တစ်ဖက်သားပြောဖို့ အခွင့်အရေးမပေးပါ။ သူ့ထက်ငါ လုပြော၏။ သိပ်မရယ်ရပဲလည်း ရယ်ဖြစ်ကြလေ၏။

"လူစုံပါလား"

"တိုက်တိုက်ဆိုင်ဆိုင်ပဲ၊ ရူပါနဲ့ ဆေးရုံဝမှာတွေ့တာ"

မွန်းလွဲပိုင်းဆွေးနွေးပွဲမှာ ရူပါ မပါပေမယ့် သတင်းအစုံအလင်ကိုတော့ ရပြီးဖြစ်၏။ ရူပါလည်းပါလာတော့ လူစုစုပေါင်း ရှစ်ယောက်ဖြစ်သွားသည်။ ကြည်သာက အချင်းချင်း လက်တို့ပြီး…

'ဝါကျရှစ်ဆယ်'ဟု ပြောကာ ပြုံးစေ့စေ့လုပ်နေသည်။ ကလေးခုတင်ကို သူ့ထက်ငါ ဖွင့်ကြည့်ကာ…

"ချစ်စရာလေး…"

"ဖြူလိုက်တာဖွေးလို့"

"ဟို့ အကောင်စုတ်နဲ့ တစ်ထေရာတည်းပဲ"

"ငါ ဒီတစ်သက် မိန်းမမယူတော့ဘူး၊ ကလေးတော့ ရချင်တယ်၊ ငါ မွေးစားမယ် သစင်၊ ငါ့ကိုပေး"

ဆိုတာတွေနှင့် ဆူညံသွားတော့သည်။ ဆရာမက ထုံးစံအတိုင်း အခန်းပြင်ထွက်လေ၏။

"ကြီးမေရော…"

"သွေးတိုးနေတယ်"

"မသက်သာသေးဘူးလား"

"သက်တော့ သက်သာပြီ၊ ဒါပေမယ့် အိမ်မှာပဲ နေလိုက်တော့ဖို့ ပြောထားရတယ်၊ ဒီမှာလဲ နေ့ရောညပါ ဆရာမ ရှိတာပဲဆိုတော့…"

"နင် ဘာစားလဲ"

"ဆွပ်…အရည်ပဲ"

"ဘယ်သူပို့လဲ"

"မြမြင့် ယူလာတယ်"

"ခု ဘယ်မှာလဲ"

"သူ့ အဖေက ရန်ကုန် ရောက်နေတာ တစ်ပတ်ရှိပြီ၊ ဒီမှာ အလုပ်ကိစ္စတွေ ရှိနေလို့၊ သူသာသူ့ အမေ ကိစ္စနဲ့ မိုးကုတ်ပြန်တုန်း ငါ ဗိုက်နာလို့

ပြန်ဆင်းလာရတာ၊ သူ့အဖေ ကိစ္စအဖော်လိုတာနဲ့ ငါ့ကို ဆွဲပ်လာပို့ပြီး ခဏပြန်ထွက်လိုက်သွားရ တယ်"

သဇင့်မျက်နှာကို ဝိုင်းအကဲခတ်လိုက်ကြသည်။ ကြည်ကြည်လင်လင်ပဲဖြစ်၏။ ပက်လက်ကလေးနေပေမယ့် လန်းဆန်းသည်။ နေကောင်းပုံလည်း ရသည်။

"နို့ထွက်ပြီလား"

ရူပါက နားနားကပ်၍ ကြိတ်မေးလိုက်သည်။

"မထွက်သေးဘူး၊ ခုမှ အရည်ကြည်လေး ပဲ၊ နင့်ကို ပြောရဦးမယ် ရူပါ၊ ငါ ကိုယ်ဝန်နဲ့ တုန်းက နေ့တိုင်း ငိုလို့လားမသိဘူး၊ ခု နို့မထွက် တာ၊ နင် နင့်ယောကျ်ားနဲ့ ရန်ဖြစ် စိတ်ကောက် ရင်တောင် မငိုနဲ့ သိလား၊ ငါ့ သားလေး နို့ငတ်မှာ စိုးလို့ ငါတောင် မငိုတော့ဘူး၊ ပျော်ပျော်ရွှင်ရွှင်ပဲ နေတယ်"

"သြော်...အဖွဲ့ရဲ့ သစ္စာဖောက် အိမ်ထောင် သည် နှစ်ယောက် ဘာတွေကြိတ်ဆွေးနွေးနေကြ သလဲ၊ သဇင်က သားမွေးထားပြီဆိုတော့ ရူပါက သမီးမွေးကွာ"

"မွေးမှာ...မိန်းကလေးပဲ လိုချင်တယ်"

"ရှင့် အမျိုးသားကရော..."



"သူက သားလိုချင်တယ်၊ မရပါဘူး၊ ကျုပ်က ဒီ ဗိုက်ကြီးနဲ့ လွယ်ရမှာ၊ ရွေးတိုင်းသာရမယ်ဆို ရင် ရွေးချယ်ခွင့်က ကျုပ်ဆီမှာပဲရှိတယ်၊ သူ သား လိုချင်ရင် သူ့ဘာသာ မွေးပါစေ"

"ဒါ တရားတာပေါ့"

"သဇင်၊ ကလေးနာမည် မှည့်ပြီးပြီလား"

"ဘယ်မှည့်ရဦးမှာလဲ၊ ဒီနေ့မှ မွေးတဲ့ဟာ"

"ကြိုစဉ်းစားမထားဘူးလား"

"မစဉ်းစားထားပါဘူး၊ နေ့တိုင်း ငိုနေပါတယ် ဆိုမှ၊ ကျုပ်က သားလေးမွေးခါနီးထိ မျက်ရည်နဲ့ မျက်ခွက်၊ သားလေး မျက်နှာမြင်လိုက်ရတဲ့အချိန် က စပြီး မျက်ရည်အလိုလိုတိတ်သွားတယ်...

"ခုတော့ ပျော်ပျော်ရွှင်ရွှင်ပဲ၊ ဖြစ်သမျှ အ ကြောင်း အကောင်းချည်းလို့ မှတ်ပါတယ်၊ အစက ဆို ရှင်တို့နဲ့လဲ မျက်နှာချင်းမဆိုင်ရဲဘူး၊ ရှက်လဲ ရှက်တယ်၊ ခုတော့...

"ကိုယ့်ကိုယ်ကို ဆုံးမလိုက်တယ်၊ အမှားကို လုပ်တုန်းကတောင် မရှက်ခဲ့သေးတာ အခု သားအ တွက် မိခင်နေရာမှာမားမား ရပ်တော့မယ်ဆိုတဲ့ မင်္ဂလာရှိတဲ့ လုပ်ရပ်ကို လုပ်တော့မယ့် ကိစ္စကျ မှ...

"ဘာရှက်စရာလိုတော့မလဲ၊ ရှင်တို့က ပစ်ပယ် ရင်သာ ရှင်တို့ စိတ်အနှောင့်အယှက်မဖြစ်စေရ အောင် ကျုပ်က ရှောင်မှာ"

"ငါတို့က ဘာလို့ပစ်ပယ်ရမှာလဲ"

"အေးလေ…ခုလို အခင်မင်မပျက်ဘူးဆို တော့ ငါဝမ်းသာတာပေါ့၊ နင်တို့လဲ မတွေ့ရတာ တွေ ဘာပွေမရှိတော့ဘူး"

"သဇင် ဒီမှာ ငါအကြောင်းပြောမလို့၊ နင်တို့ ရုံးမှာ လက်မှတ်ထိုးပြီးကြပြီလား"

"ဘယ်သူနဲ့လဲ"

"ဟဲ့…ဘယ်သူနဲ့လို့မေးစရာလား၊ မြူမင်းနဲ့ ပေါ့"

"ဘာလို့ထိုးရမှာလဲ"

"လုပ်ပြန်ပြီ၊ သဇင် နင်ဟာတော်တော် မိုက် တယ်၊ သူများတွေက နှာခေါင်းမပါလို့ မစင်စား တာ၊ နင်က သေချာကြည့်ပြီးမှ နှစ်တုံးစားမိလို့ တောင် မစင်မှန်း မသိတာ"

သူများတွေပြောပါစေဟု နေခက မြဲနေသည် စရောက်ကတည်းက နေခက နှုတ်ဆက်ရုံနှုတ်ဆက်ပြီး ဒီကို နှင့်ပတ်သက်၍ ဘာမျှမပြောဘဲနေ၏။ ခွန်းက နင်တတ်နိုင် သလောက် မပြောဘဲနေပါဟု မှာထားသည်။ "နင်ဆ



ဒေါ်သရွေ့ထားလွန်းတယ်၊ ဟိုက မီးနေသည်ဖြစ်နေတာ"ဟု ကြိုပိတ်ထားခဲ့သည်မို့ နေခ တိတ်ဆိတ်နေပါ၏။ ဝဏ္ဏက ကျောင်းဆရာမို့ စကားအရာမှာ ကျွမ်းကျင်သည်။ သူပြောပ စေ ဟုတိုင်ပင်လာခဲ့ကြသည်။ ခုတော့ ဝဏ္ဏကစလို့ ဒေါ်သ ထွက်လေ၏။

"ဒီလိုပါဟယ် ဝဏ္ဏ၊ နင်ကလဲ ဒေါ်သနဲ့ပဲ၊ နေခတစ်ယောက်ဒေါ်သကြီးပလားမှတ်တယ်၊ နင် လဲ တူတူပဲ၊ ဒီမှာ…ငါပြောမယ် ဒီလိုပါ သဇင် ရယ်…

"နင်က မြူမင်းအိမ်မှာပဲ နေတယ်၊ ခု…မြူ မင်းအိမ်ကပဲ ဆေးရုံတက်တာ၊ နင့်ရှေ့ရေးအတွက် မြူမင်းကို ဒီလိုလွှတ်ထားလို့ မရဘူးလေ၊ လက် မှတ်ထိုးရမှာပေါ့၊ တရားဝင်လက်ထပ်ရမှာပေါ့"

"မြူမင်းနဲ့လား"

"အေးပေါ့…နင့်ဘက်က သိပ်နစ်နာတယ်၊ ငါတို့က ဒါကိုမခံနိုင်တာ၊ မည်သူမဆို အိမ်ထောင် ပြုကြတာပဲ၊ ပေါ်တင်ပေါ့၊ နင့်ကျမှ တရားမဝင်ဘဲ တိတ်တိတ်ပုန်းဘဝကို ရောက်ရရင် ဘယ်ကောင်း မလဲ၊ ဘာလဲ…မြူမင်းက ခေါင်းရှောင်တာလား၊ သူ့မိဘက ခွင့်မပြုလို့လား"

"နှစ်ခုလုံးမဟုတ်ဘူး"

"ဒါဖြင့် လူသိနတ်ကြားဖြစ်ဖို့ နင်တို့တစ်ခုခု တရားဝင်ဘောင်ဝင် ဘာရှိလဲ"

"ဘာမှမရှိဘူး"

"နင် ဒီလောက်မ,အပါဘူး၊ ဘာဖြစ်လို့လဲ"

"နင်တို့က မြှုမင်းကို ကလေးအဖေထင်နေကြတာလား"

"ဟဲ့...မဟုတ်ဘူးလား"

သဇင်ခေါင်းခါ၏။ တစ်ချိန်လုံးမျက်ရည်ပျောက်ကာ ရွှင်လန်းတက်ကြွနေသော မိခင်တစ်ယောက်က ခုချိန်မှစတို့ မျက်ရည်စို့ဝဲလေ၏။

"နင် ဆေးရုံမှာလဲ ကလေးအဖေနာမည် မြှုမင်းလေ"

"အဲဒါ သူ ကူညီတာပါ"

"ဒါဆို ကလေးအဖေက ဘယ်သူလဲ"

"သေပြီ"

"သဇင် နင်ပေါ့ပေါ့လေး ပြောချလိုက်တာ၊ တကယ်မသေသေးဘူးဆိုတာ အသိသာကြီး၊ ဘာဖြစ်လို့လဲ၊ လက်ထပ်လို့မဖြစ်နိုင်ဘူးလား၊ အခက်အခဲ ဘာရှိလဲပြော၊ တို့ ကူညီမယ်"

နောက်နားမှာထိုင်နေသော နေခက ရှေ့တိုးလာခဲ့၏။

"ကလေးအဖေနဲ့ နင်နဲ့ တရားဝင်လက်ထပ်ပြီး



ပလား သဇင်"

နေခမေးတော့ သဇင်က လှမ်းကြည့်၏။ ပြီးတော့ ခေါင်းခါသည်။

"ဘာဖြစ်လို့လဲ"

"သူကမှ တာဝန်မယူဘဲ"

"သူ ဘယ်သူလဲ"

"မပြောချင်ဘူး၊ မမေးပါနဲ့၊ တာဝန်မဲ့သွားတဲ့ လူယုတ်မာရဲ့ နာမည်ကိုလဲ ထပ်တာလဲလဲ ငါ့ပါးစပ်က မထွက်ချင်ဘူး၊ ငါဟာ ဒီသားလေးရဲ့ အဖေလဲဟုတ်တယ်၊ အမေလဲဟုတ်တယ်၊ အဲဒါ ငါ့ရဲ့ ခံယူချက်ပဲ"

"နင်...သဇင် သေချာစဥ်းစားပြီးမှ ပြောနော်၊ တစ်ယောက်ယောက်ကို ကာကွယ်ချင်တာနဲ့ ပေါက်ကရတွေ လျှောက်မပြောနဲ့၊ နင် ခွန်းအိမ်မှာ မီးဖိုထဲမှာ ပုန်းနေတုန်းက ငါတို့မသိအောင် နင် ပြန်သွားခဲ့တယ်"

သဇင်ခေါင်းညိတ်၏။

"နင်ပြန်သွားတော့ စာတစ်စောင်ရေးပြီး ထမင်းချက်တဲ့ကောင်မလေးကို ပေးခဲ့တယ်လေ"

"ဟုတ်တယ်"

"အဲဒီစာထဲမှာ ရေးထားတယ်၊ ငါတို့ထင်တာ

မှန်ပါတယ်တဲ့၊ ငါတို့က နင့်မှာ ကိုယ်ဝန်ရှိနေပြီလို့ ထင်တဲ့အကြောင်း၊ တရားခံမြူမင်းပဲ ဖြစ်ရမယ်ဆိုတဲ့အကြောင်းတွေပြောနေတာ…

"ငါတို့ထင်တာ မှန်တယ်ဆိုတာ မြူမင်းပဲလို့ ဝန်ခံသွားတာ မဟုတ်ဘူးလား၊ ခုမှဘာဖြစ်လို့ စကားလွှဲတာလဲ"

"မြူမင်း မဟုတ်ပါဘူး"

"ဒါဖြင့် နင်ဘာဖြစ်လို့ သူ့အိမ်ပေါ်တက်နေသလဲ"

"ငါပြောပါရောလား၊မြူမင်းဟာတစ်ဖက်သားကို ကူညီချင်စိတ်ရှိတယ်၊ မြူမင်းက ငါ့ကို သက်သက်ကူညီတာ၊ငါ ဖြစ်ချင်ရာဖြစ်သွားမှာစိုးလို့အဆောင်ထိ ကြီးမေကိုလွှတ်ပြီးခေါ်ခိုင်းတာ…

"မြူမင်းကြောင့် ငါ့ဘဝမပျက်စီးတာ၊ လမ်းပေါ်မှာ သူတောင်းစားမဖြစ်ရတာဟာလဲ မြူမင်းကြောင့်ပဲ၊ မြူမင်းဟာ စိတ်ကောင်းနှလုံးကောင်းအရမ်းရှိတဲ့ သူငယ်ချင်းပါ"

"ဒါ အမှန်တွေပဲလား"

"အမှန်တွေပဲ"

"ဒါဆိုလဲ မြူမင်းက နင့်ကို လက်ထပ်ဖို့တာဝန်ရှိတာပဲ"



"ဘာဖြစ်လို့လဲ"

"နင်က ဗိုက်ကြီးပွေ့ပြီး မြူမင်းအိမ်ပေါ်တက်သွားလိုက်တာကို၊ ယောက်ျားနဲ့မိန်းမကွ၊ သူစိမ်းတွေ၊ နင်က ဘာပဲပြောနေနေ၊ ပတ်ဝန်းကျင်က နင့်ကို မြူမင်းရဲ့ဇနီးလို့ မြင်နိုင်ပါးချင်းတွေ မြင်ရင်ထင်မှာပဲ"

"မမြင်ပါဘူး"

"ခုပဲ…ငါတို့မြင်ပြီ၊ အိမ်မှာ တို့က မမြင်ဘူးပဲထား၊ ဆေးရုံမှာဆိုတော့ သူမျိုးတစ်ရာ့တစ်ပါးတွေ့ပြီ၊ ဆေးရုံမှာလဲ မြူမင်းနာမည်ရေးထားတော့ အများအမြင်မှာ နင်နဲ့မြူမင်းဟာ ဇနီးမောင်နှံပဲ…

"ဆေးရုံက ဆင်းရင် နင်က ကလေးပွေ့ပြီး မြူမင်းအိမ်ပဲ ဆင်းဦးမယ်၊ အဲဒါ…နင်တို့နှစ်ယောက်ကို ဘယ်လိုသတ်မှတ်ရမှာလဲ၊ ပတ်ဝန်းကျင်က ဘယ်လိုမြင်မလဲ…

"သဇင်‥မြူမင်းက နင့်ကိုတိတ်တိတ်ပုန်းဘဝမှာထားရင် ငါတို့မခံနိုင်ဘူး၊ မြူမင်း ဗိုးကုတ်မှာ မိန်းမရှိလား၊ နင့်မှာ ဘာအခက်အခဲရှိလဲ၊ ငါတို့ကို ပြော၊ တို့အားလုံး နင့်ဘက်မှာရှိတယ်၊ ကူညီမယ်"

"ဟုတ်သားပဲဟယ်၊ အရင်တုန်းက နင်ပဲ ငါတို့ထင်တာမှန်တယ်လို့ပြောခဲ့တယ်၊ အခြေအနေအရပ်

ရပ်ကလဲ မြူမင်းဟာ ကလေးအဖေဆိုတာ ညွှန်ပြတယ်၊ နင်က ဘာကို ကာကွယ်နေတာလဲ၊ ခုကျမှ မြူမင်းမဟုတ်ဘူးလို့ ဘာဖြစ်လို့ထငြင်းနေတာလဲ"

"ဟုတ်မှမဟုတ်ဘဲ၊ မြူမင်း မဟုတ်ပါဘူး၊ မြူမင်းက သူတော်ကောင်းပါ၊ နင်တို့ မြူမင်းကို အထင်မလွဲကြပါနဲ့"

"ဒါဖြင့်ငါတို့ထင်တာမှန်တယ်ဆိုတာကရော"

"ငါ့မှာ ကိုယ်ဝန်ရှိနေပြီလို့ နင်တို့ထင်တာမှန်တယ်လို့ပြောတာ၊ မြူမင်းနဲ့ထင်မှန်း မသိဘူး၊ အဲဒီအချိန်မှာ ငါက ငါ့အခန်းထဲကို နောက်ဖေးဘက်က လှည့်ဝင်ပြီး နင်တို့အတွက်စာရေးနေပြီ…

"ပြီးတော့…ငါထွက်လာခဲ့တာပဲ၊ မြူမင်းနဲ့ ငါလို့ ဝန်ခံခဲ့တာ မဟုတ်ဘူး၊ ကြီးမေက ငါ့ကို ချက်ချင်းလာခေါ်တာ၊ ငါအဆောင်ကို ပြန်ရောက်ရောက်ချင်း မတိမ်းမယိမ်းဘဲ ကြီးမေလိုက်လာပြီး ခေါ်တယ်…

"မြူမင်းက ခေါ်ခိုင်းလိုက်တယ်တဲ့၊ နောက်မှ ကြိုက်သလိုစီစဉ်၊ ဖြစ်ချင်တာလုပ်ပေးမယ်၊ လောလောဆယ် သူ့အိမ်ခဏလာပါတဲ့၊ ကြီးမေက အဆောင်ကတစ်ခါတည်း ထွက်ခဲ့ဖို့လဲ ပြောတယ်…

"ငါကလဲ ပြေးတော့မှာ၊ ပြေးချင်နေတာ၊ နင်



တို့နဲ့လဲ မျက်နှာချင်းမဆိုင်ရဲတော့ဘူး၊ ပြီးတော့… မြူမင်းဟာ ငါ့ကိုတစ်ချိန်လုံး ကူညီနေခဲ့တာလဲ ရှိတော့၊ ငါ အားကိုးပြီးလိုက်သွားခဲ့တာ"

"ဪ…"

"ဟိုရောက်တော့ မြူမင်းက ဘယ်မှမသွားပါနဲ့တဲ့၊ သူ့အိမ်မှာပဲ နေပါတဲ့၊ သူ့အိမ်က သုံးထပ်ဆိုပေမယ့် စပလစ်လယ်ဗယ် (Split Level) ဆိုတော့ အထပ်တွေဟိုကထွက်လာ ဒီကထွက်လာနဲ့၊ တော်ရုံအကြောင်းမသိတဲ့လူတွေ မရှာနိုင်ပါဘူးတဲ့…

"ပုန်းနေလို့ရတယ်တဲ့၊ နောက်ပြီး သူ့မှာ အပေါင်းအသင်းနည်းတယ်၊ ငါတို့အုပ်စုပဲ ရှိတာ၊ သူငယ်ချင်းအဝင်အထွက်လဲ မရှိဘူးတဲ့၊ ငါ့အတွက် လုံခြုံတယ်တဲ့၊ မွေးရင် ဒီပါချွမ်းမြတင်ပေးမယ်တဲ့"

"ဪ…"

"အဲဒါနဲ့ ငါနေလိုက်တာပဲ၊ တကယ်လဲ ငါ့ကို ဘယ်သူမှ မတွေ့ဘူး၊ ငါ့အိမ်ကိုလဲ ငါစာမှန်မှန်ရေးတယ်၊ ပိုက်ဆံပို့တယ်၊ အရင်အဆောင်မှာ လူကျပ်လွန်းလို့ နောက်တစ်ဆောင်ပြောင်းနေတယ်လို့…

"မေ့သလိုလိုဘာလိုလိုနဲ့ ငါပြောင်းနေတဲ့ အဆောင်လိပ်စာရေးမပေးဘဲ ထားလိုက်တယ်၊ မေမေတို့ကလဲ မေးဖို့သတိမရကြဘူးလား မသိဘူး၊ငါ့

မိဘ သိပ်သနားစရာကောင်းတာပဲ၊အရမ်းရိုးတယ်”

“ဪ…”

နေခက ခါးထောက်ပြီး ‘ဪ’ တစ်ခွန်းပဲ ပြောဖော်ရသည်။

“သူတို့မှာ ရှိစုမဲ့စုနဲ့ ထွန်းပေါက်တဲ့သမီးပေါ့နော်၊ ဘွဲ့ရတယ်ဆိုတာ ရန်ကုန်မှာကျတော့ မဆန်းပေမယ့် ငါတို့ နယ်မှာတော့ ရှားသေးတယ်၊ ငါ့ကိုဖြစ်ထွန်းစေချင်လို့ တစ်မိသားစုလုံးအားကိုးဖို့ ငါ့ကိုရန်ကုန်လွှတ်တာ၊ ငါက ဒီမှာမိုက်လုံးကြီးနေတယ်…

“အရှက်ကွဲနေတယ်၊ ဒါကို မိဘတွေမသိရှာဘူး၊ မောင်လေးနဲ့ညီမလေးက မသိရှာဘူး၊ ငါမကောင်းသမျှ ငါ့ဒုက္ခရောက်မှာစိုးလို့ လိုက်ကူညီတာ မြူမင်းပါ၊ မြူမင်းမှာ အပြစ်မရှိဘူး”

“ဪ…”

“နေခ…နင် မြူမင်းကို ထိုးကြိတ်လွှတ်လိုက်တာလေ၊ မြူမင်းအရမ်းနာတယ်သိလား၊ သူ အိမ်မှာတစ်ယောက်တည်း အံကြိတ်ပြီး မျက်ရည်ကျတယ်”

“ယောကျ်ားချင်းရန်ဖြစ်တာ ငိုစရာလား”

“ဒါတော့ မပြောနဲ့၊ နင်တို့ချင်းက ဆင်နဲ့



ဆိတ်၊ ယောကျ်ားချင်းရန်ဖြစ်တာနဲ့ကို မတူဘူး၊ ကြီးနိုင်ငယ်ညှင်းလိုပဲ”

နီလာက ရန်တွေ့၏။

“ဒါဆိုရင် မြူမင်းမဟုတ်ဘူးထား၊ နင့်မှာကလေးအမေဖြစ်နေပြီ၊ နင့်ဘဝကိုနင်ဆက်လျှောက်ရဦးမယ်။ အဲဒီအခါမှာ ကလေးအဖေနဲ့နင်နဲ့ စည်းလုံးမှ ဖြစ်တော့မှာပေါ့၊ နင် တရားဝင်ဇနီး ဖြစ်မှပေါ့၊ ဒီတော့ ပြော၊ ကလေးအဖေဘယ်သူလဲ”

“မပြောချင်ဘူး”

“ပြောလို့မဖြစ်လို့လား”

“ဖြစ်ပါတယ်၊ မပြောချင်တာက သူ့ကို ငါကိုယ်တိုင် ငါ့ဘဝထဲက ထုတ်ပစ်လိုက်တာ၊ ခုနေသူက ငါ့ကို လက်ထပ်မယ်လာပြောရင်လဲ ငါလက်မထပ်တော့ဘူး၊ ငါ့သားနဲ့ငါ ဘဝကို ရုန်းကန်မယ်”

“မဟုတ်တဲ့နေရာမှာ မာနမထားနဲ့”

“ဒီကလေးအဖေရော နင်ကလေးမွေးတာသိပြီလား”

“သိချင်လဲသိမယ်၊ မသိချင်လဲ မသိဘူး၊ ငါဂရုမစိုက်ဘူး၊ သားဟာ ငါ့သား၊ ငါဟာ သားရဲ့အမေလဲဟုတ်တယ်၊ အဖေလဲဟုတ်တယ်”

"နင်က ဒီကလေးအဖေနာမည်ကို ဘာလို့ မပြောချင်ရတာလဲ"

"မပြောချင်တာဟာ မပြောချင်လို့ဘဲ၊ ငါ့ဘဝမှာ ငါ့သားပဲ ရှိတယ်၊ သူ့အဖေသေပြီ"

"ဩော်…"

နေခက "တောက်"ခေါက်ခွင့်မရတိုင်း "ဩော်" ဟု ပြော၏။ ခွန်းက သဇင့်ကိုညှာပါ။ နင်က တတောက်တောက်ခေါက်ပြီး ဒေါသထွက်မပြပါနဲ့ ဟုအထပ်ထပ်မှာခဲ့သည်လေ။

နေခက အခန်းအပြင်သို့ထွက်လိုက်၏။ ယောက်ျားအုပ်စုတစ်ဖွဲ့လုံးပါသွားသည်။ စုစုပေါင်းလေးယောက်။ အခန်းပြင်ကော်ရစ်ဒါမှာ ဟိုလျှောက်ဒီလျှောက်လုပ်သည်။

"စည်သူ မင်းဘယ်လိုထင်လဲ"

"ငါတော့ မထင်သင့်တာထင်ချင်လာပြီ"

"ဘာလဲ"

"သဇင်ဟာ ငါတို့မျက်စိရှေ့မှာပဲ ငါတို့နဲ့ သင်တန်းတူတူတက်ခဲ့တယ်၊ သူ့မှာ ရည်းစားဘာညာလဲ မတွေ့ခဲ့ဘူး၊ သူသွားတာနေတာဆိုလို့ မြူမင်းအိမ်ပဲ"

"အေးလေ…ဒါပြောတာပေါ့"

"မြူမင်းနဲ့မဟုတ်ဘူးလို့ သူက အသေအချာ



ကြီးငြင်းနေတယ်၊ မြူမင်း ကူညီတဲ့အကြောင်းတွေလဲ ပြောတယ်၊ တကယ်လဲ ဟိုကောင်က ကူညီတယ်၊ ကလေးအဖေနာမည်တောင် မြူမင်းတဲ့"

"အေးလေ…အဲဒါကိုပဲ ပြောနေတာ"

"မြူမင်းမဟုတ်ဘဲ မြူမင်းအဖေကြီးများလားကွာ"

လေးယောက်လုံးအသံတိတ်ကျသွားရတော့သည်။ အတွေးတွေက ဖြတ်ပြေး၏။ သဇင်ဟာ မြူမင်းအိမ်မှာ နေ့နေ့ညည နေတာတော့ အမှန်ပါပဲ။ စည်သူပြောတာ ဖြစ်နိုင်ချေရှိသည်။ မြူမင်းအဖေက ရန်ကုန်ကို မကြာခဏဆင်းသည်။ ရန်ကုန်ရောက်လျှင် အဲသည်အိမ်မှာပဲနေသည်။

"သဇင့်အလုပ်လဲ မြူမင်းပဲ သွင်းပေးထားတာ၊ မြူမင်းကုမ္ပဏီတောင်ဖြစ်နေနိုင်တယ်"

"အဲဒါတော့မဟုတ်ဘူး၊ သဇင့်ကုမ္ပဏီက နိုင်ငံခြားသားပိုင်တာ၊ အဲဒီကုမ္ပဏီ ငါသိတယ်၊ ခုတောင်…အဲဒီကုမ္ပဏီက ဒီမှာ ကုမ္ပဏီလာဖွင့်တာနဲ့တရင် ကိုယ်စားလှယ်တစ်ယောက်ယောက်ထားခဲ့ပြီး သူတို့ပြန်တာပိုကောင်းတယ်ထင်လို့…

"ပြန်ဖို့၊ သိမ်းဖို့လုပ်နေတယ်၊ ဝန်ထမ်းတွေ သုံးလစာရမယ်တဲ့၊ အဲဒီကုမ္ပဏီမှာ ငါနဲ့သိတဲ့ နောက်တစ်ယောက်ရှိတယ်၊ စကားစပ်မိလို့ပြောရင်း

သခင်လုပ်တဲ့ကုမ္ပဏီဖြစ်နေတယ်…

"ဒီက မြန်မာသူဌေးတစ်ယောက်က ကိုယ်စားလှယ်ရတယ်ဆိုလားပဲ၊ ဒီပိုဇစ်(Deposite) တော်တော်တင်ရမယ်ကွ၊ ပစ္စည်းတွေကလဲ တန်ဖိုးကြီးတယ်၊ အဲဒါအပြောင်းအလွဲတောင် စနေပြီဆိုလားပဲ၊ မြမင်းနဲ့မဆိုင်ဘူးထင်တယ်"

"ဘာပဲဖြစ်ဖြစ်လေ သခင့်ဘေးမှာ ယောကျ်ားဆိုလို့ ငါတို့အုပ်စုပဲ ရှိတယ်၊ ယောကျ်ားခြောက်ယောက်၊ တေဇာက ထွက်သွားတာကြာပြီ၊ ငါးယောက်ကျန်တယ်၊ ဒီထဲမှာ သခင်ဟာ မြမင်းနဲ့ အရင်းနှီးဆုံး မြမင်းအကူအညီအယူရဆုံး…

"မြမင်းနားမှာ သခင်အမြဲရှိတယ်၊ ဒီတော့… တရားခံဟာ မြမင်းမဟုတ်ရင်မြမင်းအမေပဲ၊ သူ့အမေကိစ္စမို့ သူဒီလောက်ကူညီနေတာလဲ ဖြစ်နိုင်တယ်"

"ဖြစ်နိုင်ချေသိပ်များတယ်၊ မြမင်းအမေဆိုရင် မြမင်းအမေ ငုတ်တုတ်ကြီးရှိနေတယ်နော်၊ ဘယ်မှာ တရားဝင်လက်ထပ်လို့ရမလဲ၊ လူသိလဲ မခံနိုင်ဘူး၊ မိုးကုတ်မှာ လူကြီးလူကောင်း၊ ဂုဏ်ရှိသရေရှိ မြို့မျက်နှာဖုံးကြီး၊ ဒါကြောင့် မြမင်းက စွတ်ကူညီနေတာ ဖြစ်နိုင်တယ်၊ မှန်ကန်ရန် ရာနှုန်းရှစ်



ဆယ်ပဲ"

"အေးလေ…သခင်က ငါတို့အပေါ်မှာ ရှက်မနေနိုင်တော့ဘူး၊ အားလုံးကိုဖွင့်ပြောပြီ၊ ကလေးအဖေနာမည်တစ်ခုတည်း မပြောတာ၊ ပြောရခက်လို့ ဖြစ်မှာပေါ့၊ မပြောရလို့တင်းကြပ်စွာ တားမြစ်ခြင်းခံထားရလို့ ဖြစ်မှာပေါ့"

"မြမင်းမဟုတ်ရင် သူ့အဖေပဲကွာ၊ မဟုတ်ဘဲနဲ့ရော ဆေးရုံမှာ ကလေးအဖေနာမည် မြမင်းလို့ပေးမလား…ကဲ"

"ငါတို့ဘာလုပ်ကြမလဲ"

"မြမင်းနဲ့တွေ့ရမှာပေါ့၊ သူ့ကိုပဲ ဖွင့်မေးပြီးမင်း သခင့်ကိုတစ်ချိန်လုံး စောင့်ရှောက်ကူညီခဲ့ပြီးပြီ၊ တစ်ဆက်တည်းပဲ ဆက်လက်စောင့်ရှောက်ကူညီပါဦးလို့ အချိုသပ်ပြောကြည့်မယ်…

"ငါတို့သူငယ်ချင်းလေး သခင်ဟာ ဒီလိုပဲကလေးတစ်ယောက်အမေဘဝနဲ့ ယောကျ်ားအားကိုးမရှိဘဲနဲ့ ပေါက်လွှတ်ပဲစားဖြစ်ရတော့မှာလား ဘာလားညာလားပေါ့ကွာ"

"ဒါမျိုးဆိုရင်တော့ မိန်းမအုပ်စုကိုပဲ တာဝန်ပေးငါက သိပ်စိတ်ရှည်တာ မဟုတ်ဘူး"

"ဝဋ္ဋ…ကျောင်းဆရာရဲ့၊ စာသင်ကောင်းသူနဲ့

ရဲ့ဆို ဒီကိစ္စကျမှ စကားမတတ်တော့ဘူးလား''

''ကျောင်းဆရာဆိုတာ စာသာသင်တတ်တာ၊ ကြမ်းပိုးကို လိပ်ဖြစ်၊ လိပ်ကို ကြမ်းပိုးဖြစ်အောင် ပြောတတ်တဲ့ သူမဟုတ်ဘူး''

''ဟော့…ကျောက်ဆင်းတုကို ခေါင်းညိတ်အောင် ပြောနိုင်မယ့် ပါးစပ်တစ်ပေါက်လိုနေပြီ''

''ရုပ်ကို တာဝန်ပေးလိုက်၊ သူက အိမ်ထောင်သည်ဖြစ်နေပြီ၊ ဝါရင့်တယ်''

''ဥပဒေအကျိုးဆောင်တစ်ယောက်အကူအညီ တောင်းမလား''

''ဘာလုပ်ဖို့လဲ''

''စကားအရာမှာလိမ္မာပါးနပ်ပြီး ကိုယ့်ဘက်ပါအောင် ပြောနိုင်တဲ့ နေရာမှာတော့ ရှေ့နေကို ဘယ်လိုအမျိုးအစားကမှ မမီဘူး''

''ခုဟာက ရာဇဝတ်မှုသင့်နေတာမှ မဟုတ်ဘဲ၊ ဥပဒေအကျိုးဆောင်က လျှောက်လဲချက်တင်ရအောင် မင်းဘကြီးမြူမင်းကတရားသူကြီးမှမဟုတ်တာ၊ ဖြစ်ချင်းဖြစ် မတရားသူကြီးပဲ ဖြစ်မယ်''

''ဘာလုပ်ကြမလဲ''

''ခွန်းနဲ့တိုက်ပင်ဦးမယ်''

''ဟုတ်တယ်၊ သူက ရွှေဉာဏ်ရှင်၊ သူနဲ့ တိုင်



ပင်ရင် ဟုတ်တာမဟုတ်တာအပထား၊ အကြံဉာဏ်တစ်ခုတော့ ထွက်လာတာပဲ၊ ကောင်းချင်မှတော့ ကောင်းမယ်''

''ဟော့…ဟိုမှာ''

ဓာတ်လှေကားတံခါးပွင့်၍ လူတွေဝေါခနဲ အံထွက်လာသည့်အထဲမှာ မြူမင်းပါလာသည်။ မြူမင်းဆံပင်တွေက မည်းနက်သန်စွမ်းကာ ဖြောင့်စင်းနေ၏။ သူ့ဆံပင်တွေကို ခပ်တိုတို ညှပ်လျှင်ဆံပင်တွေက ဘေးသို့မလဲဘဲ အားလုံး အပေါ်ထောင်နေသည်ဟု မြူမင်းပြောဖူး၏။ အဲဒါကြောင့် သူ ဆံပင်ရှည်ထားရတာပါဟု ဆင်ခြေပေးသံကြားထားဖူးသည်။ မြူမင်းကို နောက်ဆုံးတွေ့ခဲ့ရတာ နေခက မြူမင်းကို ထိုးကြိတ်လိုက်စဉ်က ဖြစ်၏။ တစ်ခါတစ်ရံမှာ ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးဖြစ်ကာ မတွေ့ချင်သောသူနှင့် ရှောင်လို့မရဖြစ်တတ်သည်။ တစ်ခါတလေကျတော့ ရန်ကုန်မြို့ကြီးက အကျယ်ကြီးဖြစ်ကာ ကိုယ်ရင်းနှီးကျွမ်းဝင်ခဲ့ဖူးသော သူ့ကိုပင် လနှင့်ချီ၍ မတွေ့အောင်ရှောင်ဖို့ ကျယ်ဝန်းနေတတ်ပါသည်။မြူမင်းနှင့်ပတ်သက်၍ ရန်ကုန်မြို့ကြီးက ကျယ်ဝန်းခဲ့သည်။နောက်ဆုံးတွေ့ရစဉ်က ဆံပင်ရှည်ထားသော မြူမင်း၏ဆံပင်အလယ်ခွဲ ဘေးသို့ ညီညီတိတိကျ၊ မော်ဒယ်လ်ဘွိုင်းလိုလိုဘာလိုလို ဆံပင်ပုံစံက နားရွက်အုပ်သည်ဆိုရုံ ရှေ့နောက်ညီညာတိကျစွာရှည်၏။ ခု…မြူမင်းဆံပင်တွေ သိပ်

ရှည်နေသည်။ ခါတိုင်းလို ဖြောင့်ဖြောင့်စင်းစင်းပါပဲ။ အလယ် ခွဲပါပဲ။ ဘေးသို့ညီညီကွဲကျလျက်ပါပဲ။ သို့ပေမဲ့ ဆံပင်တွေ က ပခုံးထိနေသည်။ သူ့ကြည့်ရတာ ယောကျ်ားလိုလို မိန်း လိုလို။ ဆံပင်နှင့်မျက်နှာတစ်ခုတည်းရွေးကြည့်လို့ကတော့ ယောကျ်ားပါဟု ပြောရခက်ခက်။ ထုံးစံအတိုင်း ရှပ်အင် လက်တိုခပ်မွမွကို အပြင်ထုတ်လျက် ဂျင်းဘောင်းဘီနှ မျက်နှာချင်းဆိုင်တူရူ့အရပ်မှ မြူမင်းလာနေသည်။

"ဒီကောင် ပြောက်များသွားပြီလား မသိဘူး၊ ဒါကြောင့် သဇင်က လက်ထပ်လို့မဖြစ်ဘူးပြောတာ ထင်တယ်၊ ပုံစံတော်တော်ပြောင်းသွားတယ်၊ အစ ကတည်းက ကျားကျားလျားလျားမရှိရတဲ့ကြားထဲ"

"အေးကွ…အခြေအနေက မလှပဘူးဖြစ်နေ တယ်၊ အချိုးတကျမရှိဘူး"

မြူမင်းက နေခတို့အုပ်စုကို တွေ့ပါသည်။ သူ့မျက် ဝန်းတွေက စိမ်းသက်နေ၏။ တရင်းတနှီးပြောမနာဆဲ ပေါင်းခဲ့ကြသည့် သူငယ်ချင်းတွေ မဟုတ်သလို ဘယ်တု ကမှ မတွေ့ဖူး၊ မမြင်ဖူး၊ မပတ်သက်ဖူးခဲ့သော လူ သူစိမ်းတွေလို။ မကြည့်ဘူးလည်းမဟုတ် ကြည့်သည်လည် မဟုတ်။ ခံစားမှုဗလာမျက်နှာထားနှင့် ဆက်လျှောက်လာ သူငယ်ချင်းလေးယောက်၏မျက်စိရှစ်လုံးတို့က မြူမင် ပြူးပြဲကြည့်နေကြတော့လည်း သူ ဂရုမစိုက်ချေ။ သူ



လမ်းကို သွား၏။ အနားသို့ရောက်လာသည်။ မျက်ဝန်းအကြည့် က ရှေ့တည့်တည့်မှာပဲ ရှိသည်။ သူငယ်ချင်းတွေထံအကြည့် နည်းနည်းကလေးမျှမလွှတ်။ သူစိမ်းတွေကြားထဲ ဖြတ် လျှောက်တာထက်ပင် စိမ်းနေပါသေးတော့သည်။

မျက်ဝန်းလေးစုံနှင့်ခေါင်းလေးလုံးက မြူမင်းရွေ့ လျားသည့်အတိုင်း လှည့်လည်လိုက်ပါ၍လာသည်။ အောင် ကျော်ဦးက မနေနိုင်တော့သည့်ပုံနှင့်ပြေးလိုက်…လိုက်၏။ မြူမင်းက သဇင့်အခန်းတံခါးကို ဖွင့်တော့မည်။

"ဘာအချိုးလဲ"

အောင်ကျော်ဦးက မြူမင်းပခုံးကို ချာခနဲအားကုန် မညှာမတာ ဆွဲလှည့်ပစ်လိုက်၏။ မြူမင်းကိုယ်လေးပေါ့ပါး စွာ လည်ထွက်သွားရသည်။ ဒီကောင်တော်တော်ပိန်သွားပါ လားဆိုသော အသိက ချက်ချင်းဝင်သည်။ နေမှကောင်းရဲ့ လား။ တစ်ဖွဲ့သားလုံးသိထားကြဖူးသည်လေ။ အင်္ဂလိပ်စကား ပြောသင်တန်းဆင်းစဉ်က ချောင်းသာသို့ မလိုက်နိုင်ခဲ့သော မြူမင်းက ဒီဆေးရုံမှာပဲ တက်၍ကျန်ရစ်သည်။ သူ့မှာ ရောဂါ ရှိသည်တဲ့။ Thalassaemia သယ်လက်ဆီးမီးယားတဲ့။ ကျော် ဦး သိပ်နားမလည်သော သွေးရောဂါတစ်မျိုးပဲဖြစ်၏။ မြူမင်း ရောဂါကတော့ ပျော့ပါသည်တဲ့။ ဒီရောဂါမျိုးခပ်ပြင်းပြင်းဆို လျှင် မကြာခဏ သွေးသွင်းရသတဲ့။ မြူမင်းကတော့ ဆယ့် လေးနှစ်သားက သွေးနှစ်ပုလင်းသွင်းပြီးကတည်းက ခုထိ

မသွင်းရတဲ့။ အဲသည်အကြိမ်ဆေးရုံတက်တုန်းကလဲ [illegible] သွင်းရ။ ခဏနားပြီး ဆေးရုံမှ ပြန်ဆင်းခဲ့ရသတဲ့။

မြမြင်း…နေလို့ကောင်းရဲ့လား။

မြမြင်းက သူ့ပခုံးပေါ်လက်တစ်ဖက်တင်လျက်ရှိ[illegible] ဖယ်မပစ်သေးကာ ဘာအချိုးလဲဟု မေးတုန်းကမေးပြီး ခုတော့[illegible] လည်း သူ့ကပဲ တစ်ပြန်စီး အံ့သြမျက်နှာနှင့် ငေးမောလျက်[illegible]သော ကျော်ဦးကလည်း မသနားတော့ပါ။ မြမြင်းကို အမြင် ရှိသော ကျော်ဦးလက်ကိုပခုံးပေါ်မှပုတ်ချလိုက်သည်။ ဒီလို[illegible]ပ်အုပ်စုထဲမှာ သူက ရှေ့ဆုံးမှဖြစ်သွားရသည်။ တော့လဲမြမြင်းကအားရှိသား။ ကျော်ဦးကခပ်သာသာ[illegible] တင်ထားမိတာမို့လို့ ဖြစ်ကောင်းဖြစ်နိုင်၏။ ကျော်ဦးလက်[illegible] ပြုတ်ကျသွားသည်။

"အဖက်မလုပ်တဲ့ အချိုးပဲ"

"ဘာ"

"ငါက လူယုတ်မာလေ၊ မင်းတို့ပေါင်းထိုက်တဲ့ကောင်မှ မဟုတ်ဘဲ၊ မပေါင်းကြနဲ့"

"မင်းကများမာရေကြောရေ"

မြမြင်းစကားဆက်မပြောတော့ပါ။ အခန်းတံခါး[illegible] ၍ ဝင်သွားတော့သည်။

"ခံလိုက်ရတယ်မှလား"

နေခက ဒေါသနှင့်ရောက်လာသည်။

"တောက်…အချိုးမပြေလိုက်ပုံများ"

"ငါကိုင်ဆောင့်မိတော့မယ်"



"ငါက သတ်ချင်နေတာ၊ တော်ပြီ ဒီကောင်ရှိနေတဲ့အခန်းထဲကို ပြန်မဝင်တော့ဘူး၊ အပြင်ကပဲစောင့်မယ်၊ ခွန်းတို့ပြန်ပြောတာပဲ နားထောင်ကြတာပေါ့"

နေမှကောင်းရဲ့လား ဟုလျှပ်တစ်ပြက်သနားလိုက်မိသော ကျော်ဦးကလည်း မသနားတော့ပါ။ မြမြင်းကို အမြင်ကပ်အုပ်စုထဲမှာ သူက ရှေ့ဆုံးမှဖြစ်သွားရသည်။

"ပုံစံက ယောကျ်ားမဟုတ်၊ မိန်းမမဟုတ်၊ အသုံးသာမကျတယ် သူက အစွယ်ကလေးနဲ့"

"ဒီကောင် လူလယ်ကွ၊ မခုတ်တတ်တဲ့ကြောင် ပုံစံချိုးပြီး ကြွက်တွေလိုက်ခုတ်စားနေတာ ဘယ်နှကောင်ရှိပြီလဲမှ မပြောတတ်တာ၊ ငါတို့သဇင့်ဘက်က လုံးဝရပ်ဖို့ ဆုံးဖြတ်လိုက်ပြီ"

"ဒါက ချပြီးသားဆုံးဖြတ်ချက်ပါကွာ၊ နောက်တစ်ခုကောင်းတာကို ရှာဖွေချမှတ်စမ်းပါ"

"မျက်စိရှေ့မှာ ကန့်လန့်ခံတဲ့ စာရင်းထဲ ခုန်မဝင်နဲ့၊ ငါခွဲထိုးမှာ"

"ငါကတော့ လက်မရှိတဲ့အတိုင်း"

"နားညည်းတယ်ကွာ၏ တော်ကြ"

ဝိတ်ပေါက်ပစ်လိုက်သူကကျောင်းဆရာဝတ္ထုတည်း။

## အခန်း ( ၁၁ )

အခန်းတံခါးပွင့်သွားသည်။

လှုပ်ရှားသံသဲ့သဲ့ကြောင့် လူသားအားလုံး၏ မျက်ဝန်းများ တံခါးဝဆီသို့ ရောက်သည်။

"မြူမင်း"

တိုးတိုးသံပြိုင်ခေါ်ဖြစ်၏။ ကမ္ဘာဦးလူသားများ မှောင်နှင့်မည်းမည်းမှာ နေကို လက်ကိုတောင့်တသလောက် တောင့်တနေရသော မဟာပုဂ္ဂိုလ်လူသား 'မြူမင်း'။

"မြူမင်း"

သဇင့်ခေါ်သံက ခပ်ကျယ်ကျယ်ထပ်ထွက်လာသည်။ စောစောက ခပ်စိုစို့ဝဲနေသော မျက်ရည်တွေက ချက်



ချင်း အိုင်ဖွဲ့ဖြစ်ထွန်း၏။ မြူမင်းက သဇင့်ခုတင်နားသို့အရင်ဆုံးကပ်သည်။ မည်သူ့ကိုမျှ နှုတ်မဆက်အားသေးပါ။ သဇင်က မြူမင်းလာရပ်သည့်ဘက်သို့ ကိုယ်ကို စောင်း၏။

"မြူမင်း"

ခေါ်သံကိုက အားကိုးနေ၏။ သဇင့်လက်နှစ်ဖက် မြောက်တက်လာသည်။ မြူမင်းကို လှမ်းဖက်သည်။ မြူမင်းက ကိုယ်ကို ကိုင်း၍သဇင့်နားသို့ တိုးကပ်၏။ သဇင့်ပခုံးကို ပြန်ဖက်သည်။ သဇင့်ဆံပင်တွေကို သပ်ပေးသည်။ သဇင် ငိုပါလေတော့သည်။

"မငိုနဲ့လေ"

အကြင်နာရှုခင်းလေးက ကြည့်လို့ကောင်းနေ၏။ လူသားနှစ်ဦးအပြန်အလှန် ချစ်ခင်နေကြသည်။ တစ်ဦးက အားကိုး၍ တစ်ဦးက ကြင်နာနေ၏။ သူတို့နှစ်ဦး၏ ပွေ့ဖက်မှုမှာ မေတ္တာအရောင်တွေသာ လျှံထွက်လျက်မျက်စိမကာလက်စေပါ။ ကြည့်ရသူတွေ ကြည်နူးလာ၏။ ကြည်နူးပီတိဖြင့် မျက်ရည်ဝဲချင်လာရသည်။ နီလာက တစ်ရှူးလေးဖြင့် ကိုယ့်မျက်ရည် ကိုယ်သုတ်၏။

"နင်တွေ့ချင်တဲ့ သူငယ်ချင်းတွေနဲ့ ပြန်ဆုံရပြီပဲ၊ ဘာဖြစ်လို့ ငိုနေမလဲ"

မြူမင်းက ဘောင်းဘီအိတ်ထဲမှ လက်ကိုင်ပဝါကို ဆွဲထုတ်လိုက်သည်။ သဇင့်မျက်ရည်တွေကို သုတ်ပေး၏။

"မြူမင်း သူငယ်ချင်းတွေအားလုံးက နင့်အပေါ်မှာ အမြင်တွေဆိုးကုန်ကြပြီ မြူမင်းရယ်၊ ပွင့်လင်းလိုက်ကြရအောင်နော်"

သဇင့်ခယသံက တိုးရှိုင်းနေ၏။ တစ်ဖက်သားကို ချော့မော့နေ၏။ အောက်ကျို့နေ၏။ တောင်းပန်နေ၏။ သူငယ်ချင်းတွေအားလုံးရင်ထဲ နင့်လာရတော့သည်။ သဇင့်ကို သနားသည်။ သဇင်ဖြစ်နေပုံလေးကို မကြည့်ရက်။ သဇင်ဟာ မြူမင်းရဲ့တားမြစ်ပိတ်ပင်ချက်ကြောင့် ဝန်မခံရဲတာပေမယ့် သူက မိန်းမသားမို့ ပွင့်ပွင့်လင်းလင်းဖြစ်စေချင်မှာပဲ ဖြစ်သည်။ တိတ်တိတ်ပုန်းဘဝမှာ ဘယ်မိန်းမသား ပျော်ရွှင်ကြည်နူးနေနိုင်မလဲ။ သဇင့်မျက်ရည်တွေက အဆက်မပြတ် စီးကျသည်။ မြူမင်းကို ဖက်သည်ထက်ပိုဖက်၏။ မြူမင်းရင်ခွင်ထဲသို့ ခေါင်းတိုး၍ငိုသည်။ သဇင် အင့်ခနဲ ရှိုက်သည်။

မြူမင်းက သဇင့်လက်တွေကို ဖြည်းဖြည်းခွာ၏။ သဇင့်ကိုယ်လုံးကလေးကို အိပ်ရာခုတင်ပေါ်ရောက်အောင် ဖြည်းဖြည်းပြန်ချပေးသည်။ သဇင့်မျက်ရည်တွေကို သုတ်ပေးသည်။ သဇင့်ကို ပြုံးပြသည်။

"အခုက…နင်က မီးနေသည်လေ၊ ခွဲစိတ်ထားတယ်လေ၊ နေကောင်းဖို့က အဓိကမဟုတ်ဘူးလား၊ ကျန်းမာရေးထက် ဘယ်ဟာက ပိုပြီးအရေး



ကြီးဦးမှာလဲ၊ ပူစရာမဟုတ်တာကို ပူမနေနဲ့၊ ဆေးရုံကနေ အေးအေးဆေးဆေး ဆင်းပါဦး၊ ခေါင်းရှုပ်မခံနဲ့၊ ဟုတ်ပြီလား"

မြူမင်းချော့မော့ပုံက ညက်ညော၏။ ညင်သာ၏။ သဇင် အငိုတိတ်သည်။ ခုချိန်ထိ မြူမင်းက မိန်းမသား သူငယ်ချင်းအုပ်စုထံ အကြည့်ပို့ခြင်း၊ နှုတ်ဆက်ခြင်း မလုပ်သေးပါ။ မိန်းမသားအုပ်စုကလည်း ကြောင်နေ၏။ ကြာလေလေ စကားစရခက်လေလေ ဖြစ်မည်။ မြူမင်းကစပြီး နှုတ်ဆက်စကားပြောမည့်ဟန်မပြ။

"နင်က ငါတို့ကို ဘာဖြစ်လို့ နှုတ်မဆက်တာလဲ"

ကြည်သာက ရှေ့တိုးကာ မြူမင်းပခုံးကိုပုတ်လိုက်သည်။

"နင်တို့မှာ ငါ့ကိုနှုတ်ဆက်ချင်စိတ်ရှိသလား၊ မရှိသလား မသေချာလို့၊ နင်တို့ရဲ့ သဘောဆန္ဒအတိုင်းဖြစ်စေချင်လို့"

"ငါတို့က နင့်ကိုဘာဖြစ်လို့ နှုတ်ဆက်ချင်စိတ်မရှိရမှာလဲ၊ ငါတို့သူငယ်ချင်းချင်း ခြောက်လ၊ ခုနစ်လလောက် မတွေ့ကြရရုံနဲ့ ဒီလောက် စိမ်းကားသွားစရာလား"

"မြူမင်း…နင်ကသာဖြစ်နေတာ၊ ငါတို့က

ဘာမှမဖြစ်ဘူး"

"နင်ဟာ ငါတို့အုပ်စုထဲမှာ ဆယ့်တစ်ယောက်မြောက်သူငယ်ချင်းလို့ ငါတို့က ပြောတော့၊ သူငယ်ချင်းနံ့ပတ်ဆယ့်တစ်လို့ခေါ်ပါ ဆိုပြီး၊ နင်ငါတို့အဖွဲ့ထဲကို ဝင်လာတဲ့နေ့၊ မင်းတို့အုပ်စုနဲ့ ခင်ချင်လို့ဆိုပြီး ပြောတဲ့နေ့....

"အဲဒီနေ့ကနေ ဒီနေ့ထိ ငါတို့အားလုံးက နင့်အပေါ်မှာ မပြောင်းမလဲ တသမတ်ထဲ ခင်နေခဲ့တာပဲ၊ နင်ကသာ ငါတို့တစ်ဖွဲ့လုံးကို အတွေ့မခံဘဲ ရှောင်ရှားလိုက်တာ"

"အေးလေ...ပြီးတာတွေပြီးခဲ့ပြီ၊ ပြန်ပြောမနေနဲ့တော့၊ ခုတွေ့ကြပြီ၊ နင်တို့က အခင်အမင်မပျက်ဘူးဆိုရင် ငါ့ဘက်ကလဲ ဘာပျက်စရာရှိလဲ၊ ဘော်ဒါဟာဘော်ဒါပဲ"

မြမြင်းက ခပ်ပြုံးပြုံးလှည့်ပြောသည်။ သူ့ကိုနောက်ဆုံးစကားလှမ်းပြောလိုက်သော ခွန်းဘက်သို့ ကြည့်ကာ လက်ဝါးနှစ်ဖက်မြှောက်တက်လာသည်မို့ ခွန်းက နားလည်စွာ လက်နှစ်ဖက်မြှောက်၍ လက်ဝါးချင်းရိုက်လိုက်ကြသည်။ ရယ်သံလေးတွေ စီခနဲထွက်လာ၏။

"ရိုက်ကြဦးမလား"

ရူပါ၊ နီလာနှင့်ကြည်သာကို လှည့်မေးနေသေးသည်။



"တော်ပါပြီ၊ လက်ဝါးအနာခံလို့"

"မြမြင်း...နင့်ကို ငါမကျေတာတစ်ခုရှိသေးတယ်"

ရူပါက စိတ်မကျေနပ်စွာ ရှေ့တိုးလာပြီး မြမြင်းလက်မောင်းကို ဆွဲဆိတ်ဖို့လက်တစ်ဖက်မြှောက်တက်လာသည်။ မြမြင်းက ရယ်မောကာ ကိုယ်ကို ရို့၍ရှောင်၏။

"ခုဆို...ငါ့ယောကျ်ားက သူငယ်ချင်းတွေဆီသွားမယ်ဆိုရင် လွှတ်တောင်မလွှတ်ချင်တော့ဘူး၊ ပြန်မလာလွန်းလို့တဲ့၊ ကြာလွန်းလို့တဲ့၊ ရှင်က ကြာတာသာပြောတာ ကြာတဲ့နေရာမှာ ကောင်းကောင်းနေရတာယ်မှတ်နဲ့၊ ခြင်တွေဝိုင်းကိုက်လို့ ဆင်ခြေထောက်မဖြစ်တာ ကံကောင်း...လို့၊ ငှက်ဖျားဒေသသာဆို ငါတို့အားလုံး ငှက်ဖျားဖြစ်တယ်"

မြမြင်းက ရယ်နေ၏။ ရူပါက နှုတ်ခမ်းကို ထော်နေအောင် စူထားသည်။

"ကြည့်ပြီးပလား...နင့်သမက်"

ကလေးပုခက်ခုတင်လေးကို လက်ညှိုးထိုး၍ နောက်၏။

"ကျုပ်က မိန်းကလေးမွေးပါ့မယ်လို့ ရှင့်ကို အာမခံလို့လား"

"မွေးလိုက်လေ"

"သဇင့်သားကိုတော့ သမက်တော်ချင်ပါတယ်၊ ဒါပေမဲ့ နင့်ကိုမုန်းလို့ နင်နဲ့ခမည်းခမက်မတော်ချင်လို့ကို ငါက သမီး မမွေးတော့ဘူးလို့ စိတ်ကူး ပြောင်းလိုက်တယ်၊ သားပဲ မွေးတော့မယ်"

မြူမင်းက ခပ်ပြုံးပြုံးပဲ ဖြစ်၏။ သဇင့်ကိုလှမ်းကြည့်လိုက်ကြတော့ သဇင့်မျက်နှာမှာ အမျိုးအမည်မသိ ခံစားမှုတစ်စုံတစ်ရာကို တွေ့၏။

"ငါတို့ရောက်တာကြာပြီ၊ ပြန်တော့မယ်၊ အပြင်မှာ ဟိုကောင်တွေနဲ့တွေ့ခဲ့လား"

"တွေ့ခဲ့တယ်"

"နင် နှုတ်ဆက်ခဲ့ရဲ့လား"

"နင်တို့လိုပဲပေါ့"

"ပြီးရော…နင်က နေဦးမှာမို့လား"

"ဒီမှာအိပ်မှာ"

လူနာခန်းထဲတွင် အပိုချပေးထားသော ခုတင်ကို မျက်စပစ်ပြသည်။ သူငယ်ချင်းအုပ်စုက မျက်လုံးပြူးကာ လျှာကလေးတွေထုတ်လျက် ကျေနပ်သွားကြသည်။ သဇင်ဆေးရုံကဆင်းလျှင် မြူမင်းက တရားဝင်ကြေညာတော့မည့်ပုံလေ။ မြူမင်းက အခန်းထဲတွင် ရှိနေသော ဆက်တီကုလားထိုင်တစ်လုံးမှာ သွားထိုင်၏။



"ကြီးမေသက်သာရဲ့လား"

"သက်သာပါတယ်၊ ဒါပေမဲ့ ညဆရာမခေါ်ထားပေးခဲ့တယ်၊ ကြီးမေကလဲ ကလေးလိုပဲ၊ သွေးတိုးပါတယ်ဆိုပေမယ့် ဒူးရင်းသီးနို့စားချင်စားတာ၊ စောင့်ပြောမယ့်သူမရှိရင် မရဘူး…

"ငါက ဖေဖေရှိတဲ့ အရပ်ကို ရှောင်တယ်၊ အိမ်မှာ ဖေဖေရှိနေလို့ကို ဒီမှာအိပ်မှာ"

"ဘာဖြစ်လို့လဲ"

"ဟာ…မြည်တွန်တောက်တီးခြင်းသာ ဂီတသံစဉ်ဆိုရင် ဖေဖေ့ဆီက ဂန္ထဝင်သီချင်းတွေတန်းစီပြီးထွက်တယ်၊ ခုတော့…နားကိုညည်းနေတာပဲ၊ ဝေးဝေးနေတာကောင်းတယ်၊ ငါ့အဖေက တော်တော်ဆူနိုင်တဲ့မိဘထဲမှာပါတယ်"

"ဟဲ့…အဖေကို ဒီလိုပြောရလား၊ နင်က မဟုတ်တာတွေချည်းလုပ်နေလို့ဖြစ်မှာပေါ့"

မြူမင်းက ပြုံးနေလိုက်သည်။ သူငယ်ချင်းအုပ်စုက သွားမယ်ဟုပြောကာ ကလေးကို တစ်ကြိမ်ထပ်ကြည့်သည်။ ကလေးက နှစ်ချိုက်စွာအိပ်ပျော်နေဆဲဖြစ်၏။ မြူမင်းနှင့်သဇင်တို့အခြေအနေကိုလည်း စိတ်ထဲမှာ ကျေနပ်ကြရသည်မို့ အချင်းချင်းကြိတ်၍ လက်မထောင်ပြလိုက်ကြသည်။ အခန်းပေါက်ဝသို့ရောက်၏။ ခွန်းက တံခါးမဖွင့်မီ နောက်သို့ တစ်

ချက်ပြန်လှည့်ကြည့်သည်။

"မြမြင်း"

လှမ်းခေါ်တော့ မြမြင်းထလာ၏။ ခွန်းက ကျေနပ်ပီတိဖြင့် ကြည့်နူးနေရသည့်မို့ မြမြင်းနားသို့ ခပ်ပြုံးပြုံးကပ်၍ ငြေပြောလိုက်၏။ သေချာချင်သည်လေ။

"ဆေးရုံကဆင်းရင်တရားဝင်ကြေညာမှာလား"

"ဘာကိုလဲ"

"နင်နဲ့သဇင် တရားဝင်လက်ထပ်ကြမှာ မဟုတ်လား"

မြမြင်းမျက်နှာ ကွက်ခနဲပျက်သည်။ မြမြင်းမျက်နှာပျက်သွားတာကို အားလုံးသတိထားလိုက်မိကြသည်။

"ဟင်…မြမြင်း"

ခွန်းက ထပ်မေး၏။ မြမြင်းခေါင်းခါသည်။

"ဘာလဲ"

"လက်မထပ်ဘူး"

မြမြင်းချာခနဲလှည့်လာကာ မူလကထိုင်နေသောကုလားထိုင်မှာ သွားပြန်ထိုင်၏။ ခွန်းတို့အုပ်စု ပြန်လှည့်လာချင်ပေမယ့် သဇင့်ရှေ့မှာ ရန်မဖြစ်ချင်တာနှင့် တံခါးကိုဖွင့်ထွက်လိုက်ကြသည်။ အခန်းပြင်မနီးမဝေးမှာရှိနေသောဆရာမက အခန်းထဲသို့ဝင်၏။

"သော့ချလိုက်ပါဆရာမ"



တံခါးသေသေချာချာ မပိတ်ရသေးမီ မြမြင်းလှမ်းပြောတာကို ကြားဖြစ်အောင်ကြားခဲ့ရလေတော့သည်။

"အဲဒါပဲ နေခ…ငါဖြင့်ဒေါသထွက်လွန်းလို့ အသားတွေတောင် တုန်တယ်၊ သဇင့်ကို နင်တွေ့စေချင်တယ်၊ မြမြင်းရောက်လာတော့ ငိုပြီးလှမ်းဖက်တာ၊ ပွင့်လင်းလိုက်ကြပါစို့တဲ့ဟယ်…အရမ်းသနားဖို့ကောင်းတယ်၊ ငါတို့က မျက်စိနဲ့မြင်ခဲ့ရတာ၊ နီလာဆိုရင် ငိုတာပဲ"

"တောက်"

နေခဒေါသတွေ အလိပ်လိုက်ထွက်နေ၏။ ချိုးမရဖွဲ့မရ။ ဒီဒေါသတွေ ကြေမွသွားအောင် မြမြင်းကို သွေးထွက်သံယိုထိ ဆုံးမရမှဖြစ်တော့သည်။

"အခြေအနေက ကောင်းနေလို့ ငါတို့ပျော်နေတာ၊ ငါတို့အပျော်လေး သေချာအောင် သူ့ကိုထပ်မေးလိုက်ကာမှ ပွဲက ပျက်တော့တာပဲ"

"ဒီကောင်…ခွေးမြီးကောက်ကျည်တောက်စွပ်ပဲ၊ ဖြောင့်ရင်ခဏလေး၊ ပြီးတော့ ကောက်မြဲပြန်ကောက်မယ့်ကောင်၊ သူ့ကြည့်တော့ အိညက်ညက်

နဲ့၊ အသံကအစ ယောကျ်ားမပီသဘူး၊ လုပ်ပုံကကျ တော့ ငါ မပြောလိုက်ချင်ဘူး''

''မပြောလိုက်ပါနဲ့၊ နင်က ကြမ်းကြမ်းရိုင်းရိုင်း ကြီး ပြောချလိုက်ရင် မြူမင်းက ကြားမှာမဟုတ် ဘူး၊ ငါတို့က နားရှက်ရမှာ''

''အေးပါ…မပြောတော့ပါဘူး၊ နေပေ့စေဦး၊ သဇင်က ဆေးရုံကဆင်းမှ ဒီကောင့်ကို ဆွဲကိုထိုးဦး မယ်၊မရဘူးကွာ၊ လက်ထပ်စာချုပ်လုပ်ပြီး ဒီကောင် လက်မှတ်ထိုးချင်ထိုး၊ မထိုးရင် အသတ်ပဲ ဆိုပြီး တော့ကို ထိုးနိုင်းရမယ်''

''သူတော့သူပဲ၊ သဇင့်စကားအရဆို သေချာ တယ်၊ သူက သဇင့်ကို ဘာတွေဘယ်လိုလိမ့်ထား လှန့်ထားမှန်းသာ မသိတာ''

''တချို့သူဌေးသားတွေ မိဘက အလိုလိုက် တော့ ငယ်ငယ်ရွယ်ရွယ်နဲ့ မိန်းမခိုးထားတော့ မယား ကြီးရှိနေတတ်ကြတယ်၊ အစိတ်သုံးဆယ်လောက် ကျမှ တကယ်ချစ်တဲ့သူတွေ့ရင် မယားကြီးငုတ် တုတ်နဲ့ ဖြစ်နေပြီ''

''မယူနဲ့တော့ပေါ့၊ ရှောင်ပေါ့၊ ခုမှ အချစ်စစ် ပါဗျလို့ အော်ပြီး အက်စစ်သောက်သေလိုက်''

''အေးလေ…စောစောစီးစီးကတော့ မစဉ်း



မစား''

''ဒါပဲနေမှာ၊ ဒီကောင် မိုးကုတ်မှာ မိန်းမရှိကို ရှိရမယ်၊သူ့အဖေကလဲ ဆူ…ဆူနေတယ်ဆိုတော့''

''မိုးကုတ်မကလို့ ဘယ်မှာရှိရှိ၊ တို့သူငယ်ချင်း သဇင့်ကို တိတ်တိတ်ပုန်းဘဝမှာတော့ မထားစေရ ဘူး၊ ထပ်ယူပေါ့၊ တရားဝင်ကြေညာ၊ ဖြစ်တာက ဖြစ်ပြီးပြီ၊ ဖျက်လို့ရတော့တဲ့ ကိစ္စလဲမဟုတ်ဘူး…

''ခုခေတ်မှာ မယားပြိုင်ဥပဒေရှိတာပဲ၊ သဇင် လဲ မယားပြိုင်ပေါ့''

ရူပါက ရှုံ့မဲ့နေ၏။ ရူပါ့အနေနှင့်ကျတော့ ကိုယ်က မင်္ဂလာဆောင်ထားသော ပထမဇနီးမို့ သဇင့်ကိစ္စမြှောက်ပေး လျှင် ဝင့်လိုက်မှာကြောက်နေ၏။

''တော်ပြီ၊ ငါတော့ ဆေးရုံမသွားတော့ဘူး၊ဒီ ကောင့်မျက်နှာလဲ မကြည့်ချင်ဘူး၊ တွေ့ရင် သတ်မိ မယ်''

''ငါတို့လဲ ဖုန်းလောက်ပဲဆက်တော့မယ်၊ သဇင်ဆေးရုံကဆင်းမှ အိမ်သွားမယ်၊ သူ့အဖေကို တိုင်တန်းတိုင်ရမယ်၊ လူကြီးကတော့ သူ့လိုစဉ်းလဲ မယ် မထင်ပါဘူး''

''ကြည့်လဲပြောဦး၊ သူ့အဖေပစ္စည်းဖြစ်နိုင်ချေ ရာနှုန်းကလဲ မနည်းလှဘူး''

"ဟုတ်ပါ့...သေချင်တာပါပဲဟယ်"

"သေစရာမဟုတ်ဘူး၊ သတ်စရာ၊ အဲဒီလို ကောင်တွေကို သတ်စေဥပဒေရှိရင် ကောင်းမယ်"

"သတ်ဖို့မလိုပါဘူး၊ လူ့စဥ်မမီအောင် လုပ် လိုက်ရင်ပြီးတာပဲ"

ကြည်သာက ခွန်းနားသို့ကပ်၍ တိုးတိုးလေးပြော လိုက်သည်။

"ဟိုနှစ်ကောင်ဘာတွေတိုးတိုးကြိတ်နေတာလဲ"

နေခက သူတို့သူငယ်ချင်းချင်းမို့ မိန်းမသားတွေကို ပေမယ့် 'ဟိုကောင်' သုံးသည့်အခါသုံးသည်။

"နင်သိစရာမလိုပါဘူး"

"ပြီးရော"

သူငယ်ချင်းအုပ်စုထဲမှာ ကြည်လင်မှုမရရှိကြသေး ပါ။ စူပုပ်ခက်ထန်ဆဲဖြစ်တော့သည်။

သခင်ဆေးရုံကဆင်းပြီ။

ပုန်းလျှိုးကွယ်လျှိုး မနေကြတော့ပြီမို့ မြမြင်းအိမ် သို့ပဲ ဆင်းသွားမှန်းအသိပေး၏။ နေခက ဒီအချိန်ကို စောင့် နေတာဖြစ်သည်။ မြမြင်းကို ကျေကိုမကျေနပ်။ သခင်သည်



ကိုယ့်နှမလည်းမဟုတ်သည်မို့ ကိုယ်နှင့်မဆိုင်ဟု ကိုယ့်ကိုယ် ကို ဆုံးမကာဘေးထွက်ထိုင်လိုက်ဖို့ အကြိမ်ကြိမ်ကြိုးစား သည်။ မရ။ သခင့်ဘက်က နာတာလည်းနာပါသည်။ အဲဒါ ထက်ကို ပို၍ ဒီလိုကောင်ဟာ မြမြင်းဖြစ်နေလို့ကို မကျေ နိုင်မချမ်းနိုင်စိတ်က ပိုနေကြောင်း ကိုယ့်ကိုယ်ကို ဆန်းစစ်သိ ရှိပြီးပါပြီ။

မြမြင်းကို ခင်သည့်နေရာမှာ သာမန်သူငယ်ချင်း ထပ်ပို၍ ဆုံးမပဲ့ပြင်ရမည့် ညီငယ်တစ်ဦးလို သံယောဇဉ်ကြီး မားနေမှန်း ခုမှသိသည်။ မြမြင်းမှာ မလိုလားအပ်သော အမည်းစက်ထင်နေတာကို လက်မခံနိုင်။ မြမြင်းမှာ အောက် တန်းကျသော အကျင့်စရိုက်တွေ မရှိစေချင်။ မြမြင်းသည် ယောကျ်ားကောင်းတို့အလုပ်မဟုတ်တာတွေ မလုပ်စေချင်။ မြမြင်းသည် မိကောင်းဖခင်သားသမီး သူကိုယ်တိုင် ကိုယ် ရည်ကိုယ်သွေးမည့်သော အထက်တန်းစားဖြစ်ရမည်။ ဂျိုး ကျင့်၊ ဂျိုးကြဲ ဂလေဂချေ၊ ကလေကဝ၊ အုတ်ကြားမြက် ပေါက်တို့၏ လုပ်ရပ်များကို မြမြင်းထံမှာ မမြင်မတွေ့နိုင်ပါ။ သခင့်ကိုလည်း သခင်၊ မြမြင်းကိုလည်း မြမြင်းမို့ နေခ ဘယ်လိုမှ မသိကျိုးကြင်မအေးဆေးလိုက်နိုင်ပါ။ ဒီကိစ္စ... လူရှိသေ ရှင်ရှိသေဖြစ်ကိုဖြစ်ရမည်။ ဖြစ်စေရမည်။ ဖြစ် အောင်လုပ်မည်။ အနုနည်းနှင့်မရလျှင် အကြမ်းနည်း။

နေခ ကားကိုတစ်ယောက်တည်းမောင်းလာခဲ့သည်။

ယောက်ျားသူငယ်ချင်းအုပ်စုကိုလည်း ခေါ်မနေတော့။ ကိုယ်ကမှ ကိုယ့်အလုပ်ကိုယ်မို့ အလုပ်ပျက်ကာမှ ပျက်ရော၊ ကိုယ့်သဘောနှင့်ကိုယ်ဖျက်နိုင်၏။ စည်သူနှင့်အောင်ကျော်ဦးကိုမိမိကိုယ်တိုင်က ကိုယ်ရေးကိုယ်တာကိစ္စအတွက် အလုပ်ထဲက ထွက်ထုတ်သုံးနေတာမျိုးလည်း မဖြစ်ချင်ပါ။ ဝဏ္ဏဆိုပိုလို့တောင် ဆိုးသေးသည်။ ဝဏ္ဏတစ်ယောက်အတွက် ကျူရှင်ပျက်ရလျှင် ကလေးတွေနစ်နာရှာမည်။ ဟိုမိန်းမအုပ်စုကတော့ မခေါ်ချင်လို့ကို ထားခဲ့တာ။ သူတို့လောက် သဇင့်ကို သနားတာမရှိ။ သူတို့လောက် မြူမင်းကို စိတ်ဆိုးတာမရှိ။ မျက်နှာစုံညီတွေ့ကြပြီဆို သူတို့ပဲ ကျေအေး၍ ပြန်ခဲ့ကြသည်။ မိန်းမဆိုတာကတော့ ဒီလိုပါပဲ စိတ်ခတ်နိုင်မာမှုမရှိ။ နူးညံ့ပျော့ပျောင်းသည်ဆိုသော ဆင်ခြေနှင့်လေယူရာတိမ်းတတ်ကြသည်ဟု စွပ်စွဲလျှင် မိန်းမသားသူငယ်ချင်းငါးယောက်က ခဲနှင့်ပိုင်းပေါက်မှာသေချာ၏။

ခြံတံခါးဝမှာလာဖွင့်ပေးသူကို…

“မြူမင်းရှိလား” မေးတော့ ခေါင်းညိတ်၏။ တံခါးဖွင့်ကြိုဆိုတာလား၊ ကြိုသင့်မထားမိတာလားတော့မသိ။ မြူမင်းအိမ်ရှေ့တော့ရောက်ပြီ။ ဧည့်ခန်းထဲဝင်ထိုင်ပြီ။ မြူမင်းကလည်း တွေ့ဆုံပြီ။ သူ့အိမ်ထိရောက်ရှိလာသူကိုမှ စကားဆိုးမပြောလျှင် အဲဒီအတွက် လက်သီးတစ်လုံးကျွေးပြီးမှ တခြားစကားတွေ ဆက်ပြောမည်ဟု တွေးလိုက်ဖြစ်သေးကာ



ကိုယ့်အတွေး ကိုယ်သဘောကျလျက် နေခ မျက်နှာနည်းနည်းပျော့ကျသွားရသည်။

“အလည်သက်သက်ပဲလား”

ကြည့်။ မေးပုံက ခွကျ၏။ မြူမင်းအိမ်ကို ဒီတစ်ခေါက်မဟုတ်ပါ ဟိုအရင် သင်တန်းတွေ တူတူတက်စဉ်က အခေါက်ခေါက်ရောက်ဖူးသည်။ ထမင်းလည်း စားဖူးသည်။ သို့ပေမဲ့ မြူမင်းဧည့်ခံပုံက ဧည့်သည်ဆန်၏။ မိန်းကလေးတွေကိုမို့ ဆိုထားပါတော့။ ယောက်ျားချင်းလည်း တူတူ။ ဧည့်ခန်းမှာ ဧည့်သည်ကြီးတွေလို ထိုင်ရသည်။ သူက ဧည့်ခံစကားပြောသည်။ တည်ခင်းကျွေးမွေးသည်။ ထမင်းစားသည့်အကြိမ်တွေမှာ ထမင်းစားခန်းသို့ဝင်၊ စားသောက်ပြီးလျှင် ဧည့်ခန်းမှာ ပြန်ထိုင်၊ ဧည့်ခံ။ တကယ့်ကို ဧည့်သည်သောင်သည် ပုံစံပြည့်ပြည့်ဝဝကြီး။

ဝဏ္ဏတို့၊ စည်သူတို့၊ ကျော်ဦးတို့၊ တေဇာလည်း တူတူ။ အဲဒီကောင်တွေအိမ်သွားလျှင် သူတို့က ကိုယ့်အိမ်လာလျှင် ဘယ်သူကမျှ ဧည့်ခန်းမှာ ထိုင်ဧည့်ခံလေ့မရှိ။

“ဟေ့ကောင်…လာ” ဟုဆိုကာ ကိုယ့်အိပ်ခန်းထဲသွင်းသွားသည်ချည်း။ စည်သူနှင့်ကျော်ဦးတို့အိမ်ဆို တိုက်ခန်းမို့ ကျဉ်းကျဉ်းကြပ်ကြပ်။ ကျဉ်းချင်ကျဉ်း ကြပ်ချင်ကြပ် ကိုယ်မရှိန္တမ်းပါးတာ သူငယ်ချင်းချင်း ရှက်စရာမလို။ အိပ်ခန်းထဲဝင်ကြ။ ကျယ်ချင်ကျယ်၊ ရှုပ်ချင်ရှုပ်၊ ထိုင်စရာမရှိ

လျှင် ခုတင်ပေါ်ဝင်ထိုင်သူကထိုင်၊ လှဲအိပ်သူက အိပ်။ ထွေးလုံးရစ်ပတ်၊ သတ်ကြပုတ်ကြ၊ သူငယ်ချင်းချင်းထဲမှာ ဆင်းရဲခြင်းမရှိ၊ ချမ်းသာခြင်းမရှိ။ အားလုံးတူတူပင်။

မြမြင်းကျတော့… တောက်…ပြောရလျှင် အလွန်ဖြီးကျယ်သည်။ ကျယ်မည်ဆိုလည်း ကျယ်ချင်စရာပါ။ သူက အားလုံးအားလုံးထဲမှာ အချမ်းသာဆုံး။ မြမြင်းရောက်မလာမီကဆိုလျှင် နေခ အချမ်းသာဆုံး ဖြစ်ခဲ့သည်။ မြမြင်းရောက်လာပြီးကတည်းက မြမြင်းက ဖုန်းဖိုးကို ဝေါခနဲဝေါခနဲ သုံးသည်။ အားလုံးစုပေါင်းထိုင်ကြသော စားသောက်ဆိုင်တွေမှာ သူချည်းရှင်းသည်။

"ဟဲ့…သူဌေးသား"

မိန်းမတွေက ခနဲ့လျှင်…

"ငါ့အဖေက မြန်မာပြည်မှာ နံပတ်သုညနံပတ်တစ်ရဲ့ ရှေ့က"

ဟု ပြောတတ်သည်။ ဘာလုပ်လဲဟု မေးလျှင်…

"တရားဥပဒေနဲ့ ကင်းလွတ်တဲ့ ပိုက်ဆံရမယ့်သမာအာဇီဝအကုန်လုပ်တယ်"

ဟု ပြောတတ်၏။ တိတိကျကျ မဖြေ။ အဲသည်တုန်းကတော့ သူကပေါ်ကြော့သူဌေးသားမို့ မသိဘူးထင်ပါရဲ့ဟု တွေးထားလိုက်သည်။ ဒီကောင်လုပ်ပုံတွေက အချိုးမပြေ။ သူ့အိပ်ခန်းထဲ ဘယ်တော့မှမခေါ်။ တရင်းတနှီးကို



မရှိလို့ သူ့ကို ခင်မည့်သာခင်ရ၊ သူအချိုးမပြေတာကြောင့်ကို ကြည့်မရ…အမြဲဖြစ်ရသည်။ သူများအိမ်ဆိုလည်း သွားခဲ့သည်။ မိန်းမတွေအိမ်သို့ဆို ပိုဝေးသေးသည်။ ယောကျ်ားချင်း အိမ်လည်း သိပ်မရောက်။ သူနှင့်ဆုံရတာတွေက သင်တန်းနှင့် စားသောက်ဆိုင်တွေထဲမှာပဲများသည်။ သူ့အိမ်အလည်ခေါ်ပေမယ့် သူများအိမ်ဆို အလှူအတန်းလောက်မှလွဲ၍ မရောက်ဖြစ်။ သွားလျှင်လည်း ဧည့်ခန်းမှာအကျအနထိုင်၍ ဧည့်သည်လုပ်သည်။

"ဟော့ကောင်…လာ"ဟု အခန်းထဲခေါ်သွင်းလျှင် ခေါင်းခါ၏။ "ပြန်တော့မှာ" ဆိုတာက စပြီးဖင်တကြွကြွရှိတော့သည်။ နေခ ချမ်းသာပေမယ့် သူဌေးသားရယ်လို့ တစ်ခါမျှ ကိန်းကြီးခမ်းကြီးမရှိ။ မြမြင်းကတော့ သူဌေးသားဂိုက်ကိုဖမ်းသည်။ ကိန်းကြီးခမ်းကြီးရှိသည်။ အဲဒီလိုကောင်က သဇင့်ကျမှ အိမ်မှာခေါ်ပြီး ကွန်ပျူတာရိုက်ခွင့်ပေးရတာနှင့်တစ်နေကုန်နေစေပြီး ထမင်းကျွေးရတာနှင့်ဘာနှင့်။ တောက်။ အချိုးမပြေတိုင်းသာ ဆဲရေးတိုင်းထွာနေရလျှင်လည်း ကိုယ်သာလျှင် အောက်တန်းကျတော့မည်။

"သဇင်နေကောင်းလား"

"ကောင်းတယ်၊ တွေ့ချင်လား"

"နေပေ့စေလေ၊ ငါ ဝင်တွေ့မှာပေါ့၊ သူက ထွက်လာနေရဦးမယ်၊ ကလေးရော"

"ကလေးလဲ နေကောင်းတယ်"

"မင်းဖားသားကြီးရော"

"ပြန်သွားပြီ၊ ဟိုမှာကလဲ မေမေတစ်ယောက်တည်းဆိုတော့ ကြာကြာမနေနိုင်ဘူး၊ ဒါကြောင့် ဒီကအလုပ်တွေကို ငါနဲ့တော်တော်များများ လွှဲနေတယ်၊ အရင်လို မချောင်ဘူး"

"ဘာအလုပ်တွေလဲ"

"ပြောမနေနဲ့၊ ငါ့အဖေက ပိုက်ဆံရတဲ့အလုပ်ဆိုရင် သမာအာဇီဝသာ ဖြစ်ပစေ၊ သေးသေးရော ကြီးကြီးရော အကုန်လုပ်တော့ ရှုပ်ယှက်ကိုခပ်နေတာပါပဲကွာ…မင်း ဘာစားမလဲ၊ ထမင်းစားပြီးခဲ့ပလား"

"ကျွေးမလို့လား"

"ကျွေးမှာပေါ့ကွ၊ သဇင်လဲ မစားရသေးဘူး၊ သူ့အခန်းထဲမှာပဲ သွားစားလိုက်ကြမယ်၊ လာ"

ပြင်မညီအထပ်တွေမို့ မြူမင်းအိမ်က မျက်စိလည်လောက်သည်။ လှေကားလေးသုံးထစ်လောက် ငါးထစ်လောက်တက်ရုံနှင့်လည်း အထပ်တစ်ထပ်ထွက်လာသည်။ သုံးထစ်လောက်ဆင်းရုံနှင့်အောက်ရောက်သည့်အခါမှာ အပေါ်ထပ်မျက်နှာကျက်က ကိုယ့်ခေါင်းပေါ်မှာ အမြင့်ကြီး အဝေးကြီးလည်း ဖြစ်နေတတ်သည်။ ဟိုအရင်ထမင်းစားဖူးစဉ်က



အောက်သို့ဆင်းရ၏။ အခုတော့ သဇင့်အခန်းက အပေါ်သို့တက်ရသည်။ သဇင့်အခန်းသည် တော်တော်ကြီး ကျယ်ကျယ်ဝန်းဝန်း ရှိပါသည်။ သူနာပြုဆရာမလည်း ရှိသည်။ တင်ယောက်အိပ် ခုတင်ကတစ်လုံး။ (ညဆရာမအတွက်ထင်သည်) ဒရင်းမ်ဘက်ဒ် (Dreambed) ကတစ်လုံး။ စားပွဲဘစ်လုံး။ ကုလားထိုင်…အစက တစ်လုံးပဲ ရှိပုံရသည်။ နှစ်လုံးထပ်သွင်းဖို့ မြူမင်းစီစဉ်၏။ ဟင်းတွေကလည်း စုံသည်။ အမှတ် မထင် ကြုံခိုက်ဆုံခိုက်မှာ ဝင်စားတာတောင် ဟင်းကကောင်း၏။

"ဒီဟာ သွားမသောက်နဲ့၊ မီးနေသည့် ဟင်းခါး၊ တော်ကြာ မလိုလားအပ်တာတွေ ဖြစ်ကုန်မယ်"

"သွား"

မြူမင်းက ရယ်စရာပြောတာကို သဇင်က ရှက်နေ၏။ သဇင်က တကယ့်ကို ကလေးအမေကြီးပုံစံဝင်နေ၏။

"ဆရာဝန်က လက်လုပ်ချဉ်နဲ့ အစပ်ပဲ ရှောင်ခိုင်းတယ်၊ အိမ်မှာချက်တဲ့ သမရိုးကျဟင်းတွေ၊ အိမ်သားတွေနဲ့ တန်းတူစားနိုင်တယ်ဆိုလို့ မီးနေသည့်အတွက် ဒန့်ဒလွန့်ရွက်ဟင်းခါးတစ်ခုပဲ ထူးထူးခြားခြား လုပ်ပေးရတယ်၊ ကျန်တာတော့ ပုံမှန်သူများတန်းတူပဲ"

သူ့သူမျှားတန်းတူက ကောင်းလှပါသည်။

ချက်ပြီးသားကွေးနေပြီးသားမှာပင် နှစ်လက်မခွဲသုံးလက်မလောက်ရှိသော မုန့်ထုပ်ကြီးဆီပြန်၊ ဂျုံးမြစ်နှင့် ငါးရံ့နှင့်ချဉ်ရည်၊ ဘဲသွေးသုပ်နှင့် ဆီးဖြူသီးသနုပ်၊ အဲသည် ဆီးဖြူသီးသနုပ်ဆိုတာ နေခတို့အိမ်မှာ စားလေ့စားထ သိပ်မရှိပါ။ မြူမင်းအိမ်မှာပဲ စားဖူးရသည်။ ဆီးဖြူသီးကို နူးနေအောင် ပြုတ်၊ အစေ့ထုပ်ပြီး ဆားလေးနည်းနည်းထည့်ရှဲထောင်း၊ စေ့စေ့ကြေမှ ပုလင်းထဲထည့်သိပ်ထားတာ ဖြစ်သည်။ စားချင်သည့်အချိန်မှာ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ငရုတ်သီးစိမ်းလေးပါးပါးပါးတွေလှီးထား၊ ဆီစိမ်းကို ဆီးဖြူသီးထောင်းနှင့် အရင်နယ်၊ ပြီးမှ လှီးထားတာတွေရောနယ်ထားတာ ဖြစ်၏။ ချိုချဉ်ဆိမ့်ကလေးနှင့် အလွန်စားလို့ ကောင်းပါသည်။

"သဇင် ဒါမစားရဘူးနော်"

မြူမင်းက ဆီးဖြူသီးထောင်းကို ပြ၏။

"ဘာဖြစ်လို့လဲ"

"ချုပ်တယ်၊ ချဉ်ရည်လဲ သောက်မနေပါနဲ့ဟာ ကိုယ့်ဟင်းခါးပဲ ကိုယ်သောက်ပါ၊ ကလေးဝမ်းပျက်နေဦးမယ်"

"မင်းကလဲ သိလှချီလား"

"ဗဟုသုတပေါ့"



ထမင်းမြိန်ပါသည်။ နေခက နှစ်ပန်းကန်အပြည့်စားပစ်သည်။ သဇင်ကလည်း တစ်ပန်းကန်ကုန်တော့ နောက်ထပ်နည်းနည်း ထပ်ယူသေးသည်။

"စားကောင်းတိုင်းလဲ စွပ်စားမနေနဲ့၊ ချုပ်ရိုးပြေပြီး ဗိုက်ပွင့်ထွက်ဦးမယ်"

မြူမင်းက ပြောတော့ သဇင်က ရယ်၏။ ဆရာမက ကလေးချီထားသည်။ ပုံစံလေးက ကြည်နူးစရာ။ သူများတွေစားသလောက် ထမင်းစားသေးသူက မြူမင်း။ တစ်ပန်းကန်လှရုံပဲ စားသည်။

"မင်းက အစားနည်းလှချီလား"

"ငါမှ သိပ်မစားနိုင်တာ"

ဟုတ်သားပဲ။ ဟိုတုန်းကတည်းက မြူမင်းအစားနည်းသည်။ "အဲဒါကြောင့်ပိန်တာ" ဟုတောင် သူ့ကို ပြောခဲ့ဖူးသေးသည်။ ထမင်းစားပြီးလျှင် ကော်ဖီသောက်တာလည်း မြူမင်းအကျင့်ဖြစ်၏။ ကော်ဖီပြီးတော့ ရေနွေးကြမ်း၊ ငါးရံ့ခြောက်ဖုတ်ဆီဆမ်းနှင့် လက်ဖက်တစ်ပွဲရောက်လာ၏။

"သဇင် လက်ဖက်မစားနဲ့"

မြူမင်းက တားနေပြန်သည်။ နေခက အချီးအချိုတ်တွေကိုပဲ စောင့်ကြည့်နေသည်။ မြူမင်းဂရုစိုက်ပြုစုပုံက ပြောစရာမရှိပါ။ ဒီကောင်ပစ်စလက်ခတ်မလုပ်တာတော့ အမှန်ပါ။ စားသောက်ပြီးတော့ နေခ နှုတ်ဆက်သည်။

"ပြန်မယ်၊ ဗိုက်လဲတင်းသွားပြီ၊ ရုံးတောင် ပြန်သွားနိုင်မယ်မထင်ဘူး၊ အိမ်ပြန်အိပ်ရမလို ဖြစ်နေပြီ"

"ငါ လိုက်မပို့တော့ဘူးနော်"

သဇင်က ပြော၏။

"အေးပါ...လူနာက လူနာလို နေစမ်းပါ"

သဇင့်အခန်းမှ ထွက်ခဲ့သည်။ ညှော်ခန်းကို ရောက်သည်။

"မင်းမှာပြောစရာရှိသေးလား"

မြူမင်းက မျက်နှာချင်းဆိုင် မတ်တတ်ရပ်လျက် မေး၏။

"သဇင့်ကို တရားဝင်လုပ်ပေး"

"ငါက လက်ထပ်ရမှာကို ပြောတာလား"

"ဟုတ်တယ်"

"သဇင့်ကိစ္စ ငါ့မှာ တာဝန်မရှိဘူးလို့ ဘယ်လိုပြောမှ မင်းတို့ယုံမှာလဲ"

"ဒီစကားကို မင်းက သဇင့်ကွယ်ရာမှာပဲ ပြောတာ၊ မင်းသဇင့်ကို စောင့်ရှောက်ထားပုံက မင်းတာဝန်ယူနေတာပဲ"

"စေတနာရော မဖြစ်နိုင်ဘူးလား၊ ဒီလိုစေတနာမျိုး မင်းမှာလဲရှိတယ်၊ ကျန်တဲ့သူတွေ

အားလုံးမှာလဲ ရှိတယ်၊ ငါက ကူညီခွင့်ကြုံလို့ စေတနာပြခွင့်ရတယ်၊ ဒါပဲ"

"သဇင်က ကလေးအဖေနာမည် ဖွင့်မပြောဘူး"

"သူမှမပြောချင်တာ"

"မင်းသိလား"

"သိတယ်"

"မင်းကိုကျတော့ပြောသလား"

"ပြောတယ်"

"ဘာဖြစ်လို့လဲ"

"မသိဘူး"

"ခွန်းတို့နဲ့နောက်ဆုံးဆုံတဲ့ရက်က သဇင်က မင်းကို ဖက်ပြီးငိုတယ်ဆို"

"ဟုတ်တယ်"

"ပွင့်လင်းလိုက်ကြရအောင်နော်...လို့ပြောခဲ့တယ်"

"ဟုတ်တယ်"

"မင်းက ဆေးရုံကဆင်းမှ အဆင်ပြေအောင် ကြည့်လုပ်မယ့်ပုံစံလိုလို ပြောခဲ့တယ်"

"ဒါလဲဟုတ်တယ်"

"အခု ဘာလို့မလုပ်သေးလဲ"

"မလုပ်ချင်လို့"

"ဘာ"

"တစ်သက်လုံးမလုပ်တော့ဘူး"

"ခွေးလိုကောင်"

စကားသုံးလုံးတောင် ဆုံးခွင့်မပေးလိုက်နိုင်ဘဲ လက်သီးက အရင်ရောက်သွားတော့သည်။ မြူမင်း ပက်လက်လန်လဲကျသည်။ ပြန်ထမလာပါ။ နေခကိုပဲ စိုက်ကြည့်နေ၏။ ပြန်မထိုး။

"ဟောကောင်…ထလေ၊ ပြန်ထိုးလေ၊ မင်းယောက်ျားမဟုတ်ဘူးလား၊ ခွေးကျင့်ခွေးကြံတော့ ကြံစီတတ်တယ်၊ ပြီးတော့ ခွေးစိတ်ပဲ မွေးတယ်၊ ဟောကောင်…ပြန်ထိုးလေ၊ မင်းကျွေးတဲ့ထမင်းကို စားထားပေမယ့် မင်းကို မသတ်ရဲဘူးမထင်နဲ့"

မြူမင်းထထိုင်သည်။ ဒူးထောင်၍ ဒူးနှစ်လုံးကို လက်နှင့်ဖိုက်ပြီး ခေါင်းငိုက်စိုက်ချထားသည်။ နေခက ငုံ့ကြည့်၏။ အိမ်ရှေ့မှ ဝုန်းဒိုင်းသံကြောင့်ထင်သည် သဇင်ညှို့ခန်းသို့ ဖြည်းဖြည်းမြန်မြန်လေး လျှောက်ထွက်လာသည်။

"နေခ နင်ဘယ်လိုလုပ်လိုက်ပြန်ပြီလဲ၊ မြူမင်းကို နင်သတ်မလို့လား လူမိုက်ရဲ့"

"ဟုတ်တယ်၊ သတ်မလို့"

"သွား…နင်ပြန်တော့၊ နေခ ငါတောင်းပန်



တယ်၊ နင် ပြန်ပါ နေခရယ်၊ ငါ့အတွက်နဲ့ သူငယ်ချင်းတွေ စိတ်ဝမ်းကွဲကုန်ပြီ၊ မြူမင်းလဲ အထိုးခံရတာ နှစ်ကြိမ်ရှိပြီ၊ မလုပ်ပါနဲ့ နေခရယ်၊ နင်ပြန်ပါ"

သဇင်က တွန်းလွှတ်၏။ နေခက ဆန့်ကျင်လိုစိတ်သိပ်မရှိတော့သည်မို့ "တောက်"တစ်ချက်ခေါက်၍ ထွက်လာခဲ့သည်။ မြူမင်းက ပြန်မထိုးတော့ အချက်ပေါင်းများစွာ သတ်ပုတ်ဖို့ခက်သွားရသည်။ ကားကို ဝုန်းဒိုင်းဆောင့်ထွက်ရင်း ပေါ်တီကိုတိုင်နားမှာ ပန်းအိုးတစ်လုံးကို ဝင်တိုက်ပစ်ခဲ့သေးသည်။ ဘာပန်းအိုးမှန်းမသိ။ လှည့်မကြည့်ခဲ့ပေ။ အသင့်ပွင့်ဆဲတံခါးမှပင် ထွက်လာခဲ့တော့သည်။

"တောက်"

ဆယ်လူလာဖုန်းမြည်၏။

"နေခ…မြူမင်း သူ့ အခန်းထဲ ဝင်သွားပြီး တံခါးချက်ချလိုက်လို့ ငါစည့်ခန်းက ဖုန်းနဲ့ ဓိုးဆက်တာ"

"ပြော…ဘာလဲ ငါဘာလုပ်ပေးရမလဲ"

"နင်…မြူမင်းကို ကိုယ်ထိလက်ရောက် သွေး

ထွက်သံယို အလကားနေရင်း စော်ကားတာနစ်ကြိမ်ရှိပြီ၊ နင် မြူမင်းကို တောင်းပန်ရမယ်"

"ဘာလို့တောင်းပန်ရမှာလဲ၊ သတ်တောင်သတ်ချင်သေးတယ်"

"နေခ…နင့်ကားကို လမ်းဘေးခဏထိုးရပ်လိုက်ပါလား၊ ငါ တစ်ခုခုပြောလိုက်ရင် နင် ကားဆက်မောင်းနိုင်တော့မှာ မဟုတ်ဘူး"

"ကောင်းပြီ၊ ရပ်ပြီ"

"ရပြီလား"

"အင်း"

"နေခ…မြူမင်းမှာ ဘယ်လိုလုပ် အပြစ်ရှိနိုင်မလဲ၊ မြူမင်းက ငါ့ကို ဘယ်လိုလုပ်လက်ထပ်မလဲ၊ မြူမင်းဟာ နင်တို့ထင်နေသလို ယောက်ျား မဟုတ်ဘူး၊ မိန်းမဟဲ့မိန်းမ"

"ဘာ"

ကားသာရပ်မထားမိလျှင် ရှေ့မှာရှိသမျှ ဝင်တိုက်မိတော့မှာ သေချာပါတော့သည်။

"ငယ်ငယ်ကတည်းက ယောက်ျားစိတ်ပေါက်နေလို့ ယောက်ျားလိုပဲ နေခဲ့တယ်၊ မိုးကုတ်မှာတော့ သူ ဘယ်လိုဝတ်စားစား၊ သူ မိန်းမဆိုတာ လူတိုင်းသိလို့ ရန်ကုန်ဆင်းလာပြီး လူသစ်စိတ်သစ်နဲ့





ယောက်ျားလုပ်နေတာ၊ သူဟာ မိန်းမစစ်စစ်ကြီးဖြစ်နေမှ ငါနဲ့လက်ထပ်လို့ရပါဦးမလား နေခရယ်"

စကားအဆုံးမှာ သခင့်ငိုသံထွက်လာသည်။ ဆက်မပြောတော့ဘဲ ဖုန်းချသွားပါသည်။ နေခ ရှေ့သို့ တူရူငေးလိုက်၏။ ကတ္တရာလမ်းမည်းမည်းကြီး။ ခေါင်းတွေဆူပွက်လာသည်။ မျက်စိတွေပြာဝေပြီး ဘာမျှမမြင်ချင်တော့။ ကားရပ်ထားလိုက်မိတာ မှန်လေခြင်း။ ကားပြန်မောင်းနိုင်ဖို့ကို ခဏတော့ အားမွေးယူရဦးမည်ထင်သည်။ ရင်ထဲမှာ အပြင်းထန်ဆုံးခံစားချက်တစ်ခုပေါက်ကွဲ၏။

ယူကျုံးမရခြင်း။

## အခန်း ( ၁၂ )

မြူမင်း…မြူမင်း ပိရိလိုက်တာ။

သွားပုံလာပုံဟန်ပန်နှင့် ဂိုက်ကအစ ယောကျ်ားတစ်ယောက်ကဲ့သို့သာ ပြုမူနေထိုင်၏။ သူ့အသံက ယောကျ်ားတစ်ယောက်အဖို့ မလိုလားအပ်စွာ ချိုသာနေ၏။ သူ့လည်ပင်းသည် ရှည်မျောသေးသိမ်နေ၏။ မိန်းမသာဆိုလျှင်တော့ လည်တိုင်ရှင်းကလေးနှင့် လှလိုက်မည့်ဖြစ်ခြင်း။ သူ့မှာ တစ်ခါတစ်ရံ မဖုံးဖိနိုင်စွာပေါ်ထွက်လာသော ညင်သာညက်ညောမှုတွေရှိသည်။ ဒါတွေကို သူ မိန်းမဝါသနာပါ၍ မိန်းမတွေနှင့်ရောချင်၍ အိညက်အိညက်လုပ်တာဟု ထင်ခဲ့သည်။ သူ့ကို ကျားကျားလျားလျားမရှိသော ယောကျ်ားတစ်ယောက်



အဖြစ်သာမြင်ခဲ့၏။

မိန်းမ‥ဟူ၍ ဘယ်တုန်းကမျှ မတွေးမထင်ခဲ့ဖူးပါ။

ယောကျ်ားတစ်ယောက်အနေအထားမှာတောင် သူဟာ လူဗလံကလေးတော့ မဟုတ်ပါ။ သို့ပေမဲ့ ယောကျ်ားဖြစ်နေရတော့ ဒေါက်ဖိနပ်စီးလို့ မရ။ ခြောက်ပေတိတိမြင့်မားသော နေခနှင့်စာတော့ သူဟာ လူဗလံကလေး။ ဒါတောင် ဝဏ္ဏနှင့်အရပ်တူတူ။ မိန်းမထဲမှာတော့ တော်တော်မြင့်မားသည့် အမျိုးအစားထဲမှာပါ၏။ သူ့ကိုယ်လုံးကလေးပိန်ပိန်ပါးပါးနှင့်မို့ မိန်းကလေးလိုများဝတ်လိုက်ရလျှင် သွယ်နွဲ့လိုက်မည့်ဖြစ်ခြင်း။ သူ့မျက်နှာချောချောလေးဟာ မိန်းမချောလေးဖြစ်နေရတာကပဲ မိန်းမကြိုက်ပုံစံဝင်ကာ သင်တန်းမှာတုန်းက တချို့ကောင်မလေးတွေက စလို့သူ့ကို ကြိုက်ချင်ချင်။

ဒါတွေပြန်တွေးတော့ ရယ်စရာအကောင်းသား။

သူ့ကို ယောကျ်ားပုံစံပေါက်စေဖို့ ကယ်တင်ထားသော အချက်တွေက မျက်ခုံးအပြားတော်တော်ကြီးကာ ထူမည်းနေခြင်းနှင့် မျက်နှာမသွယ်ခြင်း။ ပြီးတော့ (ယောကျ်ားဖြစ်ချင်လွန်းစိတ်နှင့် ယောကျ်ားပုံစံကို ဘယ်လောက်များအတုခိုးထားသည်မသိ) ယောကျ်ားမတ်တပ်ရပ်ပုံ၊ ခါးထောက်ပုံတို့မှာ တောင့်တင်းခိုင်မတ်၍ မိန်းမလိုသွယ်နွဲ့မနေခြင်းတို့ဖြစ်လေသည်။ သူ့ဆံပင်ထားပုံက ခေတ်ဆန်ဆန်ခေတ်မီ

နေသည်မို့လည်း သူ့ကိုလှချင်သော ယောကျ်ားတစ်ယောက် အဖြစ်သတ်မှတ်ခဲ့သည်။ သူဟာ မိန်းမသားတွေနှင့်အပေါင်း များသည်။ များပေမပေါ့ ဒါမှ သူလိုခြုံမှာ။ သူ့အိမ်သွား လျှင် သူ့အခန်းထဲ သူ ဘယ်ခေါ်သွင်းပါ့မလဲ။ သင့်မှ မသင့် လျော်တာ။ ယောကျ်ားသူငယ်ချင်းတွေ အိမ်သွားလျှင်လည်း အိပ်ခန်းထဲလိုက်ပြီး စုတင်ပေါ်တက်ထိုင်တာမျိုး သူ ဘယ် လုပ်ပါ့မလဲ။

မြူမင်း...မင်းကို ခွင့်လွှတ်ရရုံမျှမက မင်းရဲ့ ထိန်း သိမ်းမှုတွေကိုတောင် လေးစားအထင်ကြီးရပြီကော။

ဒီလိုဆင်ခြေထိန်းသိမ်းတာကိုက ယောကျ်ားစိတ် ဘယ်လောက်ပေါက်ပေါက် သူ့ကိုယ်သူ "မိန်းမ" ဆိုတာ မေ့ ထားလို့မရနိုင်တာဘဲ မဟုတ်လား။ သဇင့်ကို ချဉ်ရေမ သောက်နဲ့ လက်ဖက်မစားနဲ့ ဆီးဖြူသီးသနပ်မစားနဲ့ တား မြစ်ပိတ်ပင်နေပုံတွေက မိန်းမသားစရိုက်လေ။ မြူမင်းရယ် မင်း ဟန်ဆောင်ကောင်းပါတယ်။ မင်းကို တို့အားလုံးက ယောကျ်ားလို့ပဲ လက်ခံခဲ့ပါတယ်။ ဒါပေမဲ့ မင်းမှာ မိန်းမသား တစ်ယောက်ရဲ့ မိခင်စိတ်ဟာ ထင်ရှားစွာတည်ရှိနေခဲ့တာပဲ မဟုတ်လား။ မင်းကို ယောကျ်ားချင်းရယ်လို့ မညှာမတာ ကိုင်ခဲ့တွယ်ခဲ့ ဖက်တောင်ဖက်ခဲ့ဖူးသလား မသိ။ အားနာ လိုက်တာ မြူမင်းရယ်။ မင်းကို ငါက နှစ်ကြိမ်တိုင်တိုင် နှုတ်ခမ်းထောင့်က သွေးထွက်တဲ့ထိ ကိုယ်ထိလက်ရောက်



ထိုးကြိတ်ဖော်ကားခဲ့တယ်။

တကယ်တော့ ငါကသာလျှင် တစ်ဖက်သတ်ရန်လို ခြင်းဖြစ်ပြီး အဲဒီလို အထိုးအကြိတ်ခံရဖို့အတွက် မင်းမှာ ဘယ်လိုအပြစ်မှ ရှိမနေခဲ့ပါလား။ မှားလိုက်တာ။ ငါ ယူကျုံး မရဖါဘူးသူငယ်ချင်း။ မင်းခွင့်လွှတ်နိုင်ပါ့မလား။ မင်း ငါ့ကို ပြန်ပြီး ပါးရိုက်မယ်ဆိုရင် ငါ ဘယ်တစ်ဖက်ညာတစ်ဖက် ပါးနှစ်ဖက်ပြည့်အောင် လက်ဆောင်ပေးချင်ပါရဲ့မြူမင်းရယ်။ မင်းဆံပင်လေးရှည်လာတော့ မင်းမျက်နှာလေး ပိုသွယ်သွား ပြီး ပိုချောလာလိုက်တာ။ မြူမင်းရယ် မင်းကို ထဘီအင်္ကျီ လေးဝတ်ပြီး မိန်းမသားဝတ်စုံလေးနဲ့ ငါ မြင်ချင်လိုက်တာ။ မြူမင်းရယ် ငါ့ကိုယ်ငါ ခွင့်မလွှတ်နိုင်ဘူး။ မင်းကို သနား တယ်။ ငါ ဘယ်လိုနည်းနဲ့တောင်းပန်ရမလဲ။ ငါ့ရင်ထဲမှာ တင်းခဲမွန်းကြပ်နေတဲ့ ခံစားမှုဟာ မင်းအတွက်ပဲ။ ကြံရာမ ရအောင် ငါ ကြေကွဲပါတယ်။ မင်းကို ဘယ်လိုတောင်းပန် ရမလဲ ငါစဉ်းစားတယ်။

ငါ့ရဲ့အချိန်တိုင်းကို မင်း ပိုင်စိုးသွားပြီ။

မင်းကိုပဲ တစ်ချိန်လုံးသတိရ၊ မင်းအကြောင်းပဲ တွေး၊ အတွေးထဲမှာမင်းကိုတောင်းပန်၊ စိတ်ဆိုးမပြေတဲ့ မင်းကို ချော့မော့၊ ချော့မော့ရင်း ချော့မော့ရင်းက မင်းနားက မခွဲနိုင် မခွာရက် အတွေးထဲမှာ ကဗျာဆန်နေမိပုံကြောင့် ငါ့ကိုယ် ငါတောင် ပြန်ရှက်ရတော့မယ်။ ငါ ညက တစ်ညလုံးအိပ်

မပျော်ဘူး။ မင်းဟာ ငါ့ရဲ့ ညတွေမှာလဲ မင်းမှုပြီ။ ညကျ မှရယ် မဟုတ်ပါဘူး။ မင်းအိမ်က ပြန်လာပြီးကတည်းက ငါ ရုံးကို ပြန်မသွားနိုင်ခဲ့ဘူး။ အခန်းထဲဝင် သော့ချ အိပ်ရာ ပေါ်လှဲလိုက်မှ၊ ဦးနှောက်ခြောက်၊ ခေါင်းပူ၊ ရေလဲတစ်ခါ ဆပ်ချိုးမိသေးတယ်။ အတွေးထဲက မင်း ထွက်မသွားပါဘူး။

တစ်ညလုံးမှာ မင်းအကြောင်းပဲ တွေးတယ်။ မင်းကို ပဲ မြင်ယောင်တယ်။ စိတ်ကူးယဉ်ကမ္ဘာထဲမှာ မင်းကို မိန်းမ ဝတ်စုံလေးနဲ့ အိပ်မက်မက်တယ်။ အိပ်မပျော်ဘဲ မက်တဲ့ အိပ်မက်ဟာ ကိုယ့်ဘက်ကိုယ်ယက်တတ်တယ်။ မင်းက ကိုယ့်ကို ပြုံးလို့ချည်းပြနေလေရဲ့။ ချစ်စရာလေး။ မြူမင်း ရယ်...ဒီနေ့လဲ ကိုယ် ရုံးမသွားဘူး။ စည်သူဖုန်းဆက်မေး တော့ ခေါင်းကိုက်နေတယ်လို့ ပြောလိုက်တယ်။ သူငယ်ချင်း တွေကြားထဲမှာ ထိန်ချန်မှုမရှိစေရဆိုတဲ့ မူကို ငါ ချိုးဖောက် ထားခဲ့ပြီ။

မင်း မိန်းကလေးဆိုတာ ငါ ဘယ်သူ့ကိုမှ မပြော ရသေးဘူး။ မပြောဖြစ်ဘူး။ မပြောချင်ဘူး ဖြစ်နေတယ်။ ငါ တစ်ယောက်တည်းပဲ သိသေးတဲ့ မင်းရဲ့ အမှန်တရား လေးကို ဖွင့်ပြောလိုက်ရမှာ နှမြောတယ်။ ရင်ထဲမှာ သိမ်း ထားချင်တယ်။ မင်းနဲ့တွေ့ချင်တယ်။ မတွေ့ရဲဘူး။ ငါ့ဘက် က မင်းအပေါ်မှာ လွန်ထားတဲ့အပြစ်တွေအရမ်းကြီးမားနေ တယ်။ အဲဒီအတွက် မင်းကျေနပ်အောင် ငါ ဘာလုပ်ပေးရ



မလဲ။

သူငယ်ချင်းလေးရယ်...တစ်သက်လုံးစောင့်ရှောက် သွားခွင့်ဆိုတဲ့ ပြစ်ဒဏ်ကိုသာ မင်းချမှတ်ပေးမယ်ဆိုရင် ကျွဲလို နွားလိုရုန်းပြီး တစ်သက်လုံး ရှာကျွေးပါရစေတော့ ရွှေပုံ ပေါ်က ဆင်းခဲ့ပါ မြူမင်းရယ်။ မင်းအတွက် နောက်ထပ် ရွှေပုံတစ်ပုံ ပုံပြီးမှ မင်းကို အမွှန်းတင်ထားပါရစေ။ မြတ်နိုး ခြင်းတွေအများကြီးနဲ့ မြှောက်စားပါရစေ။ ကိုယ်ရူးပြီထင် တယ် မြူမင်းရယ်။

အချစ်သည် ဆန်းကြယ်၏။

တစ်စတစ်စ ရင်းနှီးမှုဖြင့် တွယ်တာကာ အချစ်ဖြစ် တွန်းသည်။ ဖြုံးခနဲ ပေါက်ကွဲပြီးတော့လည်း ဖြတ်တွန်း၏။ နေခဏ် ခံစားချက်ကတော့ ရုတ်တရက် ပြောင်းပြန်လှန်ပစ် လိုက်ခြင်း ခံရသော ခံစားမှုကြောင့် နှလုံးသားမှာ စွန်းထင်း သွားရသော ပုံရိပ်ဖြစ်လေ၏။ ယောကျ်ားတစ်ယောက်အဖြစ် ကိုယ် အလွန်ခင်ခဲ့သော သူငယ်ချင်းဟာ မိန်းမမှန်းသိလိုက် ရချိန်မှာ အခင်တွေက အချစ်ဆီသို့ ပြောင်းလဲသွားတော့ ခြင်းသာ ဖြစ်တော့သည်။ ဒါမျိုး သူငယ်ချင်းထဲမှာ နောက် တစ်ယောက်ရှိခဲ့လို့ နောက်တစ်ကြိမ်ပြောင်းလဲခွင့်ကြုံမည်

ဆိုလျှင်တောင် မြူမြင်းလိုတော့ ချစ်မိမည်မဟုတ်တော့ပါ။

ဘာကြောင့်မှန်းမသိ ချစ်မိပြီ။ အချစ်က ခိုင်မြဲ၏။ စူးနစ်နက်ရှိုင်း၏။ ဤအချစ်မှ ရုန်းထွက်ဖို့ စိတ်ကူးမရှိပါ။ လိုလားနှစ်သိမ့်စွာနစ်မွန်းချင်စိတ်ရှိသည်။ သို့ပေမဲ့ ကိုယ်က သာ ချစ်မိသွားရပြီ။ သူက ရုပ်အကျီဝတ်တုန်း၊ ဘောင်းဘီ ဝတ်တုန်းပဲ ဖြစ်သည်။ နေခ ပြုံးလိုက်၏။ ဟိုတုန်းက "တောက်" "တောက်"တွေနေရာမှာ အပြုံးတွေအစားထိုး နေရာယူသည်။

ခွန်းက နင်ကလဲ တတောက်တောက်နှင့် တောက် နိုင်လွန်းဟု ပြောဖူး၏။ ယခုလို အပြုံးတွေလွန်ပြီး ပြုံးဖြီး ဖြီးကြီး ဖြစ်နေတာကို မသိမ်းနိုင်ကြောင်း ခွန်းသိလျှင် နင်က လဲ ပြုံး...ပြုံးနိုင်လွန်းဟု ပြောဦးမည်ထင်ပါသည်။ ကိုယ် ဘာလုပ်ရမလဲ။ ကိုယ့်သူငယ်ချင်း ယောကျ်ားလျာမလေးကို မိန်းမပုံစံသို့ အရင်ပြောင်းရမည်။ ကားပေါ်တက် မောင်း မထွက်မီ မေမေက ရုံးလားဟု လှမ်းမေးနေသေးသည်။

"အပြင်ပါမေမေ"ဟု ပြောပုံကစလို့ ပြုံးပြုံးကြီး မို့ မေမေတောင် နားမလည်နိုင်စွာ မျက်မှောင်ကုတ်၍ ကျန်ရစ် ခဲ့တော့သည်။

ဧည့်ခန်းမှာ ကြီးမေကို တွေ့လိုက်ရတာ အဆင်ပြေ သွားသည်။ မနေ့က ဧည့်ခန်းမှာ ကြီးမေမရှိပေမယ့် ကြီး မေက ဒီကိစ္စကို သိခဲ့ပြီးဖြစ်ပုံရသည်။ မျက်နှာတင်း၏။



"မြူမြင်းတို့ သဇင်တို့ ရှိပါသလား ကြီးမေ"

"ဘာကိစ္စလဲ မောင်မင်းနေခ၊ မြူမြင်းကို ဒီ တစ်ခါဒုက္ခပေးဦးမယ်ဆိုရင်တော့ ရဲတိုင်တော့ မယ်"

နေခက ပြုံးရွှင်စွာမျက်နှာချိုသွေးပေမယ့် ကြီးမေ မျက်နှာက ပျော့ပျောင်းမသွားပါ။ နေခက သူဝယ်လာသော လက်ဆောင်များကို စားပွဲပေါ်တင်၏။

"ပန်းသီးက ဆွမ်းတော်ကပ်ဖို့ပါ၊ ကြီးမေ အတွက်ရော၊ မြူမြင်းတို့သဇင်တို့အတွက်ပါ လုံလုံ လောက်လောက်ပါ ကြီးမေ"

တစ်လုံးလျှင် နှစ်ရာငါးဆယ်ပေးရသော ဩစတြေး လျပန်းသီးအလုံးသုံးဆယ်၏တန်ဖိုးကို ကြီးမေမှန်းဆနိုင်ပါ လိမ့်မည်။

"ဒီအဆော့တက်ကွတ်ကီ (Assorted cook- ies) ဘူးကတော့ ကြီးမေဖြည်းဖြည်းထားစားဖို့ပါ"

ဒီမုန့်ပုံးခပ်ပြားပြားကလေးကတော့ ထောင့်ငါးရာ ပေးခဲ့ရသည်။

"ကော်ဖီမစ်က်စ်မသောက်ဘဲ နက်စ်ပဲ ဖျော် သောက်ကြတယ်ဆိုလို့ နက်စ်ကဖီး၊ ကော်ဖီမိတ် က ဖက်ထ်ဖရီး (အဆီလွှတ် Fat Free )ပါကြီးမေ၊ ငါးရံ့ခြောက်ကတော့ မီးနေသည်စာ၊ မေမေပေး

လိုက်တာပါ"

စင်စစ် မေမေက အမှတ်ရစွာပေးလိုက်တာမဟုတ်ပါ။ နေခက မီးဖိုထဲဝင်ပြီး စားဖို့မှူးထမင်းချက်ကို မီးနေသည်စာ ဘာရှိလဲ။ မီးနေသည်စားရတဲ့အစာ ဘာရှိလဲ ဝင်မေးလို့ ထမင်းချက်ဒေါ်ကြီးက…

"မီးနေသည်ဆို ငါးခြောက်ပဲ စားရတာပေါ့ ကိုနေခရဲ့၊ မနေ့ကပဲ နယ်က မိတ်ဆွေတွေလာလို့ ငါးရံ့ခြောက်ကြီးတွေ လက်ဆောင်ပေးသွားတာ၊ ကောင်းကကောင်းနဲ့၊ ကိုယ်တိုင်ခွဲလာတာတဲ့"

ပြောပြောဆိုဆို ထုတ်ပေးသည့်အထဲက နှိုက်လာခဲ့ခြင်း ဖြစ်သည်။

"ဒါတွေ မလိုပါဘူး မောင်မင်းနေခ၊ ကြီးမေတို့လဲ ဝယ်စားနိုင်ပါတယ်"

"သိပါတယ်ကြီးမေ၊ ကျွန်တော်က ကန်တော့တာပါ၊ ကျွန်တော် မြူမင်းကို နှစ်ခါရှိပါပြီ လက်သီးနဲ့ထိုးမိတာ၊ အဲဒီအတွက်လာတောင်းပန်တာပါ၊ သူငယ်ချင်းချင်းတော့ နှုတ်နဲ့ပဲတောင်းပန်တော့မယ်…

"ကြီးမေကတော့ ကျွန်တော်က လူကြီးသူမအုပ်ချုပ်နေတဲ့အိမ်က လူငယ်တစ်ယောက်ကို စော်ကားခြင်းဟာ လူကြီးကိုပါ စော်ကားသလိုဖြစ်လို့

နေနှယ်ဝင်မြင့် ၂၈၃

ကန်တော့တောင်းပန်ဖို့ပါ ကြီးမေ၊ ကျွန်တော့်ကို ခွင့်လွှတ်ပေးပါ"

နေခ ကြမ်းပြင်ပေါ်သို့ ဆင်းလိုက်သည်။

"နေပါစေ"

ပြောပေမဲ့ နေခဦးသုံးကြိမ်ချသည်။ ကိုယ့်အမေအရွယ်အမျိုးသမီးကြီးမှာ ဂုဏဝုဒ္ဓိ၊ ဝယဝုဒ္ဓိဆိုတာရှိပါသည်။ ကန်တော့အပ်၏။

"ကျွန်တော့်ကို ခွင့်လွှတ်တယ်လို့ ပြောပါ ကြီးမေ၊ ကျွန်တော်တကယ်စိတ်မကောင်းပါဘူး"

"အင်းလေ…အထင်မှားအမြင်မှားဆိုတော့လဲ လူငယ်ပီပီ မှားမိတာပေါ့၊ ရှိပါစေ၊ ခုံပေါ်ပြန်ထိုင်ပါ"

နေခက ကြမ်းပြင်မှာပဲ ရှိဆဲမို့ ကြီးမေက ကုလားထိုင်ပေါ် ပြန်ထိုင်ခိုင်း၏။ နေခ ဖြည်းဖြည်းပြန်ထ၍ထိုင်သည်။ ရိုကျိုးနှိမ့်ချခြင်း၏ အကျိုးကျေးဇူးကို ကြီးမေထံမှ စတင်ခံစားလိုက်ရပါသည်။ မုန့်တွေချည်းဆိုလျှင် ကြီးမေလက်ခံမှာ မဟုတ်ချေ။ သူတို့လည်း ဝယ်မစားနိုင်တာမှမဟုတ်ဘဲ။ ခုတော့…ကြမ်းပြင်ပေါ်ဆင်း၍ ဦးသုံးကြိမ်ချလိုက်ခြင်းကြောင့် ကြီးမေ အားနာခွင့်လွှတ်သွားခြင်းဖြစ်လေသည်။

"ကျွန်တော် သခင့်အခန်းထဲ ဝင်သွားလို့ရပါ

မလား ခင်ဗျာ"

"သဇင့်အခန်းဟာ မီးနေသည်နေတဲ့ အခန်း ဆိုတော့ လောလောဆယ်မှာ မီးနေခန်းလို့ခေါ်နိုင် တယ် မောင်မင်းနေခရဲ့"

"ကိစ္စမရှိပါဘူး ကြီးမေ၊ မနေ့က ထမင်း တောင် ဝင်စားပြီးပါပြီ၊ ပြီးတော့...ခုခေတ်လူငယ် တွေက အယူမသီးတတ်ကြတော့ပါဘူး၊ ဆေးရုံဆို လဲ ဘာထူးလဲ၊ မီးနေခန်းပဲပေါ့၊ သွားကြလာကြ တာပါပဲ"

"ဒါဖြင့်...လာ"

နေရာသိပြီးပေမယ့် ကြီးမေ ရှေ့ခြေတစ်လှမ်းကျော ၍ မသွားဝံ့ပါ။ ကြီးမေနောက်မှာပဲ ခပ်ကုပ်ကုပ်ကလေး လိုက်လာရသည်။ နေခ ကိုယ့်ကိုယ်ကို ရယ်ချင်ပါသည်။ ကြောက်နေလိုက်ရတာဟုတွေးမိ၏။ ဒီလောက်ကြောက် ဒီ လောက် ရှိသေနေခြင်းဟာ ကိုယ့်ဘက်က မှားထားလို့လည်း ဖြစ်သည်၊ ရှေ့ဆက်၍အမှားမခံနိုင်လို့လည်းဖြစ်သည်။ ရှေ့ ဆက်မည့်လမ်းကြောင်းတွေက တော်တော်ကြီး ထွင်ယူရဦး မည်လေ။ မြူမင်းဆိုသော အချစ်လမ်းကလေးမှာ လျှောက် လှမ်းဖို့က ဆူးချုံထွင်စရာတွေ အများကြီးရှိသေးနေသည် မဟုတ်လား။

"သဇင်နေကောင်းလား"



သဇင်က ကနွေလေးကို ဆရာမဆီ လှမ်းပေးလိုက် သည်။

"တစ်ယောက်တည်းလား"

"ဆရာမ ကလေးခေါ်လာပေးပါလား၊ ကျွန်မ ချီချင်လို့"

ကြီးမေက နေခကို အခန်းဝထိသာပို့ပြီး အခန်းဝမှာ ရပ်၍ ဆရာမကို ပြောလိုက်သည်။ သူတို့ သူငယ်ချင်းတွေ ကြားထဲမှာ ပြောစရာတွေအများကြီး ရှိနေမှာ ကြီးမေသိသည်။ ပြီးတော့ မြူမင်းဆိုသည့် တူမကလေးကို မိန်းမစိတ်သို့ပြန် ရောက်အောင် ပြန်လုပ်ပေးနိုင်သူဆိုလျှင် မြူမင်းဖေဖေက ထိုသူကို တစ်ကိုယ်လုံး ရွှေရည်သွန်းပြီး ရတနာပေါင်းစုံစီချယ် ပစ်လိုက်မှာဖြစ်၏။ နည်းပေါင်းသာစုံရော ပြောလို့မရ၊ တွေ့ တိုင်းဆူ၊ ရှက်အောင်ပြော၊ ငယ်ငယ်တုန်းကဆို ရိုက်တောင် ရိုက်ခဲ့သေးသည်။ ပြောမရ။ ဆိုမရ။ ခုလိုလက်မြှောက်ထား ရချိန်မှာ ဒီအုပ်စုက ကယ်တင်ရှင်ဖြစ်နိုင်သော အလားအလာ တွေ သဇင်မှ စလို့တွေ့နေရသည်။ ဒါကြောင့် အခွင့်အရေး ပေးခြင်း ဖြစ်ပါသည်။ ဆရာမနှင့်ကလေးကို ကြီးမေက ဧည့်ခန်းသို့ ခေါ်သွားသည်။ သဇင့်အခန်းထဲသို့ ဧည့်သည် ကျွေးဖို့အစားအသောက်များ တစ်ခုပြီးတစ်ခု ပို့ဖို့ကတော့ ပြော စရာမလို နောက်ဖေးကလူတွေသိကြမှာပါ။

"ဘာထူးသေးလဲ သဇင်၊ နင် ပြောလိုက်တာ

သိသွားပလား"

"ငါ ဝန်ခံရတာပေါ့၊ ငါ ကတိပေးထားရတာ၊ ငါက နို့မှို့ဆိုမသိဘူး၊ သူ့အိမ်မှာ အနေများတော့ တစ်ခါမှာ သူ့အဖေကဆူ၊ သူကငိုနေတုန်း ငါ ကြုံသွားရတာ…

"သူ့အဖေက ယောကျ်ားက မိန်းမစိတ်ပေါက်တာလဲ မကြိုက်ဘူး၊ မိန်းမက ယောကျ်ားစိတ်ပေါက်တာလဲ မကြိုက်ဘူး၊ ယောကျ်ားဟာ ယောကျ်ားလိုနေ၊ မိန်းမဟာ မိန်းမလိုနေတာပဲ ကောင်းတယ်…

"နင့်ကိုငါက ယောကျ်ားနေရာမှာ သုံးရမှာလား၊ မိန်းမနေရာမှာ သုံးရမှာလား၊ ကဲ…ပြောတဲ့၊ ယောကျ်ားဆိုရင် ငါ့အခု နင့်ကို စိန်သန်းနဲ့ နှစ်ယောက်တည်း မိုးကုတ်ပြန်လွှတ်မယ်ရမလား တဲ့…

"စိန်သန်းဆိုတာ ဘဘရဲ့ ဒရိုင်ဘာ၊ ဘဘ မိုးကုတ်က ဆင်းရင် ကားနဲ့ဆင်းတာ၊ စိန်သန်းနဲ့ပဲ၊ မြူမင်းကလဲ တစ်ခွန်းမှ မခံဘူး၊ လွှတ်တဲ့၊ သွားရဲတယ်တဲ့၊ ဘဘက ငါ မပြောလိုက်ချင်ဘူး တဲ့…

"ငါ ပိုးနိုးပက်စက်ပြောချလို့ မရတာဟာ နင်



မိန်းမဖြစ်နေလို[illegible]အဲဒါကို ငါက ကြားလိုက်ရတဲ့အချိန်မှာ [illegible]ရှုနားတောင် ငါမယုံကြည်ဘူး၊ မြူမင်း[illegible]တာဆိုတာ လူသေသလား မှတ်ရတယ်…

"သူ ငါ့ကို [illegible]သွားတာ၊ ပြီးတော့…ဘယ်သူ့မှ ပြန်မပြော[illegible]တိတောင်းတယ်၊ ငါကတိပေးလိုက်တယ်[illegible]ကစပြီး ဒီအိမ်မှာ ငါဟာ ညအိပ်ရလဲ [illegible]ရေးလဲ၊ တွဲတယ်၊ နေတယ်၊ စားတယ်၊ မြူမင်း[illegible] မိတ္တဲ့ဖြစ်သွားတာပဲ"

"အေး…[illegible]ကြည့်ရတာ ပလူးပလဲနဲ့ဆိုပြီး ငါတောင်မျက်[illegible]ကျခဲ့သေးတယ်"

"ဒီပါချမ်းမြ[illegible] ဘာပိုင်တာ"

"ဪ"

"အေး…ငါတို့[illegible]သွားတော့ မြူမင်းက သူဘယ်လိုလုပ်ပြီး[illegible]တို့နဲ့ ရေကူးရဲမလဲ၊ အဲဒါကြောင့် ဆေးရုံဖမ်း[illegible]စ်လိုက်တာ၊ ကြီးမေ ပြောတယ်"

"တော်ပါသေးရဲ့၊ Th[illegible]mia သယ်လက် ဆီးမီးယားဆိုတာ မဟုတ်ဘူး[illegible]"

"အဲဒါကြီးတော့ မဟု[illegible] ငါ သိပ်နားမလည်ဘူး၊ ဟေမိုဂလိုဘင်အီး ([illegible]moglobin E)

ဆိုလားပဲ၊ နည်းနည်းတော့[illegible] သိပ်အရေး ကြီးတဲ့ရောဂါ မဟုတ်ဘူး[illegible] ငါ သိပ်မ ပြောတတ်ဘူး၊ ဆယ့်လေး[illegible] သွေးနှစ်ပု လင်း သွင်းခဲ့ရတာတော့[illegible]

"ဘဘက ဒီပါချမ်း[illegible]ပ်ဖို့ သူ့သမီး လွှတ်မယ်ပြောထားတော့[illegible]သွားကို မသွား တာ၊ မြူမင်းအဖြစ်နဲ့ သူ[illegible]တယ်၊ ဘဘ သမီးအဖြစ်မနေဘူး၊ အဲဒါ[illegible]တာ စိတ်ဆိုး…

"ဘဘက ငါထွက်ခဲ့[illegible]ခြားသားကုမ္ပဏီ ကိုလဲ ကိုယ်စားလှယ်ယူ[illegible]ယ်လေ၊ မြူမင်း ကို အတင်းခိုင်းတော့[illegible] ဆေးခန်းက အလုပ်တွေ ဝင်လုပ်[illegible]မြူမင်းအကြောင်း ပြောပြတော့ 'တရား[illegible]င် ငါ့အကြောင်းလဲ ငါ ပြောပါ့မယ်နေ[illegible]

"နာမည်တော့[illegible]ပါနဲ့တော့၊ ငါ့အပြစ်နဲ့ ငါပါ၊ ငါက ဆ[illegible]မဟုတ်လား၊ အားကိုး ရမယ့် ရိုးရိုးသ[illegible]ချမ်းချမ်းသာသာထဲကဆို ငါ လက်ထပ်ချင်[illegible] ချစ်တာမချစ်တာ ငါရှေ့ တန်းမတင်နိုင်[illegible]

"တကယ်[illegible]ရင် တကယ်ပဲ သေတပန် သက်တဆုံး[illegible]က ရိုသေပေးဆပ်ခြင်းနဲ့ ပြန်



ပြုစုမယ်၊ သစ္စာရှိမယ်၊ မယားဝတ္တရားနဲ့ ညီမယ်၊ ငါဒီလိုတွေးမိတာ မှားသလားနေခ၊ ငါ့မိသားစု အတွက်ပါတွေးတာ"

"ခုခေတ်မှာ ဒီအတွေးမျိုး၊ မပြည့်မစုံ မိန်းကလေး တော်တော်များများမှာ ဝင်နေကြပြီ" ဆိုသောအကြောင်း ဟို တလောကပဲ မေခနှင့်ဖေဖေ ဆွေးနွေးသံကြားရပါသေး သည်။

"ဒီတော့ လူတစ်ယောက်ကိုငါတွေ့တယ်၊ ငါ့ ထက်အသက်ကြီးတယ်၊ ချမ်းသာတယ်၊ လူပုံကခပ် အေးအေး၊ ငါအားကိုးရပြီလို့ ထင်လိုက်တယ်၊ သူ က ချစ်တယ်လို့ပြောတယ်၊ ငါလက်ခံတယ်၊ ငါ ဒါတွေ နင်တို့ကို မပြောခဲ့ပေမယ့် မြူမင်းကိုတော့ ပြောခဲ့ပါတယ်၊ ပြောခဲ့ဆို…ဒီလူက ငါ့ ကုမ္ပဏီ နဲ့ဆက်သွယ်တဲ့ လုပ်ငန်းပိုင်ရှင်တစ်ဦးမို့ပါ"

"သူက ဘာပြောလဲ"

"ဒီလူကြည့်ရတာ ရိုးပုံရပေမယ့် ဘာကိုမှန်း မသိဘူး၊ သူ့ရင်ထဲမှာ တစ်ခုခု မကျေနပ်နေသလို ပဲတဲ့၊ မြူမင်းက မသင်္ကာဘူး၊ အပြစ်ရှာနိုင်သလား ဆိုတော့လဲ ရှာမတွေ့ဘူး၊ ငါကတောင် မြူမင်း ကို နောက်လိုက်သေးတယ်…

"နင်က သဘောမတူတာပါဟာ၊ နင်က ငါ့

ကိုများ ကြိုက်နေသလားလို့၊ သူက ရယ်တယ်၊ ငါက လက်ထပ်ချင်တယ် နေခဲ့ရယ်၊ ရန်ကုန်မှာ ငါတစ်ယောက်တည်း ကြိုးစားနေရင်နဲ့ ငါ့မိသားစုကို ရန်ကုန်ခေါ်နိုင်ဖို့ မလွယ်ဘူး…

"နင်တို့တတွေလဲ ပေါင်းနေရတော့ ငါ့မှာ ချမ်းသာချင်စိတ်က ဖိစီးလာတယ်၊ အားကျမှားထော့ပေါ့ နေခဲ့ရယ်၊ ကိုယ့်ဘဝကိုယ် ခဏမေ့တယ်၊ ငါကသာ လက်ထပ်ချင်တာ သူက အချိန်ဆွဲတယ်…

"ငါ့မှာ သူ့အငြိုငြင်ကို မခံနိုင်ဘူး၊ သူ့ကို လိုက်လျှောရတယ်၊ မြူမင်းအတန်တန် သတိပေးတဲ့ကြားက ငါ မှားမိတာ မိုက်မိတာ၊ ပြဿနာက ဒီက စတာပါပဲ နေခဲ့ရယ်၊ တကယ်တမ်း ပြဿနာ ဖြစ်လာပြီဆိုတော့…

"သူက မယူဘူးမဟုတ်ဘူး ယူမယ်၊ ဒါပေမဲ့ ငါ့ကို နင်တို့စိုးရိမ်သလို နင်တို့က မြူမင်းနဲ့စိုးရိမ်တာ၊ အဲဒီလူက တကယ်အဲဒီလိုထားချင်တာ၊ မထင်မရှား ကီပင် Keeping ပေါ့နော်၊ အဲဒါဆိုရတယ်၊ တရားဝင်လက်မထပ်နိုင်ဘူး…

"လက်စသပ်တော့ သူကလဲ ငါ့လိုလူမျိုး ချမ်းသာချင်လို့ သူဌေးမအသက်ကြီးကြီးယူပြီး အိမ်မှာ



စိတ်ချမ်းသာအောင်ထား…ထားတဲ့ မိုင်းကောင်းကျောက်ဖိ ယောက်ျားလေး၊ ကွယ်ရာမှာကျတော့ ကုပ်ကမြင်း…

"နင်က မြူမင်းကို ထိုးတော့မြူမင်းက သူ့ဝင်လည်တာတဲ့၊ သူက အဲဒီလူကို သွားထိုးပြီးပြီ"

"နာရှာမယ်၊ ဒီဗလလေးနဲ့"

"အဲဒီလိုမပြောပါနဲ့ဟယ်"

သဇင်က အဖြစ်အပျက်တွေကို မျက်ရည်မကျဘဲ ပြောနိုင်သည့်သတ္တိကို မွေးထားပြီးဖြစ်ပါသည်။ နေခက ရင်ထဲမှာ ကြိတ်၍ ဘာဘရေ ကန်တော့၊ ကန်တော့…ဟု ပြောရ၏။ မြူမင်းမဟုတ်လျှင် သူ့အဖေဟု စွပ်စွဲခဲ့ကြသေးသည်လေ။

"ငါက ဒီလိုမှန်းမသိလို့ ဖြစ်မိတာ၊ တကယ်တန်းကျတော့ ချစ်လှတယ်မှလဲ မဟုတ်တာ၊ ဒီနေရာမှာ ငါ့လိုပဲ ဆင်းရဲတဲ့ မိန်းမသားတွေကို တွေ့ရင် ငါပြောမှာပဲ၊ ကိုယ့်ဘဝကိုယ်နားလည်ပါ…

"မမီမကမ်းနဲ့ အမြင့်ကို မလှမ်းပါနဲ့၊ မြင့်ချင်ရင် ကိုယ့်ဘာသာကြိုးစား၊ ဖြတ်လမ်း မလိုက်ပါနဲ့လို့၊ ငါက အဆောင်မှာ ငါ့လောက်ဆင်းရဲတဲ့သူတွေနဲ့ တူတူနေခဲ့ရတယ်၊ တချို့လဲ ငါ့လို ဖြတ်လမ်းလိုက်နေကြတာ တွေ့ဖူးတယ်…

"တချို့အဆင်ပြေသွားတယ်၊ တချို့အဆင်မပြေဘူး၊ ဘဝပျက်ကျန်ခဲ့တယ်၊ ငါ့လိုပေါ့၊ တချို့ကျတော့ ငါ့ထက်ဆိုးသွားတယ်၊ ချစ်တယ်ဆိုတဲ့စကားကို ယောကျ်ားတကာဆီမှာ ရောင်းစားရတဲ့ဘဝကို ရောက်သွားတယ်…

"တချို့ အချိန်မီနောက်ဆုတ်လိုက်နိုင်လို့ ရည်းစားပျက်မဆိုတဲ့ နာမည်ဆိုးလေးလောက်နဲ့ ပြီးသွားတယ်၊ ဒါပါပဲ နေခဲ့ရယ်၊ နင် စာနာနိုင်မှာပါ"

"ဥက္ကာလား"

လွှတ်ခနဲ မေးဖြစ်၏။

"မဟုတ်ပါဘူး၊ အဲဒီတော့ ပြဿနာက တက်နေပြီ၊ ငါ နောက်ဆုတ်ခဲ့ပြီ၊ အလုပ်က ထွက်လာတဲ့နေ့မှာ ဥက္ကာနဲ့ ဆုံတာပါ၊ ဥက္ကာက မေမေတို့ဆီက စာလာပေးတာ၊ ငါက ပိုက်ဆံနည်းနည်းထည့်ပေးလိုက်တယ်"

"ဪ…"

"ငါ့သားလေးဟာ သူ ကြီးလာတဲ့တစ်နေ့မှာ သူ့အဖေဟာ ဒီလိုလူစားအဖြစ်နဲ့ သိပြီး စိတ်ဓာတ်ရေးရာ သိမ်ငယ်စွာကြီးပြင်းလာရမှာမျိုး ငါ မလိုလားဘူး၊ ဒါကြောင့် ငါပြောမယ်၊ ငါ့သားကို သားဖေဖေဟာ နိုင်ငံသူရဲကောင်း၊ တိုင်းပြည်အ



တွက် အသက်လှူသွားတာလို့…

"ငါတော့ အဲဒီလိုပဲ ဓာတ်လမ်းဆင်ထားတယ်၊ ဒါမှ ငါ့သားဟာ စိတ်ဓာတ်လုံခြုံတက်ကြွစွာ ကြီးပြင်းခွင့်ရမှာ"

တစ်နေ့အလိမ်ပေါ်သွားရင် ဘယ့်နှယ်လုပ်မလဲဆိုသော ပြဿနာကို စဉ်းစားရပါမည်။ သို့ပေမဲ့ စဉ်းစားချိန် သုံးလေးငါးနှစ်ဆိုသလိုတော့ရပါဦးမည်။ ကလေးက အဲဒီအရွယ်လောက်ကျမှ ကျွန်တော့်ဖေဖေ ဘယ်သူလဲ မေးမှာလေ။

"ငါလုပ်ခဲ့တဲ့ ကုမ္ပဏီကို ဘဘ ကိုယ်စားလှယ်လွှဲယူတော့ အဲဒီလူ အလုပ်ပြုတ်တဲ့ထဲ ပါသွားလို့တော်သေးရဲ့၊ မဟုတ်လဲ မြူမင်းက ဖြုတ်မှာ၊ မြူမင်းရောငါပါ ဒီလူ့နာမည်ကို တစ်သက်မခေါ်ကြေး၊ ပြန်မရွတ်ကြေး ကျိန်ထားကြတယ်…

"ဒီနာမည် တစ်ယောက်သိသွားရင် တစ်ရာသိပြီး၊ ငါ့သားလေးကြီးလာတဲ့တစ်နေ့မှာ ပြန်ရောက်လာမှာစိုးတယ်၊ ငါ့အပြစ်တွေလဲ ခွန်းတို့ကို နင်ပြောပြလိုက်ပေါ့၊ နင်တို့အုပ်စုကလွဲရင်တော့ ထပ်မပြန့်ပွားနဲ့တော့"

"စိတ်ချပါ"

"ငါနေကောင်းရင် ဘဘကုမ္ပဏီမှာ အလုပ်

ဝင်မယ်၊ မြူမင်းက သူနဲ့ပဲနေတဲ့၊ မြူမင်းဟာ ငါ့ ကျေးဇူးရှင်ပါ နေခရယ်၊ ကျေးဇူးရှင် အတွက်မို့ ငါကတိဖျက်ပြီး နင့်ကို သူ့အကြောင်းပြောရတာ…

"ငါ့လုပ်အားနဲ့ ငါ့ဘာသာကြိုးစားပြီး မိသားစု ရန်ကုန်ခေါ်နိုင်တော့မှ ခေါ်တော့မယ်၊ ဒီကြားထဲမှာ ငါဖြတ်လမ်းမလိုက်တော့ဘူး"

"နင် အလုပ်လုပ်မယ်ဆိုရင်အတော်ပဲ၊ ခွန်းက ကလေးထိန်းကျောင်းဖွင့်ဖို့ ပြင်ဆင်နေတယ်၊ တစ်လခွဲသားက စပြီးလက်ခံမယ်တဲ့"

"ဟယ်…တကယ်၊ ဝမ်းသာလိုက်တာ၊ အိမ်မှာထားခဲ့ရင် ကလေးထိန်းဘယ်လောက်ခေါ်ခေါ် ကြီးမကြီးက ပါရရှာမှာ၊ ခွန်းကျောင်းကို ပို့မယ်၊ အတော်ပဲ"

"မြူမင်းက အခုဘယ်မှာလဲ"

"ရှိတယ်၊ သူ အခန်းထဲက သိပ်မထွက်ဘူး၊ သူလဲ နည်းနည်း…နည်းနည်း စိတ်ပြန်ပြောင်းတယ်ဟ၊ သူ ရန်ကုန်ဆင်းလာပြီး သူ့ကို ဘယ်သူမှမသိတဲ့ နေရာမှာ ယောကျ်ားအဖြစ်နေခဲ့ဖူးတဲ့ ဘဝလေးကို အမြတ်တနိုးတပြီး တစ်သက်လုံးကြည်နူးနေမယ်တဲ့…

"ဘဘက ခုတောင်တစ်ခါတလေ ရိုက်မောင်း



ပုတ်မောင်းဆိုတော့ အခုရှပ်အင်္ကျီအစား စပို့ရှပ်လေး တီရှပ်လေးပြောင်းဝတ်နေတယ်၊ ဘောင်းဘီရှည်တော့ မချွတ်သေးဘူး၊ ဘဘက စိန်သန်းနဲ့ မိုးကုတ်ပြန်မလားပြောလိုက်တဲ့အခါမှာ မပြန်ရဲတာရယ်…

"ငါတို့နဲ့ ချောင်းသာကို ပျော်ပျော်ကြီး လိုက်ခဲ့ချင်တာ လိုက်လို့မဖြစ်တာနဲ့ ဆေးရုံတက်ပစ်လိုက်ရတဲ့အဖြစ်ဆိုးရယ်က သူ့ကို ခြောက်လှန့်တယ်တဲ့"

"နင်နဲ့ကျတော့ ဒါတွေဆွေးနွေးလား"

"ဆွေးနွေးတယ်၊ အကြောင်းသိကိုး၊ ငါ ကလေးမွေးတော့လဲ မိခင်တစ်ယောက်ရဲ့ဘဝကို သူ အထင်ကြီးလာတယ်၊ လေးစားလာတယ်၊ အားကျလာတယ်တဲ့၊ တစ်လောကလုံးမှာ မိခင်သည်သာလျှင် အကြီးမားဆုံးမေတ္တာရှင်ဆိုတာ သဘောပေါက်ပြီတဲ့…

"မိန်းမဖြစ်ရတာကို မကြိုက်ဘဲ ယောကျ်ားဖြစ်ချင်နေတဲ့စိတ်ကို အများကြီးလျော့ကျသွားစေတာဟာ အဲဒီ စိတ်ဓာတ်ပဲ၊ သူ့စိတ်တွေအများကြီးယိုင်ကျနေတာ မိခင်ဆိုတာကို မျက်မြင်အားကျမိတော့မှပဲ မိန်းမစိတ်ပြန်ဝင်လာတော့တယ်တဲ့…

"နောက်ဆုံးကတော့ မနေ့က နင်ပြောသွားတဲ့

စကား၊ မင်း…ယောကျ်ားမဟုတ်ဘူးလားဆိုတာ မဟုတ်ဘူးလို့ ပြန်အော်ပစ်လိုက်နိုင်တဲ့ အမှန်တရားမှာ သူ ရပ်တည်ချင်ပြီတဲ့၊ နင့်ကို နိုင်အောင် ပြန်မထိုးနိုင်တာကိုကပဲ ရှပ်အင်္ကျီဝတ်ရုံ၊ ဘောင်းဘီဝတ်ရုံနဲ့ ယောကျ်ားဖြစ်မသွားဘူးဆိုတာ သဘောပေါက်ပြီတဲ့…

"နောက်ဆုံးတော့ မိန်းမဟာမိန်းမပဲ၊ ယောကျ်ားဟာယောကျ်ားပဲ၊ သူ့နေရာနဲ့သူရှိနေကြတာမှာ ဖွတ်ကြီးနေရာလဲလို့ မရမှန်း သိပြီတဲ့၊ ဒါတွေကိုလေ မနေ့ညကပဲပေါ့၊ သူ ငါ့ကို ငိုပြီးပြောတာ"

ရင်ထဲမှာ လှိုက်ခနဲသနားသွားရသည်။ ဖြစ်မှဖြစ်ရလေ မြူမင်းလေးရယ်။

"သူက စိတ်နည်းနည်းယိုင်လာပြီဆိုမှ နင်တို့က အတင်းငါ့ကို ယူခိုင်းနေကြတယ်၊ စောစောပိုင်းကသာဆို ယူချင်ယူမှာ၊ ပြောလို့မရဘူး"

"အေး"

ရယ်မောမိရပါတော့သည်။

"သူ ဆံပင်ရှည်ထားလိုက်တာလား"

"ဟုတ်တယ်"

"သိပ်လှတာပဲ"





"နင်ကလဲ…ဘာလဲ၊ ဖယောင်းချက်လုပ်တော့ မလို့လား၊ အတွင်းထဲလိုက်စားတယ်ဆိုတာလေ၊ ကိုယ့်အုပ်စုထဲကိုယ်ပြန်ပြစ်မှားမလို့လား"

"အေး"

"ဟောတော့…တကယ်ကြီးလား"

"ငါ…မနေ့က ဒီက ပြန်သွားပြီး…"

ဝါကျကို မဆက်နိုင်သေးဘဲ နေခက ရှက်ကိုးရှက်ကန်း ရယ်နေသေးသည်။ မိန်းကလေးတစ်ယောက်ကို ချစ်မိပြီဆိုတာ တခြားမိန်းကလေးတစ်ယောက်ကို အရင်ဆုံးပြောပြနေရသည့်အဖြစ်က စင်စစ်ရယ်စရာကောင်းပါသည်။ ဒီလိုမှ စကားကြိုမသွင်းလျှင်လည်း ကိုယ့်ချစ်သူ ယောကျ်ားလျာမလေးက လွယ်မှာမဟုတ်ချေ။

"မနေ့ကတစ်နေ့လုံးနဲ့၊ ညက တစ်ညလုံးကြားထဲမှာ သူ့ကို ချစ်သွားတယ်"

"မြန်လှချီလား"

"အချစ်ဆိုတာ အချိန်ကန့်သတ်ချက်မှမရှိတာ"

"ငပေါ"

သဇင်က ရယ်နေတော့သည်။

"ရယ်မနေနဲ့၊ တွေ့ချင်တယ် ခေါ်ပေး"

"နင်လာတာသိနေပါပြီ၊ တမင်ထွက်မလာ

တာ၊ နင်က စာစ်ခါတည်း ပြောတော့မလို့လား''

''ကောင်းပန်ရုံပါ၊ နင် လမ်းလျှောက်လို့ရ တယ်မှုလား''

''ရပါတယ်၊ ဘာလုပ်မလို့လဲ''

''သူမှ ထွက်မလာတာ၊ နင်ရယ်၊ ငါရယ် သူ့ဆီသွားရအောင်''

''အခန်းထဲ ဝင်သွားလို့ ကြိုက်ပါ့မလား မသိဘူး''

''ဘာဖြစ်လို့လဲ''

''မှန်တင်ခုံနဲ့ဘာနဲ့ဖြစ်နေပြီ၊ မှန်တင်ခုံပေါ်မှာ ငါ့ရဲ့ အစီအစဉ်မှာကြားမှုနဲ့ ကြီးမေက အလှပြင်ပစ္စည်းတွေ ဝယ်တင်ပေးထားပြီးပြီ၊ ဗီရိုထဲမှာလဲ ထဘီတွေရောက်နေပြီ၊ ထဘီတွေက ဗီရိုထဲမှာမို့ မမြင်နိုင်ပေမယ့် နှုတ်ခမ်းနီတွေ၊ မိတ်ကပ်တွေ၊ ကျောက်ပျဉ်တွေ၊ သနပ်ခါးတွေ နင်မြင်ရင်ရှက်မှာ''

''ရှက်ပြီး ပါးပိတ်ရိုက်လိုက်ရင်တောင် ငါက အရိုက်ခံချင်တာ''

''ရောဂါ''

''ဒါဆိုလဲသွားမယ်လေ''

သဇင်နှင့်နှစ်ယောက်လာခဲ့ကြတော့ နေခ ရင်ထဲမှာ



ဒိန်း…ဒိန်းနှင့် အကျယ်ကြီး မြည်နေသည်။ သဇင်က မြမင်း အခန်းတံခါးကို သုံးချက်ခေါက်သည်။

''ဝင်ခဲ့ပါ''

အခန်းထဲက ထွက်လာသောအသံက အရင်ကထက် အများကြီး နူးညံ့ပျော့ပျောင်းနေပြီ၊ စိတ်ထင်လို့လည်း ဖြစ်နိုင်၏။ သဇင်က ရှေ့မှဝင်သည်။ နေခ နောက်မှကုပ်ကုပ်ကုပ်ကုပ်နှင့် လိုက်၏။ မြမင်းက ခုတင်ပေါ်မှာ လဲလျောင်းနေတာဖြစ်၏။ နေခပါလာတာ မြင်တော့ ခုတင်ပေါ်မှ ထထိုင်သည်။ ပြီးတော့…ယောင်ရမ်းကာ ကြမ်းပြင်မှာရပ်၏။ မျက်လွှာချခေါင်းငုံ့ကာ လက်ကလေးနှစ်ဖက် ရှေ့မှာ စုထားသည်။ ဆံပင်ရှည်လေးများကား ရှေ့သို့ ဝိုက်ကာ ခေါင်းငုံ့ထားသောကြောင့် ပိုရှည်သလိုဖြစ်ကာ မိန်းမပိုဆန်သွားသည်။ ဝတ်ထားသောတီရှပ်က ကြပ်ကြပ်လေးမို့ ဒါဟာ ယောက်ျားလေးလို့ ပြောဖို့နေနေသာသာ ၊ယောက်ျားလျာပုံစံတောင် မပေါက်တော့ပါ။

ဘောင်းဘီရှည်ဝတ်ထားသော ခေတ်ဆန်သည့် မိန်းမလှလေး ဖြစ်နေတော့သည်။

နေခက မြမင်းရှေ့နားသို့ ခုပ်သွက်သွက်ကလေး သွားလိုက်သည်။ မြမင်း ရှေ့ကြမ်းပြင်ပေါ်မှာ ဒူးထောက်၏။ ခေါင်းကို ငုံ့လိုက်သည်။

''ကျွန်ုပ်သေသင့်ပါတယ်''

သဇင်က ရယ်လိုက်၏။ နေခက အပြုံးမျက်နှာနှင့် မော့ကြည့်သည်။

"သွား…တစ်သက်လုံးမခေါ်ဘူး၊ ဒီမေးရိုးက ခုထိနာတုန်း"

မြူမင်းက နှုတ်ခမ်းစူ၍ပြောလိုက်ရင်း မျက်နှာက ခပ်ပြုံးပြုံးဆိုပေမယ့် မျက်ဝန်းမှာ မျက်ရည်ဝဲနေ၏။ မိန်းမသား ဗီဇလေ။ ပျော်လဲငို၊ ဝမ်းနည်းလဲငို၊ ရှက်လဲငို၊ ဒေါသထွက်လဲ ငိုတတ်တာဟာ မိန်းမသားတို့သာ သီးသန့်ပိုင်သော အကျင့်စရိုက်မဟုတ်လား။

"ပါးပြန်ရိုက်မလား"

နေခက ဒူးထောက်ဆဲမှာပဲ မြူမင်းလက်ကိုယူ၍ သူ့ပါးကို ရိုက်စေ၏။ မြူမင်းက ရုန်းလိုက်သည်။ သဇင်ကတော့ ရယ်လို့ချည်းနေသည်။ သူငယ်ချင်းပုံစံနှင့် နောက်ပြောင်၍ စည်းရုံးရေးဆင်းတတ်သော နေခကို ကြိတ်၍ ချီးကျူးလိုက်မိပါသည်။

"အိမ်ရှေ့ထွက်"

မြူမင်းရဲ့ အမိန့်ပေးသံပါ။





## အခန်း ( ၁၃ )

လောကတွင် ရိုးစင်းခြင်းကြောင့် စိတ်ကို ချောင်ချိစေကြောင်း မြူမင်း သက်သေထူခဲ့သည်။

မြူမင်းသည် အစက ယောကျ်ားစိတ်ပေါက်၍၊ ယောကျ်ား ဖြစ်ချင်၍ ယောကျ်ားလို ဝတ်စားဆင်ယင် ပြောဆိုခဲ့သည်။ သို့ပေမယ့် မိန်းမ ပိုးခြင်းကဲ့သို့သော မလျော်မကာန် အပြုအမူတွေ မရှိခဲ့။ ဖခင်နှင့် တစ်ကွ ဆွေမျိုး အပေါင်းအသင်းများအားလုံး ပိုင်းဝန်း ပြုပြင်မှုရော၊ ကိုယ်တိုင်ကပါ ကျွတ်ချိန်တန်လို့ တစ်ကြောင်း၊ မြူမင်း မိန်းမသားစိတ်နှင့် မိန်းမသားဘဝမှာ ယခု ပြန်လည်နေပြီဆိုတာ ဖုံးဖိရမည့် ကိစ္စလည်း မဟုတ်။ ပွင့်လင်း၍ ရိုးစင်းစွာ မဖုံးမဖိ

နေထိုင် လိုက်ခြင်းဖြင့် အခံနေခက်ခြင်း၊ အကျဉ်းအကျပ်မှ လွတ်မြောက်ခဲ့ရသည်။

ပြုံးပြုံးလေး လုပ်နေခြင်း၊ ရှက်ကိုးရှက်ကန်း ဖြစ်မနေခြင်းတို့ဖြင့် မြူမင်းက ရင်ဆိုင်၏။ သူငယ်ချင်းတွေကလည်း နားလည်မှု အပြည့်ရှိသည်။ ဒါကို ထိစရာ၊ ရိစရာ လှောင်ပြောင်စရာမျိုးဟု မသတ်မှတ်ဘဲ မသိလိုက် မသိဘာသာ နေလိုက်ကြသည်။ ပြောစရာရှိလည်းပြောလိုက်သည်။ နောက်စရာရှိလည်းနောက်လိုက်သည်။ အားလုံးသည် ပွင့်ပွင့်လင်းလင်းမို့ သူငယ်ချင်း ဆယ်ယောက် ပြန်လည်စည်းရုံးမိတော့သည်။ တစ်လ တစ်ခါဆုံပွဲလေးမှာ လူ ပြန်စုံလာသည်။

အားလုံးမှာ နေတတ်၊ ထိုင်တတ် သက်သာချောင်ချိနေရပေမယ့် မချောင်ချိသူ တစ်ဦးတော့ ရှိ၏။ နေခ မြူမင်းကို ချစ်သည့်အကြောင်း ဖွင့်ပြောဖို့ ခက်နေသည်။ ကျန်သည့် သူငယ်ချင်းတွေက မြူမင်းကို ခါတိုင်းလို "မင်း""ငါ" သုံးသည့်အခါ သုံး၏။ "နင်""ငါ"လည်း သုံးသည်။ နေခ အဲသည် အတိုင်း လိုက်ပြောနေရပေမယ့် မြူမင်းကို "နင်"ဟု ပြောရတာ အားနာနေ၏။ ဘယ်လိုမှလည်း ပြင်မပြောရဲပါ။ မြူမင်း မိန်းမလို ပြန်ဝတ်တာကို ဝိုင်းမပြောပေမယ့် နေခက မြူမင်းကို တစ်ခုခု တင်စားချေါ်တာမျိုး၊ နာမည် အဖျားဆွတ်ခေါ်တာမျိုး လုပ်လျှင်တော့ ဝိုင်းလှောင်ကြမှာ သေချာ



၏။ ထိုအခါကျ မြူမင်းကလည်း ရှက်မှာ၊ ဒီတစ်ကြိမ် သူငယ်ချင်းတွေ ဆုံသည့်ပွဲကို မြူမင်းအိမ်တွင် လုပ်ဖြစ်တာကတော့ အမိက သဇင့်ကြောင့် ဖြစ်သည်။ ကလေး ငယ်သေးသည်မို့ တခြားသွားရမှာနှင့် စာလျှင် အိုးမကွာ၊ အိမ်မကွာက သူ့အတွက်ရော ကလေးအတွက်ပါ အဆင်ပြေလေ၏။

"ခွန်း…ကျောင်း ဘယ်တော့ ဖွင့်မလဲ"

"ရှေ့လ ဖွင့်မယ်၊ ကော်ဖြာတွေတောင် ထည့်ကုန်ပြီ၊ ပြင်ဆင်လိုက်တာ မြန်တယ်၊ ဝိုင်းကူကြတဲ့ သူငယ်ချင်းတွေလဲ ရှိတယ်၊ ဖေဖေက ဆောက်လုပ်ရေး လုပ်ခဲ့ဖူးတော့ အဆောင်တွေ ဆောက်တော့လဲ မြန်တယ်၊ ဖေဖေ့ တပည့်တွေ ဝိုင်းလုပ်ပေးကြတာ"

"အတော်ပဲ၊ အဲဒါဆို ကလေးလဲ နှစ်လပြည့်မယ်"

"ရှင်က အလုပ်လုပ်တော့မှာမို့လား"

"အင်းလေ"

"ဝိုက်ခွဲထားတာ ရပြီလား"

"စိန်သဇင်ရေ…ခြောက်လပြည့်မှလုပ်၊ အဲဒီကျ ကလေးလဲ ဖြည့်စွက်အစာကျွေးလို့ရပြီ၊ လျှာမရှည်ပါနဲ့"

မြူမင်းက သဇင့်ကို စိတ်တိုသည့်အခါတွေမှာ စိန်

သဇင်ဟု ခေါ်၏။

"ညည်းကို အားနာလို့ပါအေ့"

မြမြင်းကို တမင် "ညည်း" ခေါ်ပစ်တော့ အကြောင်းသိတွေမို့ ရယ်ကြသော်လည်း မြမြင်းကို တစ်ချိန်က ယောကျ်ားရှာမလေးပါဟု ပြောလို့ မရတော့ပါ။ ဆံပင်ရှည်စင်းဖြောင့်လေး ဖားလျားနှင့် တီရှပ်လက်ရှည် ကျပ်ကျပ်ကလေး အောက်မှာ အမျိုးရယ်လို့ စဖြစ်ကတည်းက တစ်ခါမှ ထဘီရယ်လို့ မဝတ်ခဲ့ဖူးသော မြမြင်းက စကတ်ထဘီလေး ဝတ်ထားသည်။ မည်းနက်ကာ အပြားတော်တော်ကြီးသည့် မျက်ခုံးမွေးတို့ကို တစ်နေ့ လေးငါးပင်၊ လေးငါးပင် မသိမသာနုတ်ရင်းက ခုတော့အရင်းတုတ်၍အဖျားရှူးကာကော့ပျံသော စင်ရော်တောင် မျက်ခုံးလက်ကျန်လေးက ဆေးကူစရာမလိုတော့ပါ။

သနပ်ခါးလိမ်းဖို့ ရှက်စနိုးလိုလိုဖြစ်ဆဲမို့ သနပ်ခါးတုံး ဝယ်ထားတာတွေကို လက်မောင်းတွေ၊ ကိုယ်တွေ လိမ်းကျင့်နေသည်။ မျက်နှာကို ဗစ်တာမင် အီး ကရင်မ် (Vitamin E Cream)လေး လိမ်းပြီး တို့ပတ်ကလေး ရိုက်ရုံနှင့် ပင်ကို ဖြူဖွေးသော အသားက နုမွတ်ချောညက်ကာ ကနုကမာရောင်လေး လက်လာသည်။ နှုတ်ခမ်းနီကို ရဲရဲ မဆိုးရဲသေးပါ။ ပန်းရောင်လောက်ကိုပင် ဆိုးပြီးတိုင်း တစ်ရှူးနှင့် ပြန်သုတ်ထားသည်မို့ နှုတ်ခမ်းက သွေးရောင်လျှမ်းသည်



ဆိုရုံလေးနှင့် လှနေသည်။

မြမြင်းကို ကြည့်လိုက်သည့်အခါမှာ ဘာမျှ ထူးထူးခြားခြား ပြင်ဆင်မထားသော မိန်းမချောလေးဖြစ်နေတော့သည်။

"နေခတို့က ဘာလို့ နောက်ကျနေတာလဲ"

"နေခရယ်၊ ဝဏ္ဏရယ် တေဇာ့ကို သွားကြိုတယ်"

"အေး…ဒီညနေ တေဇာ ရောက်မယ်၊ ညနေငါးနာရီလေးဆယ့်ငါး လေယာဉ်ဆိုက်မယ်ဆိုတော့ ခြောက်နာရီခွဲလောက် လေဆိပ်ကထွက်လာရင် ဒီကို ၇-နာရီလောက် ရောက်မှာပေါ့"

နီလာက မေး၍ စည်သူက ဖြေ၏။

"တေဇာရောက်မှာ ငါတို့တောင် မပြောဘူး"

"ဒီကောင့်လဲ တွေ့မှ သတ်ရဦးမယ်၊ ဒီညနေ မြန်မာပြည်ရောက်မှာ နေ့ခင်းကမှ ဘန်ကောက်လေဆိပ်ကနေ ဆက်တာ၊ ညနေ လာကြိုတဲ့"

"လုပ်လိုက်မှဖြင့်…"

"ငါတို့ ယောကျ်ားလေးတွေကတော့ ဒီလိုပါပဲ"

ချောင်းသာခရီးတုန်းက မြမြင်းမလိုက်ခဲ့ရလို့ဟု ဆိုကာ ချောင်းသာတုန်းက ပွဲကလေးမျိုး ဖြစ်အောင် ပြန်လုပ်

ကြသည်။ စည်သူနှင့် အောင်ကျော်ဦးက သစ်ပင်ကိုင်းဖြတ်ကြီးတွေ ရအောင်ရှာလာကာ မီးပုံပွဲလေးလုပ်သည်။ ကလေးအမေ့ သဇင်နှင့် ကိုယ်ဝန်ဆောင် ရူပါတို့ကို ချန်လုပ်၍ နီလာ၊ ကြည်ပြာ၊ ခွန်းနှင့် မြူမင်းတို့ကအစားအသောက်တွေ စီစဉ်နေကြသည်။ ယောကျ်ားလေးတွေကို…

"နင်တို့ ဘီယာလောက်တော့ သောက်ချင် သောက်၊ တစ်ယောက်ကို နှစ်လုံးထက် မပိုရ၊ မဝရင် အချိုရည် ထပ်ရမယ်" ဟုပြောကာ ခွင့်ပြုထားသည်။

"ငါ့ယောကျ်ားပါ မဖိတ်ရင် ငါလဲမလာဘူး"

ဟု ရူပါက ရာဇသံပစ်သည်မို့ ရူပါ့ယောကျ်ား ကိုသက်ပိုင်လည်း ပါ၏။ အစားအသောက်တွေက ခွန်း၏ စီစဉ်မှုကြောင့် စုံသလောက် မြိုင်သည်။ ဒါမျိုးမှာ ခွန်းက အကျွမ်းကျင်ဆုံးဖြစ်သည်။ ကစားပွဲတွေကျတော့ ကြည်သာကပိုင်သည်။ ပါဆယ်ဂိမ်း ထည့်ကစားခြင်းဟာ ကလေးသူငယ်မဟုတ်တော့သော သူများ ကလေးစိတ်ပြန်ဝင်ကာ စိတ်လွတ်ကိုယ်လွတ်အပျော်နိုင်ဆုံး ကစားနည်းဟု ဆိုကာ ပါဆယ်ဂိမ်း (Percel Game)လည်းထည့်သည်။

"ဟော…ဟိုမှာ…လာကြပြီ"

နေခတို့ ရောက်လာ၏။ တေဇာ ဝလာသည်။ တေဇာ့ဘေးမှာ ယောကျ်ားသူစိမ်းတစ်ယောက်ပါလာသေးသည်။

"ခွေးကောင်ကြီးရေ…"



ကျော်ဦးက တေဇာ့လက်ကို ပြေးဆွဲကာ မီးပုံကို ပတ်ပြေး၏။

"ကောင်းလိုက်တာ ပျော်ပွဲနဲ့လာဆုံတယ်၊ မိတ်ဆက်ပေးရဦးမယ်၊ ဒါ ကိုသိန်းမြင့်ထွန်း၊ ငါနဲ့ အလုပ်တူတူလုပ်ခဲ့တာ၊ သူ့အိမ်က မန္တလေးမှာ၊ မိဘတွေကလဲ ရန်ကုန်ဆင်းမကြိုနိုင်ဘူး၊ ဒီည ငါ့အိမ်မှာ အိပ်ပြီး မနက်ဖြန်မှ မန္တလေးတက်မယ်၊ ကားနဲ့…"

"လိုက်ကြဦးမလား၊ ဘယ်သူအားလဲ၊ ခွန်းက အလုပ်မရှိသေးဘူးဆို၊ အားရင် လိုက်ခဲ့မလား၊ ငါ လိုက်ပို့မှာ"

"အောင်မယ်…ဘာလို့အလုပ်မရှိရမှာလဲ၊ ခြင်ကိုက်ရာတောင် ထုံး မတို့အားဘူး"

"ကိုသိန်းမြင့်ထွန်း၊ ဒါ…ကျွန်တော့် သူငယ်ချင်းတွေ"

ဝဏ္ဏနှင့်နေခတို့ကို လေဆိပ်မှာ မိတ်ဆက်ပေးခဲ့ပြီးပြီဖြစ်၏။ လေဆိပ်မှာ လာကြိုသော တေဇာ့ မိဘတွေလည်းသားကို နှုတ်ဆက်ရုံနှုတ်ဆက်ကာ ပြန်ကြရ၏။ နေခက ဒီပွဲပြီးမှ လိုက်ပို့မည်ဟု တာဝန်ယူခဲ့သည်။

"ဒါ…စည်သူ၊ သူက အောင်ကျော်ဦး၊ ကျော်ဦးလို့ပဲ အလွယ်ခေါ်တယ်၊ ဒီဘက်က မိန်းမ အုပ်စု

မှာ လိပ်ခါးဖားဖင်နဲ့ကာယအလှမယ်က ရှုပါဝင်း"

ရှုပါ ကိုယ်ဝန်ရှိနေပြီဖြစ်ကြောင်း နေခက လမ်းမှာ ပြောခဲ့သည်။

"ဒါ…ကျွန်မ ခင်ပွန်း ကိုသက်ပိုင်"

ရှုပါက သူ့ယောကျ်ားနှင့် ဝင်မိတ်ဆက်ပေးသည်။

"ဒါက ခွန်း၊ ခွန်းသံချိုတဲ့၊ သူက သဇင်ခက်၊ သဇင်ပဲ ခေါ်ကြတယ်၊ သဇင်…နှင် ကလေးရ နေပြီဆို၊ ဘယ်မှာလဲ"

"အိမ်ထဲမှာ၊ ပြီးမှ သွားချီပေါ့"

"နှင့်ယောကျ်ားရော"

"သေပြီ"

"ဩော်"

သဇင်ကလေးရနေပြီ၊ ရှုပါက ကိုယ်ဝန်နဲ့ ဆိုတာလောက်သာ အကြမ်းဖျင်းပြောနိုင်ချိန်ရသည်။ သဇင့်ကို ယောကျ်ားအကြောင်းမမေးနဲ့ဟု နေခ ပိတ်ချိန်မရခဲ့ပါ။သို့ပေမယ့် တေဇာက အကင်းပါးပါသည်။

"သူက နီလာတင်ထွတ်၊ နီလာပေါ့၊ နှင်ရော ရည်းစားမရသေးဘူးလား"

"ရှာတုန်း"

သူငယ်ချင်းတွေ ပြောရိုးပြောစဉ် ပြောချပြီးမှ သူ စိမ်း ယောကျ်ားနှစ်ယောက်ရှိနေပါလားဆိုတာ တွေးမိပြီး နီ



လာ ခေါင်းကလေး ပုဝင်သွားရသည်။

"မေကြည်သာလင်းတဲ့…၊ ကြည်သာပဲ ခေါ်တယ်၊ ဒါပေမယ့် အမြဲ စူပုပ်တယ်"

"ရည်းစားနဲ့ ကျတော့လဲ တစ်မျိုးပေါ့ကွယ်၊ ဟဲ…ဟဲ"

ကြည်သာက စကားကို ဆွဲဆွဲငင်ငင် ပြော၍ နောက်၏။

"လုပ်မနေနဲ့၊ အထင်မကြီးဘူး၊ နှင့်ကို ကြိုက်မယ့်သူက မွေးဖို့နေနေသာသာ ဟိုဘဝမှာတောင် သိပ်မအိုသေးဘူး"

"မြတ်စွာဘုရား…၊ မောင်လေးနဲ့ မမ ဇာတ်လမ်းလောက် လုပ်ပါဟယ်၊ ဒေါ်ဒေါ်နဲ့ တူလေးဆို မကောင်းပါဘူး"

ရယ်လိုက်ကြလေ၏။ ရယ်စရာကောင်းလှသောဟာသတော့ မဟုတ်ပါ။ သို့ပေမယ့် အားလုံးက ပျော်နေသည် ကြည်နေသည်။ အလကားနေရင်း ရယ်မော ပျော်ရွှင်နေချင်ကြ၏။ ယောကျ်ားသေပြီဟု ပြောထားသော သဇင့် ရယ်သံကတောင် ပိုကျယ်နေသေးတော့သည်။

မိတ်ဆက်ပေးရမည့်သူက ကုန်သွားသည်။ မိန်းကလေး တစ်ယောက်တော့ ကျန်၏။ သူ့ကို တေဇာ မသိ။ နေခက လမ်းမှာ…

"ငါ့ကောင်မလေးလဲ ဒီပွဲမှာရှိတယ်"

ဟုပြောထားသည်။ အဖွဲ့ထဲမှာ သူစိမ်း မိန်းကလေးဆိုလို့လည်း သူ တစ်ယောက်ပဲပါ၏။ တေဇာက မြမြင်းကို သေ့သေချာချာကြည့်လိုက်သည်။ မြမြင်းက ပြုံးနေ၏။

"ကျွန်တော် သိတဲ့သူတော့ ကုန်ပြီ ကိုသိန်းမြင့်ထွန်းရေ၊ မသိတဲ့သူတစ်ယောက်ပဲ ကျန်တော့တယ်၊ ကြားတယ် မဟုတ်လား၊ လမ်းမှာတုန်းကတော့ နေခက သူ့ ကောင်မလေးလို့ ပြောခဲ့တာပဲ···

"နေခ···မင်း ကောင်မလေးကိုလဲ မိတ်ဆက်ပေးလေကွာ"

"ဟော့ကောင်"

နေခက လှမ်းအော်၏။ တေဇာက ပျော်နေသူမို့ မျက်စိမျက်နှာ ပျက်စွာ တားဆီးလိုက်သော နေခ မျက်နှာကို သေသေချာချာ မမြင်လိုက်ပါ။ မြမြင်းအနားသို့ ကပ်သွားသည်။

"ကျွန်တော် တေဇာထိုက်ပါ၊ ဆယ့်တစ်ယောက်အဖွဲ့ သူငယ်ချင်းအုပ်စုထဲကပါ"

သူ့ဘာသာ မိတ်ဆက်ပစ်လိုက်တော့ အားလုံးကဝါးခနဲ ပိုင်းရယ်၏။ တေဇာက သူ့လုပ်ရပ်ကို သဘောကျပြီး ရယ်သည်ထင်ကာ လက်မထောင်ပြလိုက်သည်။

"ခင်ဗျား··· နေခ ကောင်မလေးလား"



"တေဇာ"

နေခ ခုန်ထွက်လာကာ တေဇာ့ကို ဆွဲခေါ်၏။ တေဇာက နှုတ်ရှန်းကာ မလိုက်ဘဲနေသည်။

"တေဇာ သူ့ကို နင် မသိဘူးလား၊ သေချာကြည့်ဦး"

မြမြင်း ရှက်မနေတော့ဘဲ ရယ်နေ၏။

"မြင်ဖူးသလိုလိုတော့ ရှိတယ်"

"ဒါဆိုလဲ စဉ်းစားဦး၊ ဟော့···စားရင်းသောက်ရင်း ဂိမ်းစမလား"

"စ, စ···၊ ကစားလဲ ကစား၊ စားလဲစားရင်း"

"ဟော့ကောင်တွေ မြမြင်းရော···"

တေဇာက အော်မေး၏။

"ဒါ မြမြင်းအိမ် မဟုတ်လား၊ သူ့ဧည့်သည်တွေက ကိန်းကြီးခန်းကြီးနဲ့ ကြီးကျယ်နေပြန်ပြီလား၊ ထုံးစံအတိုင်း လူစုပြီဆိုရင် သူ နောက်ဆုံးမှ ရောက်တယ်···

"ခုထိ အိမ်ပေါ်က ဆင်းမလာသေးဘူးလား၊ မြမြင်း၊ ဆင်းခဲ့၊ မျက်ခုံးမွေး နုတ်နေသလား"

တေဇာ ရယ်စရာပြောတာက လက်တွေ့မှာ တကယ်ပဲ ရယ်စရာကြီးမို့ ဝိုင်းရယ်ကြသည်။

"မြူ…မင်း"

တေဇာက အိမ်ကြီးဘက်သို့ လှည့်၍ ကျုံးအော် လိုက်သည်။

"ဘာ…တုံး"

မြူမင်းက တေဇာ့ခေါ်သံမျိုးနှင့် ကာရန်တူစွာ အော် ထူးသည်။ တေဇာ လှည့်ကြည့်၏။ မြူမင်းက ရယ်နေသည်။

"ထူးတာ ခင်ဗျားလား"

"ဟုတ်တယ်"

"ခင်ဗျားက နေခကောင်မလေးဆို"

"သူငယ်ချင်း နံပတ် ဆယ့်တစ်ပါ"

"မြူမင်းလား"

"အင်း"

"ဟင်…ဟယ်…ဘယ်လိုဖြစ်၊ ဘာပေါက် တာလဲ၊ ဟော…တကယ် မြူမင်းအစစ်ကြီးပါ လား၊ နေခရေ…ကယ်တော်မူပါ"

ခုမှ မှတ်မိသွားတော့သည်။

"မြူမင်း၊ မြူမင်းနော်…"

"နာမည် အပြည့်အစုံက မြူမင်းလွင်လွင်တဲ့၊ မိန်းမဆန်လို့ မြူမင်း နှစ်လုံးတည်း သုံးခဲ့တာ"

"နေပါဦး၊ နင်က ယောက်ျားက မိန်းမစိတ် ပေါက်သွားတာလား၊ အရင်တုန်းက မိန်းမက



ယောက်ျားစိတ် ပေါက်နေတာလား၊ ယောက်ျားရှာ လား မိန်းမရှာလား"

"မိန်းမ အစစ်ပါဟဲ့၊ နင်ကလဲ"

ခွန်းက မျက်စောင်းဝင်ထိုးရင်း ပြော၏။

"မြူမင်း…မြူမင်း"

တေဇာ မယုံနိုင်စွာ တတွတ်တွတ်ရွတ်လျက် မြူ မင်း လက်ကိုဆွဲကြည့်သည်။ ဒါမျိုးက ယောက်ျားဘဝတုန်းက လုပ်နေကျမို့ မြူမင်းက ရယ်နေ၏။ ကျော်ဦးက နေခ ရင် ဘတ်ကို ပြေးဖိသည်။

"နေခ ရင်ခုန်နှုန်းတွေ မြန်ကုန်ပါပြီ၊ သဝန် တိုခြင်းများ ဖြစ်ထွန်းတယ် တေဇာရေ…"

သိပ်မရင်းနှီးသေးသော ကိုသက်ပိုင်နှင့် ကိုသိန်း မြင့်ထွန်းတို့က အဖွဲ့ထဲမှာပျော်နေ၏။

"မြူမင်း၊ မြူမင်း…လှလှချည်လားကွာ၊ အကျိုးနည်း"

"တေဇာရေ…၊ ပိုင်ရှင်ရှိသည်"

"ဖွင့်မပြောရသေးဘူးဆို"

"ဖွင့်တော့ မပြောရသေးဘူး၊ ဒါပေမယ့် နေ ခက မြူမင်းကို ချစ်တယ်၊ နေခ ချစ်နေတာကို မြူမင်း သိတယ်၊ မြူမင်းကလဲ ပြန်ချစ်တယ်၊နေခ ချစ်တာ မြူမင်းသိလို့ မြူမင်းက ပြန်ချစ်တာကို

နေခ သိတယ်...

"နေခက ချစ်လို့ မြူမင်းက သိပြီး ပြန်ချစ်တာကို နေခ သိပြီဆိုတာလဲ မြူမင်း သိတယ်၊ နေခက ချစ်တာကို မြူမင်းကသိပြီး မြူမင်းက ပြန်ချစ်တာကို နေခ သိပြီဆိုတာကို မြူမင်းသိသွားကြောင်းလဲ နေခ သိနေပြီ"

"ဟာ...ဘာတွေလဲ...တော်တော့"

ကြည်သာက အော်ဟစ်နေသည့် ဝရွှာကို လှမ်းမာန်လိုက်သည်။

နေခက စိတ်ညစ်နေ၏။

မြူမင်းကို ရင်နှင့်အမျှ တန်ဖိုးထားစွာ ချစ်လှပါသည်။ ကိုယ့်အချစ်ကို ဒီလို ပေါ့ပြက်စွာ ရယ်သွမ်းနှင့် မဖော်ထုတ်ချင်ပါ။ လေးနက်စွာ တင်ပြခွင့် တောင်းချင်၏။ နေခ ဖွင့်မပြောရဲပါ။ မြူမင်း စိတ်ဆိုးသွားမှာစိုးသည်။ အချိန် အခါကို စောင့်နေရသည်။ ခုတော့ တေဇာလုပ်လို့ ပေါက်ကြားကုန်ပြီ။ နေခက မြူမင်းမျက်နှာကို ခိုးကြည့်လိုက်၏။ စိတ်များဆိုးသွားပြီလား။ စိတ်ဆိုးလျှင် ဘယ်လိုချော့ရပါ့။

မြူမင်းမျက်နှာက နည်းနည်းရဲပေမယ့် ဆပ်ပြုံးပြုံးပါပဲ။ ရှက်ပုံတော့ ရသည်။ စိတ်ဆိုးပုံမရပါ။ တော်ပါသေးရဲ့။



ဂါဆယ်ဂိမ်းကစားဖို့ မဲလိပ်စီစဉ်နေသော စည်သူက စာရွက်တစ်ရွက်နှင့် မဲလိပ်တစ်လိပ် ထပ်လုပ်လိုက်သည်။ စာကြောင်းက "ချစ်သောသူကို ဆွဲပြေးပါ"...ဟူ၍။ မဲလိပ်ကို ခေါက်ပြီး လက်ကြားညှပ်ထားလိုက်သည်။ သီချင်း ဖွင့်မည့် ကြည်သာ့ထံမှ ကက်ဆက်ကိုသွားယူသည်။

"နင်တို့ မိန်းမတွေ အေးအေးဆေးဆေးကစား၊ ကျော်ဦးဖွင့်လိမ့်မယ်"

"အေး"

ကျော်ဦးဆီ ရောက်တော့ တစ်မျိုးပြောရသည်။

"နေခဲ လက်ထဲ အထုပ်အရောက်မှာ ကက်ဆက်ပိတ်၊ တိကျပါစေ"

"ဘာအကြံအဖန်လဲ"

"ကုသိုလ်ရပါတယ်"

မဲလိပ်တွေ အားလုံး ဖလားထဲမှာ ထည့်ထားသည်။ နောက်ဆုံး ရေးထားသည့် မဲလိပ်က သူ့လက်ထဲမှာ။ နေခနားသို့ ရောက်သွားပြန်သည်။

"ဒီလောက်ပို့လို့မှ မင်း မရောက်ရင် မနက်ဖြန် ရေဝေးမှာ သွားသေ"

တိုးတိုးကြိတ်ပြောကာ နေခပခုံးကို လက်သီး ပျော့ပျော့ တစ်လုံးထိုးပစ်ခဲ့၏။ နေခ ယောင်ဝါးဝါးနှင့် သဘောပေါက်သလိုလိုရှိသည်။ ကျေးဇူး တင်ရမလိုပေမယ့် ကျေ

နှစ်ရမည့်အစား မြူမင်းစိတ်ဆိုးမှာကို ပိုစိုးရိမ်နေ၏။

"ကစားမယ်ဟော့"

"ကောင်းတယ်"

စည်သူနှင့် ကျော်ဦးက ကစားပွဲကို ဦးဆောင်လိုက်သည်။

"ကျော်ဦးက ကက်ဆက်ဖွင့်ပိတ်လုပ်မယ်၊ ငါက မဲနှိုက်ပေးမယ်၊ အထုပ်ကတော့ မင်းတို့ပဲပေး"

အထုပ်ကို ဝဏ္ဏပေါင်ပေါ် စပစ်ချပေးခဲ့သည်။

"ဖွင့်မယ်"

"ဖွင့်"

အထုပ်က လက်ဆင့်ကမ်းသွားသည်။ နေခ ပေါင်ပေါ်အရောက်မှာ ကက်ဆက်ရပ်မိစေဖို့ ကျော်ဦးက မျက်လုံးကြီး ပြူးအောင်ကြည့်နေရသည်။ နေခဆီသို့ အထုပ်အရောက်မှာ ကက်ဆက်ပိတ်ချလိုက်တော့သည်။ ကွက်တိပါပဲ။

"ဟေး...နေခ၊နေခ"

"မဲလိပ်နှိုက်မယ်"

ဖလားထဲမှ မဲလိပ်တွေကိုမွှေချင်ယောင်ဆောင်ပြီးမှ လက်ထဲမှာ ညှပ်ထားသော မဲလိပ်ကိုဆွဲထုတ်လိုက်သည်။ ဖွင့်ဖတ်၏။

"ချစ်သောသူကိုဆွဲပြေးပါတဲ့ ခင်ဗျား"



နေခ လိုက်ခနဲ ပျော်သွားသည်။ မြန်းခနဲထရပ်၏။ မြူမင်းထံ လွှင့်ခနဲရောက်ကာ ဝုန်းခနဲ ဆွဲပြေးတော့သည်။

"ဟဲ့...ဝိုင်းထဲမှာ လှည့်ဆွဲရမှာ ဘယ်ခေါ်သွားတာလဲ"

ရူပါက လှမ်းအော်၏။

"မကြာစေနဲ့"

စည်သူ လှမ်းအော်တော့မှ တာမင် စီစဉ်တာမှန်းရိပ်မိတော့သည်။

"တော်ပြီ"

မြူမင်းက ခပ်လှမ်းလှမ်းအရောက်မှာ သူ့ လက်ကိုဆွဲပြေးနေသော နေခထံမှ ဆောင့်ရုန်းကာ တုန့်ခနဲ ရပ်၏။

"မြူမင်း၊ ငါက တကယ်ချစ်တာ၊ နောက်နေတာ မဟုတ်ဘူး၊ ဒီရင်ဘတ်ကြီးထဲက လာတာ၊ အမှန်တကယ်၊ နင်ယုံပါ"

"ဟာ...ဘာတွေ လာပြောနေတာလဲ"

"ငါတို့ တစ်ယောက်အကြောင်း တစ်ယောက်သိပြီးသားပါ၊ အသက်တွေလဲ ငယ်ကြလှတော့တာ မဟုတ်ဘူး၊ တစ်ခါတည်း လက်ထပ်ချင်တယ်၊ မစောင့်ချင်တော့ဘူး၊ သိပ်ချစ်တယ် မြူမင်းရဲ့"

"တော်ပါတော့ဆို၊ ပြန်မယ်..."

"ချစ်တယ်ဆိုတာ ပြောခဲ့ဦး"

"ဘာလို့ ပြောရမှာလဲ၊ လက်ကိုလွှတ်၊ ဟိုမှာ ဝိုင်းကြည့်ကုန်ကြပြီ"

"သူတို့ သဘောတူတယ်"

"အတွင်းထဲ လိုက်စားတာ ဖရောင်းချက်ဆို"

"ငါ ဖရောင်းချက် လုပ်လိုက်ပြီ၊ နင်က ငါ့ သူငယ်ချင်းမဟုတ်တော့ဘူး၊ ငါ့ချစ်သူ ဖြစ်သွားပြီ၊ ဟုတ်တယ် မဟုတ်လား၊ ခေါင်းညိတ်"

"သူငယ်ချင်း နံပတ် ဆယ့်တစ်ပါ"

"တကယ်ပါ၊ တို့ အဖွဲ့ထဲမှာ သူငယ်ချင်းက ဆယ်ယောက်ပဲ ရှိခဲ့တာ၊ ဆယ့်တစ်ယောက်မြောက် သူငယ်ချင်းက ချစ်သူတွေ ဖြစ်ကြဖို့ နတ်သိကြားတွေက ပို့ပေးတာ"

"သွားမယ်"

"ဟော်း...လာကြတော့၊ ကက်ဆက်ထပ်ဖွင့်ရဦးမယ်"

"ခေါ်နေပြီ"

"ချစ်လားဆိုတာ ပြောခဲ့ဦး"

"ထင်ချင်သလိုထင်"

မြူမင်းက ဆောင့်ရုန်းကာ ပြန်ပြေးလာခဲ့တော့သည်။



မြူမင်း...

မင်းကို အမြဲတမ်း သတိရနေမိတာဟာ ဘာကြောင့်မှန်း ငါသိပြီ။ အဲဒါ မင်းကို ချစ်လို့။

မင်းအကြောင်းတွေ စဉ်းစားမိတိုင်း ငါရယ်မောမိတာကို ငါ သိပြီ။ အဲဒါ မင်းကို ချစ်လို့။

မင်းကို သတိရတိုင်း မျက်ရည်ဝဲမိတာဟာ ဘာကြောင့်မှန်း ငါ သိပြီ။ အဲဒါ မင်းကိုချစ်လို့။

ငါ့ ပတ်ဝန်းကျင်မှာ ရှိသမျှ သက်ရှိတွေ အားလုံး သေဆုံးကုန်ကြသလို၊ သက်မဲ့ အားလုံး လောင်ကျွမ်းကြေကျကုန်ကြသလို ခံစားမိရတာ ဘာကြောင့်မှန်းငါ သိပြီ။ ငါ့ ဘဝထဲကို မင်း ရောက်မလာသေးလို့။

ခြောက်သွေ့နေတဲ့ နေ့ရက်တွေနဲ့ ပြာမှုန်နေတဲ့ ညညတွေမှာ ငါ့စိတ်တွေ ညစ်ညူးနောက်ကျိနေမိတာကို ငါသိပြီ။ ငါ့ဘဝထဲ မင်း မရောက်လာသေးလို့။

မင်း မပါဝင်တဲ့ ငါ့ရဲ့ နေ့ရက်တွေဟာ အဓိပ္ပာယ်မဲ့စွာ မပြည့်မစုံဖြစ်နေရတဲ့အတွက် ငါ့ ဘဝထဲကို ဝင်လာပါ။ ချစ်ခွင့်ပေးပါ။ သူငယ်ချင်း နံပါတ်ဆယ့်တစ်ကလေးရယ်…။ မင်းကို ချစ်တယ်…။

ခြောက်သွေ့နေတဲ့နေ့ရက်
ကို ငါသိပြီ။

*စာချစ်သူတိုင်းကိုချစ်တဲ့*

**နေနွယ်ခင်မြင့်**